




# ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင်အဟောကျမ်း

ဦးဘိုသိန်း(ဒု-အထွေထွေမန်နေဂျာ-လယ်ယာဘဏ်(အငြိမ်းစား))

## သက်နှင်းဆွေ-ပုပ္ပါး

နက္ခတ်ဗေဒင်ပညာလိုက်စားနေရင်း
တဝဲလည်လည်ဖြစ်နေသူများကို
ရှင်းလင်းစေလိုသောဆန္ဒဖြင့်ဤစာအုပ်ကို

E-book အဖြစ်အင်တာနက်တွင်တင်ရန်
ဆရာဦးဘိုသိန်းအားဤနေရာမှ ရိုသေလေးမြတ်စွာဖြင့် ခွင့်ပြုပါရန်
တောင်းခံအပ်ပါသည် ခင်ဗျား။

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | စာဖတ်သူသို့ ပန်ကြားလွှာ | ၁ |
| | စာရေးသူ၏အမှာစကား | |
| အခန်း | | |
| ၁ | ကျမ်းဦးနိဒါန်း | ၄ |
| ၂ | ဂြိုဟ်စီးဂြိုဟ်မြင်နှင့် မူလဖွားဇာတာ | ၅ |
| | အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ် | |
| | ပါပဂြိုဟ်နှင့် သောမဂြိုဟ်များ | |
| | ဂေါ်ဇာဂြိုဟ်စီးဂြိုဟ်မြင် | |
| | အမျိုးတူ ဂြိုဟ်ချင်း အစီးအမြင် | |
| | ၅- တေးဂြိုဟ်၏အစီးအမြင် | |
| | ၃- ဂ်ါဂြိုဟ်၏အစီးအမြင် | |
| | စနေဂြိုဟ်၏အစီးအမြင် | |
| | ရာဟုဂြိုဟ်၏အစီးအမြင် | |
| | ၆- ဂြိုဟ်၏အစီးအမြင် | |
| | ၄- ဟူးဂြိုဟ်၏အစီးအမြင် | |
| | ၂- လာဂြိုဟ်၏အစီးအမြင် | |
| | ၁- နွေဂြိုဟ်၏အစီးအမြင် | |
| ၃ | ယောဂ ကရကဂြိုဟ် | ၁၀ |
| | ဂေါ်ဇာဂြိုဟ်နှင့် ဒုဋ္ဌာနဘာဝများ | |
| | ဂေါ်ဇာဂြိုဟ်နှင့် ပါပကတ္တရိ | |
| | ဂေါ်ဇာဂြိုဟ်နှင့် ခနယုဂ်၊ ရာဇယုဂ် | |
| | ဂေါ်ဇာဂြိုဟ်တို့ အကျိုးအပြစ်ပေးချိန် | |
| | ဂေါ်ဇာဂြိုဟ်အစီးအမြင်နှင့် မှတ်သားရန်များ | |
| ၄ | ထိခိုက်ဒဏ်ရာရမှု၊ ခိုက်ရန်ဖြစ်မှုနှင့် ခွဲစိတ်ကုသခံရမှု | ၁၂ |
| ၅ | အလုပ်အကိုင်နှင့် စီးပွါးရေး | ၁၇ |
| ၆ | နိုင်ငံခြား | ၂၂ |
| ၇ | အိမ်ထောင်ရေး | ၂၆ |
| ၈ | ပညာရေး | ၃၀ |
| ၉ | ကျန်းမာရေးနှင့် သေဘေး | ၃၅ |
| ၁၀ | ဗေဒင်နှင့် ကျွန်တော် | ၃၈ |
| | ခမ္မသဘောနှင့် ဗေဒင်ယတြာ | |
| | ကျေးဇူးတင်ခြင်း | |
| | ကျမ်းပြီးနိဂုံးနှင့် ဆုတောင်း | ၄၂ |

# စာဖတ်သူသို့ပန်ကြားလွှာ

ဤကျမ်းငယ်တွင် အခန်း(၁)မှ(၃)အထိသည် ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အခြေခံဒဿနများ ဖြစ်ပါသည်။ အခန်း(၄)မှ(၉)အထိသည် ကိစ္စရပ်အလိုက် လက်တွေ့ဟောကွက်များ ဖြစ်ပါသည်။ စာဖတ်သူသည် ဒဿနပိုင်းတွင် လမိုင်းကပ်နေပြီဆိုလျှင် လက်တွေ့ဟောကွက်ပိုင်းရှိ အယူအဆကို လေ့လာဟောကြည့်ပါ။စိတ်ကူးတည့်လျှင် အမှန်များနေမည်။ ဗေဒင်ဆရာကိုယ်တိုင် ကံကောင်းချိန်ဖြစ်လျှင်အကောင်းဟောကွက်ဖြစ်စေ၊ အဆိုးဟောကွက်ဖြစ်စေ၊ ထိထိ မိမိဟောကွက်ထုတ်နိုင်သည့်ဇာတာများချည်း တိုးနေတတ်ပြီး ဟောတိုင်းလည်းမှန်နေတတ်သည်ကို မိတ်ဆွေ တစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်မှ ဖောက်သည်ချလိုက်ပါသည်။အကျိုးပေး၍ အကြောင်းထင်ခြင်း ဖြစ်ပါသည်။ ဗေဒင်ဆရာ ကံဆိုးချိန်တွင် ထိထိမိမိ ဟောကွက်ထုတ်နိုင်၍ မရနိုင်သည့်ဇာတာချည်းကြုံတွေ့ရတတ်သည်။ ဗေဒင်ပညာသည် ဉာဏ်အရာသာဖြစ်သည်။ ဘိုးတော်၊မယ်တော်နှင့်ဂနိတို့၏ အမည်ကိုလည်း အလွဲသုံးစားပြုလုပ်ရန်မလိုပါ။

၁။ ကျွန်တော်သည် ဗေဒင်ပညာရှင်တစ်ဦးမဟုတ်ပါ။ဝါသနာအလျောက် မနေနိုင် မထိုင်နိုင် မူလဖွားဇာတာ အဟောကျမ်းကို ရေးသားထုတ်ဝေနိုင်သည့် ငွေကြေးအင်အား ကျွန်တော်၌မရှိပါ။ ကျွန်တော်၌ ရှိစုမဲ့စု ငွေကလေး ကျပ်တစ်သိန်းခွဲကျော်ကို ဆုံးလျှင်လည်း ဆုံးပါစေတော့ဟု မ တည်ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ စာအုပ်ထုတ်လုပ်မှု ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ်လေးသိန်းခန့်ရှိရာ လိုအပ်သည်များကို မိတ်ဆွေများက ကူညီကြပါသည်။

၂။ ကျွန်တော်မျှော်လင့်ထားသည်ထက် ဗေဒင်ဝါသနာရှင်များ၏ အားပေးမှုကိုလည်းကောင်း၊ အမြင်သစ်စာပေနှင့် ပညာအလင်းပြစာအုပ်တိုက်တို့၏ အားပေးဖြန့်ချီမှုကိုလည်းကောင်း ရရှိခဲ့၍ ကျွန်တော်၏ရင်းနှီးထားငွေ ပျောက်မသွားသည့်အပြင် အကျိုးအမြတ်အတန်ငယ်ရရှိခဲ့ပါသည်။ထို့ကြောင့် အသက်(၇၄)နှစ်မတိုင်မီ ဤဂေါဇာ ဂြိုဟ်စီးဂြိုဟ်မြင် အဟောကျမ်းငယ်ကို ရေးသားထုတ်ဝေရန် အကြောင်းဖန်လာပါသည်။

၃။ နက္ခတ်ဗေဒင်ပညာတွင် အာယုစန်းအဟော၊ ဝိသောတ္တရီဒသာအဟော၊ ကေပီ နက္ခတ်စီးအဟောနှင့် အနောက် တိုင်းဂြိုဟ်မြင် အဟောများလည်းရှိနေသေးရာ အဘယ်ကြောင့်ဂေါဇာ ဂြိုဟ်စီးဂြိုဟ်မြင်ကိုမှ ရွေးချယ်ရေးသားရသည် ကိုရှင်းလင်းတင်ပြရန် လိုလာပါသည်။ ပထမအကြောင်းပြချက်မှာ အသက်အရွယ်ကြောင့်ဟု ဆိုရမည်။ အသက်ကြီးလာ သဖြင့် တွက်ရချက်ရသော အလုပ်ကို မလုပ်ချင်တော့ပါ။ ပျင်းလာတာရော စိတ်ရှုပ်မခံချင်တာရော ပါနေသည်။ ဒုတိယ အကြောင်းပြချက်မှာ ဘယ်ဗေဒင်ပညာသည် အမှန်ဆုံးဟောနိုင်သည့်ပညာဖြစ်သည်ဟု လက်မထောင်၍ ပြောနိုင်သည့် အရည်အချင်း ကျွန်တော့၌ မရှိပါ။ သူ့နည်းသူ့ဟန် သူ့စနစ်ဖြင့် တီထွင်ဟောပြောကြခြင်းသာ ဖြစ်သည်ဟု နားလည်ထားပါသည်။အားသာချက်များရှိသကဲ့သို့ အားနည်းချက်များရှိကြသည်ချည်းဖြစ်သည်ဟု ယုံကြည်ပါသည်။ နည်းတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်ရန်သာ အဓိကဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။ လောကသာရဆုံးမစာပါ "*နှုတ်မှုလက်မှု အတတ်စုကို ငယ်နုသောအား မမေ့ညားနှင့် ရင်းဖြားကုန်စင် တတ်မြော်မြင်က တစ်ခုမျှလျှင် အသက်မွေးကြောင်း ဖြစ်တုံရှောင်း၏*" ဆိုသည့်အဆုံးအမ၏ အနှစ်သာရကို နားလည်သဘောပေါက်လျှင်မည်သည့် အကြောင်းမျှ အငြင်းပွါးစရာမရှိချေ။ သူ မသာ ကိုယ် အသုဘချည်း ဖြစ်ကြသည်ဟုယုံကြည်ပါသည်။ တတိယ အကြောင်းပြချက်မှာ ဝိသောတ္တရီ ဒသာစနစ်ကို နှစ်ပေါင်းငါးဆယ်ကျော်လေ့လာခဲ့သော်လည်း ယနေ့ထိ မိမိကိုယ်ကိုမိမိ ပေမီဒေါက်မှီ အဆင့်ရောက်ပြီဟုမထင်။ ကေပီစနစ်ကို နစ်ပေါင်းအစိတ်ကျော် လေ့လာခဲ့သော်လည်း ဘုတ္တိနက္ခတ် အယူအဆကို ယနေ့အထိသူတစ်ပါးအား ပြန်လည်ရေးပြနိုင်သည်အထိ သဘောမပိုင်။ ၁၉၈၆ ခုနှစ်တွင် အလုပ်တာဝန်ဖြင့် အိန္ဒိယနိုင်ငံသို့ရောက်ရှိခဲ့ရာ ဆရာကြီးကေပီကွယ်လွန်သွားပြီဖြစ်၍ တွေ့ဆုံမေးမြန်းခွင့်မရခဲ့ပေ။ ကံဆိုးလေစွ။ အာယုစန်း အဟောနှင့် အနောက်တိုင်းဂြိုဟ်မြင် အဟောများကိုမူ စိတ်ဝင်စားမှု နည်းပါးခဲ့၍ တစိုက်မတ်မတ် လေ့လာခဲ့ဘူးခြင်းမရှိပါ။ ထိုအကြောင်းများကြောင့် စိတ်ရှုပ်ခံ၍ တွက်စရာမလို၊ ရွက်ကြမ်းရေကျိုအားဖြင့် မှန်နေတတ်သော ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင်အဟောကို ရွေးချယ်ရေးသားရခြင်း ဖြစ်ပါတော့သည်။

၄။ အလျဉ်းသင့်သဖြင့် ဖေါ်ပြရလျှင် ကျွန်တော်သည် ငယ်စဉ်ဘုန်းကြီးကျောင်းသား ဘဝကမြန်မာ့လက်ဆန်း ဗေဒင်နှင့် အကျွမ်းတဝင်နီးစပ်ခဲ့ပါသည်။ အောင်လံထူစစ်သူကြီးပွဲ။ ပုတိ၊ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇာ၊ အဓိပတိ

သုံးတန်ပေါ်နိစ်၊ စတုဂ္ဂမ္ဘညှတ်၊ စတုဂ္ဂမ္ဘနိစ်၊ တောင်းမှောက်၊ တောင်းလှန် စသည်များကို ဘုန်းကြီးကျောင်းနံရံနှင့် ကြောင်အိမ်များပေါ်တွင် ဘုန်းကြီးကျောင်းသားကြီးများ ရေးခြစ်ပြောဆိုကြသည်မှာ မပြင်ချင် မကြားချင်အဆုံး။ မိမိကိုယ်တိုင် လိုက်လုပ်ကြည့်သောအခါ ယေဘူယျဆန်သော အဟောများကိုသာတွေ့ရှိခဲ့ရ၍ စိတ်မဝင်စားတော့ချေ။ ၇-ခုစား၊ ၈-ခုစား အလကားပါကွာ ဟုသဘောပိုက်ခဲ့ပါသည်။ ထို့ကြောင့်နက္ခတ်ဗေဒင်ပညာကို အထက်တန်းကျောင်းသားဘဝမှစ၍ တစိုက်မတ်မတ်လေ့လာခဲ့ပါသည်။ ဟိန္ဒူနက္ခတ်ဗေဒင်ပညာနှင့် ကေပီနက္ခတ်စီးဗေဒင်ပညာတို့ကို လေ့လာရင်းစိတ်ကုန်သလိုလည်း ဖြစ်လာခဲ့ဘူးပါသည်။ ဘယ်ဗေဒင်ပညာဖြင့်ဘယ်လိုမှန်အောင် ဟောနိုင်သလဲဆိုသည့်မေးခွန်းသည် ကျွန်တော်၏အတွေးသံသရာဝယ် ခြာလပတ်လည်နေခဲ့ဘူးပါသည်။ ဘဏ်အရာရှိတစ်ဦးအနေဖြင့် တာဝန်အရရောက်ရှိ တာဝန်ထမ်းဆောင်ရသည့် ဒေသများတွင် မြန်မာ့လက်ဆန်းဗေဒင်ဖြင့် ဟောပြောနေသော ဆရာကြီးများအား တွေ့ကြုံခဲ့ဘူးပါသည်။ အထင်ကြီးခြင်းမရှိ၍ လှည့်ပင်မကြည့်ခဲ့ပါ။ အငြိမ်းစားယူပြီးသည့်အခါ အားလပ်နေသဖြင့် မသိတာ မတတ်တာမရှိသော မတစ်လုံးကျေ ဆရာတော် ခင်ကြီးပျော်၏ အကြောင်းကိုသတိရသဖြင့် အင်္ဂဝိဇ္ဇာဋီကာကြီးကို ရှာဖွေဖတ်ကြည့်ပါသည်။ ဂါထာများ၊ သံပေါက်များနှင့် ရှေးမြန်မာစာ အရေးအသားများကြောင့် အားလုံးနားမလည်နိုင်အောင်ဖြစ်နေပါသည်။ နက္ခတ်ဗေဒင်ပညာတွင် စာအုပ်ကို ဆရာတင်၍လေ့လာခဲ့ရာ၌ မြန်မာလိုရေးသားထားသည်များမရှင်းလျှင် အင်္ဂလိပ်လိုရေးသားထားသည်များကြည့်၍ လေ့လာခြင်း၊ အင်္ဂလိပ်လိုရေးသားထားသည်များမရှင်းလျှင် မြန်မာလိုရေးသားထားသည်များကိုကြည့်၍ လေ့လာခြင်းပြုနိုင်ခဲ့ပါ သည်။ ယခု အင်္ဂဝိဇ္ဇာဋီကာကြီးကို လေ့လာရာတွင် နားမလည်သည်များ တွေ့ရသည့်အခါ အခြားစာအုပ်များ ရှာဖတ်၍လေ့လာသည့်အခါ အရေးအသားများမှာ လေးလုံးစပ်နှင့် ဆိုလိုချက်ဖြောင့်ဖြောင့်မထွက်သည့်အရေးအသားဟန်များ ထပ်မံကြုံရသဖြင့် ဩော် ငါ့နှယ် ရှုပ်ပါတယ်ဆိုမှ ကောက်ရိုးပုံပွေလာသူနှင့် တိုးပြန်ပကောဟုတွေးနေမိပါသည်။ ကံအားလျှော်စွာ သေသဝိဇ္ဇာကျမ်းပြုဆရာကြီး ဦးမောင်မောင်နှင့် ကိုးထပ်ကြီးဘုရားရင်ပြင်ရှိ ပညာ့ရောင်ခြည်စာအုပ်ဆိုင်တွင် တွေ့ဆုံခင်မင်ခဲ့ရာမှ သူ၏သင်ပြပေးမှုကြောင့် မြန်မာ့လက်ဆန်းဗေဒင်ပညာအရသာကို ခံစားသုံးဆောင်ခွင့်ရခဲ့ပါသည်။ ကျေးဇူးကြီးပေစွ။ ဆန်တစ်အိတ်။

၅။ အခါအခွင့်သင့်သဖြင့် အနည်းငယ် ဖေါ်ပြလိုသည့် အချက်တစ်ချက်မှာကျွန်တော်၏တူတော်သူသည် မီးသွေးခဲဖြင့် တုတ်ချောင်းပေါ်တွင် အမှတ်အသားရေးချက်ပြီး ဗေဒင်ဟောပြောသည့်အကြောင်း ဖြစ်ပါသည်။ ၎င်းပညာကိုကျွန်တော်၏ အဘိုးတော်သူထံမှ ကျွန်တော်၏တူတော်သူက အမွေဆက်ခံခြင်းဖြစ်ပါသည်။ ကျွန်တော်သည် အဘိုးအားလည်းကောင်း၊ တူတော်သူအားလည်းကောင်း အထင်မကြီးပါ။ သို့သော်ကျွန်တော် တို့ရွာသားများသည် ဗေဒင်မေးလိုလျှင် ကျွန်တော်၏တူ လယ်ထွန်ရာမှပြန်လာသည့်အထိ ထိုင်စောင့်၍မေးကြ ပါသည်။ သူ၏သမီးငယ်ကျွန်တော်၏မြေးမက "အဖေရွာထဲက ကရင်တွေကို ဗေဒင်ဟောမပေးနဲ့၊ ၁၀ပေး ၅ကျပ်ပေးနှင့် အဓိပ္ပါယ်ကိုမရှိဘူး၊ မြန်မာတွေကိုဘဲဟော" ဟု ပြောပါသည်။ အကြောင်းကား ရွာနီးချုပ်စပ်မှ မြန်မာများဗေဒင်လာမေးသည့်အခါ ၂၀၀ကျပ်၊ ၃၀၀ကျပ် ကန်တော့သွားကြခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်တော်၏တူ ဗေဒင်ဟောနည်းသည် သူ့အကန့်အသပ်နှင့် သူရှိသည်မှန်သော်လည်း ကျွန်တော်တို့နက္ခတ်ဗေဒင်သမားများက သူ့လိုဟောရန်မဖြစ်နိုင်ချေ။ ထို့ကြောင့်ပညာရပ်အစစ်အမှန်ဖြစ်လျှင် သူ့နည်းသူ့ဟန်အတိုင်း အလှကိုယ်စီ ရှိကြသည်ဟူ၍သာ တင်ပြလိုပါသည်။ တစ်နည်းအားဖြင့် ဆင်ချည်သောကြိုးနှင့် ကြက်ချည်၍မဖြစ်နိုင်။ ကြက်ချည်သော ကြိုးနှင့်ဆင်ချည်၍မခိုင် ဆိုသောစကားကဲ့သို့တည်း။

၆။ ကျွန်တော်တွေးတောစဉ်းစားမရသည့် အချက်တစ်ချက်မှာ ကျွန်တော်တို့ ငယ်စဉ်ကကြားဖူးနားဝရှိခဲ့ကြသည့် အာထဗ္ဗဏဗေဒင်ကျမ်းသည် အမှန်တကယ်ရှိခဲ့ပါ၏လောဟု သံသယပွါးမိပါသည်။ ထိုဗေဒင်ကျမ်း အမှန်တကယ်ရှိခဲ့လျှင် သိဒ္ဓတ္ထမင်းသားအား ဘုရင်စင်စစ်ဧကန်ဖြစ်ရမည်ဟု ပုဏ္ဏားအားလုံးကတညီတညွတ်တည်း ဟောဆိုသင့်ပါသည်။ ယခုမူ ၇-ဦးသောပုဏ္ဏားများက ဘုရားသော်လည်းကောင်း၊ စကြာ်ဝတေးမင်းသော်လည်းကောင်း ဖြစ်မည်ဟောပြီး အငယ်ဆုံးပုဏ္ဏားက ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟု ဟောခဲ့ပါသည်။ အငယ်ဆုံးပုဏ္ဏားသည် ပုဏ္ဏားကြီး ၇-ယောက်နှင့် ဟောချက်မတူအောင် ဆန့်ကျင်ဟောခြင်းမဖြစ်နိုင်ပါသလော။ ဗေဒင်ပညာသည် ဟိန္ဒူအယူဝါဒကို အခြေခံပေါ်ပေါက်လာသဖြင့် ၎င်းတို့ကိုးကွယ်သည့် နတ်ဘုရားအားအမွန်းတင်လိုသဖြင့် မရှိသောအာထဗ္ဗဏဗေဒင်ကျမ်းသည် အရှိဖြစ်လာပြီး မရှိဖြစ်လာသလောဟု တွေးတောမိပါသည်။ ဗုဒ္ဓစာပေကျမ်းဂန်များတွင် အဌကထာ

ဆရာများ သဒ္ဓါကြောင့် သုတ္တန်ဝတ္ထုများ သည် အမှန်တကယ်အဖြစ်အပျက်များထက် ပိုလွန်နေသည်မှာ စသာဓကဖြစ်ပါသည်။ ဘုံခန်းနှင့်မြှောက်၊ ဧရဲခန်းနှင့်ခြောက် ဟူသော စကားပင်အထင်အရှားရှိပါသည်။ ဗေဒင်ပညာသည် အာထဗ္ဗဏဗေဒင်ကျမ်း ကွယ်သွားသဖြင့် ဘာမျှထိခိုက်နစ်နာခြင်း မရှိဟုယူဆပါသည်။ ဝရဟာမိဟိရ ဆရာကြီး၏ ဗြိဟတ်ဇာတကကျမ်းမှသည် ဆရာကြီးကေပီ၏ နက္ခတ်စီးဗေဒင်ကျမ်းအထိ ခေတ်အဆက်ဆက် ထွက်ပေါ်ခဲ့သော ကျမ်းအသီးသီးက တိုတက်သည့်ဘက်သို့ ဦးတည်ရွေ့ရှားလျက်ရှိသည်ကို အထင်အရှားတွေ့မြင်နေရပါသည်ဟု တင်ပြလိုက်ရပါသည်။

၇။ အလျှင်းသင့်သဖြင့် ဗေဒင်နှင့် ယတြာကိစ္စကို တင်ပြလိုပါသည်။ နက္ခတ်ဗေဒင်ပညာအရ အဆိုးဟောကွက်များအတွက် ယတြာမရှိဟု ယုံကြည်ပါသည်။ ဟိန္ဒူများက သူ့နည်းလုပ်သည်ဟု ဆိုရမည်။ ဗုဒ္ဓဘာသာဝင်များက ဘုရားကုကုသည့်အနေဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ရန်သာရှိပါသည်။ လမ်းခင်းခြင်း၊ တံတားခင်းခြင်း၊ ညောင်ထောက်ခြင်း (ရုက္ခစိုးငယ်များ ဆော့ကစား၍ သစ်ပင်ပေါ်မှ လိမ့်မကျရန်နှင့် ရုက္ခစိုးကြီးများနေထိုင်ရန်နေရာရှိရန် အပါအဝင်) ဂုဏ်တော်ပုတီးစိတ်ခြင်း၊ မတ္တာပို့ခြင်း၊ အမျှဝေခြင်းစသည်များပြုလုပ်ရန်ဖြစ်ပါသည်။ ယတြာဟုဆိုချင်ကဆိုနိုင်ပါသည်။ အခြားဘာသာဝင်တို့ကလည်းသူ တို့ဘာသာအလျှောက် (သတ္တဝါများအားသတ်ဖြတ်ညှဉ်းဆဲခြင်းမပါလျှင်) လုပ်နိုင်ပါသည်။

၈။ နက္ခတ်ဗေဒင်မှတပါး မြန်မာ့လက်ဆန်းဗေဒင် အပါအဝင်ပြည်တွင်းဖြစ် ဗေဒင်အားလုံးသည် သူ့ဟောကွက်နှင့် သူ့ယတြာရှိကြပါသည်။ အမှန်မှာ ကျွန်တော်သည် လောဘဇောတိုက်သူများအား အဆိပ်ပင်ရေလောင်းဖြစ်မည်စိုး၍ ယတြာများအကြောင်းရေးသားရန် လက်တွန့်နေမိပါသည်။ သို့သော် မိမိ၏ လေ့လာတွေ့ရှိသည်များကို စာရေးသူတစ်ဦးအနေဖြင့် တင်ပြရန်တာဝန်လည်းရှိနေပါသည်။

၉။ ကျွန်တော်၏တူ မီးသွေးခဲခြစ်ဆရာသည် ဗေဒင်လာမေးသူ၏သိလိုသည့်အကြောင်းအရာကို လိုက်၍ ဥပမာ-ကျန်းမာရေးအတွက်ဖြစ်လျှင် ခေါစာပစ်ရန် သို့မဟုတ် ရိုးရာဆောင်ရွက်ရန်နှင့် ကုရန်ပြောတတ်ပါသည်။ ကျွန်တော်သည်ထိုဗေဒင်လာမေးသူအား မှတ်သားထားပါသည်။ တစ်ပတ် ၁၀ ရက်ကြာသောအခါ သူတို့အားလူနာအကြောင်းသွားမေးပါသည်။ ကျွန်တော့်တူပြောသည့်အတိုင်း ခေါစာ သို့မဟုတ် ရိုးရာလုပ်ပြီး ပြောတဲ့ဆရာနှင့် နေကောင်းသွားတယ်တဲ့။ အရင်တုံးကဆို ဆေးထိုးပြီးပြန်လာလည်း အဖျားကမကျဖူးတဲ့ ဟူ၍ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့်မယုံပါ။ ဘာပဲပြောပြောသူတို့ဟာနဲ့သူတို့ကတော့ ဟုတ်နေကြသည်ဟူ၍သာ တင်ပြလိုက်ရပါသည်။

၁၀။ ကျွန်တော်၏ ကိုယ်တွေ့ယတြာ အကြောင်းကိုလည်း အလျှင်းသင့်သဖြင့် တင်ပြလိုက်ပါသည်။ ကျွန်တော်သည် ဆရာဦးမောင်မောင်ကြည်သင်ပေးသည့် မြန်မာ့လက်ဆန်းဗေဒင်ပညာဖြင့် ကျွန်တော်နှင့်ခင်မင်သည့် တပည့်မတစ်ဦးအား "နှင်ဒီနှစ်ထဲ အစွပ်စွဲခံရမယ်၊ ကျန်းမာရေးရုတ်တရက် ဆိုးတတ်တယ်၊ စိတ်ထိခိုက်စရာကြုံရတတ်တယ်၊ အရေးကြီးတဲ့စာရွက်စာတမ်းပျောက်တတ်တယ်၊ အိမ်မှာရှိတဲ့ပစ္စည်းတွေ မကြာခဏ ပျက်တတ်ပျောက်တတ်တယ်၊ ယတြာကတော့ စာကလေး ၃ ကောင်လွှတ်၊ သီလရှိသူများအားဆန်ဆေးလှူ"ဟု ပြောလိုက်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ၎င်းဟောကွက်နှင့် တိုင်ဆိုင်သောနှစ်ဖြစ်ပါသည်။ ဘာယတြာမှမလုပ်ဘဲ စောင့်ကြည့်နေပါသည်။ တပည့်မလုပ်သူသည် ကြောက်လန့်၍ ကျွန်တော်ပြောလိုကသည့်ယတြာများကိုလုပ်ပါသည်။ ထို့ပြင် ကျွန်တော်အားလည်း ဆန်တစ်အိတ် လာလှူပါသည်။ ဆရာဦးမောင်မောင်ကြည်အားပြောပြသည့်အခါ သူက "အဲဒါ ၃-၆်နှင့်ပတ်သက်သော အဆိုးနိမိတ်ပဲ" ဟုဆိုပါသည်။ ဒီအသက်အရွယ်မှာ အိုမီဂါလေးနှင့် အစွပ်စွဲခံရလည်းမနည်းဘူးဗျ ဟုကျွန်တော်က နောက်တောက်တောက်ပြန်ပြောပါသည်။ တစ်နေ့တွင်ကျွန်တော်၏အိမ်၌ မွေးထားသောကြောင်ကလေး မောင်မောင်ချိုသည် အကောင်းပကတိမှ ချောင်းဆိုး၍ လေပွန်ပိတ်ပြီး ရုတ်တရက်သေသွားသဖြင့် ၂ရက် ၃ရက် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ သူမသေမီနေ့ နံနက်ပိုင်းတွင် ကျွန်တော်၏ ရင်ပတ်ပေါ်တွင် တက်အိပ်ခဲ့သည်ကလည်း တွေးရဆွေးရသည့်အကြောင်းအချက်တစ်ခုဖြစ်ပါသည်။ သူသေချိန်၌ ကျွန်တော်အိမ်တွင်မရှိပါ။ အပြင်ထွက်နေခိုက်ဖြစ်သည်။ အလောင်းတွေ့လျှင်စိတ်မကောင်းပိုဖြစ်မည်စိုး၍ တူနှင့်သမီးက မောင်မောင်ချို၏ အလောင်းကိုမြေမြှုပ်လိုက်ကြပါသည်။ မောင်မောင်ချို၏အလောင်းကိုမမြင်လိုက်ရပါ။ ကြောင်တစ်ကောင်သေတာများ အဖြစ်သဲနေလိုက်တာဟု ထင်ကောင်းထင်ကြမည်။ ကျွန်တော်၏အိမ်တွင် ခြေတိုမ၊ မောင်မောင်ချိုနှင့် တာလီဗန်ဟုအမည်ပေးထားသော

ကြောင် ၃ကောင်ရှိပါသည်။ ကျွန်တော်၏သားနှင့်သမီးတို့သည် ကြောင်ကိုချစ်သည်ဆိုသော်လည်း အစာမကျွေးကြပါ။ ကျွန်တော်၏တူမများသည် ကြောင်မုန်းသူများဖြစ်သည်။ ကြောင်များသည် နံက်၉နာရီနှင့် ညနေ ၄ နာရီရောက် တိုင်း ကျွန်တော်ရှိသည့် နေရာတွင်လာထိုင်၍ အစာတောင်းကြသည်။ ကျွန်တော်ကသာမေ့ချင်မေ့မည်။ သူတို့လာထိုင်သည့်အချိန်ကိုကြည့်မည်ဆိုလျှင် နံနက် ၉နာရီ သို့မဟုတ် ညနေ ၄ နာရီ ဖြစ်နေတတ်သည်။ ကျွန်တော်အပြင်သွား၍ ပြန်လာသည့်အသံကြားလျှင် လှေကားတွင်လာရောက်စောင့်ကြသည်။ ဆောင်းတွင်းဖြစ်လျှင် ကျွန်တော်၏ ခြင်ထောင်ထဲ အတင်းတိုးဝင် အိပ်ကြသည်။ နွေအခါဖြစ်လျှင် ကျွန်တော်၏ကုတင်ခြေရင်းတွင် အိပ်ကြသည်။ မောင်မောင်ချိုသည် သူတို့သုံးကောင်ထဲတွင် လူနှင့်အနီးဆုံးဖြစ်သည်။ ကျွန်တော် တယ်လီဖုန်းပြောလျှင် လာနားထောင်သည်။ တာလီဗန်ကား အာဖဂန်မှ ကုလားများနှင့်အကျင့်စရိုက်တူသည်။ မျက်နှာကလည်း ပုတ်သိုးသိုး။ ခြေတိုမသည် အမြုံမဖြစ်သည်။ လက်မြန်ခြေမြန်ရှိသည်။ သူကအခွင့်အရေး မပေးလျှင် မောင်မောင်ချိုနှင့် တာလီဗန်တို့ သူ့အနားမကပ်ရဲကြ။ သူတို့နှင့် အနေကြာလာသဖြင့် သံယောစဉ်သွယ်နေမိသည်။ မောင်မောင်ချို ကောင်းရာသုကတိလားပါစေ။

၁၁။ ကျွန်တော်၏ တပည့်မနှင့်ပတ်သက်၍ သူမထံမှလောလောဆယ် ဘာမျှ မကြားရသေးပါ။ ကျွန်တော်လုပ်ခိုင်းသည့်ယတြာစွမ်း မစွမ်း နောက်ထပ် ၆ လခန့် စောင့်ကြည့်ရဦးမည် ဖြစ်ပါသည်။

၁၂။ ကျွန်တော်သည် ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အဟောကျမ်းကို ရေးသားရာတွင် ပျဥ်းမနားဆရာကြီး ဦးသန်းမောင်၏ ဂေါစရဖလ ဝိနိစ္ဆယကျမ်းလာ အယူအဆများကို အခြေတည်၍ ကျွန်တော်၏ လေ့လာယူဆချက်များနှင့် ပေါင်းစပ်တင်ပြခြင်းသာဖြစ်ပါသည်။ ဆရာကြီးကိုယ်တိုင် ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အဟောကျမ်းတစ်ဆူ ပြုစုသွားခဲ့ပါလျှင် ကောင်းလေစွဟု တမ်းတမိပါသတည်း။

*ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင်အဟောကျမ်း*

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**လက်တွေ့အသုံးချနက္ခတ်ဗေဒင်ပညာ**

## ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင်

## အဟောကျမ်း

### အခန်း - ၁

**<u>ကျမ်းဦးနိဒါန်း</u>**

၁။ ကျွန်တော်သည်ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အဟောကျမ်းကို ရေးသားရေးသားရန် ရည်ရွယ်ချက်ဖြင့် မူလဖွားဇာတာအဟောကျမ်းတွင် နောက်ထပ်ဗေဒင်ကျမ်း တစ်ဆောင်ထပ်မံပြုစုရဦးမည်ဟု ဖေါ်ပြခဲ့ပါသည်။ သို့သော်မူလဖွားဇာတာ အဟောကျမ်းကိုဖတ်ရှုကြသည့် မိတ်ဆွေများကအခြေခံစာအုပ် ပြန်ရေးပါဟု တောင်းဆိုကြသဖြင့် ဇာတာဖွဲ့စည်းပုံကျမ်း တစ်နည်းအားဖြင့် ဇာတာကြည့်နည်းကျမ်းကို ကြားဖြတ်အစီအစဥ် တစ်ရပ်အနေဖြင့်ရေးသားခဲ့ပါသည်။ ပုံနှိပ်ထုတ်ဝေရန်ရည်ရွယ်ချက်မရှိခဲ့ပါ။ ဝါသနာပါသော်လည်း နက္ခဗေဒင်ပညာကို ဘာမှန်း ညာမှန်းမသိသူ ၃-၄ ဦးအား ဖတ်ရှုစေရာဇာတာကို မတွက်တတ်ပဲ မိမိတို့၏ ဇာတာကိုကြည့်တတ်လာကြသည်ကို စစ်ဆေးတွေ့ရှိရ သဖြင့်ရေးသားခဲ့သည့်ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်၍ ဝမ်းသာပီတိ ဖြစ်ရပါသည်။

၂။ ကျွန်တော်ရေးသားခဲ့သည့် မူလဖွားဇာတာ အဟောကျမ်းသည် ဘဝတစ်သက်တာအတွင်း ကြုံတွေ့နိုင်သည့် အကောင်းအဆိုး အဝဝ အားဟောချက်ထုတ်သည့်ကျမ်း ဖြစ်ပါသည်။ ထိုကိစ္စများအားကြုံတွေ့နိုင်သည့် နည်း စနစ်လိုအပ်နေသေးသည့်အလျှောက် ဤဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အဟောကျမ်းကို ရေးသားခြင်းဖြင့်လိုအပ်ချက်ကို ဖြည့်စွက်လိုက်ခြင်းဖြစ်ပါသတည်း။

၃။ ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် အဟောပညာသည် မူလဖွားဇာတာအဟောကို အခြေခံဟောပြောရန်လိုပါသည်။ မူလဖွားဇာတာအဟောကို ကျွမ်းကျင်ပိုင်နိုင်စွာ ဟောဆိုနိုင်မှသာ ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင် ဟောချက်များ မှန်ကန်မည်ဖြစ်ပါသည်။ ***ဥပမာ*** - ဓနယုဂ်ရသည့် ဇာတာရှင်အား ဂြိုဟ်စီးဂြိုဟ်မြင် ကောင်းလျှင်ငွေအစုလိုက်အပြုံလိုက်ဝင်မည်။ စီးပွါးရေးတိုးတက်မည်ဟုဟောနိုင်သော်လည်း ဓနယုဂ်မရသည့်ဇာတာရှင်အား ငွေကြေးကိစ္စပြေလည်လာမည်။ စီးပွါးရေးအဆင်ပြေလာမည်။ လောက်သာ ဟောနိုင်ပါသည်။ အလားတူပင် မူလဇာတာတွင် လဂ်အား ၃-ဂံါဂြိုဟ် အယှဉ်အမြင်ရှိနေလျှင် ဂေါဇာ ၃-ဂံါဂြိုဟ် အစီးအမြင်မရှိလျှင် ထိုသို့ ပြင်းပြင်းထန်ထန်ဟောဆိုခြင်းမပြုသင့်ပေ။ ထို့ကြောင့်မူလဖွားဇာတာ အဟောကို ဦးစားပေးလေ့လာပြီးမှ ဂြိုဟ်စီးဂြိုဟ်မြင်အဟောကို လေ့လာဟောပြောသင့်ကြောင်း တင်ပြရပါသည်။

## အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

၄။ ရာသီတစ်ခုကို ၁-နွေဂြိုဟ်သည် တစ်လ။ ၂-လာဂြိုဟ်သည် ၂ရက် ၆နာရီ။ ၃-ဂံါဂြိုဟ် သည် ၄၅ရက်။ ၄-ဟူးဂြိုဟ်သည် ၁၈ရက်။ ၅-တေးဂြိုဟ်သည် တစ်နှစ်။ ၆-ကြာဂြိုဟ်သည် ၂၈ရက်။ စနေဂြိုဟ်သည် ၂နှစ် ၆လ။ ရာဂြိုဟ်သည် တစ်နှစ် ၆လ အသီးသီးလှည့်လည်သွားလာကြသည်။ ထို့ကြောင့် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဟောကွက်များတွင်တစ်ရာသီတွင် တစ်နှစ်ဖြတ်သန်းသွားလာသည့် ၅-တေးဂြိုဟ်။ တစ်နှစ်နှင့် ၆လဖြတ်သန်းသွားလာသည့် ရာဟုဂြိုဟ်။ ၂နှစ်နှင့် ၆လဖြတ်သန်းသွားလာသည့် စနေဂြိုဟ်တို့သည် အချိန်ကာလပိုင်းဖြတ်ရာတွင်အရေးပါကြ သည်။ ၎င်းဂြိုဟ်ကြီးသုံးလုံး၏ အယှဉ်အမြင်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး ဆိုးပြစ်တို့ကို ကာလတိုဖြတ်သန်းသွားလာကြသည့် ၁-နွေ၊ ၂-လာ၊ ၃-ဂံါ၊ ၄-ဟူးနှင့် ၆-ကြာဂြိုဟ်တို့၏ အယှဉ်အမြင်မှ ဖြစ်ပေါ်လာ သည့် အကောင်းအဆိုးနှင့် ပေါင်းစပ်ဟောဆိုရပါသည်။ ထို့ကြောင့် ၅-တေး၊ ရာဟုနှင့် စနေဂြိုဟ်တို့၏ အယှဉ်အမြင်ကို ဦးစားပေးကြည့်ပြီး ကာလပိုင်းဖြတ်၍ အကောင်းအဆိုး ဟောဆိုခြင်းပြုရပါသည်။ စနေဂြိုဟ်သည် ရာသီတစ်ခုကို ၂ နှစ်နှင့် ၆ လဖြတ်သန်းသွားရသည်ကို မူတည်၍အခြားဂြိုဟ်များ၏ အသွားအလာနှင့်ချိန်ဆလျှင် ရှေ့ ဖြစ်ကို ၂ နှစ် ၃ နှစ်အထိသာ ကြိုတင်ခန့်မှန်းဟောပြောရန်သင့်သည်ဟု ယူဆပါသည်။ ဝိသောတ္တရီ ထူလဒသာ ဟောနည်းမှာကဲ့သို့ တစ်သက်တာအတွက် ကာလပိုင်းဖြတ် ဟောရန်ကားမလွယ်ကူပါချေ။ မည်သို့ပင်ရှိစေ ၂ နှစ် ၃ နှစ်အတွင်း မိမိဟောချက်၏ အမှန် အမှားကို ကာလတိုအတွင်း သိရှိရသဖြင့် သုသေသနပြုလုပ်ရန်နှင့် ဉာဏ်ကစား ရန် အခွင့်အလမ်းပိုကြောင်း တင်ပြရပါသည်။

## ပါပဂြိုဟ်နှင့် သောမဂြိုဟ်များ

၅။ ၁-နွေ၊ ၃-ဂံါ၊ စနေ၊ ရာဟုနှင့် ကိတ်ဂြိုဟ်တို့သည် သဘာဝပါပဂြိုဟ်များဖြစ်သည်။ ၅-တေးနှင့်ပါပဂြိုဟ်တို့သည် သဘာဝ သောမဂြိုဟ်တို့ဖြစ်သည်။ ၁-နွေဂြိုဟ်ရှေ့နောက် ၇၂ အံသာအတွင်း တည်သော ၂-လာဂြိုဟ်သည် ပါပဂြိုဟ်ဖြစ်သည်။ ၂-လာဂြိုဟ်ရှေ့နောက် ၇၂ အံသာအပြင်၌ တည်သော ၂-လာဂြိုဟ်သည် သောမဂြိုဟ်ဖြစ်သည်။ ပါပဂြိုဟ်တစ်လုံးလုံးနှင့် ပူးယှဉ်သော၄-ဟူးဂြိုဟ်သည် ပါပဂြိုဟ်ဖြစ်သည်။ ပါပဂြိုဟ်နှင့်ပူးယှဉ်ခြင်း မရှိသော ၄-ဟူးဂြိုဟ်သည် သောမဂြိုဟ်ဖြစ်သည်ဟုနားလည်ထားရမည်။

## ဂေါဇာဂြိုဟ်စီးဂြိုဟ်မြင်

၆။ ဂေါဇာဂြိုဟ်သွားသော ပါပဂြိုဟ်တို့၏အယှဉ်အမြင်သည် ဆိုးကျိုးကို ဖြစ်ပေါ်စေပါသည်။ ဗျဋ္ဌဇာသွားကြလျှင်၎င်းတို့၏ အယှဉ်အမြင်သည် ဆိုးကျိုးကိုပိုမိုဖြစ်ဆိုးကျိုးကိုပိုမိုဖြစ်ပေါ်စေသည်။ ပါပဂြိုဟ်တို့တွင် စနေနှင့် ၃-ဂံါဂြိုဟ်တို့သည် အကြီးဆုံးသောအဆိုးဖန်တီးရှင်တို့ဖြစ်ကြသည်။ ရာဟုသည်လည်း အဆိုးဖန်တီးရှင်ဖြစ်သည်။ ဂေါဇာသွားသည့် သောမဂြိုဟ်တို့၏ အယှဉ်အမြင်သည် ကောင်းကျိုးကို ဖြစ်ထွန်းစေသည်။ ဗျဋ္ဌစာသွားကြလျှင် ၎င်းတို့၏ အယှဉ်အမြင်သည်ကောင်းကျိုးကို ဖြစ်ထွန်းစေသည်။ ၅-တေးဂြိုဟ်သည် ကောင်းကြိုးအပေးဆုံးဖန်တီးရှင်ဖြစ်သည်ဟု သိထားရပါမည်။

## အမျိုးတူ ဂြိုဟ်ချင်း အစီးအမြင်

၇။ ဂေါဇာသွားသော ဂြိုဟ်တို့သည် မူလဖွားဇာတာရှိ အမျိုးတူဂြိုဟ်ပေါ် ယှဉ်မြင်သည့် ပုံသေဟောကွက်ကို ဦးပုည၏ ဂြိုဟ်စီးဂြိုဟ်မြင် ဝေးထပ်မှ ကောက်နှုတ်ဖော်ပြလိုက်ပါသည်။ ဤဟောကွက်များကို သူ့ချည်းသက်သက် ဟောခြင်းထက် အခြားသောဟောကွက်များနှင့် ပေါင်းစပ်စဉ်းစားဟောပြောတတ်မှ ဝေဒ၏အရသာကို တင်းပြည့်ကျပ် ပြည့်ခံစားသုံးဆောင်နိုင်မည် ဖြစ်ပါသည်။

(က)ဂေါဇာသွားသော ၁-နွေဂြိုဟ်သည် မူလ ၁-နွေဂြိုဟ်ကို စီးမြင်သည့်အခါ အလုပ်၊ စီးပွါး၊ အထက်လူကြီး၊ အဖ၊ ဂုဏ်ဒြပ်၊ မာန်မာန၊ အချစ်ရေး တစ်ခုခုကြောင့် အပူသောကကြုံတွေ့ရတတ်သည်။ မူလ ၁-နွေဂြိုဟ်သည် ဥစ် သို့မဟုတ် ကသစ် သို့မဟုတ် ဝဂုတ္တမနဝင်း စီးခြင်းဖြင့်အားရှိနေလျှင် သက်သာသည်။နိစ် သို့မဟုတ် ရန်အိမ်၌တည်လျှက် အားမဲ့နေလျှင် ပြင်းပြင်းထန်ထန် ကြုံတွေ့နိုင်သည်။

ရှင်းလင်းချက်-၁ **ရှေ့ဆက်လက်ဖော်ပြမည့် စာပုဒ်များတွင် အားရှိဟုဆိုလျှင် ဥစ်၊ ကသစ်၊ ဝဂုတ္တမနဝင်း တစ်ခုခု၌ တည်သော ဂြိုဟ်ဟုသိရမည်။ အားမဲ့ဟုဆိုလျှင် နိစ်အိမ်၊ ရန်အိမ်၌ တည်သောဂြိုဟ်ဟုနားလည်ရမည်။**

(ခ)ဂေါဇာ ၂-လာ ဂြိုဟ်သည် မူလ ၂-လာဂြိုဟ်ကိုစီးမြင်သည့်အခါ မူလ ၂-လာဂြိုဟ် ***အားရှိအားမဲ့*** အပေါ်မူ တည်၍ စိတ်နှလုံးပျော်ရွှင်မှု၊ ငွေဝင်မှု၊ အမိ၏ချမ်းသာမှု ***အများအနည်း*** ဖြစ်နိုင်သည်။

(ဂ)ဂေါဇာသွားသော ၃-ဂ်ါဂြိုဟ်သည် မူလ ၃-ဂ်ါဂြိုဟ်ကို စီးမြင်သည့်အခါ မူလ ၃-ဂ်ါဂြိုဟ် ***အားရှိအားမဲ့*** အလျှောက် ခိုက်ရန်၊ အမှုအခင်း၊ ပဋိပက္ခ၊ မတော်တဆ၊ ရန်သူဘေး၊ မင်းဘေး ***အနည်းအများ*** ကြုံတွေ့နိုင်သည်။

(ဃ)ဂေါဇာသွားသော ၄-ဟူးဂြိုဟ်သည် မူလ ၄-ဟူးဂြိုဟ်ကို စီးမြင်သည့်အခါ မူလ၄-ဟူးဂြိုဟ် ***အားရှိအားမဲ့*** အလျှောက် စုတ်၊ လဘ်၊ ငွေကြေး ***အများအနည်း*** ဝင်မည်။ မူလ ၄-ဟူးဂြိုဟ်သည် ပါပဂြိုဟ်ဖြစ်နေလျှင် စုတ်၊ လဘ်၊ ငွေကြေး ဆုံးရှုံးနစ်နာမှုတို့ ဖြစ်ပေါ်တတ်ပါသည်။

(င)ဂေါဇာသွားသော ၅-တေးဂြိုဟ်သည်မူလ ၅-တေးဂြိုဟ်ကိုစီးမြင်သည့်အခါ မူလ ၅-တေးဂြိုဟ် ***အားရှိအားမဲ့*** အလျှောက် စီးပွါး၊ ဓန၊ အလုပ်အကိုင်၊ ပညာ၊ အိုးအိမ်၊ အိမ်ထောင်ရေး စသည်များ ***အများအနည်း*** ကောင်းကျိုးသုခဖြစ်ထွန်းစေမည်။

(စ)ဂေါဇာသွားသော ၆-ကြာဂြိုဟ်သည် မူလ ၆-ကြာဂြိုဟ်ကိုစီးမြင်သည့်အခါ မူလ ၆-ကြာဂြိုဟ် ***အားရှိအားမဲ့*** အလျှောက် စုတ်၊ လဘ်၊ ချမ်းသာကြွယ်ဝမှု၊ ဓနဥစ္စာ၊ ကာမဂုဏ်ချမ်းသာ ***အများအနည်း*** ကောင်းကျိုးခံစားရတတ်သည်။

(ဆ)ဂေါဇာသွားသော စနေဂြိုဟ်သည် မူလ စနေဂြိုဟ်ကိုစီးမြင်သည့်အခါ မူလ စနေဂြိုဟ် ***အားရှိအားမဲ့*** အလျှောက် ဆင်းရဲဒုက္ခ၊ နှောင့်နှေးကြံ့ကြာမှု၊ တွေဝေမှု၊ အလုပ်အကြံအစည်အနှောက်အယှက်၊ငွေကြေးဆုံးရှုံးမှု၊အရှက်တကွဲဖြစ်မှု၊ မိန်းမမှု စသည်တို့ကို ***အနည်းအများ*** ကြုံတွေ့ရတတ်သည်။

(ဇ)ဂေါဇာသွားသော ရာဟုဂြိုဟ်သည် မူလရာဟုဂြိုဟ်ကို စီးမြင်သည့်အခါ မူလရာဟုဂြိုဟ် ***အားရှိအားမဲ့*** အလျှောက်အလုပ်အကြံအစည်မရေရာမှု၊ စီးပွါးဥစ္စာလေ့လာမှု၊ ခရီးယာယီများမှု၊ အလုပ်အပြောင်းအရွှေ့၊ နေရာအပြောင်းအရွှေ့ ***အနည်းအများ*** ကြုံတွေ့ရတတ်သည်။

## ၅-တေးဂြိုဟ်၏ အစီးအမြင်

၈။ ဂြိုဟ်စီးဂြိုဟ်မြင် အဟောပညာတွင် ၅-တေးဂြိုဟ်၏ အမြင်အယှဉ်သည် တန်ဖိုးအလွန်ကြီးမားသည်။ ဂေါဇာသွားသော ၅-တေးဂြိုဟ်သည် ဘာဝနှင့် ဘာဝသခင်ဂြိုဟ် တို့အား အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာဘာဝနှင့် ပတ်သက်သောကိစ္စတွင် ကောင်းကျိုးချမ်းသာဖြစ်ထွန်းစေပါသည်။ ၅-တေးဂြိုဟ်သည် စီးပွါး၊ ဓန၊ အလုပ်အကိုင်၊ ပညာ၊ အိုးအိမ်၊ အိမ်ထောင်ရေး၊ ကျန်းမာရေး စသည်ကိစ္စရပ်တိုင်း၌ ကောင်းကျိုးပြုတတ်သည့် သဘာဝကို မှတ်သားဟောဆိုရန်ဖြစ်ပါသည်။ ဘေးရန်အန္တရာယ်နှင့် ကြုံလျှင်လည်း တားဆီးကာကွယ်တတ်သည့် သဘာဝရှိသည်ကိုလည်း မှတ်သားထားရန်လိုပါသည်။ ဥပမာ - ၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယဉ်အမြင်ရှိလျှင်

စီးပွါးရေးကောင်းတတ်သည်။ ငွေအစုလိုက်အပြုံလိုက် ဝင်တတ်သည်။ ၇-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယဥ်အမြင်ရှိလျှင် အိမ်ထောင်မရှိသူ အိမ်ထောင်ကျတတ်သည်။ အိမ်ထောင်ရှိသူ မျက်နှာပွင့်လန်းတတ်ပါသည်။ ၁ဝ-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယဥ်အမြင်ရှိလျှင် အလုပ်အကိုင် တိုးတက်မည်။ ဂုဏ်သတင်းကောင်းမည်။ ၁၁-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယဥ်အမြင်ရှိလျှင် ဝင်ငွေကောင်းမည်။ လာဘ် လာဘရှင်မည် စသည်တို့ဖြစ်ပါသည်။

**ရှင်းလင်းချက်-၂။ ဂေါဇာသွားသော ၅-တေးဂြိုဟ်၏ကောင်းကျိုးပေးတတ်သည့် သဘာဝကို ၎င်းယှဥ်မြင်သော ဘာဝနှင့် ဘာဝသခင်ဂြိုဟ်က ဖေါ်ညွှန်းသည့် ဘာဝနှင့်ပတ်သက်သော ကိစ္စကို ပေါင်းစပ်ဟောဆိုရန် ဖြစ်ပါသည်။ ထို့ကြောင့်မူလဖွားဇာတာအဟောကျမ်း မှတ်စု ၁၃ရှိဘာဝတစ်ခုစီက ကိုယ်စားပြုမည့်ကိစ္စ။ တစ်နည်းအားဖြင့် ဖေါ်ညွှန်းသည့်ကိစ္စများကို လေ့လာမှတ်သားရန်လိုပါသည်။ စာမျက်နှာကို ချွေတာသည့် အနေဖြင့် ပြန်လည်ကူး ယူဖေါ်ပြခြင်း မပြုတော့ပါ။**

၉။ အကောင်းဟောကွက်တိုင်းအတွက် ၅-တေးဂြိုဟ်၏ဂေါဇာ အယှဥ်အမြင်မပါ၍ မရပါ။ စမ်းသပ်ဟောကြားရန် တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။

၁ဝ။ ၅-တေးဂြိုဟ်က ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား ယှဥ်မြင်သည့် အကျိုးအပြင် ဂြိုဟ်တို့အား ယှဥ်မြင်သည့်အကျိုး ကိုလည်း သိရှိထားရန်လိုပါသည်။ ***ဂြိုဟ်တိုင်းသည် ၎င်းတို့ ကာရကပြုသော ကိစ္စအသီးသီးရှိကြပါသည်။*** (မူလဖွားဇာတာ အဟောကျမ်း မှတ်စု ၁၉ကိုကြည့်ပါ)။ ထိုဂြိုဟ်တို့သည် မူလဖွားဇာတာ၌ အားရှိနေကြ၍ ဂေါဇာ ၅-တေးဂြိုဟ်၏ အယှဥ်အမြင် ခံရလျှင် ၎င်းတို့ကာရကပြုသည့် ကိစ္စများ အထင်အရှားထုတ်ဖေါ်ပြသ တတ်ကြပါသည်။ အားမဲ့ကြလျှင် သိသာလှမည် မဟုတ် ချေ။

(က)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၁-နွေဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် ဂုဏ်ကျက်သရေ၊ တန်ခိုးသြဇာ အာဏာ၊ အလုပ်အကိုင်ကောင်းတတ်သည်။အဖ၏ချမ်းသာမှုကိုလည်း ဖြစ်စေတတ်သည်။

(ခ)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၂-လာဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် ဘုန်းကံ၊ အရှိန်အဝါ၊ သြဇာ၊ ငွေကြေး ရရှိ တတ်သည်။ အမိ၏ချမ်းသာမှုကိုလည်း ဖြစ်စေတတ်သည်။

(ဂ)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၃-ဂ်ါဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် တန်ခိုးအာဏာ ထက်မြက်ခြင်း၊ ရဲစွမ်း သတ္တိနှင့် ယဥ်၍ စွမ်စွမ်းတမံဆောင်ရွက်နိုင်ခြင်း၊ အိုးအိမ်၊ မြေယာ၊ ရရှိခြင်းဖြစ်တတ်သည်။ (မူလဖွား ဇာတာတွင် အိုးအိမ်ပိုင်ဆိုင်နိုင်သည့် ဇာတာဟုတ်မဟုတ် ကြည့်ရန်မမေ့ပါနှင့်)။

(ဃ)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၄-ဟူးဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် ပညာကောင်းရခြင်း၊ လူအများ နှစ်သက်ဖွယ် ပြောဆိုတတ်ခြင်း၊ အရောင်းအဝယ်လုပ်ငန်းဖြင့် စီးပွါးဖြစ်ထွန်းတတ်သည်။

(င)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၅-တေးဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် ဉာဏ်ပညာပွင့်လင်းခြင်း၊ ဘာသာ ရေးကိစ္စ တွင် ပါဝင်ဆောင်ရွက်ရခြင်း၊ ဓနဥစ္စာကြွယ်ဝလာခြင်းဖြစ်တတ်သည်။

(စ)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ၆-ကြာဂြိုဟ်အား အယှဥ်အမြင်ရှိလျှင် ကာမဂုဏ်ချမ်းသာပြည့်စုံခြင်း၊ စီးစိမ် ဥစ္စာတိုးပွါးခြင်း၊ ယာဥ်ရထား၊ ကား ရရှိတတ်ခြင်း ဖြစ်တတ်ပါသည်။ (မူလဖွါးဇာတာတွင် ယာဥ်ကားပိုင် ဆိုင်နိုင်သည့် ဇာတာဟုတ်မဟုတ် ကြည့်ရန်မမေ့ပါနှင့်)။

(ဇ)ဂေါဇာ ၅-တေးဂြိုဟ်က မူလ ရာဟုဂြိုဟ်အား အယှဥ်အမြင်ရှိလျှင်စိတ်တည်ငြိမ်အေးချမ်းမှု ရရှိခြင်း၊ ခရီး ကောင်း သွားရခြင်း ၊ နေရာကောင်းပြောင်းရခြင်း ဖြစ်ရတတ်ပါသည်။

## ၃-ဂ်ါဂြိုဟ်၏ အစီးအမြင်

၁၁။ ၃-ဂ်ါဂြိုဟ်သည် မတော်တဆဖြစ်မှု၊ ထိခိုက်ဒဏ်ရာရမှု၊ ခွဲစိတ်ကုသခံရမှု၊ ခိုက်ရန်ဖြစ်ပွါးမှု၊ ပဋိပက္ခဖြစ်မှု၊ ယှဥ်ပြိုင် တိုက်ခိုက်မှု၊ အမှုအခင်း၊ မင်းဘေး စသည်တို့နှင့် ပတ်သက်သောဂြိုဟ်ဖြစ်သည်။ ဂေါဇာ ၃-ဂ်ါဂြိုဟ်သည် ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဥ်အမြင်ရှိလျှင် သက်ဆိုင်ရာဘာဝနှင့်ပတ်သက်သော ကိစ္စများ၊ ဘေး အန္တရာယ်နှင့်မကင်း၊ တိုက်ခိုက်ဖျက်စီးခြင်း၊ အပြိုင်အဆိုင်ဖြစ်ခြင်းကြုံတွေ့ရတတ်ပါသည်။ ဥပမာ-ဂေါဇာသွား သော

၃-ဂ်ါဂြိုဟ်သည် လဂ်နှင့် လဂ်သခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ထိခိုက်ဒဏ်ရာရမှု၊ ခွဲစိတ်ကုသခံရမှု၊ ခိုက်ရန်ဖြစ်ပွါးမှုဖြစ်တတ်သည်။ ၃-ဂ်ါဂြိုဟ် အယှဉ်အမြင်မပါပဲ မည်သည့်အခါမှဖြစ်ပွါးခြင်းမရှိချေ။ လဂ် သို့မဟုတ် လဂ်သခင် သို့မဟုတ် ၁-နွေဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် မတော်တဆ ခိုက်ရန်ဖြစ်ပွါးမှု ဖြစ်တတ်သည်။စန်းအား အယှဉ်အမြင်ရှိလျှင် ခိုက်ရန်ဖြစ်မှု၊ ပဋိပက္ခဖြစ်မှု ကြုံတတ်ပါသည်။ ၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် စီးပွါးနှင့် ပတ်သက်၍ စကားများရတတ်ပါသည်။ ခိုက်ရန်လည်းဖြစ်ပွါးရတတ်ပါသည်။ ၄-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ခိုက်ရန်ဒေါသဖြစ်ရတတ်ပါသည်။ ယာဉ်ကားတိုက်မှုလည်းကြုံရတတ်ပါသည်။ ၇-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ဆက်ဆံရေးမကောင်း၊ လင်မယားချင်းလည်း အဆင်မပြေတတ်။ ခိုက်ရန်လည်းဖြစ်တတ်သည်။ ၁၀-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် အလုပ်အကိုင် အတိုက်အခံနှင့်မကင်း။ ဘေးအန္တရာယ်နှင့်ကြုံတတ်သည် စသဖြင့် ဂေါဇာသွားသော ၃-ဂ်ါဂြိုဟ်၏သဘာဝကို ၎င်းယှဉ်မြင်သောဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့က ဖေါ်ညွှန်းသည့် ဘာဝနှင့်ပတ်သက်သော ကိစ္စကို ပေါင်းစပ်ဟောဆိုရန် ဖြစ်ပါသည်။ ဂေါဇာ ၃-ဂ်ါဂြိုဟ်၏ အယှဉ်အမြင်ကြောင့် ဖြစ်ပေါ်လာတတ်သည့် ဆိုးကျိုးများသည် မူလဖွားဇာတာရှိ ၃-ဂ်ါဂြိုဟ်၏ ***အားရှိအားမဲ့*** ပေါ်တည်မှီ၍ ***အနည်းအများ*** ခြားနားမှုရှိမည်။ သတိမထားမိလိုက်ပဲလဲ ဖြစ်သွားတတ်သည်။ ဗျဂ္ဂဇာသွားသော ဂေါဇာ ၃-ဂ်ါဂြိုဟ်၏အယှဉ်အမြင်သည်ပို၍ဆိုးသည် ဟုသိ ထားရမည်။

**ရှင်းလင်းချက်-၃။လဂ်သည် ဇာတာရှင်၏ ခန္ဓာကိုယ်၊ ဦးခေါင်း၊ အကြံအစည်၊ လဂ်သခင်ဂြိုဟ်သည် လဂ်အားကိုစားပြုသည့်ဂြိုဟ်။ ၁-နွေဂြိုဟ်သည် ခန္ဓာကိုယ်အား ကာရက (အထောက်အပံ့) ပြုသည့်ဂြိုဟ်။ စန်းသည် ဇာတာရှင်၏ စိတ်ကို အစိုးရသည့်ဂြိုဟ် အသီးသီး ဖြစ်ကြသည်။ ရုပ်ကို စိတ်ကဆောင်သည်ဆိုသည့် သဘောသည်ရှိ၏။ စမ်းအား ဂေါဇာဂြိုဟ် ၃-ဂ်ါဂြိုဟ်၏ အယှဉ်အမြင် ကြုံကြိုက်သည့် အခါမနောကံမှုမှ ဝဇီကံမှု၊ ဝဇီကံမှု မှ ကာယကံသို့ ကူးစက်ပြီး ခိုက်ရန်ဖြစ်မှု၊ ပဋိပက္ခဖြစ်ပွါးမှု ဖြစ်ရသည့်ဟု တွေးခေါ်ယူဆရန်သာ ဖြစ်ပါသည်။**

## စနေဂြိုဟ်၏ အစီးအမြင်

၁၂။ စနေဂြိုဟ်သည် ဆင်းရဲဒုက္ခ ကြုံတွေ့ရမှု၊ နှောင့်နှေးကြံ့ကြာမှု၊ တွေဝေမှု၊ အလုပ်အကြံအစည် အနှောက်အယှက်၊ ငွေကြေးဆုံးရှုံးမှု၊ အရှက်တကွဲဖြစ်မှု၊ မိန်းမမှု စသည်တို့နှင့်ပတ်သက်သော ဂြိုဟ်ဖြစ်သည်။ ဂေါဇာစနေဂြိုဟ်သည် ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာဘာဝနှင့်ပတ်သက်သော ကိစ္စများပျက်စီးရတော့ သည်။ ဥပမာ-ဂေါဇာစနေဂြိုဟ်သည် ၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ငွေကြေးရရှိရန် နှောင့်နှေးကြံ့ကြာမှု၊ စီပွါးရေးတုံ့ဆိုင်းမှု၊ ငွေကြေးဆုံးရှုံးမှု၊ ငွေကြေးနှင့်ပတ်သက်၍ ဖြစ်စေစီးပွါးရေးနှင့်ပတ်သက်၍ ဖြစ်စေပြဿနာကြုံတွေ့တတ်ပါသည်။ ၄-တန့်ဘာဝနှင့်ဘာဝသခင်ဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် စိတ်ဆင်းရဲမှုတစ် ခုခုကြုံတွေ့ရတတ်ခြင်း၊ စီးပွါးရေးအဆင်မပြေဖြစ်ခြင်း၊ ယာဉ်အိမ်နှင့်ပတ်သက်၍ ဒုက္ခတစ်ခုခုကြုံတွေ့ရခြင်း ဖြစ်တတ် ပါသည်။ ၇-တန့်ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် အိမ်ထောင်ကွဲပြဲတတ်ခြင်း၊ လုပ်ဖေါ်ကိုင် ဘက်များနှင့် အဆင်မပြေဖြစ်ခြင်း ဖြစ်ရတတ်သသည်။ ၁၀-တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် အလုပ်အကိုင်းတိုးတက်မှုမရှိနိုင်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာမှု စသည် တို့ဖြစ်တတ်သည်။ ၁၁-တန့်ဘာဝနှင့် ဘာဝ သခင်ဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် မျှော်လင့်ချက်ကင်းမဲ့ရခြင်း၊ လာဘ်လာဘမဝင်ခြင်းစသဖြင့် ဂေါဇာသွားသော စနေဂြိုဟ်၏ သဘာဝကို ၎င်းယှဉ်မြင်သော ဘာဝနှင့် ဘာဝသခင်ဂြိုဟ်က ဖေါ်ညွှန်းသည့် ဘာဝနှင့်ဆိုင်သောကိစ္စ ကို ပေါင်းစပ်ဟောဆိုရန် ဖြစ်ပါသည်။ ဗျဂ္ဂဇာသွားသော ဂေါဇာ စနေဂြိုဟ်၏ အယှဉ်အမြင်သည် ပို၍ဆိုးသည်ဟု သိထား ရမည်။

## ရာဟုဂြိုဟ်၏ အစီးအမြင်

၁၃။ ရာဟုဂြိုဟ်သည် မတည်မငြိမ်ဖြစ်မှု၊ လှုပ်ရှားမှု၊ စိတ်ရောဂါ၊ တွေဝေမှု၊ အမှောင့်ပယောဂ၊ အမှောင်ကျမှုတို့နှင့်ပတ်သက်သောဂြိုဟ်ဖြစ်သည်။ ဂေါဇာသွားသောဂြိုဟ်သည် ဘာဝနှင့် ဘာဝသခင် ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ဘာဝနှင့်ပတ်သက်သော ကိစ္စများအား ကံဆိုးမိုးမှောင် ကျစေတတ်ပါသည်။ ဥပမာ- ဂေါဇာသွားသော ရာဟုဂြိုဟ်သည် လဂ်နှင့် လဂ်သခင်ဂြိုဟ်အား အယှဉ်အမြင် ရှိလျှင် အလုပ်အကြံအစည် အပြောင်းအလဲ လုပ်တတ်ခြင်း၊

နေရာအပြောင်းအလွဲလုပ်တတ်ခြင်း၊ နေရာအပြောင်းအလွဲလုပ်ရခြင်း ကြုံရတတ်ပါသည်။ ၂-တနင်္ဂလာ ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် စီးပွါးရေးမဖြောင့်ဖြူးနိုင်။ ၁၀-တနင်္ဂလာဘာဝနှင့်ဘာဝသခင်ဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် အလုပ်အကိုင်အပြောင်းအလဲလုပ်ကိုင်တတ်ခြင်း၊ စသည်ဖြင့်ဂေါဇာသွားသော ရာဟုဂြိုဟ်၏ သဘာဝကို ၎င်းယှဉ်မြင်သည့် ဘာဝနှင့်သက်ဆိုင်သောကိစ္စကို ပေါင်းစပ်ဟောဆိုရန် ဖြစ်ပါသည်။

၁၄။ သံဒေါင်းဂြိုဟ်သည် ရာဟုဂြိုဟ်၏ ကိုယ်ပွါးဂြိုဟ်တစ်လုံး ဖြစ်ပါဖြင့် သံဒေါင်ဂြိုဟ်၏ အစီးအမြင်ကိုလည်း ရာဟုဂြိုဟ် အဟောအတိုင်း ဟောဆိုရမည်ဖြစ်ပါသည်။

**ရှင်းလင်းချက်-၄။ရာဟုဂြိုဟ်သည် တစ်ရာသီတွင် ၁၈လ (၅၄၀)ရက်ကြာ လှည့်လည်သွားလာရာ ၎င်း၏ကိုယ်ပွါးသံဒေါင်းဂြိုဟ်သည် တစ်ရာသီတွင် အချိုးကျ ၄၅ရက် လှည့်လည်သွားလာပါသည်။ ရာဟုဂြိုဟ်နှင့် သံဒါင်းဂြိုဟ်သည် ၁၂ရာသီခွင်အား လက်ျာရစ်လှည့်လည်သွားလာကြရာ ဂေါဇာရာဟုဂြိုဟ်၏ အံသာ လိတ္တာကို သိလျှင် သံဒေါင်းဂြိုဟ်မည်သည့်ရာသီတွင်ရှိသည်ကို အလွယ်နှင့်သိနိုင်ပါသည်။ဂေါဇာရာဟုသည် မည်သည့်ရာသီကို ဖြတ်သန်းဖြတ်သန်းရာသီတစ်ခု၏ ၃၀အံသာနှင့် ၂၇အံသာ ၃၀လိတ္တာအတွင်းတည်လျှင် သံဒေါင်းဂြိုဟ်သည် ရာဟုဂြိုဟ်နှင့်အတူ ထိုရာသီတွင် တည်နေမည်။ ၂၇ အံသာ ၃၀ လိတ္တာနှင့် ၂၅ အံသာအတွင်းတည်လျှင် သံဒေါင်းဂြိုဟ်သည် ရာဟုဂြိုဟ်မှ လက်ျာရစ် ရှေ့တစ်ခွင် (ရာသီ) ၌ ရှိ၏။ ၂၅အံသာနှင့် ၂၂အံသာ ၃၀လိတ္တာအတွင်းတည်လျှင် လက်ျာရစ် အရှေ့နှစ်ခွင် (ရာသီ) တွင် သံဒေါင်းဂြိုဟ်ရှိမည်။ ၂၂အံသာ ၃၀ လိတ္တာနှင့် ၂၀အံသာအတွင်းတည်လျှင် လက်ျာရစ် အရှေ့သုံးခွင်မြောက်။ ၂၀ အံသာနှင့် ၁၇ အံသာ ၃၀ လိတ္တာအတွင်းတည်လျှင် လက်ျာရစ် ၄ခွင်မြောက်။ ၁၇ အံသာ ၃၀ လိတ္တာနှင့် ၁၅ အံသာ အတွင်းတည်လျှင် လက်ျာရစ် ၅ခွင်မြောက်။ ၁၅ အံသာနှင့် ၁၂ အံသာ ၃၀လိတ္တာအတွင်း တည်လျှင် လက်ျာရစ် ၆ခွင်မြောက်။ ၁၂ အံသာ ၃၀ လိတ္တာနှင့် ၁၀ အံသာ အတွင်းတည်လျှင် လက်ျာရစ် ၇ခွင်မြောက်။ ၁၀ အံသာနှင့် ၇ အံသာ ၃၀လိတ္တာ အတွင်းတည်လျှင် လက်ျာရစ် ၈ခွင်မြောက်။ ၇ အံသာ ၃၀ လိတ္တာနှင့် ၅အံသာအတွင်းတည်လျှင် လက်ျာရစ် ၉ခွင်မြောက်။ ၅ အံသာနှင့် ၂အံသာ ၃၀ လိတ္တာအတွင်းတည်လျှင် လက်ျာရစ် ၁၀ခွင်မြောက်။ ၂ အံသာ၃၀ လိတ္တာနှင့် ၀ အံသာ အတွင်းတည်လျှင် လက်ျာရစ် ၁၁ခွင်မြောက် အသီးသီး၌ သံဒေါင်းဂြိုဟ်တည်နေပါသည်။ ထို့သို့ သံဒေါင်းဂြိုဟ်တို့တည်နေသည့် ရာသီခွင်ကိုသိလျှင် လဂ်မှ မည်သည့်အတန့်တွင် တည်နေသည်ကို သိသဖြင့် အလွယ်နှင့်သိနိုင်သည့်နည်းကို ဗဟုသုတအဖြစ် ဖေါ်ပြလိုက်ပါသည်။**

## ၆-ကြာဂြိုဟ်၏ အစီးအမြင်

၁၄။ ၆ကြာဂြိုဟ်သည် အချစ်ရေး၊ အိမ်ထောင်ရေး၊ ကာမဂုဏ်ကိစ္စ၊ ဇိမ်ခံပစ္စည်း၊ စီးပွါးဥစ္စာတို့နှင့် ပတ်သက်သောဂြိုဟ် ဖြစ်သည်။ ဂေါဇာသွားသော ၆-ကြာဂြိုဟ်သည် ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာဘာဝနှင့် ပတ်သက်သော ကိစ္စတို့တွင်ကောင်းကျိုးဖြစ်ထွန်းစေပါသည်။ ၅-တေးဂြိုဟ်မှလွဲလျှင် ၆-ကြာဂြိုဟ်သည် ကောင်းကျိုးပေးစွမ်းနိုင်ဆုံးဂြိုဟ်တစ်လုံးဖြစ်ပါသည်။ ဂေါဇာ ၆-ကြာဂြိုဟ် ဗျူဟဇာသွားသည်နှင့် ကြုံကြိုက်လျှင် ကောင်းကျိုးကို ပိုမိုဖြစ်ထွန်းစေပါသည်။ ပါပဂြိုဟ် စနေနှင့် ၃-ဂ်ါဂြိုဟ်တို့၏ဆိုးသွမ်းမှုကိုလည်း ကာကွယ်နိုင်စွမ်းရှိပါသည်။ ဂေါဇာ ၆-ကြာဂြိုဟ်၏အယှဉ်အမြင်သည် ဂေါဇာ ၅-တေးဂြိုဟ်အယှဉ်အမြင်နှင့် ပေါင်းဆုံမိမှသာ မယ်မယ်ရရ ကောင်းကျိုးဖြစ်ထွန်းမည်ဟု နားလည်ထားရန်လိုပါ သည်။

## ၄-ဟူးဂြိုဟ်၏ အစီးအမြင်

၁၅။ ၄-ဟူးဂြိုဟ်သည် ဉာဏ်ပညာ၊ စကားအပြောအဆို၊ ပညာရေး၊ စာပေ၊ နှုတ်ဖြင့်လုပ်ရသောအလုပ် စသည်တို့နှင့် ပတ်သက်သောဂြိုဟ် ဖြစ်သည်။ ပါပဂြိုဟ်နှင့် ပူးယှဉ်ခြင်းမရှိသည့် ဂေါဇာ ၄-ဟူးဂြိုဟ်သည် ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား ယှဉ်မြင်လျှင် သက်ဆိုင်ရာဘာဝနှင့်ပတ်သက်သော ကိစ္စများ ကောင်းကျိုးဖြစ်ထွန်းပါသည်။ ဥပမာ- ဂေါဇာ ၄-ဟူးဂြိုဟ်သည်၂တနင်္ဂလာဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် စည်းစိမ်ချမ်းသာအမျိုးမျိုးကိုခံစားရပါမည်။ ဉာဏ်ပညာပွင့်လင်းမည်။ စကားအပြောအဆို ကောင်း၍ တစ်ဘက်သားအား နားဝင်အောင်ပြောဆိုနိုင်မည်ဖြစ်သည်။ ဗျူဟဇာသွားလျှင် ကောင်းကျိုးကိုပိုမိုဖြစ်ထွန်းစေသည်။ ၄-ဟူးဂြိုဟ်၏ အယှဉ်အမြင်သည် ၅-တေးဂြိုဟ်အယှဉ်အမြင်နှင့်ပေါင်း ဆုံမိမှသာ သိသာထင်ရှားသောကောင်းကျိုးဖြစ်ထွန်းနိုင်ပါသည်။ ပါပဂြိုဟ်နှင့် ပူးယှဉ်သော ဂေါဇာ ၄-ဟူးဂြိုဟ်သည် ကောင်းကျိုးပေးစွမ်းနိုင်ခြင်းရှိမည်မဟုတ်ပါ။

### ၂-လာဂြိုဟ်၏ အစီးအမြင်

၁၆။ ၂-လာဂြိုဟ်သည် စိတ်နှလုံး၊ ငွေကြေး၊ စီးပွါးရေးနှင့် ပတ်သက်သောဂြိုဟ်ဖြစ်သည်။ ဂေါဇာသွားသော ၂-လာဂြိုဟ် သည် ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာ ဘာဝနှင့်ပတ်သက်သော ကိစ္စများ၌ ကောင်းကျိုး ဖြစ်ထွန်းပါသည်။ ဥပမာ- ဂေါဇာ ၂-လာဂြိုဟ်သည် ၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား ယှဉ်မြင်လျှင် ငွေဝင်တတ်ပါသည်။ ဂေါဇာ ၂-လာဂြိုဟ် အကျိုးပေးချိန်သည် အခြားဂေါဇာ သောမဂြိုဟ် (အထူးသဖြင့် ၅-တေးဂြိုဟ်) တို့၏ အယှဉ်အမြင်နှင့် ပေါင်းဆုံချိန်ဖြစ်ရန်လိုအပ်ပါသည်။

### ၁-နွေဂြိုဟ်၏ အစီးအမြင်

၁၇။ ၁-နွေဂြိုဟ်သည် အလုပ်၊ ရာထူး၊ ဂုဏ်၊ အထက်လူကြီးအကြီးအကဲတို့နှင့်ပတ်သက်သောဂြိုဟ်ဖြစ်သည်။ ဂေါဇာသွားသော ၁-နွေဂြိုဟ်သည် ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား အယှဉ်အမြင်ရှိလျှင် ထိုဘာဝနှင့်သက်ဆိုင်သော ကိစ္စများအား ကောင်းကျိုးဖြစ်ထွန်းပါသည်။ ဥပမာ- ဂေါဇာ ၁-နွေဂြိုဟ်သည် ၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်အားအယှဉ်အမြင်ရှိလျှင် စီးပွါးရေး၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပူပင်သောကဖြစ်ရတတ်သည်။ ဂေါဇာ ၁-နွေဂြိုဟ်၏အယှဉ်အမြင်ကို ဂေါဇာ စနေ၊ ၃-ဂႝါနှင့် ရာဟုတို့ပေါင်းစပ်ဟောဆိုမှသာ ထိရောက်သောဟောချက်ဖြစ်နိုင်သည်။ ဂေါဇာ ၁-နွေဂြိုဟ်က ၁၀တန့်ဘာဝအား ယှဉ်မြင်လျှင် အလုပ်အကိုင်ကောင်းတတ်သည်ဟုသိထားရမည်။

**ရှင်းလင်းချက်-၅။စာပိုဒ် ၈ မှ ၁၇ အထိဂေါဇာဂြိုဟ်၏ ဘာဝကာရကဂြိုဟ်အား အစီးအမြင်ရှိလျှင် ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးပြစ်ကို ဖော်ပြခြင်းမပြုခဲ့ပါ။ ဤနေရာတွင်ဂေါဇာ ၅-တေး၊ ၆-ကြာ၊ သောမဂြိုဟ် ၂-လာနှင့် ၄-ဟူးဂြိုဟ်တို့သည် ဘာဝကာရကဂြိုဟ်အား အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာဘာဝနှင့် ပတ်သက်သောကိစ္စတွင်ကောင်းကျိုးဖြစ်ထွန်းစေသည်။ ဂေါဇာပါပဂြိုဟ်များ (အထူးသဖြင့် စနေ၊ ၃-ဂႝါနှင့် ရာဟုဂြိုဟ်) အယှဉ်အမြင်ရှိလျှင် သက်ဆိုင်ရာ ဘာဝနှင့်ပတ်သက်သော ကိစ္စများတွင် ဆိုးကျိုးကိုသာဖြစ်စေမည်ဟု ယူဆရန် ရှင်းလင်းတင်ပြလိုက်ပါသည်။**

## အခန်း - ၃

### ယောဂကာရကဂြိုဟ်

၁၈။ ဂေါဇာ ၃-ဂႝါဂြိုဟ်နှင့် စနေဂြိုဟ်တို့က ဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့အား ယှဉ်မြင်ခြင်းသည် သက်ဆိုင်ရာဘာဝနှင့် ပတ်သက်သော ကိစ္စရပ်များ ဘေးအန္တရာယ်နှင့်ပျက်စီးခြင်းကိုဖြစ်စေသည်ဟု စာပိုဒ် ၁၁နှင့် ၁၂တို့တွင် ဖော်ပြခဲ့ပါသည်။ ဤကိစ္စတွင် သတိပြုရမည့် အချက်တစ်ချက်မှာ အဆိုပါ ပါပဂြိုဟ် ၃-ဂႝါ နှင့် စနေ ဂြိုဟ်တို့သည် ယောဂကာရကဂြိုဟ်အဖြစ်ယှဉ်မြင်ခြင်း ဖြစ်လျှင် ၎င်းတို့ကာရကပြုသည့်ကိစ္စနှင့် ပတ်သက်၍ ကောင်းကျိုး ပြုနိုင်သည့်အချက် ဖြစ်ပါသည်။ ဥပမာ- ကရကဋ်လဂ်တွင် ဂေါဇာ ၃-ဂႝါဂြိုဟ်သည် ၅တန့်နှင့် ၁၀တန့် သခင် ဂြိုဟ်ဖြစ်၍ ၁၀တန့်ဘာဝနှင့် ဘာဝသခင်ကို အယှဉ်အမြင်ကြုံကြိုက်လျှင်ဖြစ်စေ အလုပ်အကိုင် ဂုဏ်သရေ တိုးတက်နိုင်ပါသည်။ (ယောဂကာရကဂြိုဟ်သဘော)။ သို့သော် ရန်နှင့် အတိုက်အခံပြုမှုများလည်း ကြုံတွေ့ရ တတ်ပါသည်။ (ပါပ ၃-ဂႝါဂြိုဟ်၏သဘော)။ အလားတူပင် ပြိဿလဂ်တွင် ဂေါဇာ စနေဂြိုဟ်သည် ၉တန့်နှင့် ၁၀တန့် သခင်ဂြိုဟ်ဖြစ်ရာ ၁၀တန့်ဘာဝနှင့် ဘာဝသခင် ကို အယှဉ်အမြင် ကြုံကြိုက်လျှင်ဖြစ်စေ၊ လဂ်သခင်ဂြိုဟ်အား အယှဉ်အမြင် ကြုံကြိုက်လျှင် ဖြစ်စေ အလုပ်အကိုင် တိုးတက်မှု၊ နာမည်သတင်းကျော်ဇောမှုပြုမည်သာ ဖြစ်သည်။ (ယောဂကာရကဂြိုဟ်၏ သဘော)။ သို့ရာတွင် နှောင့်နှေးကြံ့ကြာမှု၊ ဘေးဒုက္ခကြုံတွေ့မှုတို့နှင့် ကင်းလွတ်မည် မဟုတ်ချေ။ (ပါပစနေဂြိုဟ် သဘော)

၁၉။ ထို့ပြင် သိဟ်လဂ်တွင် ၃-ဂႝါဂြိုဟ်သည် ၄တန့်နှင့် ၉တန့်သခင်ဂြိုဟ်ဖြစ်ရာ ဂေါဇာသွားသော ၃-ဂႝါဂြိုဟ်သည် ၅တန့်အားမြင်ယှဉ်လျှင် ပညာရေးတွင် အောင်မြင်မှုရနိုင်သည်။ (ယောဂကာရကသဘော) အတိုက်အခံပြုမှုသောစနေဂြိုဟ်သည် ၉တန့်ဘာဝအားမြင်ယှဉ်လျှင် ပညာရေးတွင်အောင်မြင်မှုရမည် (ယောဂကာရကသဘော)။ နှောင့်နှေးကြံ့ကြာမှု၊ ဒုက္ခကြုံတွေ့ရတတ်မှု ဖြစ်မည် (ပါပဂြိုဟ် သဘော)။ ဤစာပိုဒ်ပါ အယူအဆသည် စာရေးသူ၏

အတ္တနောမတိဟု ဆိုကဆိုနိုင်ပါသည်။ ဝါသနာရှင်များအနေနှင့် သုသေသနပြုကြပါကုန်။

## ဂေါဇာဂြိုဟ်နှင့် ဒုဋ္ဌာနဘာဝများ

၂၀။ ဂေါဇာသွားသော ဂြိုဟ်တို့သည် လဂ်နှင့် စန်းတို့မှ ၆တန့်၊ ၈တန့်နှင့် ၁၂တန့်တွင် ရောက်ရှိနေလျှင် ဖြစ်စေ၊ နိစ်အိမ်၌ ရောက်ရှိလျှင်ဖြစ်စေ မကောင်းကျိုးကို ဖြစ်စေတတ်သည်။ ကောင်းကျိုးဖြစ်ရန်လည်း အတားအဆီး ဖြစ်နေတတ်ပါသည်။အထူးသဖြင့် ပါပဂြိုဟ်ဖြစ်လျှင် မကောင်းကျိုးကိုသာ ဖြစ်စေသည်ဟု ယူဆရသည်။

## ဂေါဇာဂြိုဟ်နှင့် ပါပကတ္တရိ

၂၁။ ဂေါဇာသွားသော ပါပဂြိုဟ်တို့သည် ဘာဝတစ်ခုအား ပါပကတ္တရိသင့်သော အနေအထားဖြစ်ပေါ်နေလျှင် ထိုသို့ပါပကတ္တရိသင့်သည့် အခိုက်အတန့်တွင် အသင့်ခံရသည့် ဘာဝနှင့်ပတ်သက်သော ကိစ္စများ ကောင်းကျိုးသုခ ဖြစ်ထွန်းလာရန် မရှိဟုယူဆရပါသည်။

## ဂေါဇာဂြိုဟ်နှင့် ဓနယုဂ်၊ ရာဇယုဂ်

၂၂။ မူလဖွားဇာတာတွင် ဓနယုဂ်၊ ရာဇယုဂ် ရသောဂြိုဟ်များအား ဂေါဇာသွားသော ပါပဂြိုဟ်များ၏ ပါပကတ္တရိ သင့်ခြင်းရှိလျှင် ထိုသို့ပါပကတ္တရိသင့်သည့် အခိုက်အတန့်တွင် စီးပွါးဥစ္စာမတိုးတက်နိုင်။ ရာထူးအဆင့်အတန်း မတိုးတက်နိုင်ဟု ယူဆရန်ဖြစ်ပါသည်။

## ဂေါဇာဂြိုဟ်တို့ အကျိုးအပြစ်ပေးချိန်

၂၃။ မူလဖွားဇာတာရှိဂြိုဟ်တို့အား ဂေါဇာဂြိုဟ်ယှဉ်ရာတွင် အံသာနီးလေ ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ ပေးရန်သေချာလေဟု ယူဆကြပါသည်။ ဂေါဇာဂြိုဟ်အမြင်တွင်လည်း မူလဖွားဇာတာရှိဂြိုဟ်အား အတိအကျ အမြင်၏အံသာစက်ဝန်းအတွင်းဖြစ်လေ အကျိုးအပြစ်ပေးရန်သေချာလေဟူ၍ ဖြစ်ပါသည်။ ထို့ပြင် ဂေါဇာဂြိုဟ်တို့၏အယှဉ်အမြင် ပေါင်းဆုံမှုအားသည်လည်း အခရာကျသည်ဟုယူဆရပါမည်။ အကောင်းဟောကွက်အတွက် ၅-တေး၊ ၆-ကြာ၊ သောမ ၄-ဟူးနှင့် ၂-လာဂြိုဟ်တို့၏ အယှဉ်အမြင်ပေါင်းဆုံရန်လိုပါသည်။ အဆိုးဟောကွက်တွင်လည်း စနေ၊ ၃-ဂ်ါနှင့် ရာဟုဂြိုဟ်တို့၏ အယှဉ်အမြင်ပေါင်းဆုံရမည်ဖြစ်ပါသည်။

၂၄။ (အောင်စံ) အဝင်၊ (သာပင်) အလယ်၊ (ထွန်းကြွယ်) အဆုံး၊ (ရွှေဝ) အားလုံးဆိုသည့် ဂေါဇာသွားသောဂြိုဟ်တို့၏ အကျိုးအပြစ်ပေးချိန်ကိုလည်း ထည့်သွင်းစဉ်စားရပါသည်။ ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသည့်စကား အရ ၃-ဂ်ါဂြိုဟ်အယှဉ်အမြင် စတင်ချိန်၊ ထွက်ခတ်ခတ်သည် ဆိုသောစကားအရ စနေဂြိုဟ် အယှဉ်အမြင်မှလွတ်လုဆဲ အချိန်တို့တွင် တိုက်တိုက်ဆိုင်ဆိုင် မကောင်းကျိုးများခံစားရတတ်သည်ကို ချင့်ချိန်စဉ်းစားအချိန်သတ်မှတ်ရန် တင် ပြပါသည်။

## ဂေါဇာဂြိုဟ်အစီးအမြင်နှင့် မှတ်သားရန်များ

၂၅။ ဂေါဇာဂြိုဟ်အစီးအမြင်နှင့်ပတ်သက်၍ အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က)မူလစမ်းကို ဂေါဇာစနေဂြိုဟ် အစီးအမြင်ကြုံလျှင် အလုပ်၊ စီးပွါးရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး မကောင်းတတ်ပါ။

(ခ) မူလစန်းကို ဂေါဇာစန်းစီးလျှင် ငွေကြေးဝင်တတ်သည်။

(ဂ)လဂ်မှ ၁၁တန့်လာဘ ဘာဝ၌ တည်သော စန်းကို ဂေါဇာ ၃-ဂ်ါသို့မဟုတ် စနေ သို့မဟုတ် ရာဟု အစီးအမြင်ကြုံလျှင် လာဘ်မဝင်၊ လဘ်တိတ် တတ်သည်။ ဂေါဇာ စနေဂြိုဟ်အယှဉ်အမြင်သည် အဆိုးဆုံးဖြစ်သည်။

(ဃ)လဂ်အား ဂေါဇာရာဟုစီးနေလျှင် စိတ်မငြိမ်၊ စိတ်လေလွင့်နေမည်။ ဦးနှောက်ခြောက်စရာ ကြုံတွေ့ရတတ်သည်။ စိတ်ရှုပ်စရာအမျိုးမျိုးကြုံတွေ့ရတတ်သည်။ ခရီးများနေမည်။ အပြောင်းအရွှေ့များမည်။ ကျန်းမာရေးမကောင်းဖြစ်တတ်သည်။

(င)မူလစန်းအားဂေါဇာရာဟု စီးလျှင်လည်း အထက်အပိုဒ်ခွဲ (ဃ) ပါကိစ္စများဖြစ်တတ်သည်။

(စ)လဂ်အား ဂေါဇာ စနေဂြိုဟ်စီးလျှင်လည်း အလုပ်အကြံအစည် နှောင့်နှေးကြံ့ကြာတတ်သည်။ တွေဝေထိုင်းမှိုင်းနေတတ်သည်။ စီးပွါးရေး၊ ပညာရေး စသည့်ကိစ္စတို့တွင် အကြံတုံး၊ ဉာဏ်တုံး ဖြစ်နေတတ်သည်။ မည်သည့်ကိစ္စရပ်တွင်မဆို အဆင်ပြေမှုမရှိတတ်။

(ဆ)မူလစန်းအပေါ် စနေဂြိုဟ် စီးလျှင်လည်း အထက်အပိုဒ်ခွဲ (စ)ပါကိစ္စများဖြစ်တတ်သည်။

(ဇ)မူလစန်းတည်ရာမှ ၁၂တန့်၊ စန်းတည်ရာ အတန့်နှင့် စန်းတည်ရာမှ ၂တန့်တို့၌ ဂေါဇာ စနေဂြိုဟ် ယှဉ်လျှင် အညံ့ကြုံတတ်သည်ဟုဆိုပါသည်။ လဂ်တည်ရာမှလည်း ဂေါဇာစနေဂြိုဟ် ယှဉ်လျှင် အထက် ပါ အတိုင်း မကောင်း၊ အညံ့ကြုံတတ်သည်ဟု ဟောနိုင်သည်။ လဂ်နှင့် စန်းယှဉ်သည့် ဇာတာရှင်အဖို့ အဆိုးပိုသည်ဟု ယူဆနိုင်ပါသည်။ ဤအဟောကို သူချည်းသက်သက် မဟောပဲ အခြား ဂြိုဟ်များ၏ အယှဉ်အမြင်နှင့်ပေါင်းစပ်ဟောဆိုရန် လိုပါသည်။

(ဈ)၄-ဟူးဂြိုဟ်သည် အသိဉာဏ်ဂြိုဟ်ဖြစ်သည်။ မူလ ၄-ဟူးအား ဂေါဇာ ၃-ဂံါဂြိုဟ် စီးမြင်လျှင် သည်းခံနိုင်မှုမရှိခြင်း၊ စိတ်တိုခြင်း၊ တွေးတောဆင်ခြင်မှုကင်းမဲ့၍ ထင်မိထင်ရာလုပ်ခြင်း ဖြစ်တတ်ပါသည်။ ဂေါဇာ စနေ သို့မဟုတ် ရာဟုဂြိုဟ်စီးမြင်လျှင်လည်း အမှားအမှန် ခွဲခြားနိုင်မှု မရှိခြင်း၊ စိတ်ဆင်းရဲမှု ကြုံတွေ့ရခြင်းဖြစ်တတ်သည်။

(ည)ကိစ္စရပ်အလိုက် လက်တွေ့ဟောကွက်ပိုင်းတွင် ဖေါ်ပြသည့် စည်းကမ်းချက်များနှင့် ညီ မညီစိစစ်ပါ။ ညီညွှက်မှုများလေ အဆိုပါကိစ္စဖြစ်ပေါ်ရန်သေချာလေဖြစ်သည်။ ကောင်းကျိုးပေးမည့် ဂေါဇာဂြိုဟ်တို့၏ အယှဉ်အမြင်ပေါင်းဆုံမှုသည် ၎င်းတို့မြင်ယှဉ်သောကိစ္စတွင် ကောင်းကျိုးပေးမည်သာ။ အလားတူပင် ဆိုးကျိုးပေးမည့် ဂေါဇာဂြိုဟ်တို့၏ အယှဉ်အမြင်ပေါင်းဆုံမှုတို့သည်၎င်းတို့ယှဉ်မြင်သော ဘာဝနှင့်သက်ဆိုင်သည့် ကိစ္စတွင်ဆိုးကျိုးကို ဖြစ်ပေါ်စေမည်သာ။ စက္ကန့်နှင့်အမျှရွေ့လျှားနေသော ဂြိုဟ်တို့အား ခဏရပ်ပါအုံးဟု တားမရသကဲ့သို့ ဖြစ်ပေါ်မည့် ကောင်းကျိုးဆိုးပြစ်တို့သည်လည်း သူ့အကန့်နှင့် သူသာဖြစ်မည် ဖြစ်၍ သမခြင်း၊ ရောမွှေခြင်း၊ ချေခြင်း မပြုလုပ်ပါနှင့်။ ဥပမာ-ကားတိုက်မှုဖြစ်လျှင် လူထိခိုက်ဒဏ်ရာရခြင်း၊ ကားပျက်စီးသဖြင့် ဆုံးရှုံးခြင်း၊ အမှုအခင်းဖြစ်ခြင်း၊ အလျော်ရခြင်း၊ ဖြစ်စဉ် ၅ ခုသည် တစ်ခုတည်းမဟုတ်ပါ။ တစ်ဆက်တည်းဖြစ်ပွါးသော ဖြစ်စဉ်များသာတည်း။ ***ဤသဘောတရား သည် နက္ခတ်ဗေဒင် အဟောပညာ၏ သော့ချက်တစ်ခုဖြစ်ပါသည်။***

**အခန်း - ၄**

## ထိခိုက်ဒဏ်ရာရမှု၊ ခိုက်ရန်ဖြစ်မှုနှင့် ခွဲစိတ်ကုသခံရမှု

၂၆။ ထိခိုက်ဒဏ်ရာရမှု၊ ခိုက်ရန်ဖြစ်မှုနှင့် ခွဲစိတ်ကုသခံရမတို့နှင့်ပတ်သက်လျှင် ဂေါဇာ ၃-ဂံါဂြိုဟ်၏ အယှဉ်အမြင်ပါရစမြဲဖြစ်ပါသည်။ ထို့ကြောင့် အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က)ဂေါဇာ ၃-ဂံါဂြိုဟ်၏ အယှဉ်အမြင်တွင် လဂ်နှင့်လဂ်သခင်ဂြိုဟ်၊ မူလ ၁-နွေနှင့်စန်း၊ ၈တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်၊ မူလ ၃-ဂံါနှင့် စနေဂြိုဟ်တို့များများ အကြုံးဝင်လေ ထိခိုက်ဒဏ်ရာရမှု စသည်တို့ဖြစ်ပွါးရန် သေချာပြင်းထန်လေဖြစ်သည်။

(ခ)ဂေါဇာ ၃-ဂံါဂြိုဟ်သည် ၄တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့ကိုပါ အယှဉ်အမြင်ကြုံကြိုက်လာလျှင် ယာဉ်ကားကိစ္စပါဝင်လာမည်။

(ဂ)ဂေါဇာ စနေနှင့် ရာဟုဂြိုဟ်တို့သည် အထက်အပိုဒ်ခွဲ (က) (ခ) အတိုင်း အယှဉ်အမြင်မျိုးကြုံကြိုက်လျှင် ဆင်းရဲဒုက္ခ မကင်းဖြစ်မည်။

(ဃ)ဂေါဇာ စနေနှင့် ရာဟုတို့သည် ၂တန့်နှင့် ၁၁တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့ကိုပါ အယှဉ်အမြင် ကြုံကြိုက်ချိန်ဖြစ်လျှင် ငွေကြေးဆုံးရှုံးနစ်နာခြင်းများပါဝင်မည်ဖြစ်သည်။

(င)၈တန့်ဘာဝသည် သေခြင်းနှင့်လည်းဆိုင်သည်။ ဂေါဇာသွားသော လဂ်သခင်ဂြိုဟ် နိစ်မှုပြီး ၈တန့်ဘာဝ

အား ပါပဂြိုဟ် အယှဉ်အမြင်ပါလျှင် သေတတ်သည်။

(စ)မတော်တဆကိစ္စတိုင်းတွင် ဂေါဇာ ၃-၈ဂြိုဟ်သည် လဂ်၊ လဂ်သခင်၊ ၁-နွေ၊ စန်း၊ မူလ၃-၈ဂ်၊ စနေဂြိုဟ် တစ်ခုခုအား အံသာနီးကပ်စွာ အယှဉ်အမြင်ချင်းကပ်ချိန်နှင့်ကြုံတတ်သည်။ (အောင်စံအဝင်ကို မမေ့ပါနှင့်)


၂၇။ အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။

(က)**ချော်လည်း၍ ဆောင့်မိပြီး နံရိုးအက်သွားသူတစ်ဦး**


၂၆.၁၂.၁၉၄၉ခု ၂-လာနေ့ နံနက် ၁၀း၂၃နာရီ ဟင်္သာတမြို့။

**၁၂.၆.၂၀၀၃ ရက်**

**မူလဖွားဇာတာ**




**ဂေါဇာဂြိုဟ်နေ**




(၁)မူလဇာတာတွင် လဂ်သခင် စနေဂြိုဟ်သည် ရန်အိမ်၌တည်နေခြင်း၊ လဂ်အား ၆တန့် သခင် ၂-လာဂြိုဟ် ယှဉ်နေခြင်းတို့သည် ခန္ဓာကိုယ်နှင့် ပတ်သက်သောရန်ကို ဖော်ပြနေသည်။ ၃-၈ဂြိုဟ်သည် ၈တန့်၌ တည်နေပြီး လဂ်ဘာဝ၏ ကာရကဂြိုဟ် ၁-နွေအားမြင်ထားခြင်းက မတော်တဆထိခိုက်မှုကို ဖော်ပြနေပါသည်။

(၂)ဂေါဇာ ၃-၈ဂြိုဟ်သည် လဂ်အားအံသာနီးကပ်စွာ ချဉ်းကပ်ပူးယှဉ်၍ မူလစန်းအား ချဉ်းကပ်ခြင်း။ လဂ်သခင် မူလစနေနှင့် ၈တန့်ဘာဝအားမြင်ခြင်း။ ၈တန့်၌တည်သော မူလ ၃-၈ဂြိုဟ်ကို အံသာနီးကပ်သော ချဉ်းကပ်အမြင်ဖြင့် မြင်ခြင်းတို့ကြောင့် မတော်တဆထိခိုက်မှုကို ဖြစ်ပေါ်စေပါသည်။

(၃)ဂေါဇာစနေဂြိုဟ်သည် မူလစနေဂြိုဟ်ကိုမြင်ခြင်းက ဆင်းရဲဒုက္ခကြုံတွေ့ရမည်ကို ဖော်ပြနေပါသည်။ ထို့ပြင် လဂ်ဘာဝ၏ ကာရကဂြိုဟ် မူလ၁-နွေအားမြင်ခြင်းကလည်း ခန္ဓာကိုယ်နှင့် ပတ်သက်သောဒုက္ခကို ဖော်ပြပါသည်။


(၄)ထို့ကြောင့် ဇာတာရှင်တို့သည် ချော်လဲပြီးဆောင့်မိ၍ နံရိုးအက်သွားရာ အိပ်ရာထဲတွင် ၁၅ ရက်ခန့် အနားယူခဲ့ရပါသည်။


**(ခ)အသေးစား ခွဲစိတ်မှု ပြုလုပ်ခံရသူတစ်ဦး**

၄.၁၀.၁၉၅၁ခု၊ ၅-တေးနေ့၊ နံနက် ၁၀း၀၀နာရီ၊ ရန်ကုန်မြို့

**၂၈.၂.၂၀၀၁ ရက်**

**မူလဖွားဇာတာ** **ဂေါဇာဂြိုဟ်နေ**




(၁)မူလဇာတာတွင် ၃-ဂ်ဂြိုဟ်သည် လဂ်သခင်ဂြိုဟ်ဖြစ်သော်လည်း လဂ်ကိုမြင်ထားခြင်းသည် ၃-ဂ်ဂြိုဟ်၏ သဘာဝအတိုင်း မတော်တဆနှင့် ခွဲစိတ်ခံရမှုကို ညွှန်ပြလျက်ရှိပါသည်။ စနေဂြိုဟ်လဂ်အားမြင်ခြင်းသည် ရောဂါဘယနှင့် ပတ်သက်နေပါသည်။


(၂)ဂေါဇာ စနေသည် လဂ်အားမြင်ချိန်တွင် ဂေါဇာ ၃-ဂ်ဂြိုဟ်သည် လဂ်အားအံသာနီးကပ်စွာ ချဉ်းကပ်ပူး ယှဉ်၍ ၈တန့်ဘာဝအားမြင်လျက်၊ ဂေါဇာ ရာဟုက ၈တန့်ရောက်နေခြင်းက အသေးစားခွဲစိတ်ကုသမှုကို ခံယူရခြင်းပင်ဖြစ်ပါသည်။ ဂေါဇာ၅-တေးက လဂ်နှင့် မူလ ၁-နေ့ဂြိုဟ်အား မြင်ထားခြင်းက အသက် အန္တရာယ် ကလွှက်မြောက်နိုင်ကြောင်း ဖေါ်ပြနေပါသည်။


**(ဂ)ယာဉ်တိုက်မှုဖြစ်သူတစ်ဦး**

၁၈.၆.၁၉၄၈ ခု၊ ၆-ကြာနေ့၊ နံနက် ၁း၄၅နာရီ၊ ပခုက္ကူမြို့။

**၂၆.၃.၂၀၀၃ ရက်**

**မူလဖွားဇာတာ** **ဂေါဇာဂြိုဟ်နေ**




(၁)မူလဇာတာတွင် ၄တန့်ဘာဝ၌ စနေဂြိုဟ်တည်နေခြင်း၊ ၄တန့်ဘာဝအား ပါပကတ္တရိသင့်ခြင်းတို့ကြောင့် ၄တန့်ဘာဝနှင့် ပတ်သက်သော ကောင်းကျိုးများ ဆုတ်ယုတ်ပျက်ပြားရမည်မှာ သေချာသည်။ စနေဂြိုဟ်သည် ၆တန့်ဘာဝနှင့် လဂ်အားမြင်ခြင်း။ ၃-ဂ်ဂြိုဟ်သည် ၈တန့်ဘာဝအား မြင်ခြင်းကလည်း ကောင်း

သောအနေအထားမဟုတ်ပါ။

(၂)ဂေါဇာစနေဂြိုဟ်သည် ၂တန့်ဘာ၀ ရောက်နေပြီး ၄တန့်ဘာ၀နှင့် ၄တန့်ဘာ၀ရှိ စနေဂြိုဟ်အား မြင်ခြင်းက ၄တန့်ဘာ၀နှင့်ပတ်သက်၍ငွေကုန်ကြေးကျ၊ ဆင်းရဲဒုက္ခရောက်မည်ကို ဖေါ်ပြလျှက်ရှိပါ သည်။

(၃)ဂေါဇာ ၃-ဂံဂြိုဟ်သည် လဂ်အားယှဉ်၍ ၄တန့်ဘာ၀အား မြင်ခြင်း၊ မူလစနေဂြိုဟ်အား အတိအကျနီးပါး ချဉ်းကပ်မြင်ခြင်း၊ စန်းနှင့် ၈တန့်ဘာ၀တို့အား မြင်ခြင်းတို့သည် ကားနှင့်ပတ်သက်သည့် မတော်တဆဖြစ်မှုကိုဖေါ်ပြနေပါသည်။

(၄)ဂေါဇာ ၃-ဂံသည် လဂ်အားယှဉ်၍ စန်းနှင့် ၈တန့်အား မြင်ခြင်းက မတော်တဆ။ ၄တန့်အားမြင်ခြင်းက ယာဉ်ကားနှင့်ပတ်သက်သော မတော်တဆ။ ဂေါဇာ စနေဂြိုဟ်သည် မူလစနေဂြိုဟ်အား မြင်ခြင်းက ဆင်းရဲဒုက္ခ။ ၂တန့်ဘာ၀တွင် ဂေါဇာစနေ၊ ရာဟုနှင့် သံဒေါင်းတို့ရောက်နေခြင်းက ငွေကုန်ကြေးကျတို့ကို ပြသနေပါသည်။


(၅)ထို့ကြောင့် ကားမောင်းသွားစဉ် ချုံးကွေ့ရာ၌ စီယာတိုင်ခေါက်ပြီး အခြားသူ၏ကားနှင့် ယာဉ်တိုက်မှုဖြစ်ရာ အလျော်ပေးရခြင်း၊ မိမိကားပြန်လည်ပြင်ဆင်ရခြင်းတို့ကြောင့် ငွေအတော်များများကုန်ခဲ့ပါသည်။ ၃-ဂံသည် လဂ်သခင်ဖြစ်ခြင်းကြောင့် ပွန်းပဲ့သည့်ဒဏ်ရာလောက်သာရခဲ့သည်။


## (ဃ)ကျွန်တော်နှင့် ယာဉ်တိုက်မှု

၁၁.၅.၁၉၃၃ ခု၊ ၅-တေးနေ့၊ ညနေ ၄း၀၀ နာရီ ပဲခူးမြို့နယ်၊ ထုံးကြီးရွာ။

**၃၀.၉.၁၉၉၁ ရက်**

**မူလဖွားဇာတာ** **ဂေါဇာဂြိုဟ်နေ**




(၁)မူလဇာတာတွင် လဂ်သခင်ဂြိုဟ် ၄-ဟူးသည် ၈တန့်၌ တည်နေသဖြင့် မတော်တဆဖြစ်မှုကို ဖေါ်ပြပါသည်။

(၂)ဂေါဇာဂြိုဟ်သည် သံဒေါင်းဂြိုဟ်နှင့်အတူ လဂ်နှင့် အံသာနီးကပ်စွာ ပူးယှဉ်ပြီး၈တန့်ဘာ၀နှင့် လဂ်သခင်ဂြိုဟ် မူလ ၄-ဟူးတို့အားမြင်ပြီး မူလ၁-နွေဂြိုဟ်အား အံသာနီးကပ်စွာ ချဉ်းကပ်အမြင်ပြု သဖြင့် မတော်တဆဖြစ်မှုကို ဖေါ်ပြပါသည်။ ထို့ပြင် ဂေါဇာ ၃-ဂံဂြိုဟ်သည် ၄တန့်ကိုမြင်၍ ဂေါဇာရာဟုတည်နေခြင်းကိုလည်း ယာဉ်ကားကိစ္စကို ညွှန်ပြနေပါသည်။

(၃)ဂေါဇာစနေဂြိုဟ်သည် ဗျဂ္ဂဇာသွားပြီး မူလစနေဂြိုဟ်အား စီးနေခြင်းက ဆင်းရဲဒုက္ခကြုံတွေ့ရမည်ကို ဖေါ်ပြပါသည်။

(၄)ထို့ကြောင့် လှည်းတန်းမီးပွိုင့်တွင် မိမိ၏ ယာဉ်ကြောကို ဖြတ်ဝင်သော ကားကြောင့် ယာဉ်တိုက်မှုဖြစ်ခဲ့ရပါသည်။


(၅)ဤယာဉ်တိုက်မှုဖြစ်ပွါးချိန်တွင် ဂေါဇာ ၅-တေးဂြိုဟ်သည် ၆-ကြာဂြိုဟ်နှင့် အတူ မူလ၅-တေး(၄တန့် သခင်ဂြိုဟ်နှင့် ဇာတာရှင်၏ မွေးနံဂြိုဟ်) အားစီး၍ ၄တန့်ဘာဝ၊ ၈တန့်ဘာဝနှင့် မူလ ၁-နွေနှင့် လဂ် သခင် မူလ ၄-ဟူးအားမြင်ခြင်း။ ဂေါဇာ ၂-လာဂြိုဟ်သည် မူလ ၆-ကြာဂြိုဟ်အား ယှဉ်၍ မူလမူလစန်း အားမြင်နေခြင်းတို့ကြောင့် ကားခေါင်းကြေသွားသော်လည်း မိမိတွင် ပွန်းပဲ့ရာပင်မရခဲ့ပါ။ ကားအတွက် လျော်ကြေးငွေလိုသည်ထက် ကျပ် ၂၀၀၀ ကျော်ပင်ပို၍ ရခဲ့ပါသည်။

## (င)စက်ဘီးဖြင့်လူတိုက်မိပြီး ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရ၍ ကွယ်လွန်သူတစ်ဦး


၉.၈.၁၉၅၄ ခု ၂-လာနေ့ ည ၁၀း၄၅ နာရီ ရန်ကုန်မြို့။

**၂၀.၄.၁၉၉၅ ရက်**

**မူလဖွားဇာတာ**




**ဂေါဇာဂြိုဟ်နေ**




(၁)မူလဇာတာရှင် လဂ်နှင့် လဂ်သခင်ဂြိုဟ် ၃-ဂ်ါတို့အား ဥစ်မူသော စနေဂြိုဟ်ကမြင်ခြင်း။ လဂ်သခင်ဂြိုဟ် ၃-ဂ်ါသည် ရာဟုနှင့်ယှဉ်ပြီး ၁-နွေဂြိုဟ်အားမြင်ခြင်း (ပါပဂြိုဟ်အမြင်)။ စန်းသည် ၈တန့်တွင် ပါပကတ္တရိ သင့်ခံရခြင်းတို့သည် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် မကောင်းသည့်ဇာတာဖြစ်ကြောင်း ဖေါ်ပြလျှက်ရှိသည်။

(၂)ဂေါဇာ ၃-ဂ်ါဂြိုဟ် (လဂ်သခင်ဂြိုဟ်) နိစ်မူပြီး ၄တန့်၌ တည်သော မူလ ၁-နွေဂြိုဟ်အား အံသာနီးကပ်စွာ ချဉ်းကပ်ပူးယှဉ်ပြီး မူလစနေဂြိုဟ်အားမြင်ခြင်းသည် မတော်တဆထိခိုက်မှုကို ညွှန်ပြနေပါသည်။

(၃)ဂေါဇာစနေဂြိုဟ်သည် လဂ်အားမြင်၍ ၈တန့်ဘာဝနှင့် ၈တန့်၌တည်သော မူလစန်းအားမြင်လျှင်နေခြင်း သည်လည်း အသက်အန္တရာယ်ကို ဖေါ်ပြနေပါသည်။

(၄)လက်တွေ့အဖြစ်အပျက်မှာ ဇာတာရှင်သည် စက်ဘီးဖြင့် လူတိုက်မိပြီး လဲကျ၍ ဦးခေါင်းတွင် ထိခိုက် ဒဏ်ရာရ၍ ကွယ်လွန်သွားပါသည်။ အတိုက်ခံရသူအနေဖြင့်တစ်စုံတစ်ရာမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိပါ။

## အလုပ်အကိုင်နှင့် စီးပွါးရေး

၂၈။ အလုပ်အကိုင်နှင့်ပတ်သက်လျှင် လဂ်နှင့် လဂ်သခင်ဂြိုဟ်၊ ၁၀တန့်နှင့် ၁၀တန့်သခင်ဂြိုဟ်၊ ၁၀-နေဂြိုဟ်တို့သည် အရေးကြီးပါသည်။ယင်းတို့အား ဂေါဇာ စနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့ အယှဉ်အမြင်ရှိလျှင် စီးပွါးရေးလုပ်ငန်းရှင်ဖြစ်လျှင် စီးပွါးပျက်မည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးမတက်နိုင်။ ၅-တေးနှင့် ၆ကြာဂြိုဟ်တို့ (အထူးသဖြင့် ၅-တေးဂြိုဟ်)၏အယှဉ်အမြင်ရှိလျှင် အလုပ်မကိုင်ကောင်းမည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မည်။ ဂေါဇာ ၁-နေ သို့မဟုတ် ဂေါဇာ ၄-ဟူး သို့မဟုတ် ဂေါဇာ၅-တေး သို့မဟုတ် ဂေါဇာ စနေသည် ၁၀တန့်ဘာဝအားမြင်လျှင် အလုပ်အကိုင်ကောင်းတတ်သည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်နိုင်သည်။ ဂေါဇာ ၁-နေ သို့မဟုတ် ဂေါဇာ ၄-ဟူး သို့မဟုတ် ဂေါဇာ ၅-တေး သို့မဟုတ် ဂေါဇာ စနေသည် ၁၀တန့်ဘာဝအားမြင်လျှင် အလုပ်အကိုင်ကောင်းတတ် သည်။ ရာထူးတိုးတက်တတ်သည်။ အလုပ်ခန့်ထားခံထားရတတ်သည်။ ၎င်းတို့သည် ၁၀တန့်သခင်အား အယှဉ်အမြင် ရှိလျှင်လည်း အလားတူ ယူဆနိုင်သည်။ ၎င်းတို့သည် ၁၀တန့်ဘာဝတွင်ယှဉ်လျှင် အလုပ်အကိုင်တိုးတက်မှုမရနိုင်။ ထို သို့ယှဉ်ရာတွင် ဂေါဇာ စနေသည် အဆိုးဆုံးဖြစ်သည်။ ဂေါဇာ ၅-တေးဂြိုဟ်သည် ၁၀တန့်အား အယှဉ်ထက် အမြင်ကသာ ၍ကောင်းသည်။ အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က)ဂေါဇာ ၅-တေးဂြိုဟ်သည် ၁၀တန့်အား ယှဉ်မြင်လျှင် အလုပ်အကိုင်ကောင်းသည်။ အလုပ်ရမည်။ ရာထူးတိုးမည်။

(ခ)ဂေါဇာ ၅-တေးဂြိုဟ်သည် မူလ ၁-နေဂြိုဟ်အားယှဉ်မြင်လျှင် အလုပ်အကိုင်ကောင်းမည်။ အလုပ်ရမည်။ ရာထူးတိုးမည်။

(ဂ)ဂေါဇာသွားသော ၁၀တန့်အိမ်ရှင်ဂြိုဟ်သည် လဂ်၊ စန်းနှင့် မူလ ၁-နေဂြိုဟ်အား ယှဉ်မြင်လျှင် အလုပ်ကောင်းမည်။အလုပ်ရမည်။ ရာထူးတိုးမည်။

(ဃ)၉တန့် ၁၀တန့်သခင်ဖြစ်သော ပါပစနေဂြိုဟ်(ပြိဿလဂ်) ၅တန့် ၁၀တန့်သခင်ဖြစ်သော ပါပ ၃-ဂ်ါဂြိုဟ် (ကရကဋ်လဂ်) တို့သည် ၁၀တန့်အားမြင်လျှင် အလုပ်အကိုင်ကောင်းမည်။ အလုက်ရမည်။ ရာထူးတိုးမည်။

(င)ဂေါဇာ ၅-တေးဂြိုဟ်သည် မူလ ၅-တေးဂြိုဟ် သို့မဟုတ် မူလ ၆-ကြာဂြိုဟ်အား ငွေကြေးခနေဥစ္စာ ရမည်။

(စ) ၂တန့်၊ ၄တန့်၊၁၁တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား စနေ၊ ၃-ဂ်ါနှင့် ရာဟုဂြိုဟ်တို့ ယှဉ်အမြင်ရှိလျှင် ငွေကြေးဆုံးရှုံးမည်။ စီးပွါးရေး အဆင်မပြေဖြစ်မည်။


၂၉။ အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။

### (က)ပြန်တမ်းဝင် အရာရှိအဖြစ် တစ်ရက်တည်း ခန့်ထားခံရသူ ၅-ဦး

ဝန်းထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့တွင် ပြန်ထမ်းဝင်အရာရှိများ ခန့်ထားရန်ခေါ်သည့်အခါ လျှောက်ထားသူများရာနှင့်ချီ၍ များပြားပါသည်။ ထိုအထဲတွင် အနည်းငယ်မျှကိုသာ ခန့်ထားရန်ရွေးချယ်ပါသည်။ ထိုသို့ရွေးချယ်ခန့်ထားသူများထဲမှ ၅-ဦး၏ မူလဖွားဇာတာနှင့် ၎င်းတို့အားခန့်ထားသည့် နေ့ရက်နှင့် ဂေါဇာဂြိုဟ်များအနေအထားကို လေ့လာနိုင်ရန်တင်ပြပါသည်။

၁.၁၂.၁၉၈၉ ရက်


**ရာထူးရကြိုဟ်ခွင်**




၁၅.၈.၁၉၆၃ ခု၊ ၅-တေးနေ့

နံနက် ၉း၁၅၊ ကျောင်းကုန်းမြို့


**မူလဖွါးဇာတာ(၁)**




၂၈.၆.၁၉၄၆ခု၊ ၁-နွေနေ့

နံနက်၄း၂၅၊ ရန်ကုန်မြို့


**မူလဖွားဇာတာ(၂)**




၁၈.၈.၁၉၆၂ ခု၊ စနေနေ့

နံနက်၁၁း၀၃၊ ရန်ကုန်မြို့


**မူလဖွားဇာတာ(၃)**




၁၉.၈.၁၉၆၁ခု၊ စနေနေ့

နံနက်၄း၁၅၊ ရန်ကုန်မြို့


**မူလဖွားဇာတာ(၄)**




၁၈.၁.၁၉၆၄ ခု၊ စနေနေ့

ည၈း၀၄၊ ရန်ကုန်မြို့

**မူလဖွားဇာတာ(၅)**




***မူလဖွားဇာတာ(၁)*** ဂဇကေသရီယုဂ်နှင့် စတုစက္ကယုဂ် ရထားပါသည်။ သို့သော် ၁၀တန့်၌ ရာဟုကြိုဟ်တည်နေခြင်းက အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်တတ်ခြင်းကိုလည်း ဖေါ်ပြနေပါသည်။ ၎င်းအားခန့်ထားချိန်၌

ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ဗျဂ္ဂဇာသွားပြီး ၁၀တန့်၌ တည်သောစန်းနှင့် ယှဉ်နေပါသည်။ဂေါ်ဇာ ၂-လာနှင့် ၆-ကြာဂြိုဟ်တို့ကလည်း ၁၀တန့်ဘာဝနှင့် စန်းတို့အားမြင်လျက်ရှိပါသည်။ ထို့ကြောင့် ပြန်ထမ်းဝန်အရာရှိအဖြစ် ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပါသည်။ ဝေဒစည်းကမ်းနှင့်ညီညွတ်ပါသည်။

*__မူလဖွားဇာတာ(၂)__*လဂ်သခင်၊ ၆-ကြာ၊ ၂တန့်၊ ၅တန့်သခင်၄-ဟူး၊ ၄တန့်သခင် ၁-နွေတို့ ၂တန့်ဘာဝ၌ ပူးယှဉ်သဖြင့် ရာဇယုဂ် ရထားပါသည်။ ၎င်းအား ခန့်ထားချိန်၌ ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ဗျဂ္ဂသွားပြီးမူလ ၁-နွေဂြိုဟ်နှင့် လဂ်သခင် ၆-ကြာအားပူးယှဉ်လျက် ၁၀တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ် မူလစနေဂြိုဟ်အားမြင်လျက်ရှိပါသည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်ပါသည်။

*__မူလဖွားဇာတာ(၃)__* လဂ်သခင် ၆-ကြာဂြိုဟ်သည် နိစ်ခံသော်လည်း နိစ်ပျက်ပါသည်။ လဂ်အား တူလဂ်၏ယောဂကာရကဂြိုဟ် စနေသည် မိမိကသစ်အိမ်မှ မြင်လျက်ရှိပါသည်။ ယောဂကာရကဂြိုဟ် စနေသည် ၁၀တန့်နှင့် ၁၀တန့်သခင်အားမြင်နေခြင်းက ရာဇယုဂ်ကို ဖြစ်ပေါ်စေပါသည်။ ၎င်းအား အလုပ်ခန့်ထားချိန်၌ ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ဗျဂ္ဂဇာသွားပြီး လဂ်အားမြင်နေပါသည်။ တူလဂ်၏ ယောဂကာရကဂြိုဟ် စနေသည် လဂ်သခင် ၆-ကြာဂြိုဟ်အား ၁၀တန့်အမြင်ဖြင့် မြင်လျက်ရှိပါသည်။ ဝေဒစည်းကမ်းနှင့်ကိုက်ညီပါသည်။

*__မူဖွာဇာတာ(၄)__*ဤဇာတာတွင် ၅-တေးဂြိုဟ် နိစ်ခံသော်လည်း အကောင်းဆုံးသော နိစ္စဘင်ရာဇယောဂယုဂ်ကြီးကို ရနေသည့်အပြင် ကရကဋ်လဂ်၏ ယောဂကာရကဂြိုဟ် ၃-ဂ်ါသည် ၁၀တန့်ဘာဝအားမြင်ထားပါသဖြင့် အစိုးရအလုပ်နှင့် အကျိုးပေးမည့် ဇာတာမျိုးဖြစ်ပါသည်။ ၎င်းအားခန့်ထားချိန်၌ ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ဗျဂ္ဂဇာသွားပြီး လဂ်သခင်စန်းအားမြင်စေသည့်အပြင် ကရကဋ်လဂ်၏ ယောဂကာရကဂြိုဟ် ဂေါ်ဇာ ၃-ဂ်ါဂြိုဟ် ၁၀တန့်ဘာဝအားမြင်လျက်ရှိသဖြင့် ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပါသည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်ပါသည်။

*__မူလဖွားဇာတာ(၅)__*ဤဇာတာတွင် ၁၀တန့်သခင် ၃-ဂ်ါသည် ဥစ်မူနေခြင်း၊ ၁၀တန့်အားပြန်မြင်ခြင်း၊ လဂ်အားမြင်ခြင်း၊ ၉တန့်သခင် ၅-တေးသည် မိမိကသစ်အိမ်၌ တည်ပြီး လဂ်အားမြင်ခြင်းတို့ကြောင့် ကောင်းသောရာဇယုဂ်ကိုဖြစ်ပေါ်စေပါသည်။ ၎င်းအားခန့်ထားချိန်၌ ဂေါ်ဇာ ၅-တေးဂြိုဟ်သည်ဗျဂ္ဂဇာသွားပြီး လဂ်သခင်စန်းအားမြင်လျက်ရှိသည့်အပြင် ကရကဋ်လဂ်၏ယောဂကာရကဂြိုဟ် ဂေါ်ဇာ ၃-ဂ်ါသည် ၁၀တန့်ဘာဝနှင့် ဘာဝသခင် မူလ ၃-ဂ်ါအားမြင်လျက်ရှိပါသည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်ပါသည်။


## (ခ)အပိုဒ်(က)ပါ ပြန်တမ်းဝင်အရာရှိ (၅)ဦး တစ်ဆင့်မြင့် ရာထူးတက်ချိန်

အပိုဒ်(က)ပါ ပြန်တမ်းဝင်အရာရှိ (၅)ဦးတို့၏ တစ်ဆင့်မြင့် ရာထူးတက်သည့်နေ့ရက်နှင့် ဂေါ်ဇာဂြိုဟ်ခွင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၂၇.၆.၁၉၉၉

ရာထူးတက်ဂြိုဟ်ခွင်


**မူလဖွားဇာတာ(၁)**




၂၆.၈.၁၉၉၉

ရာထူးတက်ဂြိုဟ်ခွင်


**မူလဖွားဇာတာ(၂)(၄)(၅)**



၂၂.၁.၂၀၀၁

ရာထူးတက်ဂြိုဟ်ခွင်

**မူလဖွားဇာတာ(၁)**




*__မူလဖွားဇာတာ(၁)__*ဂေါဇာ ၅-တေးဂြိုဟ်သည် လဂ်သခင်နှင့် ၁၀တန့်သခင် ၄-ဟူးကိုမြင်သည်။ ဂေါဇာ ၁-နွေဂြိုဟ် ၁၀တန့်နှင့် ၁၀တန့်ရှိ မူလစန်းကိုယှဉ်သည်။ ဂေါဇာ ၄-ဟူးနှင့် ၆-ကြာဂြိုဟ်တို့သည် မူလ ၁-နွေနှင့် ၆-ကြာဂြိုဟ်တို့အား ပူးယှဉ်သည်။ ထို့ကြောင့် ရာထူးတက်သည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်သည်။

*__မူလဖွားဇာတာ(၂)__*ပြဿလဂ်၏ ယောဂကာရက ဂေါဇာစနေဂြိုဟ်လဂ်သခင်နှင့် ၁-နွေကိုမြင်သည်။ ဂေါဇာ ၁-နွေသည် ၁၀တန့်ဘာဝနှင့် ၁၀တန့်သခင်မူလစနေကိုမြင်သည်။ ထို့ကြောင့်ရာထူးတက်သည်။ ဝေဒစည်းကမ်းနှင့်ညီသည်။

*__မူလဖွားဇာတာ(၃)__*ဂေါဇာ ၅-တေးဂြိုဟ် ဗျဂ္ဃဇာသွား၍ လဂ်သခင် ၆-ကြာကိုမြင်သည်။ ဂေါဇာ ၆-ကြာဂြိုဟ်သည် မူလ ၁-နွေဂြိုဟ်ကိုမြင်သည်။ဂေါဇာ ၁-နွေနှင့် ၄-ဟူး ယောဂကာရကဂြိုဟ် ဂေါဇာစနေတို့လဂ်မှ ၁၀တန့်ဘာဝကိုမြင်သည်။ ထို့ကြောင့် ရာထူးတက်သည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်ပါသည်။


*__မူလဖွားဇာတာ(၄)__*ဂေါဇာ ၅-တေး ဗျဂ္ဃဇာသွား၍ လဂ်မှ၁၀တန့်ဘာဝနှင့်တည်၍ မူလ ၁-နွေဂြိုဟ်အား မြင်သည်။ ဂေါဇာ ၄-ဟူးနှင့် ၆-ကြာလဂ်နှင့် ယှဉ်သည်။ဂေါဇာ လဂ်သခင် ၂-လာ လဂ်ကိုပြန်မြင်သည်။ ထို့ကြောင့် ရာထူးတက်သည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်ပါသည်။

*__မူလဖွားဇာတာ(၅)__*ဂေါဇာ ၅-တေးဂြိုဟ် ဗျဂ္ဃဇာသွားပြီး ၁၀တန့်ဘာဝ၌ ယှဉ်သည်။ ကရကဋ်လဂ်၏ ယောဂကာရက ဂြိုဟ် ၃-ဂ်ါသည် လဂ်သခင် မူလစန်းကို မြင်သည်။ လဂ်သခင် ၂-လ်ာသည် မူလ၁-နွေအား ယှဉ်၍ လဂ်အားပြန်မြင် သည်။ ဂေါဇာ ၄-ဟူးနှင့် ၆-ကြာတို့သည် လဂ်အားပူးယှဉ်ပြီး မူလ၁-နွေနှင့် ၁၀တန့် သခင် မူလ ၃-ဂ်ါအား မြင်သည်။ ထို့ကြောင့် ရာထူးတက်သည်။ ဝေဒစည်းကမ်းနှင့် ညီညွတ်သည်။


**(ဂ)မူလဖွားဇာတာ (၁)ပိုင်ရှင် အလုပ်မှနုတ်ထွက်ချိန်**

၅.၄.၂၀၀၂

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ




လက်သခင် ၄-ဟူးသည် နိစ်အိမ်တွင် ဂေါဇာသွားနေပါသည်။ ဂေါဇာ ၃-ဂုံ၊ စနေ၊ ရာဟုတို့ ၉တန့်ဘာဝ၌ ယှဉ်ပြီး ၉တန့်ဘာဝ၏ တင့်တယ်မှုကို ဖျက်စီးနေသည်။ ဂေါဇာ စနေဂြိုဟ်သည် မူလ ၁-နွေကိုမြင်သည်။ ဂေါဇာရာဟုသည် လက်နှင့် မူလ ၃-ဂုံကို မြင်ပြီး မူလ ၄-ဟူးကို ဂေါဇာ ၃-ဂုံကမြင်သည်။ ဂေါဇာ ၁-နွေဂြိုဟ်ကလည်း လက်ကိုမြင်နေသည်။ ထို့ကြောင့် အလုပ်ခွင်တွင် မပျော်ပိုက်တော့ဘဲ နှုတ်ထွက်ခဲ့ပါသည်။ ဝေဒစည်းကမ်းများနှင့် ညီညွတ်နေပါသည်။ ပါပတို့၏ လက် လက်သခင်နှင့် ၁-နွေဂြိုဟ်တို့အား အမြင်ယှဉ်ကြုံကြိုက်နေလျှင် စိတ်ညစ်စရာ၊ မကျေနပ်စရာများကြုံတွေ့ရစမြဲဖြစ်သည်။ ဂေါဇာရာဟု၏ လက်အားမြင်ခြင်းကလည်း မိမိနေရာတွင် နေ၍မရတော့ပဲနှုတ်ထွက်ခဲ့ပါသည်။

ထူးခြားသည့် အချက်တစ်ချက်မှာ ဂေါဇာစနေ ရာဟုနှင့် ၃-ဂုံတို့သည် ၁၀တန့်နှင့် ၂တန့်ဘာဝတို့အား အယှဉ်အမြင်မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေတို့အား ထိခိုက်ပျက်စီးစေခြင်းမရှိပါ။ ဂေါဇာ ၅-တေးဂြိုဟ်သည် ၁၀တန့်၌ ရှိနေသဖြင့် အလုပ်အကိုင်နှင့် ပတ်သက်လျှင် အောင်မြင်မြဲ အောင်မြင်နေပါသည်။ ၂တန့်ဘာဝအားဂေါဇာ ၅-တေးနှင့် ၆-ကြာတို့မြင်နေခြင်းကလည်း ဝင်ငွေကောင်းမြဲကောင်းနေသည်။ စာပုဒ် ၂၅(ည) တွင် တင်ပြခဲ့သည့် သဘောတရားအတိုင်း အကောင်းဟောကွက်နှင့် အဆိုးဟောကွက်ကို ထေခြင်း၊ ချေခြင်း မပြုလုပ် မိရန် သတိပြုပါ။


**(ဃ)ဒုတိယအထွေထွေမန်နေဂျာရာထူးနှင့် ကျွန်တော်**

၁၄.၁.၁၉၉၃

ဂေါဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





ကျွန်တော်၏ဇာတာတွင် ၂-လာဂြိုဟ်သည် နိစ်ခံပြီးအိမ်ရှင် ၃-ဂုံဂြိုဟ်၏အမြင်ခံရသဖြင့် နိစ္စ ဘင်ရာဇ ယောဂယုဂ်ကို ဖြစ်ပေါ်စေခြင်း။ ၈တန့်သခင် ၃-ဂုံသည် ၁၂တန့်၌ ၁၂တန့်သခင်၁-နွေဂြိုဟ်သည် ၈တန့်၌အိမ်ချင်းလဲလှယ်နေကြချင်းဖြင့် ဝိပရိတရာဇယောဂယုဂ်ကို ဖြစ်ပေါ်စေခြင်းတို့ ပါရှိပါသည်။ ဤယုဂ်များသည် သန့်ရှင်းစင်ကြယ်သော ယုဂ်များမဟုတ်ပါ။ အဆိုးအပြစ်နှင့်ကြုံပြီး အကောင်းဖြစ်ရတတ်သည့် သဘောရှိပါသည်။ စန်းနှင့် ၅-တေးဂြိုဟ်တို့ ကိန်းခံ၍ တည်ကြသဖြင့် ဂဇကေသရီယုဂ်။ ၃-ဂုံနှင့် ၅-တေး ပူးယှဉ်ကြသဖြင့် ဂုရုမင်္ဂလယုဂ်များလည်း ရထားပါသည်။ စန်း၏ရှေ့နောက်တွင် မည်သည့်ဂြိုဟ်မျှ မရှိသဖြင့် ကေမဒြုမယုဂ် ကလည်း ရလိုက်ပါသေးသည်။ ဗေဒင်ဝါနုသည့် ပုဂ္ဂိုလ်များကြည့်တတ်ရန် ဖေါ်ပြလိုက်ရခြင်းဖြစ်ပါသည်။

ကျွန်တော်အား ဒုတိယအထွေထွေမန်နေဂျာရာထူးတင်ပေးရန် သက်ဆိုင်ရာများက ဆောင်ရွက်ရာတွင် ဤနေရာ၌အသေးစိတ် ဖေါ်ပြရန်မသင့်လျော်သည့် ပစ်စာတစ်ဆောင်ကြောင့် တစ်နှစ်ခန့်ကြံ့ကြာခဲ့ပါသည်။ ဂေါဇာ ၅-တေးသည် လက်အားအံ့သာနီးကပ်စွာ ပူးယှဉ်ချိန်၊ လက်သခင်နှင့် ၁၀တန့်သခင် ဂေါဇာ ၄-ဟူးဂြိုဟ်၏ ၁၀တန့်ဘာဝအား အတိအကျမြင်ချိန်။ ဂေါဇာ ၁-နွေဂြိုဟ်ကလည်း ၁၀တန့်အားမြင်ချိန်တို့၌ ဂေါဇာ ၃-ဂုံဂြိုဟ်သည် ဗျဂ္ဃဇာကျင့်၍ ၁၀တန့်ဘာဝ၌ တားဆီးနေသော်လည်း ဖေါ်ပြထားသည့်နေ့ရက်တွင် ရာထူးတိုးမြင့်ပေးမည့် အမိန့်စာကို ရရှိခဲ့ပါသည်။ မူလဖွားဇာတာတွင် ဝိပရိတရာဇ ယောဂယုဂ်ကို ဖြစ်ပေါ်စေခဲ့သော ဂေါဇာ ၃-ဂုံနှင့် ၁-နွေဂြိုဟ်တို့၏ ၁၀တန့်ဘာဝအားယှဉ်မြင်ခြင်းကြောင့်လောဟု စဉ်းစားမရဖြစ်မိပါသည်။ ဂေါဇာ ၃-ဂုံသည် အတိအကျ အမြင်အံ့သာစက်ဝန်းအတွင်း လက်အားချဉ်းကပ်အမြင် ပြုလျှက်ရှိသည်ကိုလည်း ဖြည့်စွပ်ဖေါ်ပြလိုက် ပါသည်။


**(င)စီးပွါးရေးတိုးတက်ရန် အခက်ကြုံနေသူတစ်ဦး**

၁၂.၁၀.၂၀၀၂

ဂေါ်ဇာဂြိုဟ်နေ




**မူလဖွားဇာတာ**




(၁)မူလဇာတာတွင် လဂ်သခင်နှင့် ၄တန့်သခင်ဂြိုဟ်တို့ အိမ်ချင်းလဲလှယ်တည်နေခြင်း။ ၂တန့်သခင်ဂြိုဟ်သည် ၁၀တန့်တွင် ဥစ်မူနေခြင်းတို့ကြောင့် မနဥစ္စာချမ်းသာကြွယ်ဝသည်ကို ဖေါ်ပြနေပါသည်။

(၂)လက်ရှိအခြေအနေကို စိစစ်ကြည့်လျှင် ဂေါ်ဇာစနေဂြိုဟ်သည် ၄တန့်ဘာဝ မေထုံရာသီတွင် ရှေ့တိုးနောက်ငင်ဖြင့် ၂၅.၅.၂၀၀၅အထိနေမည်။ ဂေါ်ဇာရာဟုဂြိုဟ်ကလည်း ၉.၉.၂၀၀၃ရက်မှစ၍ ၂တန့်ဘာဝမိဿသို့ ကူးဝင်ပြီး ၂၆.၃.၂၀၀၅အထိ မူလ ၆-ကြာဂြိုဟ်နှင့် ယှဥ်နေသည်။

(၃)ဂေါ်ဇာစနေဂြိုဟ်သည် ၄တန့်ဘာဝ၌ လဂ်နှင့် ၁၀တန့်သခင် မူလ ၅-တေးအား ပူးယှဥ်ပြီး ၁၀တန့်အား မြင်သည်မှာ အလုပ်အတွက်ကောင်းသော်လည်း လဂ်နှင့်မူလစန်း၊ မူလ ၁-နွေနှင့် ၄တန့်နှင့် ၇တန့်သခင် မူလ ၄-ဟူးဂြိုဟ်အားမြင်သည်မှာ မကောင်း။ ဂေါ်ဇာရာဟုသည် ဗြိဿရာသီတွင် ရှိစဥ် ၂တန့်သခင် မူလ ၃-ဂ်ါအားမြင်သည်မှာမကောင်း။ မိဿရာသီ ၂တန့်သို့ပြောင်းသည့်အခါ ၂တန့်၌တည်သည့် ၃တန့်နှင့် ၈တန့် မူလ ၆-ကြာဂြိုဟ်ကို ပူးယှဥ်၍ ၁၀တန့်အားမြင်သည်မှာမကောင်း။ ဂေါ်ဇာ ၅-တေးသည် ကရကဋ်ရာသီတွင် ဥစ်မူပြီး လဂ်နှင့် မူလစန်း၊ မူလ ၁-နွေနှင့် ၄တန့်နှင့် ၇တန့် သခင် မူလ ၄-ဟူးဂြိုဟ်နှင့် ၁၁တန့်နှင့် ၁၁တန့်၌တည်နေသည့် ၂တန့်သခင်မူလ ၃-ဂ်ါဂြိုဟ်အားမြင်သည်မှာ ကောင်းသည်။ သို့သော် ငွေရေးကြေးရေးစီးပွါးရေးတိုးတက် နိုင်ဦးမည်မဟုတ်ချေ။

**အခန်း - ၆**

## နိုင်ငံခြား

၃၀။ နိုင်ငံခြားခရီးနှင့်ပတ်သက်၍ ဂေါ်ဇာရာဟုဂြိုဟ်သည် လဂ်နှင့် လဂ်သခင်၊ မူလရာဟုနှင့်စန်း၊ မူလ ၁-နွေဂြိုဟ် ၈တန့် ၁၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား အယှဥ်အမြင်ရှိရန် လိုပါသည်။ အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က)ဂေါ်ဇာရာဟုဂြိုဟ်သည် လဂ်၊ စန်းနှင့်မူလ ၁-နွေဂြိုဟ်တို့အား ယှဥ်မြင်လျှင် နိုင်ငံခြားသွားရတတ်သည်။

(ခ)ဂေါ်ဇာရာဟုဂြိုဟ်သည် မူလရာဟု၊ လဂ်နှင့် လဂ်သခင်ဂြိုဟ်တို့အား ယှဥ်မြင်လျှင် နိုင်ငံခြားသွားရတတ်သည်။

(ဂ)ဂေါ်ဇာရာဟုဂြိုဟ်သည် မူလရာဟုနှင့် လဂ်သခင်ဂြိုဟ်အားယှဥ်မြင်လျှင် နိုင်ငံခြားသွားရတတ်သည်။


(ဃ)ဂေါ်ဇာရာဟုသည် ၈တန့်နှင့် ၁၂တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့အား ယှဥ်မြင်လျှင် နိုင်ငံခြားသွားရတတ်သည်။

၃၁။ အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။


**(က)နိုင်ငံခြားသို့ အလုပ်လုပ်ရန်သွားသူတစ်ဦး**

၂၀.၅.၂၀၀၁

ဂေါဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် ရာဟုဂြိုဟ်သည် ၃တန့်သခင် ၃-ဂ်ါနှင့် အပြန်အလှန်မြင်ပြီး၊ ၃တန့်သခင် ၃-ဂ်ါဂြိုဟ်သည် ၈တန့်၌တည်ပြီး ၈တန့်သခင် ၄-ဟူးအားမြင်ခြင်းဖြင့် သမ္ဗန္ဓပြုပါသဖြင့် နိုင်ငံခြားသို့သွားရန် ကံပါသူဖြစ်သည်။

ဂေါဇာရာဟု ဂြိုဟ်သည် လဂ်စန်းနှင့် မူလ ၁-နွေနှင့် ၈တန့်သခင် မူလ ၄-ဟူးဂြိုဟ်တို့အား မြင်ချိန်တွင် အလုပ်လုပ်ရန်အတွက် နိုင်ငံခြားသို့သွားရပါသည်။


**(ခ)နိုင်ငံခြားသို့ ဆွေးနွေးပွဲသွားရောက်တက်ရသူ တစ်ဦး**

၁၁.၃.၁၉၉၉

ကောဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် ရာဟုဂြိုဟ်သည် ၃တန့် ၁၂တန့်သခင် ၄-ဟူးနှင့်ပူးယှဉ်ပြီး ၈တန့်သခင် ၈နေနှင့် ၉တန့်သခင် ၅-တေးတို့ပူးယှဉ် သမ္ဗန္ဓပြုကြသဖြင့် နိုင်ငံခြားသို့သွားရန် ကံပါသည့်ဇာတာရှင် ဖြစ်ပါသည်။

ဂေါဇာရာဟုဂြိုဟ်သည် လဂ်နှင့်ပူးယှဉ်၍ ၈တန့်သခင် ၈နေဂြိုဟ်အား မြင်ချိန်တွင်ဌာနဆိုင်ရာ လုပ်ငန်းအတွက် ဆွေးနွေးရန်နိုင်ငံခြားသို့ သွားရောက်ခဲ့ပါသည်။


### (ဂ)နိုင်ငံခြားသို့အလုပ်လုပ်ရန်သွားသူ နောက်တစ်ဦး

၅.၇.၂၀၀၂

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ





မူလဇာတာတွင် ရာဟုဂြိုဟ်သည် ၁၂တန့်သခင်ဂြိုဟ်နှင့် ပူးယှဉ်ပြီး ၉တန့်သခင် ၆-ကြာဂြိုဟ်သည် ၃တန့်တွင်တည်၍ ၃တန့်သခင် ၃-ဂုဏ်ဂြိုဟ်၏ အမြင်ခံရခြင်းဖြင့် သမ္ဗန္ဓပြုကြပါ၍ နိုင်ငံခြားသို့ သွားရမည့် ဇာတာရှင်ဖြစ်ပါသည်။

ဂေါဇာရာဟုဂြိုဟ်သည် ၈တန့်၊ ၁၂တန့်ကိုမြင်သည်။ ဝေဒစည်းကမ်းနှင့် အထိုက်အလျောက်သာ ကိုက်ညီပါသည်။ အလုပ်လုပ်ရန် သြစတေးလျနိုင်ငံသို့ ဖေါ်ပြသည့်ရက်တွင် ထွက်ခွာသွားခဲ့ပြီးဖြစ်ပါသည်။ အကြောင်းပြချက်မရမကရှာ၍ ဆင်ခြေပေးရန် ဝါသနာမရှိပါ။ ၎င်းအပြင် တစ်ခါတစ်ရံ မူလဇာတာတွင်နိုင်ငံခြား သွားရကိန်း ပြည့်ပြည့်စုံစုံမပါဘဲ ဂေါဇာအစီးအမြင် အရနိုင်ငံခြားသွားရသည်များ တွေ့တတ်သည်ကိုဖေါ်ပြလိုပါသည်။ ဝေဒစည်းကမ်းများသည် ဖြစ်နိုင်ချေကိုခန့်မှန်းသော ပညာရပ်သာဖြစ်သည်။ ၅ယောက်ဟော၍ ၃ယောက်မှန်လျှင် ကျေနပ်သင့်ပါသည်။ စမ်းသပ်ဟောကြည့်ရန် မေတ္တာရပ်ခံပါသည်။


### (ဃ)သင်္ဘောသားတစ်ဦး နိုင်ငံခြားသင်္ဘောတွင် အမှုထမ်းရန် မြန်မာနိုင်ငံမှထွက်ခွာချိန်

၁၀.၄.၂၀၀၂

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ





မူလဇာတာတွင် ရာဟုဂြိုဟ်သည် ၃တန့်၊ ၈တန့်သခင် ၃-ဂုဏ်နှင့် ပူးယှဉ်ခြင်း၊ ၉တန့်သခင် ၆-ကြာနှင့် ၁၂တန့်သခင် ၁-နွေဂြိုဟ်တို့ ပူးယှဉ်ခြင်းကြောင့် နိုင်ငံခြားသွားရန် ကံပါသူဖြစ်ပါသည်။ ဂေါဇာရာဟုဂြိုဟ်သည် လဂ်အားမြင်ပြီး မူလရာဟု၊ ၈တန့်သခင် မူလ ၃-ဂုဏ်အား မြင်ချိန်၌ နိုင်ငံခြားသင်္ဘောတွင် သွားရောက် တာဝန်ထမ်းဆောင်ရပါသည်။


### (င)ပထမအကြိမ် နိုင်ငံခြားခရီးနှင့် ကျွန်တော်

၂၅.၁.၁၉၇၉ ရက်

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ





မူလဇာတာတွင် ရာဟုဂြိုဟ်သည် ၃တန့်၊ ၈တန့် သခင် ၃-ဂ်ါနှင့် အပြန်အလှန်မြင်ခြင်း၊ ၈တန့်သခင် ၃-ဂ်ါနှင့် ၁၂တန့်သခင် ၁-နေဂြိုဟ်တို့ အိမ်ချင်းလဲလှယ်၍ ပရိဝတ္တနပြုခြင်းတို့ကြောင့် နိုင်ငံခြားသွားရန် ကံပါနေပါသည်။

ဂေါဇာရာဟုသည် ၈တန့်သခင် မူလ ၃-ဂ်ါကို ယှဉ်၍ မူလရာဟုနှင့် ၈တန့်၌တည်သော ၁၂တန့်သခင် မူလ၁-နေဂြိုဟ်ကို မြင်ချိန်၌ ပရိဂျက်ရေးဆွဲရေး၂လသင်တန်းတက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

### (စ) ဒုတိယအကြိမ်နိုင်ငံခြားခရီးနှင့် ကျွန်တော်

၄.၂.၁၉၈၆

ဂေါဇာဂြိုဟ်နေ




ဂေါဇာရာဟုဂြိုဟ်သည် ၈တန့်၌တည်သော ၁၂တန့်သခင် မူလ ၁-နေကို ယှဉ်၍ ၁၂တန့်၌ တည်သော ၈တန့်သခင် မူလ ၃-ဂ်ါဂြိုဟ်အားမြင်ချိန်၌ ၂လကြာသည့်လေ့လာရေးခရီးအတွက် နီပေါ၊ အိန္ဒိယ၊ ထိုင်းနှင့် တရုတ်နိုင်ငံသို့သွားရောက်ခဲ့ရပါသည်။

**ရှင်းလင်းချက်-၆။** **ဂေါဇာ ၅-တေးသည် ၂တန့်၊ ၉တန့်၊ ၁၀တန့်၊ ၁၁တန့်တစ်ခုခုအားအယှဉ်အမြင် ကြုံကြိုက် လျှင် အကျိုးအမြတ်ရှိသော ခရီးဟုလည်းကောင်း၊ ဂေါဇာ စနေ၏အယှဉ်အမြင်ကြုံကြိုက် လျှင်စိတ်ဆင်းရဲမှု တစ်ခုခုကြုံတွေ့နိုင်သည့်ခရီးဟုလည်းကောင်း ယူဆနိုင်ပါသည်။ အခြား ဂေါဇာဂြိုဟ်များ အယှဉ်အမြင်ကိုလည်း ဉာဏ်ရှိသလို ချဲ့ထွင်စဉ်းစားနိုင်သည်။**

# အခန်း - ၇

## အိမ်ထောင်ရေး

၃၂။ အိမ်ထောင်ရေး၊ အချစ်ရေးနှင့် ပတ်သက်လျှင် ၇တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်၊ အချစ်ဂြိုဟ် ၆-ကြာဂြိုဟ်တို့အား ဂေါဇာ ၅-တေးဂြိုဟ်၏အယှဥ်အမြင်သည်လည်းကောင်း၊ ဂေါဇာသွားသော ၇တန့်အိမ်ရှင် သောမဂြိုဟ်က ၇တန့်ဘာဝနှင့် အိမ်ထောင်ရေး၊ အချစ်ရေး ၆-ကြာတို့အား အယှဥ်အမြင်တို့သည်လည်းကောင်း ထိုကိစ္စများဖြစ်ပေါ်ရန် အားပေးလှုံ့ဆော်ပါသည်။ ၇တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်နှင့် ၆-ကြာတို့အား ဂေါဇာ ၃-ဂ်ါ၊ စနေနှင့် ရာဟုတို့၏ အယှဥ်အမြင်သည် အိမ်ထောင်ရေး၊ အချစ်ရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေပါသည်။ အိမ်ထောင် ရေးနှင့် ပတ်သက်လျှင် ၅-တေးဂြိုဟ်၏ အယှဥ်အမြင်သည် အမြဲပါနေတတ်သည်။ အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က)ဂေါဇာ ၅-တေးဂြိုဟ်သည် လဂ်မှ ၇တန့်အား ယှဥ်မြင်ခြင်းရှိလျှင် လက်ထပ်ရတတ်သည်။ ချစ်သူတွေ့တတ်သည်။ အိမ်ထောင်ရှင်ဖြစ်လျှင် စန်းပွင့်တတ်သည်။

(ခ) ဂေါဇာ ၃-ဂ်ါ သို့မဟုတ် စနေ သို့မဟုတ် ရာဟုဂြိုဟ်သည် လဂ်မှ ၇တန့်အားယှဥ်မြင်လျှင် အချစ်ရေး၊ အိမ်ထောင်ရေး ပြဿနာပေါ်တတ်သည်။

(ဂ) ဂေါဇာစနေဂြိုဟ်သည် လဂ်မှ ၄တန့်အား ယှဥ်မြင်လျှင် အချစ်ရေး၊ အိမ်ထောင်ရေး ကွဲတတ်ပြတတ်သည်။ (၄တန့်သည် အိုးအိမ်၊ ချမ်းသာခြင်း၊ စိတ်သဘောထားတို့နှင့် ဆိုင်သဖြင့် ထိုဘာဝအား ပါပဂြိုဟ်စနေယှဥ်မြင်လျှင် အိမ်ထောင်ရေး၊ အချစ်ရေးပျက်သည်ဟု ယူဆခြင်းဖြစ်သည်။)

(ဃ)လဂ်မှ ၇တန့်ဘာဝသည် ဂေါဇာ ပါပဂြိုဟ်များ၏ ကတ္တရိသင့်ခြင်း ခံရလျှင် အိမ်ထောင်ရေး ပျက်စီးတတ်သည်။


(င)ဂေါဇာစ ပါပဂြိုဟ်များသည် လဂ်၊ လဂ်သခင်နှင့် စန်းတို့အား ယှဥ်မြင်လျှင် အိမ်ထောင်ရေးထိခိုက်ပျက်စီးတတ်သည်။

၃၃။ အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။


**(က)အိမ်ထောင်ကျချိန်၌ အိမ်ထောင်ကျသူတစ်ဦး**

၅.၅.၁၉၉၁

ဂေါဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် ၇တန့်ဘာဝကို ၃-ဂ်ါနှင့် စနေဂြိုဟ်မြင်ထားသော်လည်း ၇တန့်သခင်ဂြိုဟ် ၅-တေးသည် မိမိကသစ်အိမ်တွင်တည်နေသဖြင့် အိမ်ထောင်ကျနိုင်သည့်ဇာတာဖြစ်ပါသည်။ ဂေါဇာ ၅-တေးဂြိုဟ် (၇တန့် သခင်ဂြိုဟ်လည်း ဖြစ်သည်) ဥစ်မူ၍ ၇တန့်ဘာဝနှင့် ၇တန့်သခင်ဂြိုဟ် မူလ ၅-တေးဂြိုဟ်အားမြင်ချိန်၌ အိမ်ထောင် ကျခဲ့ပါသည်။ ဂေါဇာ ၅-တေးဂြိုဟ်သည် မူလ ၆-ကြာဂြိုဟ်အား ယှဥ်ချိန်ဖြစ်သဖြင့် အိမ်ထောင်ကျရန် ပို၍ သေချာနေပါသည်။ သို့သော် ဂေါဇာစနေဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့၏ ၇တန့်ဘာဝနှင့် ဘာဝသခင် မူလ ၅-တေးဂြိုဟ် တို့အား

ဆက်တိုက်အမြင်ကြောင့် အိမ်ထောင်ကျပြီးနောက် အတူမနေရပဲ ထိုအမြင်များမလွက်မချင်း မောင်တစ်ရွာ မယ်တစ်မြို့ခွဲ၍ နေခဲ့ရပါသည်။


**(ခ)အိမ်ထောင်ကျချိန်၌ အိမ်ထောင်ကျသူ တစ်ခြားတစ်ဦး**

၁၈.၂.၁၉၉၃

ဂေါ်ဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် ၇တန့်ဘာဝကို ပါပဂြိုဟ် စနေမြင်ထားသော်လည်း ယောဂကာရကဂြိုဟ် အနေဖြင့်မြင်ခြင်း၊ ၇တန့်သခင် ၃-ဂ်ါဂြိုဟ်သည်၇တန့်ဘာဝအားမြင်ခြင်း၊ လဂ်သခင် ၆-ကြာနှင့် ၂တန့်၊ ၅တန့်သခင် ၄-ဟူးတို့ ၂တန့်၌ ပူးယှဉ်ခြင်းကြောင့် အိမ်ထောင်ကျနိုင်သည့်ဇာတာဖြစ်ပါသည်။ ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ၇တန့်သခင် မူလ ၃-ဂ်ါနှင့် လဂ်အားမြင်ချိန်၌ အိမ်ထောင်ကျခဲ့ပါသည်။ အချစ်ဂြိုဟ် အိမ်ထောင်ဂြိုဟ်ဂေါ်ဇာ ၆-ကြာဂြိုဟ် ဥစ်မူနေခြင်းကလည်း အိမ်ထောင်ကျရန် ပို၍ သေချာစေပါသည်။


**(ဂ)အိမ်ထောင်ကျချိန်၌ အိမ်ထောင်ကျသူ နောက်တစ်ဦး**

၁၈.၂.၁၉၉၃ ရက်

ဂေါ်ဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် ၇တန့်ဘာဝအားပါပဂြိုဟ်များ၏အယှဉ်အမြင်မရှိပါ။ ၇တန့်သခင်ဂြိုဟ် ၂-လာသည် လဂ်နှင့် ပူးယှဉ်လျှက် ၇တန့်ဘာဝအားမြင်လျှက် ရှိပါသဖြင့် အိမ်ထောင်ကျနိုင်သည့် ဇာတာရှင်ဖြစ်ပါသည်။ဂေါ်ဇာ ၅-တေးဂြိုဟ် သည် ၇တန့် သခင်ဂြိုဟ် မူလစန်းနှင့် လဂ်အားမြင်ချိန်၌ အိမ်ထောင်ကျခဲ့ပါသည်။


## (ဃ)ကျွန်တော်အိမ်ထောင်ကျချိန်

၁၈.၁၂.၁၉၇၀

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ





မူလဇာတာတွင် ၇တန့်ဘာဝအား ပါပဂြိုဟ် ၃-ဂ်ါနှင့် စနေဂြိုဟ်တို့အမြင်ရှိခြင်း၊ ၇တန့်သခင် ၅-တေးဂြိုဟ်အား ၃-ဂ်ါဂြိုဟ်ပူးယှဥ်၍ ရာဟုဂြိုဟ်ကမြင်ထားခြင်း၊ ၇တန့်ဘာဝအား ရာဟုနှင့် ၁-နွေဂြိုဟ် တို့၏ပါပကတ္တရိသင့်ခြင်းရှိသဖြင့် အိမ်ထောင်မကျနိုင်ဟု ယူဆ၍မရပါ။ လက်တွေ့တွင် ကျွန်တော်၏ဇနီးသည် ကျွန်တော်နှင့် ဘာသာမတူသူဖြစ်၍ အခက်အခဲများစွာကျော်လွှားပြီးမှ အိမ်ထောင်ကျခဲ့ပါသည်။ အိမ်ထောင်သက်တမ်း ၂၂ နှစ်အတွင်း သားသမီးနေမကောင်းသည်ကို အကြောင်းပြု၍ ၂ကြိမ်၊ ၃ကြိမ် စကားများရဖူးသည်မှ အပ ခိုက်ရန်ဖြစ်ခဲ့ခြင်းမရှိပါ။ အချို့ကိစ္စတွင် လူပေါ်၌ မူတည်သည်ကိုလည်း သတိမူသင့်ပါသည်။ အိမ်ထောင်ရေးကာရကဂြိုဟ် ၆-ကြာသည် ပါပဂြိုဟ်များ၏ အယှဥ်အမြင် မရှိသည့်အပြင် ကသစ်မူနေသဖြင့် အိမ်ထာင်ဘက်သည် အဆင့်အတန်းရှိ သူဖြစ်တတ်သည့် အဟောအရ သူမသည် ဘွဲ့ရအစိုးရအရာရှိ တစ်ဦးဖြစ်ပါသည်။

ဂေါဇာ ၅-တေးဂြိုဟ် (၇တန့်သခင်ဂြိုဟ်လည်းဖြစ်သည်) သည် ၇တန့်ဘာဝနှင့် မူလ ၆-ကြာ (အိမ်ထောင်ရေး၊ အချစ်ရေး ကာရကဂြိုဟ်) အားမြင်ချိန်၌ အိမ်ထောင်ကျခဲ့ပါသည်။ သို့သော် ဂေါဇာရာဟုနှင့် စနေတို့သည် ၇တန့်ဘာဝအား ပါပကတ္တရိသင့်ထားသဖြင့် အိမ်ထောင်သာကျခဲ့သော်လည်း မောင်တစ်ရွာ၊ မယ်တစ်မြို့ခွဲနေခဲ့ရ ပါသည်။ ထို ပါပကတ္တရိလွတ်ပြီး ၁၉၇၄ ခုနှစ်ရောက်မှ အတူနေခွင့်ရခဲ့ပါသည်။


## (င) ကျွန်တော်၏ အိမ်ထောင်ဖက် ကွယ်လွန်ချိန်

၂၀.၁.၁၉၉၂ ရက်

ဂေါဇာဂြိုဟ်နေ




မူလဖွားဇာတာ




မူလဇာတာတွင် ၇တန့်ဘာဝအား ၃-ဂ်ါနှင့် စနေမြင်ခြင်း၊ ၇တန့်ဘာဝသခင် ၅-တေးအား ၃-ဂ်ါကပူးယှဥ်ပြီး ရာဟုဂြိုဟ်ကမြင်နေခြင်း၊ ၇တန့်ဘာဝသည် ၁-နွေနှင့် ရာဟုတို့ပါပကတ္တရိသင့်ခြင်းကို ခံနေရခြင်းများပါရှိနေပါသည်။ အိမ်ထောင်ရေး ကာရကဂြိုဟ် ၆-ကြာ တစ်လုံးသာ ပါပဂြိုဟ်အယှဥ်အမြင်လွတ်ပြီး ကသစ်မူနေသည့် ကောင်းကွက်


တစ်ခုသာ ရှိပါသည်။ ဂေါ်ဇာ ၃-၈်ါနှင့် စနေဂြိုဟ်တို့သည် လင်္ဂမှ ၇တန့်ဘာဝအား မြင်ချိန်နှင့် ဂေါ်ဇာရာဟုသည် ၄တန့်ဘာဝကိုယှဉ်၍ ၇တန့်သခင် မူလ ၅-တေးဂြိုဟ်တို့အား မြင်နေချိန်တွင် အိမ်ထောင်ရေးပြိုကွဲပျက်စီးရမည့် အဟောအရ ကျွန်တော်၏ ဇနီးကွယ်လွန်သွားခဲ့ပါသည်။

ကျွန်တော်သည် မိမိအကြောင်းကိုပြောလိုရေးလိုလှသည်မဟုတ်ပါ။ သို့သော်လည်း ဤကျမ်းငယ်ကိုပြုစုရာတွင် မိမိဇာတာ၊ မိမိအဖြစ်အပျက်၊ ဝေဒစည်းကမ်းနှင့် အဆိုအမိန့်တို့ကို ပေါင်းစပ်စဉ်းစားခြင်းအားဖြင့် ရရှိလာသည့် ဖြစ်နိုင်ချေဝေဒသဘောတရားများဖြင့် အခြားသူများအား စမ်းသပ်ဟောရာတွင်လည်း တော်တော်များများ မှန်နေတတ်သည်ကို တွေ့ရှိရသဖြင့် တင်ပြခြင်းသာဖြစ်ပါသည်။ ငါ့စကား နွားရ ပြောနေခြင်းသာ ဖြစ်ပါသည်။ သဘော ပေါက်အောင် လေ့လာပြီးစမ်းသပ်ဟောကြည့်ရန် မေတ္တာရပ်ခံအပ်ပါသည်။


**(စ) အသက်ကြီး၍ မြေးရပြီးမှ မိန်းမကိုအိမ်ပေါ်ကနှင်ချသည့် ကျွန်တော်၏သူငယ်ချင်း**

၁၁.၁.၂၀၀၂ ရက် — ၂၈.၄.၁၉၂၉ ခု၁-နွေနေ့

ဂေါ်ဇာဂြိုဟ်နေ — ညနေ ၆း၃၀၊ မောင်းတော်မြို့။




**မူလဖွားဇာတာ**




သူသည် ကျွန်တော်ထက် အသက် ၄နှစ်ကျော်ကြီးသူဖြစ်သည်။ သက်ကြီးတက္ကသိုလ်တွင် ကျောင်းတက်ခဲ့စဉ်က ကျွန်တော်ထက် ၂တန်းငယ်သည်။ ဘော်ဒါဆောင်တွင် အခန်းတစ်ခန်းတည်း ၂ယောက်အတူနေခဲ့ဖူးသည်။ ကျွန်တော်အား သူက အရှူးဟုသတ်မှတ်ထားသည်။ အလွန်အငြင်းသန်သူဖြစ်သည်။ အငြင်းသန်သော တူလင်္ဂပိုင်ရှင်အား ကန့်လင်္ဂပိုင်ရှင် ဉာဏ်ကြီးရှင် ကျွန်တော်သည် သူ့အားဘယ်သောအခါမျှ အတိုက်အခံ မပြောပါ။ ယခုစာရေးချိန် ကျွန်တော်အသက် ၇၁နှစ် သူက ၇၅နှစ် အရွယ်အထိ ယခင်ငယ်စဉ်က အတိုင်းခင်မင်လျက်ရှိကြပါသည်။ သူ့အကြောင်းရေးသည်ကိုသိလျှင် ကျွန်တော်အား နားရင်းအုပ်မည်လားမသိပါ။ ကျွန်တော်၏ စာကိုဖတ်ရန်ကား မဖြစ်နိုင်။ မျက်စိကွယ်သလို ဖြစ်နေပါသည်။ မျက်စိနှင့်ပတ်သက်၍ ၁၂တန့်ကို ၃-၈်ါနှင့် စနေမြင်သည်။ စန်းကို စနေပူးယှဉ်သည်ကို ၃-၈်ါမြင်သည်။ ၂တန့်ကို စနေနှင့်ကိတ်တို့ ပါပကတ္တရိသင့်သည်။ ၁-နွေသည် ရာဟုနှင့်ယှဉ်သည်။ မျက်စိကွယ်ရသည့်အကြောင်းအရင်း ဖြစ်ပါသည်။ သူ၏ မူလဇာတာတွင် ၇တန့်၌ ရာဟုတည်နေပြီး ကိတ်ဂြိုဟ်က လင်္ဂကို ပူးယှဉ်နေသည်။ ၇တန့်သခင် ၃-၈်ါဂြိုဟ်အားစနေဂြိုဟ်ကမြင်နေလျက်ရှိသည်။ စန်းနှင့် စနေပူးယှဉ်သည်ကို ပါပဂြိုဟ် ၃-၈်ါကမြင်လျက်ရှိသည်။ လင်္ဂသခင် ၆ကြာဂြိုဟ်သည် ၆တန့်၌ ဥစ်မူနေပါသည်။ စိတ်နေစိတ် ထားမည်မျှထူးခြားမည့်သူ ဖြစ်သည်ကို စဉ်းစားသာကြည့်ပါဟု ပြောလိုပါသည်။ ၄-ဟူးနှင့် ၅-တေးဂြိုဟ်တို့ ၇တန့်၌တည်ပြီး လင်္ဂအားမြင်သဖြင့်သာ တော်တော့သည်။

ဂေါ်ဇာ ၃-၈်ါဂြိုဟ်သည် အိမ်ထောင်ရေးကာရကဂြိုဟ် မူလ ၆-ကြာဂြိုဟ်အား စီး၍ မူလ ၇တန့်ဘာဝအား ဂေါ်ဇာ စနေဂြိုဟ်နှင့်ပေါင်း၍ ကတ္တရိသင့်ထားပြီး ၇တန့်သခင် မူလ ၃-၈်ါဂြိုဟ်အား မြင်ချိန်၌ ဇနီးနှင့် သားသမီးများအား အိမ်ပေါ်မှ နှင်ချခဲ့ပါသည်။ ထိုအချိန်တွင် ဂေါ်ဇာ ၃-၈်ါသည် လင်္ဂအားလည်း စတန့်အမြင်ဖြင့် မြင်လျက်ရှိပါသည်။ ဂေါ်ဇာ ရာဟုကလည်း ၇တန့်သခင် မူလ ၃-၈်ါအား ယှဉ်ပြီးလင်္ဂ၊ မူလစန်းနှင့်စနေတို့ကို မြင်နေပါသည်။ ဤကဲ့သို့ ဂေါ်ဇာ စနေ၊ ၃-၈်ါ၊ ရာဟုတို့ အယှဉ်အမြင် ကြုံမိပြီဆိုလျှင် အသက်ငယ်သည် ကြီးသည်မရွေး ဒုက္ခပေးတော့သည်။ ငြိမ်းချမ်းရေးတရားဟောခဲ့သော ကျွန်တော်လည်း ရန်တွေ့ခံခဲ့ရပါသည်။ ထိုဂြိုဟ်ခွင်ပျက်သွားပြီး နောက်ပိုင်း

ကျမှ သူတို့ပြန်ပေါင်းထုပ်သွားသည်။

## အခန်း - ၈

### ပညာရေး

၃၄။ ပညာရေးနှင့်ပတ်သက်လျှင် ၄တန့်၊ ၅တန့်၊ ၉တန့်၊ ၁၀တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်များ၊ ၄-ဟူးနှင့် ၅-တေးဂြိုဟ်များသည် အရေးကြီးပါသည်။ ၎င်းတို့အား ဂေါ်ဇာသွားသော ၅-တေးဂြိုဟ်၊ ၄-ဟူးဂြိုဟ်တို့ အယှဉ်အမြင်ရှိလျှင် စာမေးပွဲအောင်ပါသည်။ အထူးသဖြင့် ၄တန့်ဘာဝနှင့် ၄တန့်သခင်ဂြိုဟ်အား ဂေါ်ဇာ ၅-တေးနှင့် ၄-ဟူးဂြိုဟ်တို့၏ အယှဉ်အမြင်သည် အရေးကြီးပါသည်။ ထိုအယှဉ်အမြင်တွင် ၁၀တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့ပါလာလျှင် ဂုဏ်ထူးပင်ရတတ်ပါသည်။ မူလဇာတာတွင် ပညာရေးကောင်းသည့် ဇာတာဖြစ်ရန်လိုပါသည်။ (မူလဖွားဇာတာ အဟောကျမ်း အခန်း-၈ ကိုဖတ်ပါ။)အောက်ပါတို့ကို လေ့လာထားသင့်ပါသည်။

(က)ဂေါ်ဇာ ၅-တေးသည် မူလ ၅-တေးသို့မဟုတ် မူလ ၄-ဟူးဂြိုဟ်အား အယှဉ်အမြင် ရှိခြင်းနှင့် ၄တန့်၊ ၅တန့်၊ ၉တန့်ဘာဝ၊ ဘာဝသခင်ဂြိုဟ်တစ်ခုခုအားအယှဉ်အမြင် ရှိခြင်း။

(ခ) ဂေါ်ဇာ ၄-ဟူးသည် မူလ၅-တေးဂြိုဟ်အား အယှဉ်အမြင်ရှိခြင်းနှင့် ၄တန့်၊ ၅တန့်၊ ၉တန့်ဘာဝ၊ ဘာဝသခင်ဂြိုဟ် တစ်ခုခုအားအယှဉ်အမြင်ရှိခြင်း။

(ဂ) ဂေါ်ဇာ ၅-တေးဖြစ်စေ၊ ၄-ဟူးဖြစ်စေ ၁၀တန့်ဘာဝသို့မဟုတ် ၁၀တန့်ဘာဝသခင်ဂြိုဟ်အား အမြင်အယှဉ် ရှိခြင်း။

(ဃ)၎င်း ၃ချက်တွင် စာပိုဒ်ခွဲ (က)ဖြစ်စေ၊ (ခ)ဖြစ်စေ တစ်ခုခုညီညွှတ်လျှင် စာမေးပွဲအောင်နိုင်ပါသည်။ စာပိုဒ် ခွဲ (က)(ခ)နှစ်ခုလုံးနှင့်ကိုက်ညီလျှင် ပို၍သေချာသည်။ စာပိုဒ်ခွဲ(ဂ)ပါ ပါဝင်ကိုက်ညီလာလျှင် အဆင့်မြင့်မြင့် ဖြစ်စေ၊ ဂုဏ်ထူးဖြစ်စေ ပါလာတတ်ပါသည်။

(င) စာမေးပွဲကျင်းပသည့် အင်္ဂလိပ်လ တစ်လအတွက် ဂေါ်ဇာဂြိုဟ်များ၏ အနေအထားကိုချကြည့်ပါ။ အောင်မအောင် အဆင့်ကောင်းမကောင်းကို စာပိုဒ်ခွဲ (က)(ခ)(ဂ)ဖြင့် စစ်ဆေးကြည့်ပါ။ အမှန်များနေတတ် ပါသည်။ သတိပြုရမည့် အချက်မှာ ဂေါ်ဇာစနေနှင့် ဂေါ်ဇာ ရာဟုတို့၏ စာသင်နှစ်အတွင်းကို ကြည့်ရန်လို ပါသည်။ မိဘချမ်းသာသော ကျောင်းသူကျောင်းသားသည် ဂေါ်ဇာစနေနှင့် ရာဟုဂြိုဟ်တို့ ၄တန့်ဘာဝအား အယှဉ်အမြင်ကြုံကြိုက်နေခဲ့လျှင် စာကောင်းကောင်းမဖတ်ခဲ့သူဟုယူဆနိုင်သည်။ မိဘဆင်းရဲသော ကျောင်းသူကျောင်းသားသည် စနေနှင့် ရာဟုဂြိုဟ်တို့ ၂တန့်ဘာဝအား အယှဉ်အမြင်ကြုံကြိုက်နေခဲ့လျှင် စာဖတ်ရန် အခွင့်အလမ်းကောင်းကောင်းမရခဲ့ဟု ယူဆနိုင်ပါသည်။ ဂေါ်ဇာစနေနှင့် ရာဟုဂြိုဟ်တို့၄တန့်အား အမြင်အယှဉ်ကြုံကြိုက်ခြင်းသည် မိခင်နှင့်ပတ်သက်သာ စိတ်ဆင်းရဲမှု၊ ၉တန့်အား အမြင်အယှဉ် ကြုံကြိုက်လျှင် ဖခင်နှင့်ပတ်သက်သော စိတ်ဆင်းရဲမှု၊ ၂တန့်အားကြုံကြိုက်ခြင်းသည် အိမ်သူ အိမ်သားနှင့် ပတ်သက်သော စိတ်ဆင်းရဲမှုဟု ဉာဏ်ရှိသလောက် ချဲ့ထွင် စဉ်းစားနိုင်ပါသည်။ ၎င်းကဲ့သို့ ကျောင်းသား ကျောင်းသူတို့၏ လူမှုရေးပတ်ဝန်းကျင်နှင့် ၎င်းတို့၏စိတ်ခံစားချက်များကို ထည့်သွင်းစဉ်းစားနိုင်လျှင် ၅ယောက်ဟော ၃ယောက် မှန်နိုင်ပါသည်။


(စ) မူလဖွားဇာတာတွင်ပါရှိသော ပညာရေး ကောင်းမကောင်းကို ကြည့်ရန်မမေ့ပါနှင့်။

၃၅။ အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။


**(က)အာရှ်အေ စာမေးပွဲတွင် ရွှေတံဆိပ်ဆုရခဲ့သူတစ်ဦး**

၁၉၆၁ ဒီဇင်ဘာလ

ဂေါ်ဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**





မူလဇာတာတွင် ၅တနင်္ဂနွေသခင်၊ ၂-လာဂြိုဟ်နှင့် လဂ်နှင့် ၁၀တနင်္ဂနွေသခင်ဂြိုဟ် ၅-တေးတို့ အပြန်အလှန်မြင်ခြင်းဖြင့် သမ္ဗန္ဓပြုကြပါသည်။ ၃-ဂ်ါဂြိုဟ်သည် ၂တနင်္ဂနွေနှင့် ၉တနင်္ဂနွေသခင်ဖြစ်ပါသည်။ ၃-ဂ်ါဂြိုဟ်ပိုင်အိမ်တွင် ၅-တေးဂြိုဟ်က တည်နေပြီး ၃-ဂ်ါဂြိုဟ်အားမြင်ခြင်းဖြင့် သမ္ဗန္ဓပြုပါသည်။ ၉တနင်္ဂနွေသခင် ၃-ဂ်ါဂြိုဟ်သည် ၉တနင်္ဂနွေအားမြင်ပြီး လဂ်အားလည်း မြင်လျှက်ရှိပါသည်။ ၅တနင်္ဂနွေသခင် ၂-လာသည် ၆-ကြာဂြိုဟ်ပိုင်အိမ်တွင် ရပ်တည်ပြီး ၆-ကြာဂြိုဟ်သည် ၄တနင်္ဂနွေနှင့် ၄-ဟူးဂြိုဟ်ပိုင်အိမ်တွင်တည်၍ ၄-ဟူးဂြိုဟ်သည် ၅တနင်္ဂနွေ ၂-လာဂြိုဟ်ပိုင်အိမ်တွင် ရပ်တည်ခြင်းဖြင့် ပညာနှင့် ပတ်သက်သော ယုဂ်ကိုဖြစ်ပေါ်စေပါသည်။

ဂေါ်ဇာသွားသော ၁၀တနင်္ဂနွေသခင် ၅-တေးဂြိုဟ်သည် နိစ်မူ၍ လဂ်မှ ၄တနင်္ဂနွေသခင် ၄-ဟူးဂြိုဟ်သည် လဂ်မှ ၁၀တနင်္ဂနွေ၌တည်ပြီး မိမိပိုင် ၄တနင်္ဂနွေဘာဝကို မြင်သဖြင့် ဘီကွမ်းဘွဲ့ရပြီးသူများနှင့် ဖြေရသည့် အာရှ်အေ စာမေးပွဲတွင် ရွှေတံဆိပ်ဆု ရခဲ့ပါသည်။ ထိုအချိန်က သူသည် ၁၀တန်းသာ အောင်ထားပါသည်။ ဂေါ်ဇာစနေဂြိုဟ်သည် လဂ်မှ ၂တနင်္ဂနွေ နှင့် မူလစနေဂြိုဟ်အားမြင်ထားရာ ဆင်းရဲပင်ပန်းစွာဖြင့် ရုန်းကန်လှုပ်ရှားခဲ့ရသည်မှာ ထင်ရှားပါသည်။


**(ခ) ၁၀တန်း စာမေးပွဲအောင်၍ တက္ကသိုလ်တက်ခွင့်ရသူ**

၁၉၉၂ မတ်လ

ဂေါ်ဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**





မူလဇာတာတွင် ၉တနင်္ဂနွေသခင် ၅-တေးဂြိုဟ်သည် မိမိအိမ်မှ ၄တနင်္ဂနွေသခင် ၆-ကြာနှင့် ၅တနင်္ဂနွေဘာဝကို မြင်သည်။ ၅တနင်္ဂနွေ ၁၀တနင်္ဂနွေ သခင် ၃-ဂ်ါနှင့်လည်း အံသာနီးကပ်စွာ ပူးယှဉ်ခြင်းဖြင့် ပညာယုဂ်ကိုဖြစ်ပေါ်စေသည်။ ဂေါ်ဇာ ၄-ဟူးဂြိုဟ်သည် ဗျတ္တဇာသွား လဂ်မှ ၉တနင်္ဂနွေသခင် မူလ ၅-တေးနှင့် ၉တနင်္ဂနွေဘာဝ၌ ယှဉ်နေသည်။ ဂေါ်ဇာ ၅-တေးသည် ဗျတ္တဇာသွား၍ ၁၀တနင်္ဂနွေဘာဝနှင့် ၁၀တနင်္ဂနွေဘာဝသခင် မူလ ၃-ဂ်ါကိုမြင်သည်။ အမှတ်ကောင်းကောင်းဖြင့်အောင်သင့်သူဖြစ်သည်။ စာမေးပွဲမဖြေမီ တစ်လခွဲလောက်အလိုတွင် သူမ၏ မိခင်သည် ကွယ်လွန်ခဲ့သည်။ဂေါ်ဇာ

စနေဂြိုဟ်သည် ၄တန့်နှင့် ၄တန့်သခင်ဂြိုဟ် မူလ ၆-ကြာအား မြင်လျှက်ရှိခြင်းသည် မိခင်နှင့်ပတ်သက်သော စိတ်ဆင်းရဲမှုကို ဖေါ်ပြလျှက်ရှိပါသည်။


**(ဂ)၁၀တန်းစာမေးပွဲအောင်၍ တက္ကသိုလ်တက်ခွင့်ရသူ တစ်ခြားသူတစ်ဦး**

၁၉၈၈ မတ်လ

ဂေါ်ဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**





မူလဇာတာတွင် ၉တန့်သခင် ၅-တေးဂြိုဟ်သည် ၄တန့်ဘာဝအား မြင်ခြင်း၊ ၄တန့်သခင် ၂-လာဂြိုဟ်သည် ၅-တေးဂြိုဟ်၏ ကသစ်အိမ် ၉တန့်ဘာဝကို မြင်ခြင်းဖြင့် ပညာယုဂ်ကိုဖြစ်ပေါ်စေပါသည်။ ဂေါ်ဇာ ၅-တေးဂြိုဟ်သည် ၉တန့်သခင်အနေဖြင့် လဂ်နှင့်ယှဉ်ပြီး ၅တန့်နှင့် ၉တန့်ကိုမြင်လျှက်ရှိသည်။ ဂေါ်ဇာ ၄-ဟူးဂြိုဟ်သည် လဂ်မှ ၁၀တန့်၊ ၁၁တန့်ဘာဝကို ယှဉ်ပြီး ၄တန့်၊ ၅တန့်ဘာဝကို မြင်လျှက်ရှိသည်။ ဂုဏ်ထူး ၂ခုထွက်သော်လည်း စုစုပေါင်းအမှတ်နည်းသဖြင့် အင်ဂျင်နီယာနှင့် ဆေးတက္ကသိုလ်တက်ခွင့်မရခဲ့ပါ။


**(ဃ)၁၀တန်းစာမေးပွဲအောင်၍ အင်ဂျင်နီယာဖြစ်လာသူ**

၁၉၉၄ မတ်လ

ဂေါ်ဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**




မူလဖွားဇာတာတွင် ၄တန့်သခင် ၅-တေးဂြိုဟ်သည် ၉တန့်သခင် ၆-ကြာဂြိုဟ်ပိုင်အိမ်၌ တည်နေပြီး ၆-ကြာဂြိုဟ်အားမြင်ခြင်းဖြင့် သမ္ဗန္ဓပြု၍ ပညာယုဂ်ကို ဖြစ်ပေါ်စေသည်။

ဂေါ်ဇာသွားသော ၅-တေးဂြိုဟ်သည် လဂ်မှ ၂တန့်၌ ဗျက္ကဇာသွားနေသည်။ စာပိုဒ် ၃၄(က)တွင် တင်ပြထားသည့် ဝေဒစည်းကမ်းနှင့် ညီညွတ်ခြင်းမရှိပါ။ သို့သော်သတိပြုသင့်သည့်အချက်မှာ ထို ၅-တေးဂြိုဟ်သည် ၄တန့်သခင်ဖြစ်ပြီးအားကြီးစွာ ၄-ဟူးဂြိုဟ်၏ကသစ်အိမ် လဂ်မှ ၁၀တန့်အား စာပိုဒ်(ဂ)အတိုင်းမြင်နေပါသည်။ ထို့ကြောင့် ၁၀တန်းစာမေးပွဲတွင် အမှတ်ကောင်းကောင်းရ၍ နည်းပညာသိပ္ပံတက်ခွင့်ရသည်ဟု ယူဆသင့်ပါသည်။ အင်ဂျင်နီယာယုဂ်ပါ၍ ထိုသို့ပြောခြင်းဖြစ်ပါသည်။


ဤဇာတာတွင် အင်ဂျင်နီယာ ဖြစ်နိုင်သည့် ယုဂ်ပါရှိပါသည်။ ဆရာကြီး ဒေါက်တာ ဗိုလ်လေးသုတေသနပြုထားသည့်ယုဂ်များအနက် အင်ဂျင်နီယာယုဂ်သည် အမှန်များကြောင့်တွေ့ရသဖြင့် စာဖတ်သူတို့၏ အကျိုးငှာဖေါ်ပြ

လိုက်ပါသည်။ မူလဇာတာတွင် လဂ်မှ ၃တန့်၊ ၅တန့်၊ ၁၀တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်များ သမ္ဗန္ဓပြုခြင်း။ အဆောက် အဦးနှင့် စက်ပစ္စည်းကာရကဂြိုဟ် ၃-င်္ဂါနှင့် မြေယာကာရကဂြိုဟ် စနေသမ္ဗန္ဓပြုခြင်း။ ၁-နွေဂြိုဟ်သည် ၂-လာသို့မဟုတ် ၃-င်္ဂါဂြိုဟ်နှင့် သမ္ဗန္ဓပြုခြင်းကို အင်ဂျင်နီယာယုဂ်ဟုသတ်မှတ်ထားပါသည်။ ယခုဇာတာတွင် လဂ်မှ ၃တန့်သခင်သည် ၃-င်္ဂါ၊ ၅တန့်သခင်သည် စနေ၊ ၁၀တန့်သခင် ၄-ဟူးဖြစ်ပါသည်။ ၃တန့်သခင် ၃-င်္ဂါနှင့် ၁၀တန့်သခင်၄-ဟူးဖြစ်ပါသည်။ ၃တန့်သခင် ၃-င်္ဂါနှင့် ၁၀တန့်သခင် ၄-ဟူးဂြိုဟ်တို့ ပူးယှဉ်သမ္ဗန္ဓပြုလျှက်ရှိသည်ကို ၅တန့်သခင် စနေဂြိုဟ်ကမြင်လျှက်ရှိပါသည်။ မြေယာကာရကဂြိုဟ်စနေသည် စက်ပစ္စည်းကာရကဂြိုဟ် ၃-င်္ဂါနှင့် ၃-င်္ဂါဂြိုဟ်ပိုင် ရာသီကိုမြင်ခြင်းဖြင့် သမ္ဗန္ဓပြုပါသည်။ ၁-နွေဂြိုဟ်သည် ၃-င်္ဂါဂြိုဟ်အားပူးယှဉ်သမ္ဗန္ဓပြုထားပါသည်။ ထို့ကြောင့်ဇာတာရှင်သည် နည်းပညာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခွင့်ရပြီး အင်ဂျင်နီယာဖြစ်လာပါသည်။


### (င)ဆယ်တန်းစာမေးပွဲအောင်၍ ဆရာဝန်ဖြစ်လာသူ

၁၉၈၈မတ်လ

ဂေါဇာဂြိုဟ်ခွင်




မူလဖွားဇာတာ




မူလဖွားဇာတာတွင် ၄တန့် ၅တတန့်သခင် စနေဂြိုဟ်သည် ၆-ကြာဂြိုဟ်ပိုင်ရာသီအိမ်တွင်တည်ပြီး အိမ်ရှင် ၆-ကြာဂြိုဟ်သည် ၄-ဟူးဂြိုဟ်ပိုင်သည့် ၉တန့်၌တည်နေပါသည်။ ၉တန့် သခင်၄-ဟူးဂြိုဟ်သည် လဂ်မှ ၁၀တန့်၌ တည်နေပြီး ၄တန့်ဘာဝအားမြင်လျှက်ရှိစဉ် ၄တန့်၊ ၅တန့်သခင် စနေသည် ၆-ကြာဂြိုဟ်ပိုင်ရာသီအိမ်မှ ၎င်းအား အမြင်အားဖြင့် သမ္ဗန္ဓပြုပြီး ပညာယုဂ်ကိုဖြစ်ပေါ်စေပါသည်။ ထို့ပြင် ၉တန့်သခင် ၄-ဟူးနှင့် ၁၀တန့်သခင် ၂-လာတို့ အိမ်ချင်းလဲလှယ်တည်စဉ် ၂-လာနှင့် ၆-ကြာဂြိုဟ်တို့အား ဗျဂ္ဃဇာသွားသော ၅-တေးကမြင်ခြင်းဖြင့် သမ္ဗန္ဓပြုပြီး ပညာယုဂ်ကို ထပ်မံဖြစ်ပေါ်စေပါသည်။


ဂေါဇာ ၅-တေးဂြိုဟ်သည် မူလ ၅-တေးဂြိုဟ်အားမြင်ခြင်း၊ ၄တန့်၊ ၅တန့်သခင် ဂေါဇာစနေ ဂြိုဟ်သည် မူလ ၅-တေးအားပူးယှဉ်ပြီး ၉တန့်ဘာဝနှင့် ၁၀တန့်ဘာဝသခင် ၂-လာဂြိုဟ်အားမြင်ခြင်းတို့ကြောင့် အမှတ်ကောင်းကောင်းရ၍ ဆေးတက္ကသိုလ်တက်ခွင့်ရခဲ့ပါသည်။

ဤဇာတာရှင်သည် ဆရာဝန်ဖြစ်နိုင်သည့်ယုဂ်ပါရှိသူ ဖြစ်ပါသည်။ ဆရာကြီး ဒေါက်တာ ဗိုလ်လေးသတေသနပြုထားသည့် ယုဂ်များအနက် ဆရာဝန်ယုဂ်သည် အမှန်များကြောင်းတွေ့ရသဖြင့် ဝါသနာရှင်များအကျိုးငှာ ဖော်ပြလိုက်ပါသည်။ မူလဇာတာတွင် လဂ်မှ ၆တန့်၊ ၈တန့်၊ ၁၀တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်များသမ္ဗန္ဓပြုခြင်း၊ ၁၀တန့်ဘာဝသို့မဟုတ် ၁၀တန့်သခင်ဂြိုဟ်အားဆေးကာရကဂြိုဟ် ၁-နွေ သို့မဟုတ် ရာဟုဂြိုဟ်တို့၏ လွှမ်းမိုးမှုရှိခြင်းကို ဆရာဝန်ယုဂ်ဟု သတ်မှတ်ထားပါသည်။ ယခုဇာတာတွင် လဂ်မှ ၆တန့်သခင် ၅-တေး၊ ၈တန့်သခင်သည် ၆-ကြာ၊ ၁၀တန့်သခင် ၂-လာဖြစ်ပါသည်။ ၈တန့်သခင် ၆ကြာနှင့် ၁၀တန့်သခင် ၂-လာတို့ပူးယှဉ်ကြပြီး ၆တန့်သခင် ၅-တေးနှင့် အပြန်အလှန်မြင်ကြခြင်းဖြင့် သမ္ဗန္ဓပြုကြပါသည်။ ဆေးကာရကဂြိုဟ် ၁-နွေသည် ၁၀တန့်၌ ရပ်တည်ခြင်းဖြင့် ၁၀တန့်ဘာဝအား လွှမ်းမိုးထားခြင်း၊ ဆေးကာရကဂြိုဟ် ရာဟုသည် ၁၀တန့်ဘာဝအားမြင်ခြင်းဖြင့် လွှမ်းမိုးခြင်းပြုထားပါသည်။ ထို့ကြောင့် ဇာတာရှင်သည် ဆေးတက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားခွင့်ရပြီး ဆရာဝန်ဖြစ်လာခဲ့ပါသည်။

### (စ)ကွန်ပျူတာပညာရှင်ယုဂ်


အလျှင်းသင့်သဖြင့် ကျွန်တော်လေ့လာတွေ့ရှိသည့် ကွန်ပျူတာပညာရှင် ဖြစ်နိုင်သည့်ဇာတာရှင်များယုဂ်ကို ဖော်ပြလိုက်ပါသည်။ ကွန်ပျူတာပညာရှင်ကိုသတ်မှတ်ရာတွင် အနည်းဆုံး ပရိုဂရမ် ရေးဆွဲနိုင်သည့်အဆင့်ရှိသူကိုဆိုခြင်းဖြစ်သည်။ ဇာတာတွင် (က) ၃-ဂ်ါနှင့် ၅-တေးဂြိုဟ်တို့သည် တစ်နည်းနည်းဖြင့် သမ္ဗန္ဓ (ဆက်သွယ်မှု) ရှိရမည်။ (ခ) ၂-လာနှင့် ၁ဝတန့်သည် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုရှိရမည်။ (ဂ)ရာဟုနှင့် ၁ဝတန့်သည် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုရှိရမည်။ (က)နှင့်(ခ)သည် မပါမဖြစ် (Compulsory) ဖြစ်သည်။ (ဂ)သည် အဖြည့်အစွက်ဖြစ်သည်။ ပါလျှင်ပိုကောင်းသည်။ အောက်ပါဇာတာကိုလေ့လာကြည့်လျှင် သဘောပေါက်မည်ဟု ယူဆသည်။

### (၁)ကွန်ပျူတာပညာရှင် ဘီလ်ဂိတ်ဇာတာ





၃-ဂ်ါသည် ၅-တေး၏ ကသစ်အိမ်ကိုမြင်ပြီး ၅-တေးက ၃-ဂ်ါ၏ကသစ်အိမ်ကိုမြင်သည်ကို သတိပြုပါ။

### (၂)မြန်မာကွန်ပျူတာရှင်တစ်ဦး၏ဇာတာ





### (၃)နိုင်ငံခြားတွင် ကွန်ပျူတာဖြင့် အသက်မွေးမှုပြုနေသူတစ်ဦး၏ဇာတာ




၂-လာဂြိုဟ်သည် ၁၀တန့်သခင် ၆-ကြားဂြိုဟ် အားမြင်ခြင်းဖြင့်ဆက်သွယ်သည့် အချက်ကို သတိပြုပါ။

## (၄)E.Communication ပညာရှင်တစ်ဦး၏ ဇာတာ




စနေသည် ၂-လာ ကသစ်အိမ်ကိုမြင်သည်။ ၂-လာသည် ၃-ဂ်ါကသစ်အိမ်တွင် တည်သည်။ ၃-ဂ်ါသည် စနေကသစ်အိမ်၁၀တန့်နှင့် ၂-လာကို ပြန်မြင်သဖြင့် ၂-လာနှင့် ၁၀တန့် ဆက်သွယ် မှုရှိသည့် အချက် ကို သတိပြုပါ။

ဤယုဂ်မျိုးပါလျှင် Electronics Communication ပညာရပ်တွင်လည်း ဖြစ်နေတတ်သည်။ သူလို ငါလို မည်ကာမတ္တ ဘွဲ့ရသူမျိုးမဟုတ်။ ပင်ကိုယ်အရည်အချင်းအရ ဘွဲ့ရရမရရအစွမ်းအစရှိသူများ ဖြစ်တတ်သည်။ စာပိုဒ် ၃၅ (က) တွင် ဖော်ပြထားသည့် စာရင်းပညာရှင် ဇာတာကိုလည်းလေ့လာကြည့်ပါ။

### အခန်း - ၉

### ကျန်းမာရေးနှင့် သေဘေး

**၃၆။** လဂ်မှ ၆တန့်သည် အနာရောဂါ၊ ၈တန့်သည် သေခြင်း၊ ၁၂တန့်သည် ပျက်စီးခြင်းနှင့် ဆိုင်သည်။ ၂တန့်နှင့် ၇တန့်ဘာဝများသည်လည်း သေဆုံးခြင်းနှင့် ဆိုင်ကြသည်။ ၃တန့်နှင့် ၈တန့်ဘာဝများသည်လည်း အသက်နှင့်ဆိုင်သောဘာဝများဖြစ်ကြပါသည်။ ဂေါ်ဇာစနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့သည် ထိုဘာဝနှင့် ဘာဝသခင်ဂြိုဟ်များအား ယှဉ်မြင်လျှင် ရောဂါဘယဖြစ်ပွါးခြင်း၊ ကံဆိုးမိုးမှောင်ကျခြင်း၊ ဘေးအန္တရာယ်ကြုံတွေ့ရခြင်းနှင့် သေဆုံးခြင်းပင်ကြုံတွေ့နိုင်ပါသည်။ ဂေါ်ဇာ ၅-တေးဂြိုဟ်၏ ထိုဘာဝနှင့် ဘာဝသခင်ဂြိုဟ်များအား အယှဉ်အမြင်ရှိလျှင် ရောဂါဘယပျောက်ကင်းခြင်း၊ ဘေးအန္တရာယ်မှလွတ်ကင်းခြင်း၊ သေဘေးမှ လွတ်မြောက်ခြင်းဖြစ်ရတတ်ပါသည်။ အောက်ပါတို့ကို လေ့လာမှတ်သားထားသင့်ပါသည်။

(က) လဂ်မှ ၆တန့်၊၇တန့်နှင့် ၈တန့်ဘာဝများအား ဂေါ်ဇာစနေဂြိုဟ်အယှဉ်အမြင်ရှိလျှင် သေဆုံးတတ်သည်။

(ခ) လဂ်မှ ၆တန့်၊ ၈တန့်နှင့် ၁၂တန့်တို့ကို ဂေါ်ဇာပါပဂြိုဟ်စနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့ အယှဉ်အမြင်ရှိလျှင် သေတတ်သည်။

(ဂ) လဂ်နှင့် လဂ်သခင်ဂြိုဟ် စန်းနှင့် ၁-နွေဂြိုဟ်တို့ကို ဂေါ်ဇာ စနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့ အယှဉ်အမြင်ရှိလျှင် သေတတ်သည်။

(ဃ) လဂ်မှ ၆တန့်၊ ၇တန့်၊ ၈တန့်နှင့် ၁၂တန့်တို့ကို ဂေါ်ဇာ၅-တေးဂြိုဟ် အယှဉ်အမြင်ရှိလျှင် ရောဂါဘေး၊ သေဘေးမှ လွတ်မြောက်တတ်သည်။

(င) လဂ်နှင့် လဂ်သခင်ဂြိုဟ်၊ စန်းနှင့် ၁-နွေဂြိုဟ်တို့အား ဂေါ်ဇာ ၅-တေးဂြိုဟ် အယှဉ်အမြင်ရှိလျှင် သေဘေးမှ လွတ်မြောက်တတ်သည်။


**၃၇။** အောက်ပါဇာတာများကို လေ့လာကြည့်ကြပါစို့။

**(က)အသက် ၅၃ နှစ်အရွယ်တွင် ကွယ်လွန်သူ တစ်ဦး**


၂၂.၁၂.၁၉၃၉ ခု၊ ၆ကြာနေ့၊ နံနက် ၅း၂၅၊ ရန်ကုန်

၂၀.၁.၁၉၉၂ ရက်

ဂေါ်ဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် လဂ်သည် ၁-နေ္ဓနှင့် ရာဟုဂြိုဟ်တို့၏ ပါပကတ္တရိသင့်ခြင်းကို ခံနေရပါသည်။ လဂ်သခင် ၃-ဂ်ါသည်လည်း ရာဟုဂြိုဟ်၏ အမြင်ကို ခံနေရပါသည်။ ဂေါ်ဇာ စနေဂြိုဟ်သည် ၃တန့်၌တည်ပြီး ၁၂တန့်နှင့် မူလရာဟုဂြိုဟ်ကို မြင်ချိန်၊ ဂေါ်ဇာရာဟုသည် ၂တန့်၌ မူလ ၁-နေ္ဓဂြိုဟ်အား ပူးယှဉ်၍ ၆တန့်၊ ၈တန့်ဘာ၀တို့အား မြင်ချိန်၊ ဂေါ်ဇာ ၃-ဂ်ါသည် ၂တန့်၌ မူလ ၁-နေ္ဓနှင့်ပူးယှဉ်၍ ၈တန့်ဘာ၀အားမြင်ချိန် အသက် ၅၃ နှစ်တွင် ဇာတာရှင် ကွယ်လွန်ခဲ့သည်။ မူလ၁-နေ္ဓသည် ဇာတာရှင် ၂တန့် ၈တန့်သည် သေခြင်း၊ ၃တန့် ၈တန့်သည် အသက်၊ ၆တန့်သည်အနာရောဂါ၊ ၁၂တန့်သည် ပျက်စီးခြင်းတို့နှင့်ဆိုင်ကြသည်။ဂေါ်ဇာ စနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့အမြင်အယှဉ်သည် အဆိုပါကိစ္စများအား ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ပါသည်။

**(ခ)အသက် ၆၇နှစ်အရွယ်တွင် ကွယ်လွန်သူတစ်ဦး**


၂၅.၁၂.၁၉၃၃ ခု၊ ၂လာနေ့၊ နံနက် ၅း၀၀၊ စစ်ကိုင်း

၁၀.၁၂.၂၀၀၀ ရက်

ဂေါ်ဇာဂြိုဟ်နေ




**မူလဖွားဇာတာ**





မူလဇာတာတွင် လဂ်သခင် ၃-ဂ်ါသည် စနေရာဟုတို့နှင့် ပူးယှဉ်နေပါသည်။ စနေဂြိုဟ်သည် စန်းကိုမြင်လျှက်ရှိပါသည်။ ဂေါ်ဇာစနေသည် လဂ်မှ ၇တန့်၌ ဗျဂ္ဂဇာသွားနေပြီး လဂ်အားမြင်ခြင်း၊ ဂေါ်ဇာရာဟုသည် ၈တန့်၌တည်ပြီး မူလ ၁-နေ္ဓ၊ ၂တန့်နှင့် ၁၂တန့်တို့ကိုမြင်ခြင်း၊ ဂေါ်ဇာ ၃-ဂ်ါဂြိုဟ်သည် မူလ ၁-နေ္ဓနှင့် စန်း၊ ၂တန့်နှင့် ၆တန့်ဘာ၀တို့ကို မြင်းခြင်းရှိချိန် အသက် ၆၇နှစ်တွင် ဇာတာရှင်ကွယ်လွန်ခဲ့ပါသည်။

**(ဂ)အသက် ၆၅နှစ်အရွယ်တွင် ကွယ်လွန်သူတစ်ဦး**


၂၄.၄.၁၉၂၅ ခု၊ ၄-ဟူးနေ့၊ နံနက် ၄း၀၀၊ ကန့်ဘလူ

၁၉.၇.၁၉၈၉ ရက်

ဂေါဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**




မူလဇာတာတွင် ပါပစနေဂြိုဟ်သည် လဂ်သခင် ၅-တေးဂြိုဟ်နှင့် ၁-နွေဂြိုဟ်အားမြင်ခြင်း၊ ပါပဂြိုဟ် ၃-ဂ်ါသည် လဂ်သခင် ၅-တေးဂြိုဟ်အား မြင်ခြင်းပါရှိပါသည်။


ဂေါဇာစနေသည် ဗျဿဇာသွား၍ လဂ်သခင် မူလ ၅-တေးအား ပူးယှဉ်၍ ၇တန့်အားမြင်နေပါသည်။ ဂေါဇာရာဟုသည် ၁၂တန့်တွင် တည်ပြီး ၆တန့်၊ ၈တန့်နှင့် မူလစနေဂြိုဟ်ကိုမြင်ပါသည်။ ဂေါဇာ ၃-ဂ်ါသည် မူလရာဟုဂြိုဟ်ကို ပူးယှဉ်လျှက် ၈တန့်ဘာ၀နှင့် မူလစနေဂြိုဟ်နှင့် ၁၂တန့်ဘာ၀တို့ကို မြင်ချိန် အသက် ၆၅နှစ်ထဲတွင် ကွယ်လွန်ခဲ့ပါသည်။

**(ဃ)အသက် ၇၆နှစ်အရွယ်တွင် ကွယ်လွန်သူ တစ်ဦး**


၂.၅.၁၉၂၈ ခု၊ ၄-ဟူးနေ့၊ နံနက် ၅း၃၀၊ သံတွဲမြို့။

၃၁.၅.၂၀၀၃ ရက်

ဂေါဇာဂြိုဟ်ခွင်




**မူလဖွားဇာတာ**




မူလဇာတာတွင် လဂ်၊ လဂ်သခင် ၃-ဂ်ါနှင့် ၁-နွေဂြိုဟ်တို့ကို မည်သည့်ပါပဂြိုဟ်မျှ အယှဉ်အမြင်မရှိပါ။


ဂေါဇာ စနေဂြိုဟ်သည် လဂ်မှ ၃တန့်၌တည်ပြီး ၁၂တန့်ကိုမြင်ခြင်း၊ ဂေါဇာရာဟုဂြိုဟ်သည် မူလရာဟုအား ယှဉ်၍ ၂တန့်၌တည်ပြီး မူလစန်းနှင့် ၆တန့်တို့အားမြင်ခြင်း၊ ဂေါဇာ ၃-ဂ်ါသည် လဂ်နှင့်မူလ ၁-နွေတို့အား မြင်ချိန် အသက် ၇၆နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။


**(င)အသက် ၄၃နှစ်အရွယ်တွင် အစာအိမ်ပေါက်၍ ဆေးရုံတက်ရသည့် ကျွန်တော်**

၁၁.၅.၁၉၃၃ခု၊ ၅-တေးနေ့၊ ညနေ ၄း၀၀၊ ထုံးကြီး ပဲခူးမြို့နယ်။

၂၀.၁၁.၁၉၇၅ ရက်

ဂေါဇာဂြိုဟ်ခွင် **မူလဖွားဇာတာ**




မူလဇာတာတွင် လဂ်နှင့်လဂ်သခင် ၄-ဟူး၊ ၁-နွေတို့အား မည်သည့် ပါပဂြိုဟ်မျှအယှဉ်အမြင်မရှိပါ။


ဂေါဇာစနေဂြိုဟ်သည် ဗျဂ္ဃဇာသွားပြီး လဂ်နှင့် မူလ ၁-နွေနှင့် လဂ်သခင် ၄-ဟူးနှင့် ၈တန့်ဘာဝကို မြင်ပါသည်။ ဂေါဇာ ရာဟုသည် ၂တန့်ဘာဝ၌ တည်နေပြီး ၈တန့်၊ မူလ၁-နွေနှင့် လဂ်သခင်ဂြိုဟ်တို့ကို မြင်ပါသည်။ ဂေါဇာ ၃-ဂ်ါ သည် လဂ်အားမြင်ပါသည်။ သေနိုင်သည့် ပါပဂြိုဟ် အယှဉ်အမြင်ဖြစ်ပါသည်။ တာဝန်အရ ကားဖြင့် ခရီးသွားရင်း အစာအိမ်ပေါက်ပြီး ဝမ်းမည်းသွားသဖြင့် ဆေးရုံတက်၍ ၂ပတ်ခန့် ခံခဲ့ရပါသည်။ မူလဇာတာတွင် လဂ်၊ လဂ်သခင်နှင့် ၁-နွေဂြိုဟ်တို့အား ပါပဂြိုဟ် အမြင်အယှဉ်မရှိခြင်း၊ ဂေါဇာ ၅-တေးနှင့် ၆-ကြာဂြိုဟ်တို့ လဂ်အား အမြင်အယှဉ် ရှိသဖြင့် အသက်၄၃နှစ်တွင် သေဘေးမှ လွတ်ခဲ့သည်ဟု ယူဆရပါသည်။


**(စ)အသက် ၆၇နှစ်အရွယ်တွင် ကံကောင်း၍ မသေခဲ့သည့်ကျွန်တော်**

၁၁.၅.၁၉၃၃ခု၊ ၅-တေးနေ့၊ ညနေ ၄း၀၀၊ ထုံးကြီး၊ ပဲခူးမြို့နယ်။

၁၉.၁၀.၁၉၉၉ ရက်

ဂေါဇာဂြိုဟ်နေ **မူလဖွားဇာတာ**




ဂေါဇာစနေဂြိုဟ်သည် ဗျဂ္ဃဇာသွားပြီး ၈တန့်၌ လဂ်သခင်နှင့် မူလ ၁-နွေဂြိုဟ်အား ယှဉ်ပြီး ၂တန့်အား မြင်ခြင်း၊ ဂေါဇာရာဟုသည် မူလစန်းနှင့် ၃တန့်၊ ၇တန့်အားမြင်ခြင်း၊ ဂေါဇာ ၃-ဂ်ါဂြိုဟ်သည် ၇တန့်အား မြင်ခြင်းတို့ကြောင့် သေလောက်သည် ပါပဂြိုဟ်၏အယှဉ်အမြင်ဖြစ်ပါသည်။ တီဘီရောဂါ ဖြစ်သည်ကို တိုက်ဖွိုက်ရောဂါထင်ပြီး ဆေးမှားတိုက်ခံရခြင်း၊ ဆေးရုံပေါ်တွင် ကင်ဆာထင်ပြီး နှာခေါင်းထဲပိုက် ထည့်၍ ရောဂါအရှာခံရခြင်းတို့ကြောင့် ကံကောင်း၍မသေခဲ့ပါ။ မူလဇာတာတွင် လဂ်၊ လဂ်သခင်နှင့် ၁-နွေဂြိုဟ် တို့သည် ပါပဂြိုဟ်အယှဉ်

အမြင်ကင်းခြင်း၊ ဂေါဇာ ၅-တေးဂြိုဟ်သည် လဂ်သခင်နှင့် မူလ ၁-နွေတို့အား ပူးယှဥ်ခြင်းကြောင့် အသက် ၆၇နှစ်တွင်သေဘေးမှ ဒုတိယအကြိမ်လွတ်မြောက်ခဲ့ပါသည်ဟု ယူဆရပါသည်။

၃၈။ မူလဖွားဇာတာ အဟောကျမ်းတွင် ဇာတာရှင်တစ်ဦးအသက် အတိုအရှည်ကိုလည်းကောင်း၊ မည်သည့်နေ့ရက်သေမည်ကိုလည်းကောင်း ကျွန်တော်ကြိုတင်ဟောစွမ်းနိုင်ခြင်းမရှိဟု ဖေါ်ပြခဲ့ပါသည်။ ယခုလည်း ၎င်းစာစုကိုပင် ဤနေရာ၌ ထပ်လောင်းအတည်ပြုပါရစေ။

၃၉။ သို့သော် ကျွန်တော်တင်ပြလိုသည့် အချက်တစ်ချက်မှာ မူလဇာတာတွင် လဂ်၊ လဂ်သခင်ဂြိုဟ်၊ ၁-နွေနှင့် စန်းတို့သည် ပါပဂြိုဟ်များ၏ ထပ်ခါတစ်လဲလဲအယှဥ်အမြင်ခံရခြင်းနှင့် ကတ္တရိသင့်ခြင်း ခံရသည့် ဇာတာရှင်သည် သည်းခံခြင်းမရှိသည့် ဇာတာရှင်လောက် အသက်ရှည်ရန်အခွင့်အလမ်းမရှိပါ။ ချွင်းချက်ပေးရမည့် ဇာတာများရှိနေသော်လည်း ယေဘုယျအားဖြင့် မှန်ကန်နေတတ်သည်။ ဇာတာတွင် ဂေါဇာ စနေ၊ ရာဟုနှင့် ၃-ဂ်ါဂြိုဟ်တို့သည် ၆တန့်၊ ၇တန့်၊ ၈တန့်နှင့် ၁၂တန့်တို့ကို အယှဥ်အမြင်စုပြုံလာသည့်အခါ ကျန်းမာရေးပြင်းပြင်းထန်ထန်ထိခိုက်တတ်သည်။ သေလည်းသေသွားတတ်ပါသည်။ ၆တန့်၊ ၇တန့်၊ ၈တန့်နှင့် ၁၂တန့်တို့ပျက်လျှင် လဂ်၊ ၂တန့်နှင့် ၃တန့်တို့သည်လည်း ထိုဂြိုဟ်တို့၏ အယှဥ်အရဖြစ်စေ အမြင်အရဖြစ်စေ အလိုလိုပျက်တော့မည်။ ထိုအချိန်မျိုးတွင် ဂေါဇာ ၃-ဂ်ါဂြိုဟ်၏ အယှဥ်အမြင်သည် လဂ်၊ လဂ်သခင် ၊ မူလ ၁-နွေ၊ မူလစန်းတို့အား တစ်ခုထက်မက များများအမြင်ရှိလေကိစ္စသုံးရန်သေချာလေဖြစ်သည်ဟု ယူဆပါသည်။ ဂေါဇာ ၅-တေးဂြိုဟ်သည် လဂ်၊ လဂ်သခင်၊ မူလ ၁-နွေနှင့် စန်းတို့အား အယှဥ်အမြင်လွတ်ကင်းနေလျှင် သေချာပေါက်ယူဆဟောဆိုနိုင်ကြောင်း တင်ပြရပါသည်။

၄၀။ အထက်စာပိုဒ် ၃၇(က)(ခ)(ဂ) ဇာတာများတွင် (ဃ)(င) ဇာတာများကို နှိုင်းယှဥ်လေ့လာကြည့်လျှင် ကျွန်တော်တင်ပြလိုသည့် မူလဖွားဇာတာပေါ် အခြေခံ ဟောပြောရမည့် သဘောတရားကို သဘောပေါက်နိုင်မည်ဟု ယူဆပါသည်။ ၅.၉.၂၀၀၄ရက်မှ ၁၄.၇.၂၀၀၇ ရက်အထိ ပါပဂြိုဟ်စနေသည် ကရကဋ်ရာသီတွင် ဂေါဇာသွားမည်။ ရာဟုဂြိုဟ်သည် ၂၈.၃.၂၀၀၅ ရက်မှ ၁၄.၁၀.၂၀၀၆ ရက်အထိ မိန်ရာသီတွင် ဂေါဇာသွားမည်။ ၅-တေးဂြိုဟ်သည် ၂၈.၈.၂၀၀၄ ရက်မှ ၂၇.၉.၂၀၀၅ ရက်အထိ ကန်ရာသီတွင်ဂေါဇာသွားမည်။ ၂၈.၉.၂၀၀၅ ရက်မှ ၂၇.၁၀.၂၀၀၆ ရက်အထိ တူရာသီတွင် ဂေါဇာဆက်သွားမည်။ ဂေါဇာ ၃-ဂ်ါဂြိုဟ်သည် ၂နှစ်လျှင်တစ်ကြိမ်နှုန်းဖြင့် ကန်၊ တူ၊ မကာရ၊ ကုံ၊ မိန်၊ မိဿ၊ မေထုန်ရာသီတို့အား ဖြတ်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် မူလဖွားဇာတာ အဟောကျမ်း တွင် အသက် ၇၄နှစ်အတွင်း မသေခဲ့လျှင် နောက်ထပ်ဗေဒင်ကျမ်းတစ်ဆောင် ထပ်မံပြုစု ရဦးမည်ဟုဖေါ်ပြခဲ့ပါသည်။ (ထွန်းကြွယ်) အဆုံး စပ်ကူးမတ်ကူးကာလ ဂေါဇာ ပါပစနေ၊ ရာဟုနှင့်၃-ဂ်ါဂြိုဟ်တို့၏ အမြင်ပေါင်းဆုံမိပြီး ဂေါဇာ ၅-တေးအမြင်လွတ်ချိန်ကို ခန့်မှန်းဟောဆိုခြင်းဖြစ်ပါသည်။ ကျွန်တော်အားချစ်ခင် ရင်းစွဲရှိသောတစ်ချိန်က ကျွန်တော်၏ အထက်အရာရှိ ဖြစ်ခဲ့ဖူးသည့်ဆရာတစ်ဦးက "ခင်ဗျားနားရွက်ကြီး ဒီလောက်ကြီးတာ မသေပါဘူးဗျာ" ဟု အားပေးထား ပါသတည်း။

## အခန်း- ၁၀

### ဗေဒင်နှင့် ကျွန်တော်

၄၁။ ကျွန်တော်သည် ဘယ်လိုဟောရင်မှန်တယ်ကွဆိုသော ဗေဒင်ကျမ်းမျိုးကိုသာ ဖတ်ရှုလိုပါသည်။ ဗေဒင်ပညာအားလည်း ယင်းအခွင့်အရေးကို ရရှိစေလိုပါသည်။ မူလဇာတာရှိ ဂြိုဟ်များ၏ အနေအထား၊ ဂေါဇာသွားသောဂြိုဟ်တို့၏ အယှဥ်အမြင်၊ ဇာတာရှင်များ ကြုံတွေ့ရသည့် အဖြစ်အပျက်တို့ကို ဝေဒစည်းကမ်းနှင့် ပေါင်းစပ်စဥ်းစားပြီး ဤကျမ်းငယ်ကို တတ်စွမ်းသရွေ့ ကြိုးပမ်းပြုစုခဲ့ခြင်းဖြစ်သည်။ စာဖတ်သူ အနေဖြင့် ဉာဏ်လွှာသုံးရန်လိုပါသည်။ ထိုသည်ပင် နက္ခတ်ဗေဒင်အဟောပညာ ဖြစ်ပါသည်။ စိတ်ကူးတည့်လျှင် အမှန်များနေမည် ဖြစ်ပါသည်။ အမေမှာတဲ့ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲသော လူစားမျိုးသည် နက္ခတ်ဗေဒင် အဟောပညာ လေ့လာလိုက်စားရန် အရည်အချင်းရှိသူများ မဟုတ်ချေ။ ရှင်းရှင်းဘွင်းဘွင်း ပြောရလျှင် ဗေဒင်အဟောပညာ လိုက်စားသူသည် ဝေဒစည်းကမ်းဘောင်အတွင်း အကြံအဖန် လုပ်ရ၏။ အတ္တနောမတိ ယူဆပြောလျှင် နွားထီးငါးကျပ်၊နွားမငါးကျပ် ငါ့စကားနွားရဖြစ်တတ်ပါသည်။ သတိမကပ်လျှင် စည်းကျော်မိ၏။ စည်းကျော်လျှင် ဗေဒင်မုဒိမ်းမှု ဖြစ်တော့သည်။ ဗေဒင်ပညာသည် ဉာဏ်အရာသာ ဖြစ်ပါသည်။ ဘိုးတော်၊ မယ်တော်နှင့် ဂနိုတို့၏ အကူအညီ မလိုပါ။သူတို့၏အမည်ကိုလည်း

အလွဲသုံးစားပြုရန် မလိုကြောင်း တင်ပြရပါသည်။

**ဓမ္မသဘောနှင့် ဗေဒင်ယတြာ**

**၄၂။** ကျွန်တော်သည် ဗေဒင်ပညာ လေ့လာလိုက်စားရာတွင် အဆိုးဟောကွက်များကိုသာ အများအပြားတွေ့ရတတ်ပြီး အကောင်းဟောကွက်များကိုမူ ရှာမှရှား တွေ့ရတတ်သည့် အချက်ကို ဘဝင်မကျဖြစ်ရပါသည်။ လူတို့သည် ကုသိုလ်ကောင်းမှုထက် အကုသိုလ် ဒုစရိုက်များတွင်သာ ယဉ်ပါးကြသဖြင့် ဤသဘောတရားကို ဆင်ချင်မိဟန်တူသော ဗေဒင်ပညာတီထွင်ခဲ့ကြသည့် ဆရာကြီးများသည် နက္ခတ်ဗေဒင်ပညာ၌ ဂြိုဟ်ကြီးကိုးလုံးတွင် ၅-ဘေးနှင့် ၆-ကြာဂြိုဟ် ၂လုံးကိုသာ လောကီကိစ္စတွင် အကောင်းသန့်သန့် (သောမဂြိုဟ်) သတ်မှတ်နေရာပေးထားပြီး၊ ၅လုံးကို အဆိုးသက်သက်(ပါပဂြိုဟ်) သတ်မှတ်နေရာပေး၍ ၂လုံးကို အကောင်းအဆိုး ရောထွေးဂြိုဟ်(ပါပသောမ) အဖြစ် သတ်မှတ်ကြဟန်တူပါသည်။ အလားတူပင်မြန်မာပြည်ဖွား လက်ဆန်းဗေဒင်ပညာတွင် (ဥပမာ ဆန်းကျမ်းဗေဒင်ပညာ) အကောင်း ၂-ဌာန၊ အဆိုး ၃-ဌာန၊ အကောင်းအဆိုးရောနှော ၂-ဌာန သတ်မှတ်ထားသည်ကိုတွေ့ရပြန်သဖြင့် ဓမ္မသဘောကိုက်ညီသည့် တီထွင်မှုများသည် တိုက်ဆိုင်မှုလော၊ အစီအစဉ်တကျ စီစဉ်မှုလော စဉ်းစားရန်ရှိပါသည်။ လူတော်တော်များများသည် ကုသိုလ်ကောင်းမှု ပြုရာမှာပင် (ဥပမာ ဒါနပြုရာမှာ) မိမိအလွန်ကြိုက်နှစ်သက်သည်ကို မစားမသောက်မသုံးဆောင်ပဲ ပေးလှူသည့်ဒါနမျိုးထက် ပိုလျှံသဖြင့် ပေးလှူသည့် ဒါနမျိုး၊ အကျိုးအမြတ်မျှော်ကိုး၍ ပေးလှူသည့် ဒါနမျိုး၊ မကောင်းကျောင်းပို့ ဒါနမျိုး၊ ပကာသန ဒါနမျိုး၊ ရွာသားကောင်းမှု သူကြီးဘုရားဒါနမျိုးများသာ များများပြုလုပ်တတ်ကြပြီး ညောင်စေ့လောက်လှူပြီး ညောင်ပင်ကြီးလောက် အကျိုးကိုမျှော်ကိုးတတ်ကြပါသည်။ ထို့ကြောင့် အကုသိုလ် ဒုစရိုက်မှုတွင် မွေ့လျော်ကြသည့် လူတို့၏ကံ အကျိုးပေးအတိုင်း ဗေဒင်ပညာတွင် အဆိုးဟောကွက်များကို များများတွေ့ရတတ်ပြီး အကောင်းဟောကွက်များမှာ ရှားမှရှားဖြစ်ရသည်ဟု ယူဆရပါသည်။

**၄၃။** လူတို့သည် ဆင်းရဲဒုက္ခကြုံတွေ့ရသည်အခါ အားကိုးရှာကြသည့် သဘာဝအတိုင်း မျှော်လင့်ချက်ဖြင့် မိမိတို့၏ ရှေ့အလားအလာကို ဗေဒင်ဆရာများထံ ချဉ်းကပ်မေးမြန်းတတ်ကြပါသည်။ ထိုဗေဒင်ဆရာသည် ယတြာလုပ်ပေးသည့်ဆရာ ဖြစ်လျှင်လည်း ဆရာကယ်ပါဦးဟု ပြောသည်ကို ကြားရတတ်ပါသည်။ ကျွန်တော်သည် (ဆရာကယ်ပါ) ဟူသော စကားအဓိပ္ပါယ်ကို တွေး၍ပြုံးမိပါသည်။ ဗေဒင်မေးသူအားလည်း ဂရုဏာသက်မိပါသည်။

**ကျေးဇူးတင်ခြင်း**


**၄၄။** ဤကျမ်းငယ်ကို ပုံနှိပ်ထုပ်ဝေရန် တိုက်တွန်းအားပေးခဲ့သည့် မိတ်ဆွေဆရာ ဦးတင်ဝင်း(ခေတ္တ ဂါရှင်တန်)အား လည်းကောင်း၊ လိုအပ်သည့် ဇာတာများအား ရှာဖွေစုဆောင်းပေးသည့် သေသဝိဇ္ဇာ ကျမ်းပြုဆရာကြီး ဦးမောင်မောင်ကြည်အား လည်းကောင်း၊ ကွန်ပျူတာဖြင့် စာစီရာတွင် ကြီးကြပ်ဆောင်ရွက်ပေးသည့် ကွန်ပျူတာပညာရှင် ဆရာဦးမင်းအောင် နှင့် ဒေါ်အေးအေးကြူတို့အား လည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။


## ကျမ်းပြီးနိဂုံးနှင့် ဆုတောင်း

**၄၅။** ဤကျမ်းငယ်ကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကျော်ဒွန်းဖဲလမ်း၊ အိမ်အမှတ်၁၇-တွင် နေထိုင်စဉ် ပြုစုခဲ့ရာ ၁၃၆၅ခု ဝါခေါင်လဆန်း ၃ရက်(၃၁.၇.၂၀၀၃) ၅-တေးနေ့ နေ့လည် ၂း၂၅နာရီတွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိခဲ့ပါသည်။ ဤကျမ်းငယ်ကို ပြုစုရသော ကုသိုလ်ကောင်းမှုကြောင့် ဗေဒင်လောက၊ မေတ္တာဓါတ်၊ လွှမ်းပတ်ရောင်ခြည်၊ ဖြာစေသော်။ ခြိမ်းလုံး မြှောက်လုံး၊ ညစ်ညာဏ်သုံး၊ မိုးလုံး မှုသာ၊ ရှောင်မှုတော်-ကြပါစေ ဆုကို တောင်းဆိုလိုက်ရပါသတည်း။

ဦးဘိုသိန်း

**ကျမ်းဖွားဇာတာ**



*မိတ်ဆွေတို့*

*ကျွန်တော်က ဗေဒင် တို့ လက္ခဏာ တို့ သိပ်ယုံခဲပါတယ်*

*ငယ်ငယ်လေးထဲက ဘဘဦးမင်းသိခ် နဲ့ မစိုးရိမ် ဘုန်းဘုန်း (ရွှေတောင်ကြား) တို့ ကလွဲလို့ တခြား ဗေဒင်ဆရာတွေ စိတ်သိပ်မဝင်စားခဲ့ဖူးပါဘူး*

*ဒါပေမယ့် ဒီဟောစာတမ်း ကိုဖတ်လိုက်မိတော့ တော်တော်အံ့သြ သွားရတဲ့ အထိ မှန်နေတာ တွေ့ရလို့ အားလုံးနဲ့ ဝေမျှ ပေးလိုက်ပါတယ် ဖတ်ပြီး ယုံကြည်စွာနဲ့ ဆောင်နိုင်ရှောင်နိုင်ကြပါစေ။ ။*

*ဆရာ ဦးသက်နှင်းဆွေ - ပုပ္ပါး ကိုလဲ လေးစားစွာ ကျေးဇူးတင်ဦးညွှတ်လိုက်ပါတယ် ခင်ဗျာ...*

*မျိုးချစ်*

မိဿရာသီဖွားများ

(မည်သည့်နှစ်မဆို မတ်လ ၂၁ရက်မှ ဧပြီလ ၂၇ရက်အတွင်းမွေးဖွားသူများ)
(မြန်မာလ-တန်ခူးလတွင် မွေးဖွားသူများ)
မြန်မာလ တန်ခူးလတွင် မွေးဖွားသူများသည် မိဿရာသီဖွားများဖြစ်သည်။ မတ်လ (၂၁)ရက်မှ ဧပြီလ (၂၇)ရက်အတွင်း မွေးဖွားသူများသည်လည်း မိဿရာသီဖွားများဖြစ်သည်။ နက္ခတ်ရာသီ(၁၂)ပါးအနက် ပထမဦးဆုံးသော ရာသီခွင်ဖြစ်သည်။ ကောင်းကင်မှ ကြယ်များ၏ပုံသဏ္ဌာန်သည် တောင်ဆိတ်တစ်ကောင် ပုံပေါ်ထွန်းနေသောရာသီဖြစ်သည်။ ဤရာသီခွင်ကိုအင်္ဂါဂြိုလ်မှစိုးမိုးထားသည်။ ဓါတ်သဘာဝအရ တေဇောဓါတ်(မီးဓါတ်)ကြီးစိုးသည်။ နှစ်စဉ်မတ်လ (၂၁)ရက်မှ ဧပြီလ (၂၇)ရက်အတွင်းမွေးဖွားသူများသည် (မိဿရာသီဖွား) ဟုသတ်မှတ်ကာ အောက်ပါဓလေ့စရိုက်၊ သဘာဝများနှင့် ရှောင်ရန်ဆောင်ရန်မှတ်သားကျင့်သုံး သင့်ပေသည်။ ထိုကဲ့သို့ ရက်အတိအကျမသိဘဲ (တန်ခူးလ)အတွင်းမွေးဖွားသူများသည်လည်း မိဿရာသီဖွားအဖြစ် တစ်ထစ်ချမှတ်ယူကာ အောက်ပါဖြစ်စဉ်များ ကိုလေ့လာကျင့်သုံးနိုင်သည်။
မိဿရာသီဖွားများ၏ပင်ကိုယ် စရိုက်သဘာဝများ
မိဿရာသီဖွားအများစုတို့သည် ပင်ကိုယ်စိတ်ဓါတ်အားဖြင့် အလွန်သဘောထားကြီးတတ်ကြသည်။ လွတ်လပ်ပေါ့ပါးစွာနေတတ်သည်။ အမြဲတမ်းကြည်လင် အေးချမ်းစွာနေပြီး ပြုံးပျော်ရွှင်မြူးစွာ ပြောဆိုနေတတ်ကြသည်။ ဖြတ်တိုး၀ဏ်ကောင်းသည်။ ဟာသ၀ဏ်ရွှင်သည်။ အပေါ်ယံအားဖြင့် ဘာမှအလေးမထားသလို ပေါ့ပေါ့တန်တန်၊ ဘာသိဘာသာအသွင်သဏ္ဌာန်နေတတ်သည်။

အရေးကြုံသောအခါတွင် ရဲရင့်ထက်မြက်စွာလုပ်ကိုင်နိုင်စွမ်းရှိကြသည်။ အရေးကြုံသောအခါတွင် ခေါင်းဆောင်နေရာမျိုး တွင်ဂင်ရောက်ကာတာဝန်ယူလုပ်ကိုင်နိုင်စွမ်းကြသည်။ ကျန်အချိန်များတွင် <ကားဂါခြင်းကင်းလျှက် မထင်မရှားသာနေတတ်သည်။ ငါသိ၊ ငါတတ်၊ ငါသာမြတ်ဟူသော စရိုက်မရှိ။ ကိုယ့်အရည်အချင်း းကို ထုတ်ဖော်ခြင်းမရှိ။ ပညာလက်သည်းပုက် နေတတ်ကြသည်။

သို့သော် မိဿရာသီဖွားများသည် အငြိုးအတေးကြီးသည်။ ရင်တွင်းမာနကြီးမားသည်။ ဒေါသထွက်လာလျှင် ကြောက်စရာကောင်းလှအောင် ခက်ထန်လာတတ်သည်။ အလွန်ခေါင်းမာစွာ အရွဲ့တိုက်လိုသည်။ လက်စားချေလိုသည်။ လူတစ်ယောက်အပေါ် ရန်သူဟု သတ်မှတ်လိုက်ပါက မူလကသိမ်မွေ့မှု၊ လိုက်လျောမှု၊ သဘောထားကြီးမှုတို့ ပျောက်ပြက်ကာ စိတ်ရောကိုယ်ပါ အငြိုးတကြီးချေမှုန်းလေတော့သည်။ မည်သည့်အခါတွင်မှ ခွင့်လွှတ်တော့ခြင်းမရှိကာ သေတပန်သက်တဆုံး လက်တုံ့ပြန်လေသည်။

မိဿဖွားတို့သည် အမြဲတမ်း လှုပ်ရှားရုန်းကန် ကြိုးစားနေတတ်ကြသည်။ တစ်ခါတစ်ရံ တွေဝေမိုက်မဲစွာ ပြုမူတတ်ကြပြန်သည်။ ကြောက်လွယ်သော ရဲလွယ်သော သဘောရှိသည်။ တစ်ခါတစ်ရံ ဘာမှ မဟုတ်တာလေးများကို တွန့်ဆုတ်နေတတ်ကြပြီး၊ တစ်ခါတစ်ရံ ရဲပုံပြတ်သားစွာ ပြုမူနေတတ်ကြပြန်သည်။ အကြံအစည်ကြီးသည်။ အပြောကောင်းသည်။ အပေါင်းအသင်းဆန့်သည်။ အသွားအလာလျှင်မြန်ဖြတ်လတ်သည်။ အသီးအရွက်ကို ပိုနှစ်သက်သည်။*(ဆက်ဖတ်ရန်)*

မိဿရာသီဖွားတို့သည် ဘဝကို အများအားဖြင့် ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းကြရသည်။ အခက်အခဲများစွာကိုလည်း ပခုံးဖြင့်ထမ်းကာ ဖြေရှင်းပေး ကြရတတ်သည်။ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တို့တွင် သော်လည်းကောင်း အခက်အခဲ၊ အကြပ်အတည်း၊ ဖိနှိပ်ချုပ်ချယ်မှုများကို တစ်ချိန်ချိန်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးမှ အောင်မြင်သော ဘဝများကို ရောက်ကြသူများဖြစ်သည်။ ဘဝအစတွင် တိုက်ပွဲကဲ့သို့ ခက်ခဲကြပ်တည်းပြီးက နောက်ဆုံးမှာ အောင်မြင်တတ်သည်။

အထူးသဖြင့် မိဿဖွားတို့သည် စိတ်မြန်သည်။ ခေါင်းမာစွာ ငြင်းခုံလိုသည်။ ကိုယ်ကိုင်စွဲသောဝါဒကို တရာသေ ဆုပ်ကိုင်တတ်သည်။ အစစခေါင်းဆောင်လိုတတ်သည်။ ဘယ်တော့မှ မလိမ်တတ်။ ဖြောင့်ပြောတတ်၊ ဖြောင့်လုပ်တတ်သည်။ ပင်ကိုယ်စရိုက်အေးဆေးသလောက် မံချင်စိတ်ကြောင့် တဖွတ်ထိုးလုပ်ကာ ရုတ်တရက် ထိခိုက်နစ်နာတတ်သည်။

ထို့အပြင် မိဿရာသီဖွားတို့သည် မိခင်၊ အစ်မ၊ အဖွားကဲ့သို့သော ကိုယ့်ထက်အသက်ကြီးသော အမျိုးသမီးကြီးတို့၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ရှင်သန်ကြရတတ်သည်။ ဥပမာ- ဘဝသက်တာတစ်လျှောက်လုံး မိခင်စိတ်ချမ်းသာအောင်နေထိုင်ပေးတတ်သည်။ မမြင်အပ်သော နာမ်လောကပိုင်းမှ မယ်တော်ကြီး တစ်ပါးပါး၏ စောင့်ရှောက်ခြင်းကိုလည်း ခံရတတ်သည်။ မိဿရာသီဖွားတို့သည် ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းပြီး ကောင်းမြတ်အောင် ပြုမူနေထိုင်ပေးပါက သူမတူအောင် အောင်မြင်ကြီးပွားတတ်ကြလေသည်။

မိဿရာသီဖွားတို့၏ ဂါသနာနှင့် အလုပ်အကိုင်အနေအထားများ

မိဿရာသီဖွားတို့သည် လွတ်လပ်မှုကို အလွန် မြတ်နိုး၏။ စွန့်စားရသော အလုပ်များကို အထူးနှစ်သက်၏။ ခရီးသွားလာနေရသည်ကို သဘောကျ၏။ ဗဟုသုတ ရှာဖွေလိုက်စားလို၏။ ဗေဒင် လက္ခဏာစသော လောကီပညာများကို ယုံကြည်လက်ခံ၍ လက်တွေ့စမ်းသပ်ကြည့်လို၏။

မိဿရာသီဖွားတို့သည် ယုံကြည်ချက်နှင့် ရည်ရွယ်ချက်ကြီးမားကြသည်။ သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှုကို အလွန်မုန်းသည်။ စွမ်းဆောင်ချက်နှင့် လုပ်ရည်ကိုင်ရည် ပြည့်ဝသော်လည်း ခေါင်းမာခြင်း၊ ကြာရှည်စွာစောင့်စားရသည်ကို သည်းမခံနိုင်ခြင်းတို့ကြောင့် အောင်မြင်ခါနီးမှ လက်လွှတ်သွားရသော

အခြေအနေမျိုး မကြာခဏကြုံရတတ်သည်။ စိတ်ရှည်ပါ။ ထိုမျှသာမက မိမိအရွယ်ရောက်ချိန်တွင် မိဘများစီးပွားကျဆင်းသွားချိန်နှင့် တိုက်ဆိုင်သွားမှုမျိုး၊ မောင်နှမသားချင်းတို့၏ဒဏ်ကိုခံရခြင်းတို့ပါ ကြုံရတတ်သဖြင့် စီးပွားရေးတွင် စိတ်ရှည်စွာ ကြိုးစားပေးမှ အောင်မြင်တတ်သည်။ အတိုကအခံများနှင့် ကြုံသောအခါ မိုက်ရူးရဲတဖွတ်ထိုး လုပ်သဖြင့် နစ်နာတတ်သည်။ အလုပ်မကြာခဏပြောင်းလုပ်ခြင်းကို ရှောင်ပြီး တစ်ခုတည်း စွဲမြဲစွာလုပ်သွားပါက အထူးအောင်မြင်သူများဖြစ်၏။ထို့အပြင် ဘာသာရေးဦးထိပ်ပန်ဆင်ပြီးလုပ်ပါပ အထူးအောင်မြင်တတ်၏။

မိဿရာသီဖွားတို့သည် စစ်ဘက်တွင် အထူး ကောင်းကျိုးပေး၏။ ဆေးဘက်တွင်ပါရမီထူး၏။ စစ်ဘက်၊ စက်မှု၊ ဆေးပညာ၊ သတင်းထောက်၊ စိုက်ပျိုးရေး၊ အချက်အပြုတ်တို့တွင် အထူးကောင်းကျိုးပေး၏။

မိဿရာသီဖွားတို့၏ အချစ်ရေးနှင့် အိမ်ထောင်ရေးအခြေအနေအထားများ

မိဿရာသီဖွားတို့သည် နှလုံးသားရေးတွင် စိတ်အပြောင်းအလဲမြန်သည်။ ဆုံးဖြတ်ချက်မပြတ်မသားဖြစ်တတ်သည်။ ကိုယ့်ချစ်သူနှင့် နားလည်မှုလွဲမှား သဖြင့် မကြာခဏချစ်သောက ဝေဒနာတို့ကြိတ်ပြီး ခံစားရတတ်သည်။ အချစ်ရေးတွင် ကိုယ်တိုင်က စိတ်လှုပ်ရှားမှုများစွာဖြင့် အယုအယ အကြင်နာခံလိုတတ်ပြား ကိုယ်တိုင်က အေးတိအေးစက်နေတတ်သဖြင့် အဆင်မပြေဖြစ်တတ်သည်။ ထို့အပြင် ကိုယ်ထင်ရာ တဖွတ်ထိုး ဆုံးဖြတ်ပြီး တစ်ယောက်မကောင်းတစ်ယောက်ပြောင်း ဟူသော စိတ်ဓါတ်ကြောင့်မှားယွင်းတတ်သည်။ အချစ်ဦး၏ ပစ်သွားခြင်းခံရတတ်သည်။ မိဿဖွားတို့သည် လွှမ်းမိုးနိုင်စွမ်းသော၊ စိတ်လှုပ်ရှားစေနိုင်စွမ်းသော၊ သူကိုသာရှာဖွေတတ်ကြသည်။

မိဿရာသီဖွားတို့သည် အိမ်ထောင်ဖက်ရွေးချယ်သောအခါ တွင် နှလုံးသားမှ ဆန္ဒထက် ကိုယ့်အိမ်ထောင်ဖက်သားအပေါ်တွင် သနားစိတ်၊ သနားချစ်ဖြင့် ရွေးချယ်တတ်ကြသည်။

မိဿရာသီဖွားတို့သည် အိမ်ထောင်ရေးတွင် ဦးနောက်ကို ဦးစားပေးဆုံးဖြတ်ရွေးချယ်ပါက ပို၍စိတ်ချမ်းသာကြရတတ်သည်။ မိဿရာသီဖွား များကိုယ်တိုင် ရုပ်ရည်တင့်တယ်တတ်ရုံသာမက ဆွဲဆောင်အားကောင်းသော မျက်ဂန်း၊ စူးရှတောက်ပသော မျက်ဂန်းတို့ကို ပိုင်ဆိုင်ထားတတ်ကြသည်။ အထူး သတိပြုရန်မှာ မိဿရာသီဖွားတို့  သည် ဆွေမျိုးနီးစပ်ချင်း ချစ်ကြိုက်နစ်သက်မိတတ်၍သတိထားရှောင်ရှားသင့်သည်။ သို့သော် မိဿရာသီဖွားတို့သည် ဣန္ဒြေရရ ထိန်းသိမ်းနိုင်သူများဖြစ်သဖြင့် အစစ် အဆင်ပြေသွားမည်သာဖြစ်သည်။ ဓနုရာသီဖွား၊ တူရာသီဖွားတို့နှင့် အိမ်ထောင်ဖက်သင့်သည်။

မိဿရာသီဖွားတို့၏ ကျန်းမာရေး အခြေအနေအထားများ

မိဿရာသီဖွားတို့သည် ကျန်းမာရေးကောင်းမွန်နေသည်က များတတ်ပေသည်။ ရောဂါကြီးဟူ၍ထွေထွေထူးထူး မရှိတတ်ပါ။ သို့သော် အဖျားကြီးခြင်း၊ ကူးစက်ရောဂါဖြစ်ခြင်းတို့ အများစုဖြစ်တတ်သည်။ မိဿရာသီဖွားများသည် အသားထက် အသီးအရွက်ကိုပို ကြိုက်၏။ ကျန်းမာရေးအတွက် ကြက်သွန်နီ၊ ချင်း၊ ငရုတ်ကောင်းတို့ပက်ကို ဓါတစာအဖြစ် မကြာခဏ စားသုံးသင့်ပေသည်။

မိဿရာသီဖွားများ၏ ဘဂအခြေအနေ

မိဿရာသီဖွားများသည် အသက်(၇၊ ၁၉၊ ၃၀၊ ၃၉၊ ၄၄)နှစ်များတွင် အညံ့အဆိုးများ ကြုံတွေ့ရတတ်သည်။ အသက်(၁၅)နှစ်မှ (၁၉)နှစ်ကြားတွင် ဘဂ တစ်ဆစ်ချိုးပြောင်းလဲတတ်သည်။ အသက်(၁၉)နှစ်မှ (၃၀)နှစ်ကြားတွင် ပင်ပန်းစွာ ရုန်းကန်လှုပ်ရှားရတတ်သည်။ အသက်(၂၃)နှစ်မှ (၂၈)နှစ်ကြားတွင် ထင်မှတ်မထားသော အခြေအနေများကြုံပြီး ဘဂအဆင့်အတန်းမြင့်တတ်သည်။ အသက်(၃၅)နှစ်မှ (၃၉)ကြားတွင်လည်းကောင်း၊ အသက်(၄၅)နှစ်မှ (၄၇)နှစ်ကြားတွင်လည်းကောင်း၊ အသက် (၅၁)နှစ်မှ

(၅၃)နှစ်ကြားတွင်လည်းကောင်း အံ့သြစရာကောင်းလောက်အောင်ကို တိုးတက်အောင်မြင်တတ်ပေသည်။ သို့သော် အသက်(၃၅)နှစ်တွင် ကျန်းမာရေးအထူး ဂရုပြုသင့်သည်။ အသက် (၃၆)နှစ်တွင် မရဖူးသေးသော စည်းစိမ်များရတတ်သည်။ အသက်(၅၆)နှစ်တွင် အထွတ်အထိပ်ရောက်အောင်ကြီးပွားတတ်သည်။ အသက်(ရ၆)နှစ်တွင် အသက်အိုးစည်းစိမ်ထိပါးလောက်အောင် ကျန်းမာရေးညံ့တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့မှာ (၂၁)မှ (၂၆)အတွင်း ချောမွေ့တတ်သည်။ အိမ်၊ အလုပ်၊ အိမ်ထောင် အပြောင်းအလဲများသည်။

မိဿရာသီဖွားများ သတိထားရမည့် ဘေးအန္တရယ်

မိဿရာသီဖွားများ သတိထားရမည့် ဘေးအန္တရယ်များမှာ မီးဘေးသတိထားရမည်။ လျှပ်စစ်မီး ရှော့စ်ဖြစ်တတ်သည်။ စက်ကရိယာတို့ ထိခိုက်တတ်သည်။ လက်နက်ခဲယမ်းမီးကျောက် ပေါက်ကွဲမှုကို သတိပြုရမည်။ သို့သော် ယေဘုယျမျှသာဖြစ်ပြီး သတိထားသွားလာဆောင်ရွက်က ဉပဒ်ကင်းမည်။ ဦးခေါင်းနှင့်ခြေထောက် တို့တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ မိဿရာသီဖွားများအနက် အရက်သေစာသောက်စားသူများမှာ ထိုဉပဒ်အန္တရယ်မျိုးအဖြစ်များပြီး မိန်းမအဖျက်ပါ ကြုံတွေ့ရတတ်သည်။ သူတစ်ပါးက ကိုယ့်ကို အတိုက်အခံလုပ်ချင်လာတတ်သည်။ ထို့ကြောင့် အရက်သေစာကို အခြားရာသီဖွားများထက် ပိုဆင်ခြင်သင့်လေသည်။

မိဿရာသီဖွားများ၏ဘဝအောင်မြင်မှုအတွက် လိုက်နာကျင့်သုံးဖွယ်ရာများနှင့် အဆောင်၊ အရောင်များ

မိဿရာသီဖွားများသည် ယဉ်ကျေးသိမ်မွေ့မှုကို သဘောကျသော်လည်းကိုယ်တိုင်ကမူ ခြေမြန်လက်မြန်၊ အပြောမြန်သည့် တဇွတ်ထိုးစိတ်တို့ကြောင့် သူများအမြင်တွင် ရိုင်းစိုင်းနေတတ်သည်။ သို့သော် သဘာဝကျသော အပြင်အဆင်ကို နှစ်သက်ပြီး ခေတ်ပေါ်ဒီဇိုင်း အဝတ်အစားတို့ကို နှစ်သက်တတ်သည်။ လူစုလူဝေးတွင် ဟေးလားဝါးလား မနေတတ်။ သွက်လက်သပ်ရပ်စွာ ဝတ်စားတတ်ကြသည်။ အရောင်အားဖြင့် ပန်းရောင်၊ အနီရောင်၊ ကြက်သွေးရောင်တို့ကို သုံးစွဲသင့်သည်။ အနက်ရောင်ကို အထူးရှောင်သင့်ပါသည်။ ပတ္တမြားနှင့်စိန်ကို အထူးဝတ်ဆင်သင့်သည်။ အထူးသဖြင့် ပတ္တမြားလက်စွပ်ကို လက်ျာဘက်လက်ခလယ် တွင် ဝတ်ဆင်သင့်ပေသည်။ တစ်နေ့တာကာလအတွင်း အထူးကောင်းကျိုးပေးသောလမှာ နံဂင်ဘာလဖြစ်သည်။ တစ်ပတ်အတွင်း အထူးကောင်းကျိုးပေးသောနေ့ မှာ အင်္ဂါနေ့ဖြစ်သည်။ ပတ္တမြားကို ဝတ်ဆင်ထားပါ။ ရန်အပေါင်းကို အောင်နိုင်ခြင်း၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံခြင်း ဖြစ်စေတတ်ပေသည်။ ပတ္တမြားအစစ်မတတ်နိုင် သေးပါက ပတ္တမြားကဲ့သို့သော ကျောက်အနီကို ဝတ်ဆင်ထားပါ။ အခြားဆောင်သင့်သော အရာများမှာ သံမဏိ(စတီးလ်)ဖြစ်လေသည်။

အထူးသဖြင့် နှစ်စဉ်ဇူလိုင်လ (၂၁)ရက်မှ ဩဂုတ်လ (၂၀)အတွင်း၊ဒီဇင်ဘာ(၂၁) မှ ဇန်နဝါရီ (၂၀)အတွင်း၊ ဇန်နဝါရီ(၂၁)မှ ဖေဖော်ဝါရီ (၂၁)အတွင်း၊ တို့၌အလုပ်စတင်ခြင်း၊ ထီထိုးခြင်းတို့ ပြုသင့်ပေသည်။ (၃၊၆၊၉) ဂဏန်းများကို အထူးဆောင်သင့်ပေသည်။

အထူးအားဖြင့် မိဿရာသီဖွားအားလုံးတို့သည် တဇွတ်ထိုးစရိုက်ကို ပြုပြင်ခြင်း၊ မခံချင်စိတ် ဒေါသကို ထိန်းခြင်းနှင့် အတူ ပင်ကိုယ်စရိုက်ကောင်းဖြစ်သော တီထွင်မှု၊ ရဲရင့်မှုတို့ဖြင့် ရုတ်ခြည်းပေါ်လာသော အခွင့်ကောင်းများကို ထိထိမိမိ သုံးစွဲသွားပါက ထူးချွန်စွာ အောင်မြင်သော ဘဝပိုင်ရှင်များဖြစ်မည် အမှန်ပေတည်း။

အားလုံးသတ္တဂါချမ်းသာပါစေ

သက်နှင်းဆွေ-ပုပ္ပါး

---

ပြိဿရာသီဖွားများ

(နှစ်စဉ်ကဆုန်လအတွင်း မွေးဖွားသူများသည် ပြိဿရာသီဖွားများဖြစ်သည်။ ထို့အပြင် နှစ်စဉ် ဧပြီ (၂၁)ရက်မှ မေ (၂၁)ရက်အတွင်းမွေးဖွားသူများ သည်လည်း ပြိဿရာသီဖွားများပင်ဖြစ်ပေသည်။ ထိုရက်အပိုင်းအခြားကို အတိအကျသိသူများသည်လည်းကောင်း၊ ၄င်းအပိုင်းအခြားကို အတိအကျမသိဘဲ ကဆုန်လတွင် မွေးဖွားသူများလည်းပြိဿရာသီဖွားများဟုပင် မှတ်ယူပြီး ဘဝတစ်သက်တာတစ်လျှောက်တွင် အောက်ပါဖြစ်စဉ်များ ဖြစ်ပွားနိုင်သည်ဟု ယေဘုယျ ခြုံငုံ၍လေ့လာမှတ်သားကာ ဆောင်ခြင်း၊ ရှောင်ခြင်းတို့ပြုသင့်ပေသည်။)

ပြိဿရာသီဖွားများ၏ ပင်ကိုယ်စရိုက် သဘာဝနှင့် အကျင့်လက္ခဏာများ

ပြိဿရာသီဖွားများသည် တည်ကြည်အေးဆေးသူများဖြစ်သည်။ ဖြောင့်မတ်၏။ အလွန်သစ္စာရှိ၏။ ထို့ပြင် အလွန်သံယောဇဉ်ကြီးမားတတ်ကြ၏။ အနုပညာပါရမီဓါတ်ခံကြီး၏။ အလွန် ညို့ဓါတ်အားကောင်း၏။ တစ်ခုမဟုတ် တစ်ခုဖြင့် လူအများ၏ချစ်ခင်ကြည်ညိုခြင်းကိုခံရတတ်၏။ ဘေးလူတွေကချစ်ခင်၏။ စန်းပွင့်၏။ အလှအပ၊ အသန့်အပြန့်ကြိုက်၏။ စိတ်ကူးယဉ်တတ်၏။ အထူးသဖြင့် ပြိဿရာသီဖွားများသည် ဘဝတွင် ကြည်နူးလွမ်းဆွတ်ဖွယ်ရာ အနေအထားများကို များစွာကြုံခဲ့တတ်ကြပေ၏။ အလွမ်းဓါတ်ခံရှိ၏။ လူပေါင်းဆန့်၏။ အကောင်းကြိုက်၏။ ကောင်းပေ့ဆိုသည့် အသုံးအဆောင်များကိုသာသုံးချင်၏။ ငွေအသုံးကြမ်း၏။ဘယ်ကိစ္စမဆို ဆန်းစစ်လေ့လာကာ ဆုံးဖြတ်ချက် ခိုင်ခိုင်ချပြီးမှ စတင်လုပ်ကိုင်တတ်၏။ နူးညံ့သိမ်မွေ့သလောက် ဒေါသထွက်လာကာ ဘာမှ မမြင်တော့လောက် အောင် ကမူးရှူးထိုးလုပ်တတ်၏။ ရဲရင့်တည်ကြည်၍ ထက်မြက်၏။ နံနက်စော အရုဏ်ဦးအချိန်တွင် အသိဝိဇ်အထူးပွင့်တတ်၏။ ထိုအချိန်တွင် စိတ်ကူးကောင်းတွေ ပေါ်တတ်၏။

ပြိဿရာသီဖွားများသည် ခံစားချက်ပြင်းထန်၏။ ဘာမဆို အလေးအနက်ခံစားတတ်၏။ ကိစ္စတစ်ခုကို ဆုံးဖြတ်ပြီးက နောက်မတွန့်တမ်းလုပ်တတ်၏။စည်းကမ်းတကျ စနစ်တကျလုပ်တတ်၏။ အချိန်နာရီ၊ ကတိသစ္စာကို အလွန်တန်ဖိုးထား၏။ ဖြောင့်မတ်၏။ ကတိပျက်က စိတ်ဆိုးတတ်၏။ စိတ်ဆိုးခဲသလောက် စိတ်ဆိုးလာက အသားတွေ တဆတ်ဆတ်တုန်လာကာ မျက်ရည်ပင်ကျလာတတ်၏။ အထူးသဖြင့် မိမိအပေါ် လိမ်လည်လှည့်ဖျားလာက လုံးဝခွင့်မလွှတ်တတ်။ သစ္စာမဲ့ခြင်းကို အလွန်ရွံ့မုန်း၏။ စကားပြောဆိုရာတွင် အေးတိအေးစက်နှင့် ချက်ကျကျပြောဆိုတတ်၏။ စကားလုံးများဖြင့်နာကျင်ခံခက်ဖြစ်အောင် ပြောဆိုနိုင်စွမ်း၏။ တစ်ခါတစ်ရံ ပြောပေါက်ဆိုပေါက် ကတ်တိကတ်ဖဲ့နိုင်၏။ သို့သော် ပြိဿရာသီဖွားတို့သည် အပေါ်ယံအားဖြင့် မာကျောသယောင်ရှိသော်လည်း အတွင်းစိတ်နူးညံ့၏။ ကိုယ့်အပေါ် သိမ်သိမ်မွေ့မွေ့ဆက်ဆံလာက အရာရာကို ခွင့်လွှတ်နိုင်တတ်၏။ အများအတွက်အနစ်နာခံတတ်၏။ အများကောင်းကျိုး ဆောင်ရွက်လို၏။ လောဘမကြီးဘဲ လုပ်စရာတွေကို ဇွဲဖြင့် တွန်းတိုက်လုပ်တတ်၏။ အရာရာအပေါ် ရိုးရိုးရှင်းရှင်းနှင့်နေထိုင်လုပ်ကိုင်တတ်၏။ ရှုပ်ရှုပ်ယှက်ယှက်ဘာမှ မကြိုက်၊ သူတစ်ပါးကိစ္စ ဝင်မစွတ်ဖက်တတ်။ ထို့အတူ ကိုယ့်နေရာကို လာပတ်သက်ခြင်းမျိုးကိုလည်း မကြိုက်တတ်။ သို့သော် မိသားစု သံယောဇဉ်ကြီးမားကြ၏။ သွေးရင်းသားရင်း၊ မိတ်ဆွေရင်းတွေအတွက် အမြဲလိုလို ပေးဆပ်နေတတ်၏။ အနစ်နာခံနေတတ်၏။

သို့သော် ပြိဿရာသီဖွားများသည် တစ်ခါတစ်ရံ ဆင်ခြင်ဝိဇ်ကင်းစွာ မာန်မာနနှင့် ပြုမူမိတတ်၏။

ကိုယ့်ကိုယ်ကို အယုံလွန်ပြီး တဇွတ်ထိုးလုပ်မိတတ်၏။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မိုက်ရူးရဲလုပ်မိတတ်၏။ မည်သို့ပင်ဖြစ်စေ ပြိဿရာသီဖွားတို့သည် ဂီရိယကြီးခြင်း၊ တိုးတက်ကြီးပွားရန်အမြဲကြံစည်နေတတ်ခြင်း၊ လူချစ်လူခင်များခြင်း၊ ကိုယ့်ကိုယ်ကို ရိုသေစွာ သန့်သန့်ခန့်ခန့် နေတတ်ခြင်းတို့ကြောင့် အမည်ကျော်ကြား အောင်မြင်ချမ်းသာသူများ ဖြစ်တတ်ပေ၏။

## ပြိဿရာသီဖွားများ၏ အလုပ်အကိုင်နှင့် စီးပွားရေး အနေအထားများ

ပြိဿရာသီဖွားတို့သည် ဘဂကို သူတစ်ပါးတို့ထက် ပို၍တန်ဖိုးထားသူများဖြစ်၏။ ဖွဲကောင်းကောင်းနှင့် ကြိုးစားတတ်ကြ၏။ အပင်ပန်းခံ၍ကြိုးစားကြ၏။ ဖွဲကောင်းကောင်းနှင့် ကြိုးစားကြ၏။ ထို့ကြောင့် သူတစ်ပါးတို့က ယုံကြည်ကိုးစားရသော ဘဂကိုပိုင်ဆိုင်တတ်ကြ၏။ စီးပွားလာဘ်မြင်၏။ ငွေရှာကောင်း၏။ ငွေသုံးကြမ်း၏။ မိတ်ကောင်းပေါ၏။ လုပ်ငန်းမရွေး လုပ်ဆောင်တတ်၏။ ဘဂတွင်သူတစ်ပါးက နှိမ်၍ဆက်ဆံခံရခြင်းကို မခံချင်စိတ်ဖြင့် ကြိုးစားတတ်၏။ ဘဂတွင်ထူးခြားစွာ ပြည့်စုံ<ကယ်ဂတတ်ကြ၏။ ကတိသစ္စာတည်ကြည်ခြင်းကြောင့် စီးပွားဖက်တို့၏ ယုံကြည်ခြင်းကို ခံရတတ်၏။ ဘဂတွင် ဒုတိယအရွယ်နှင့် တတိယအရွယ်တွင် စီးပွားပြည့်စုံတတ်၏။ အကြံဝါဏ်ကောင်းများ ပေါ်ထွက်လာတတ်သလို လက်တွေ့အကောင်အထည်ဖော်မိ၍ကြီးပွားချမ်းသာတတ်၏။ စီးပွားတက်ချိန်တွင် အပျော်အပါးဖက်မိတတ်၏။ ကိုယ်ပိုင်စီးပွားရေးအလုပ်ကိုသာလုပ်ပါ။ သူတစ်ပါးလက်အောက်ခံမလုပ်သင့်ပါ။ ကိုယ့်စိတ်ကူးနှင့်သာ ရဲရဲလုပ်ပါ။ မည်သည့်အလုပ်မဆို စွဲစွဲမြဲမြဲလုပ်ပါ။အလုပ်အမျိုးမျိုးပြောင်းလုပ်ခြင်းကိုရှောင်ပါ။

ဤအချက်များသည် ပြိဿရာသီဖွားတို့ အထူးလိုက်နာသင့်သော အချက်များဖြစ်၏။ အထူးသဖြင့် စီးပွားရေးတွင် အားနာခြင်း၊ အာမခံခြင်း၊ ဆွေမျိုးများနှင့် ဆက်စပ်လုပ်ကိုင်ခြင်းတို့ကို အထူးရှောင်ပါ။ ပြိဿရာသီဖွားတို့သည် စာပေလုပ်ငန်းဖြင့် အထူးကောင်းကျိုးပေး၏။ အနုပညာလုပ်ငန်း၊ စာရေးဆရာ၊ နက္ခတ်ဗေဒင်ပညာရှင်၊ ဆေးဂါးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းများကို လုပ်ကိုင်၍ ကြီးပွားနိုင်၏။ ထို့အပြင် စစ်ဘက်၊ သူနာပြု၊ ပန်းအလှစိုက်ပျိုးရောင်းချခြင်းတို့ဖြင့် အကျိုးအထူးပေး၏။ အထူးသဖြင့် ပြိဿရာသီဖွားတို့သည် အနုပညာလုပ်ငန်း၊ အလှအပဆိုင်ရာလုပ်ငန်းတို့ဖြင့် အထူးအောင်မြင်တတ်ပေသည်။

## ပြိဿရာသီဖွားများ၏ အချစ်ရေး အိမ်ထောင်ရေးနှင့် ဘဂတည်ဆောက်မှုအနေအထားများ

ပြိဿရာသီဖွားတို့သည် နှလုံးသားခံစားမှုပြင်းထန်၏။ ကဗျာဆန်၏။ အထူးသဖြင့် အလွမ်းတေးသီချင်း၊ ကဗျာစာပေတို့ကို နှစ်သက်၏။ သံယောဇဉ်ကြီး၏။အထူးသဖြင့် အလွမ်းသမားများဖြစ်၏။ ဘဂတွင် သံယောဇဉ်ကြီးမားသူတို့ကို ခွဲခွာပြီး လွမ်းနေတတ်ကြရ၏။ ပထမပိုင်းတွင် ချစ်ကံခေပြီး နောက်ပိုင်းမှကောင်းတတ်၏။တစ်ရွာသူ တစ်နယ်သားတို့နှင့် ချစ်ကြိုးသွယ်မိတတ်၏။ အရူးအမူးချစ်တတ်ကြ၏။ တသသလွမ်းဆွေးနေတတ်ကြရ၏။ သို့သော်အိမ်ထောင်ပြုပြီးသောအချိန်တွင် စိတ်ချမ်းသာကြရတတ်၏။ ဘဂတွင်တစိမ့်စိမ့်ပြန်တွေးပြီး တသသ ကြည်နူးမဆုံး၊ လွမ်းမဆုံးအဖြစ်အပျက်လေးများစွာ ကြုံကြရတတ်သူများဖြစ်၏။ အချစ်ရေးတွင် ကြားလူအနှောက်အယှက် အမြဲကြုံရတတ်၏။ ထို့အတူအိမ်ထောင်ရေးတွင်လည်း သွေးဆောင် ဖြားယောင်းခြင်းခံရတတ်၏။ သို့သော်ပြိဿရာသီဖွားတို့သည် သစ္စာကြီးမားသူများဖြစ်၍ အိမ်ထောင်သာယာတတ်ပါ၏။ ကိုယ်ကိုယ်တိုင် ရုပ်ဆင်းတင့်တယ်၍ သပ်ရပ်ခန့်ငြားသူဖြစ်သလို အသားလတ်လတ်နှင့် လှပပြေပြစ်သူနှင့် ဖူးစာဆုံရတတ်၏။ မျက်နှာတွင် ထင်ရှားသော မှဲ့အမှတ်အသားပါသူနှင့် ဖူးစာဆုံတတ်ပေ၏။ အိမ်ထောင်ဖက်အပေါ်တွင် အစစ ကိုယ်က အနစ်နာခံ၍ အနွံတာခံ၍ ပေါင်းဖော်ရတတ်၏။ အထူးသတိပေးလိုသည်မှာ ချစ်သူဘဂတွင်ဖြစ်စေ၊ အိမ်ထောင်သည်ဘဂတွင်ဖြစ်စေ မိမိချစ်သူအပေါ် မယုံသင်္ကာစိတ်မထားပါနှင့်။ ထို့အတူ မိမိချစ်သူက

များယွင်းမှုရှိနေကြောင်း(သစ္စာမဲ့မှုမျိုး) သေချာနေလျှင် ပွင့်ပွင့်လင်းလင်းဖြေရှင်းလိုက်ပါ။ ထို့အပြင် ချစ်သူထားချိန်တွင်လည်းကောင်း၊ အိမ်ထောင်ပြုချိန်တွင်လည်းကောင်း၊ခေါင်းအေးအေးနှင့် စဉ်းစားပြီးမှ လက်ခံဆုံးဖြတ်ပါ။ အထူးသဖြင့် ပြိဿရာသီဖွား မိန်းကလေးများ တဖွတ်ထိုးဆုံးဖြတ်ကာ အရှက်တကွဲ အကျိုးနည်းဖြစ်တတ်သည်။ အထူးသတိထားပါ။ ဘာပဲဖြစ်ဖြစ် အစပိုင်းညံ့ပြီး နောက်ပိုင်းတွင် ကောင်းကျိုးခံစားရပါမည်။

## ပြိဿရာသီဖွားများ၏ ကျန်းမာရေး အနေအထားများ

ပြိဿရာသီဖွားများသည် စိတ်ထက်၍ ဖွဲ့ကောင်းသူများဖြစ်ပြီး လူအပင်ပန်းခံနိုင်သော်လည်း ခန္ဓာကိုယ်တွင် မကြာခဏ ဝေဒနာဖြစ်တတ်၏။ အဓိကအားဖြင့် အဆစ်အမြစ်များ မကြာခဏနာကျင်ကိုက်ခဲတတ်သည်။ လေထိုး၊ လေအောင့်၊ ဂမ်းနာရောပါတို့လည်း မကြာခဏဖြစ်တတ်၏။ လည်ချောင်းနာ၊ အသံဝင်၊ ရင်ကြပ်ရောဂါများမှာ အနည်းဆုံး တစ်နှစ် တစ်ကြိမ်မှုဖြစ်တတ်၏။ ပြိဿရာသီဖွားများသည် တော်ရုံတန်ရုံ ရောဂါလောက်ဖြင့် ဆရာဝန်ပြခြင်း၊ ဆေးစားခြင်းမပြုဘဲ ဝေဒနာကို ကြိတ်မှိတ်ခံစားနေတတ်သည်။ ထို့ကြောင့်ပင် မလိုလားအပ်ဘဲ ရောဂါကြီးမားသွားတတ်သည်။ ပြိဿရာသီဖွားအမျိုးသမီးများ သားအိမ်အားနည်းတတ်သည်။ အမျိုးသားများ ဆီးကျောက်တည်ခြင်း၊ ဆီးကျိတ်ရောင်ခြင်းဖြစ်တတ်၏။ ပြိဿရာသီဖွားများသည် ဘာမှမလုပ်ဘဲ ငြိမ်နေလျှင် ကျန်းမာရေးညံ့တတ်၏။ အငြိမ်မနေဘဲ အလုပ်များကို ဇယ်ဆက်သလို ဆက်တိုက်လုပ်နေက၊ လှုပ်ရှားနေက ပို၍ကျန်းမာတတ်၏။ အသေးအဖွဲ့အားဖြင့် ဇက်ကြောတက်၊ ခေါင်းမူး၊ ခေါင်းကိုက်ရောဂါများဖြစ်တတ်၏။ အသီးအရွက်များများစားပေးပါ။ အသက်(၃၇)ဝန်းကျင်တွင်လည်းကောင်း၊ အသက်(၈၀) တွင်လည်းကောင်း ကျန်းမာရေး အထူးဂရုပြုပေးပါ။ ထို့အပြင် ပြိဿရာသီဖွား အမျိုးသမီးများသည် ရင်သားတွင် အနာဖြစ်ခြင်းမျိုး ဖြစ်တတ်သဖြင့် ဂရုပြုသင့်သည်။ပြိဿရာသီဖွားအားလုံးအတွက် ပဲအမျိုးမျိုး၊ ပန်းသီး၊ ဖရဲသီး၊ သဖန်းသီး၊ သစ်ချသီး၊ ဗာဒံသီးတို့ကို ဓါတ်စာအဖြစ် မပြတ်စားပေးသင့်သည်။ ထို့အပြင် ဂက်သားဟင်းစားပေးခြင်း၊ မကြာခဏပျားရည်စားပေးခြင်း ပြုသင့်၏။ ပြိဿရာသီဖွားတို့သည် အခြားသူများထက် အစွဲအလန်း သံယောဇဉ်ကြီးမားတတ်သဖြင့် ]]အလွမ်းနာ}}ထိတတ်၍ သံယောဇဉ်ကို အတိုင်းအတာထားသင့်ပေတော့၏။

## ပြိဿရာသီဖွားများ သတိပြုစရာ ဘေးဥပဒ်အန္တရာယ်များ

ပြိဿရာသီဖွားများသည် မျက်နာတွင် ရုတ်တရက် ထိခိုက်ဒဏ်ရာရတတ်သည်။ တောင်ပြိုခြင်း၊ မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ရတတ်၏။ စက်မှု လက်မှုလုပ်ငန်းလုပ်သူများမှာ မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ အထူးသဖြင့် ပြိဿရာသီဖွားသည် လက်နက်ပေါက်ကွဲခြင်း ဖြစ်တတ်၍ သတိပြုသင့်သည်။ သို့သော် အသက်အိုးအိမ်ထိခိုက်လောက်အောင် ဘေးအန္တရာယ်မရှိတတ်ပါ။ ပြိဿရာသီဖွားများသည် ဦးနှောက်သွေးကြောထိခိုက်ခြင်း ရုတ်တရက်ဖြစ်တတ်သောကြောင့် သတိထားသင့်ပါ၏။ ထို့ပြင် သူတစ်ပါးအတွက် အနစ်နာခံရသော ဇာတာပါ၏။ ထို့အတွက်သာ အဓိကဆင်ခြင် သတိပြုသင့်ပေသည်။အထူးသဖြင့် နှစ်စဉ် (၂)လပိုင်း၊ (၄)လပိုင်းတို့တွင် အစစ အရာရာ သတိဖြင့်လုပ်ဆောင်သင့်ပေ၏။

## ပြိဿရာသီဖွားတို့၏ ဘဝကံကြမ္မာ အနိမ့်အမြင့် အနေအထားများ

ပြိဿရာသီဖွားတို့သည် ဘဝတွင် ဒုတိယအရွယ်နှင့် တတိယအရွယ်တို့တွင် အထူးကောင်းစားတတ်၏။ ပထမအရွယ်တွင် အနစ်နာခံခြင်းတို့ဖြင့် ဖြည့်ဆည်းပေးရတတ်၏။ ပြိဿရာသီဖွားတို့သည် လူအုပ်စုဖြင့်နေရသည်ကို မနှစ်သက်သော်ငြား လူအုပ်စုဖြင့်ပင် အောင်မြင်တတ်ပြန်၏။ အများ၏ထောက်ခံမှုကို ရတတ်လေ၏။ အသက်(၁၅)နှစ်၊ (၃၀)နှစ်၊ (၄၅)နှစ်၊ (၆၀)နှစ်တို့တွင် ထူးခြားသော အပြောင်းအလဲများကို ကြုံတတ်၏။ အသက် (၂၀)၊ (၂၅)နှစ်၊ (၂၈)နှစ်တို့တွင် ထိခိုက်နစ်နာမှုများ ကြုံတတ်၏။

ပြိဿရာသီဖွားတို့သည် အနစ်နာခံခြင်း အပင်ပန်းခံခြင်းတို့ပြုပြီးမှသာ ပြည့်စုံခြင်းဖြစ်တတ်သောသဘာဂရှိ၏။
အထူးသဖြင့် (၁၈၊၂၂၊ ၃၃၊ ၃၅၊ ၃၇)နှစ်များတွင် အနှောက်အယှက် အခက်အခဲများ ကြုံတွေ့ရတတ်၏။
ပြိဿရာသီဖွားတို့သည် ကိုယ်ရေးကိုယ်တာအတွက် ဦးစားမပေးဘဲ၊ ငွေကြေးကိစ္စတို့ကို
အဓိကထားမဆောင်ရွက်ဘဲ အများအတွက်စေတနာထားဆောင်ရွက်လေ ကြီးပွားလေဖြစ်တတ်၏။
အသက်(၃၆)နှစ်နှင့် (၃၈)နှစ်တို့တွင် အမွေရသလိုမျိုး ရုတ်တရက်ကြီးပွားပြီး အောင်မြင်မှုရတတ်၏။
အကြီးအမှူးနေရာကို ရတတ်သည်။ အလှူအတန်းများစွာပြုရတတ်၏။ သို့သော် ပြိဿရာသီဖွားတို့သည်
ဆွေမျိုးဝေးနေရတတ်၏။ ရပ်ဝေးတွင် အောင်မြင်တတ်ကြ၏။ ယခုတွက်စစ်ဟောဆိုခဲ့သော ပြိဿရာသီဖွားတို့
ဖြစ်တတ်သည့် ဘေးအန္တရာယ်များနှင့် ထူးခြားသော အသက်အပိုင်းအခြားတို့မှာ ယေဘုယျမျှသာဖြစ်၏။
ထိုအန္တရာယ်တို့ကိုလည်းကောင်း၊ ထိုအသက်အပိုင်းအခြား တို့တွင်လည်းကောင်းသတိပြု
ဆင်ခြင်နိုင်ရန်သာဖြစ်၏။ လိုက်နာကျင့်သုံးဖွယ်ရာ အဆောင်၊ အရောင်အချက်အလက်တို့ကိုမူ အထူး
သတိပြုလိုက်နာသင့်ပေ၏။

ပြိဿရာသီဖွားတို့၏ဘဂ တိုးတက်အောင်မြင်စေရန် လိုက်နာကျင့်သုံးဖွယ်ရာများနှင့် အဆောင်၊ အရောင်၊
အချက်အလက်များ

ပြိဿရာသီဖွားတို့သည် သံယောဇဉ်ကြီး၍ အနစ်နာခံရသော ဘဂပိုင်ရှင်များဖြစ်လေ၏။ ပေးဆပ်မှု၊
အနစ်နာခံမှု၊ နောင်ကြိုးတည်းခံရမှု၊ ဖိနှိပ်ချုပ်ချယ်မှုတို့ကို အမြဲခံရတတ်၏။ ဆွေမျိုးများနှင့် ဝေးဝေးနေသင့်၏။
သီးသန့်ခွဲထွက်သင့်၏။ သို့သော် ပြိဿဖွားတို့သည် မည်သည့်နေရာတွင် နေသည်ဖြစ်စေ ကိုယ်ကျိုးကို မငဲ့ဘဲ
စေတနာ အဓိကထား၍ လုပ်ဆောင်က သူမတူအောင်ကြီးပွားတတ်၏။ ပြိဿဖွားတို့သည်
စွမ်းအားထည့်၍လုပ်ဆောင်က သူတစ်ပါးထက် ထူးကဲစွာ အောင်မြင်တတ်၏။ သို့သော်
ကိုယ့်ကိုယ်ကိုယုံကြည်စိတ်နည်းက မယုံမရဲစိတ်ဖြင့် လုပ်တတ်သဖြင့် နစ်နာတတ်၏။ ထို့ကြောင့်
သံယောဇဉ်ကြီးခြင်း၊ အလွန်အမင်း အနစ်နာခံခြင်း၊ မယုံမရဲလုပ်ခြင်းတို့ကိုရှောင်ပါ။ စိတ်မြန်ခြင်း၊ စိတ်ကြီးခြင်း၊
စကားပြောကြမ်းခြင်းကိုရှောင်ပါ။ ထို့ထက် ကိုယ်တိုင်၏ အကြံကောင်း ဝဏ်ကောင်းများကို သူတစ်ပါးအား
အကျိုးမဲ့ပြောပြခြင်းကို ရှောင်ပါ။ ပြိဿရာသီဖွားတို့သည် ပင်ကိုယ်ရုပ်ရည်၊
ပင်ကိုယ်ဟန်အမူအရာအထူးကောင်းသလောက် ကိုယ့်ကိုကိုယ် ထင်ရှားအောင်မနေတတ်၊ မဝတ်တတ်၊
မလုပ်တတ်ဘဲ ရှိနေတတ်ကြ၏။ ထူးခြားသော ဆွဲဆောင်မှုရှိသူများဖြစ်ကြ၏။ အေးဆေးတည်ငြိမ်စွာ
သွားလာနေထိုင်သင့်၏။ လက်ဝတ်ရတနာတို့ကို ရှိတိုင်းမဝတ်သင့်။ ခပ်သေးသေးသာ ဝတ်သင့်၏။
အရောင်ရင့်ထက် အရောင်ဖျော့များကိုသာ ဝတ်သင့်၏။ စကားပြောသောအခါ ခြေလက်တည်ငြိမ် တည့်မတ်စွာ
ပြောသင့်၏။ အကောင်းဆုံးအဆောင်မှာ ]]မြ}} ကျောက်ဖြစ်၏။ အကောင်းဆုံးအရောင်တို့မှာ အပြာရောင်၊
ပန်းရောင်တို့ဖြစ်၏။ အဖြူရောင်နှင့် အစိမ်းနုရောင်ကိုလည်း သုံးစွဲနိုင်၏။ လက်ခလယ်တွင် စိန်၊ မြတို့
ဝတ်သင့်၏။ လက်သူ<ကယ်တွင် ပုလဲ၊ နီလာတို့ကို ဝတ်ဆင်နိုင်၏။လက်သန်းတွင် ငွေလက်စွပ်
သေးသေးမျှင်မျှင်ဝတ်ထားက ငွေလာဘ်ရွှင်၍ ငွေမြဲတတ်၏။ သစ္စာပန်း၊ စံပယ်ပန်းတို့လှူနိုင်၏။ အိမ်တွင်
အလှပန်းအိုး အမြဲထိုးသင့်၏။ ဘုရားစင်တွင် ငုဝ်ငင်းပန်းတို့ မပြတ်သင့်။ ရွှေများများဝတ်သင့်၏။ နှစ်စဉ်
သြဂုတ်လ (၂၁)ရက်အတွင်း၊ ဖေဖော်ဝါရီလ (၂၂)မှ မတ်လ (၂၀)ရက်အတွင်း လုပ်ငန်းစတင် ဆောင်ရွက်ခြင်း၊
ထီထိုးခြင်းတို့ကိုပြုသင့်၏။ (၃၊ ၆၊ ၉) ဂဏန်းများကို အမြဲအဆောင်အရွက်ပြုသင့်၏။ ကျန်းမာရေးညှိုးချိန်တွင်
အနီရောင်နှင့် ခရမ်းရောင်တို့ကို အထူးဝတ်ဆင်ဆောင်ထားသင့်ပေ၏။ ကျောက်နီကို ဝတ်ဆင်ထားလျှင်လည်း
ကျန်းမာရေးပြန်ကောင်းလာတတ်သဖြင့် ပြိဿရာသီဖွားတို့သည် ဘာမှ မျှော်လင့်မနေဘဲ အလုပ်ကို
အလုပ်နှင့်တူအောင် ကျားကုတ်ကျားခဲ ကြိုးစားပြီး ထိပ်ဆုံးသို့ရောက်သွားတတ်ကြပေသတည်း။

အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး
(၂၁.၅.၂၀၁၉)

---

မေထုန်ရာသီဖွားများ၏ဘာဂသက်တာဟောကိန်း

မြန်မာလ နယုန်လတွင်မွေးဖွားသူများ(နစ်စဉ် မေလ (၂၂)ရက်မှ ဇွန်လ (၂၁)ရက်အတွင်းမွေးဖွားသူများ)
(သက်နှင်းဆွေ-ပုပ္ပါး)
ဤရာသီခွင်သည် (၁၂)လရာသီစက်ဂန်း၏ တတိယမြောက်ရာသီခွင်ဖြစ်၏။ ကောင်းကင်မှ ကြယ်ပွင့်များ၏ ပုံသဏ္ဍာန်တွင် ယောက်ျားပျိုနှင့် မိန်းမပျို ယှဉ်တွဲနေသည့် ပုံသဏ္ဍာန်ဖြစ်သည်။ မေထုန်ရာသီဟုခေါ်တွင်ကြ၏။ ဓါတ်သဘာဂအားဖြင့် ဂါယောဓါတ်အားဆောင်၏။ ဓါတ်ဖိုဖြစ်၏။ ညဥ့်ရာသီဟု သတ်မှတ်ကြ၏။ ဗုဒ္ဓဟူးဂြိုလ်ပိုင်စိုးသော ရာသီခွင်ဖြစ်သည်။ နစ်စဉ် မေလ(၂၂)ရက်မှ ဇွန်လ (၂၁)ရက်အတွင်းမွေးဖွားသူများသည် မေထုန်ရာသီဖွားများဖြစ်၏။ထိုသို့ မွေးရက်အတိအကျမသိဘဲ (နယုန်လ)အတွင်း မွေးဖွားသူများ အားလုံးသည်လည်း မေထုန်ရာသီဖွားများဟု တစ်ထစ်ချသတ်မှတ်ကာ အောက်ပါဖြစ်စဉ်များကို မှတ်သား၍ ရှောင်သင့် ဆောင်သင့်ပေ၏။
မေထုန်ရာသီဖွားများ၏ ပင်ကိုယ် သဘာဂနှင့် အကျင့်စရိုက် လက္ခဏာများ
မေထုန်ရာသီဖွားများသည် ဘာမဆိုစိတ်ဂင်စားတတ်၏။ မိတ်ဖွဲ့ကောင်း၏။ အပေါင်းအသင်းအလွန်မက်၏။ အပေါင်းအဖော်နှင့် နေရမှပျော်တတ်၏။စိတ်ထိခိုက်လွယ်၏။ အငမ်းမရဖြစ်တတ်၏။ တဇွတ်ထိုးလုပ်တတ်၏။ စိတ်နှစ်ခွရှိ၏။ ဘယ်ကိစ္စမဆို စိတ်ဒွိဟနှင့် ဆုံးဖြတ်ရခက်နေတတ်၏။ သို့သော် အသိဝဏ်ထက်မြက်ကြ၏။ ယောက်ျားပီသသော စိတ်ဓါတ်ရှိ၏။ မေထုန်ရာသီဖွားများ အမျိုးသမီးများမှာလည်း ထက်မြက်ကြ၏။ ယောက်ျားဆန်၏။ မလိမ်တတ် မညာတတ်။ ဘယ်အခက်အခဲမျိုးကိုမှ နောက်မဆုတ်တတ်။ လွတ်လပ်မှုကိုမြတ်နိုး၏။ စည်းကမ်း၊ ဘောင်တို့ကို လုံးဂမကြိုက်၊ အထူးလွတ်လပ်လို၏။ ငွေကိုပြင်းထန်စွာရှာတတ်၏။ လောင်းကစားဘက် ရောက်သွားတတ်၏။ သူဌေးဖြစ် ခွေးဖြစ်ကြုံတတ်၏။ သုံးစရာရှိက သုံးပစ်တတ်၏။ ကုန်သွားကလည်း မနမြောတတ်။ ရွှေတစ်နေ့ ငွေတစ်နေ့ဖြစ်၏။ မေထုန်ရာသီဖွားတို့သည် လောဘကြီးတတ်၏။ အတွေးအခေါ်ဝဏ်ထက်သလောက် အစွန်းရောက်တတ်၏။ အပြုသမားဖြစ်လျှင်လည်း သူများထက်ပို၍ ထူးခြားစွာအများကောင်းကျိုး ဆောင်ရွက်တတ်၏။ အပြုသမားမဖြစ်က အဖျက်သမားကြီးဖြစ်တတ်၏။ လောင်းကစားမှုကို အထုံဂါသနာ အစွဲကြီးစွာ ပါလာတတ်ပြီး တစ်ချီကောင်းပွပေါက်ကြုံတတ်၏။ သစ်လွင်တောက်ပမှု၊ သန့်ရှင်းသန့်ရပ်မှုကို နှစ်သက်၏။ သူတစ်ပါးအပေါ် အယုံအကြည်နည်းပါး၏။  အမြဲတမ်း စရိုက်နှစ်မျိုးဖြစ်နေတတ်၏။ ဘာသာရေးတွင် ပါရမီထူးတတ်ပြီး အနာဂတ်ကို ကြိုတင် ဟောကိန်းထုတ်နိုင်စွမ်းသော ပါရမီထူးရှိ၏။ စိတ်မြန်၊ ကိုယ်မြန်ရှိ၏။ သူတစ်ပါးမတွေးသောရှုထောင့်မှ ထူးခြားထက်မြက်စွာ တွေးတတ်ပြီး ချက်ချင်းထလုပ်တတ်၏။ အပေါ်ယံသိမ်မွေ့သလောက် အတွင်းစိတ်မာကြောခိုင်ခန့်၏။ မဟုတ်မခံမာနကြီး၏။ သူတစ်ပါးတို့အတွက် ပြဿနာ၊ အခက်အခဲများရင်ဆိုင်ရခြင်းမျိုး မကြာခဏ ကြုံတတ်၏။ စိတ်မြန်ကိုယ်မြန်လုပ်ခြင်းကို အမြဲရှောင်ပါ။ မေထုန်ရာသီဖွားတို့သည် အဖော်အပေါင်းကို နှစ်သက်သော်ငြား သူတစ်ပါးတို့အပေါ်တွင် သံသယစိတ်၊

မယုံကြည်သောစိတ်ကြောင့် တစ်ကိုယ်တည်း အထီးကျန်စွာနေတတ်၏။ အလုပ်တစ်ခု မပြီးစီးမီနောက်ထပ်တစ်ခုကို ရွေးချယ်ရန် ပေါ်လာတတ်၏။ သူတစ်ပါးအပေါ် အလွယ်တကူ မယုံတတ်သော်လည်း ယုံမိပြီဆိုက ထိုသူပြောသမျှ အမှားကိုပင် အမှန်ထင်ကာ ယုံတတ်၏။ ကိစ္စတစ်ခုဖြစ်လာက အနီးကပ်လူပြောသမျှ ယုံမိတတ်၏။ဘဂတွင် ကိုယ်ကျိုးသက်သက်မကြည့်၊ စိတ်လိုက်မာန်ပါ ထင်ရာစိုင်းတတ်ခြင်း၊ အများအတွက် ဆောင်ရွက်နိုင်ခြင်းတို့သည် မေထုန်ရာသီဖွားတို့၏ သဘာဂများသာဖြစ်၏။

## မေထုန်ရာသီဖွား၏ အချစ်ရေး(အိမ်ထောင်ရေးနှင့် ဘဂတည်ဆောက်မှုများ)

မေထုန်ရာသီဖွားတို့သည် အလှအပမက်၏။ အပျော်အပါးမက်၏။ အချစ်ရေးတွင် အရူးအမူးချစ်တတ်ကြ၏။ အပြောင်းအလဲမြန်တတ်ကြ၏။ မေထုန်ရာသီဖွား မိန်းကလေးများသည် အချစ်ကို ကစားသဖွယ် သဘောထားကြ၏။ မျက်နှာများတတ်ကြ၏။ အချစ်ရေးတွင် လိမ္မာပါးနပ်စွာဖြင့် အချစ်ဇာတ်လမ်းများ ဖန်တီးတတ်ကြ၏။ ထို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးသာယာပြီးမှ မထင်မှတ်ဘဲ ကွဲတတ်ကြရ၏။ သို့သော် မေထုန်ရာသီဖွားအများစုသည် တကယ်ချစ်မိက ဘာမှမမြင်လောင်အောင် ချစ်တတ်ကြ၏။ အနုပညာဂါသနာကြီးပြီး ဘဂကို စိတ်ကူးယဉ်ဆန်စွာ လှုပ်ရှားတတ်၏။ မေထုန်ရာသီဖွားများသည် ပတ်ဂန်းကျင်ကို ဆွဲဆောင်နိုင်ဖို့ အမြဲကြိုးစားနေတတ်ကြ၏။ ထုံးတမ်းစဉ်လာတို့ကို သိပ်လက်မခံကြ။ လွပ်လပ်စွာ၊ ပျော်ရွှင်စွာ နေထိုင်ကြ၏။ ခေတ်မီသော အတွေးအခေါ်တို့နှင့် ခေတ်မီစွာ ကျင့်သုံးတတ်၏။ ချစ်လိုက် မုန်းလိုက်နှင့် နားလည်ရအလွန်ခက်၏။ စကားတတ်၏။ လျှို့ဂှက်သိပ်သည်းစွာ ပြောဆိုတတ်၏။ တစ်ခါတစ်ရံ အုံ့ပုန်းချစ်နှင့် ချစ်နေတတ်၏။ မေထုန်ဖွား အမျိုးသားကော၊ အမျိုးသမီးများပါ အိမ်ထောင်ပြုပြီးမှ ခြေငြိမ်တတ်၏။ အချို့ အမျိုးသမီးတို့မှာ အိမ်ထောင်ပြုပြီးသည်အထိ အိမ်ထောင်ရှင်မဆန်ဘဲ၊ အလှအပ အပျော်မက်နေတတ်သေး၏။ မေထုန်ဖွားအားလုံး ကိုယ့်ကိုဦးဆောင်နိုင်မည့်၊ ညွှန်ကြားနိုင်မည့် အိမ်ထောင်ဖက်ကိုသာ ရွေးချယ်သင့်ကြ၏။

## မေထုန်ရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေး အနေအထားများ

မေထုန်ရာသီဖွားတို့၏ ထူးခြားချက်မှာ ဘဂအစကတည်းက အကြောင်းကြောင်းကြောင့် အထီးကျန်ဆန်သော ခံစားမှုရှိနေခဲ့တတ်ကြ၏။ သို့သော် ဘဂအစကတည်းက ပြည့်စုံမှု၊ <ကယ်ဂမှုတို့ ဖြစ်နေတတ်ကြ၏။ ဘဂတူလူတန်းစားထဲတွင် မေထုန်ဖွားတို့သည် ပြည့်စုံသူများဖြစ်တတ်ကြ၏။ ဝါဏ်ထက်ခြင်း၊ ဇွဲကောင်းခြင်းတို့နှင့်အတူ သာမန်သူတို့ထက်ပို၍ စွမ်းရည်ပြည့်ဂနေတတ်၏။ သူတစ်ပါးတို့ထက် နှစ်ဆပို၍စွမ်းဆောင်နိုင်ကြ၏။ စိတ်ဒွိဟဖြစ်ခြင်း၊ အလုပ်အမျိုးမျိုးပြောင်းလုပ်ခြင်း၊ အလုပ်နှစ်ခု ပြိုင်တူလုပ်ခြင်း ဆင်ခြင်သင့်၏။ သူတစ်ပါးအပေါ် သံသယကြီးသလောက် ယုံမိလျှင် ပုံအပ်ခြင်းရှောင်သင့်၏။ ထင်ရာဇွတ်လုပ်ခြင်း ရှောင်သင့်၏။ ကိုယ့်ဒူးကိုယ်ချွန် အောင်မြင်မည်။ လူမျိုးခြားတို့နှင့် ဆက်စပ်၊ ဆက်စပ်ပြီးအောင်မြင်တတ်၏။ ဘဂတွင် ခက်ခဲစွာ ရုန်းကန်ယူရမည် ဟူသော လွဲမှားသည့် အတွေးများကို ဖယ်ထားပါ။ လွတ်လပ်ပေါ့ပါးစွာ ယုံကြည်စိတ်ဖြင့်လုပ်ရင်း လွယ်ကူစွာအောင်မြင်တတ်ကြ၏။ လက်လွယ်ခြင်း၊ လက်ဖွာခြင်းရှောင်ပါ။ လောင်းကစားနှင့် ဖြတ်လမ်းစီးပွားမှန်သမျှရှောင်ပါ။ အလုပ်နှစ်ခု တွဲလုပ်ရမည်။ ပိုင်ပိုင်နိုင်နိုင် ရွေးချယ်ပြီးမှလုပ်ပါ။ ငွေရှာ၍လွယ်မည်။ဖက်စပ်လုပ်ငန်းကောင်းကျိုးပေးမည်။ လုပ်ငန်းတစ်ခု မပြီးပြတ်မီ အခြားလုပ်ငန်းတစ်ခုလုပ်ရန် အခြေအနေမျိုး မကြာခဏကြုံမည်။ သတိပြုပါ။ ဘဂတွင် အတက်အကျများစွာ ကြုံတတ်၏။ ကုမ္ပဏီအလုပ်၊ မန်နေဂျာအလုပ်၊ ဖက်စပ်လုပ်ငန်း၊ အဂတ်အထည်လုပ်ငန်း၊ တေးသံသွင်းဆိုင်၊ အနုပညာလုပ်ငန်းများ၊ စာပေ၊ ဂျာနယ်၊ သတင်းထောက်အလုပ်များ အထူးကောင်းကျိုးပေးတတ်၏။ အထူးမှာ မေထုန်ဖွားတို့သည် အတတ်ပညာတစ်ခု ထူးချွန်ကာ နိုင်ငံခြားအထိ

ရောက်ရှိတိုးတက်သွားတတ်၏။ ဘာမဆိုပြတ်သားစွာ ရွေးချယ်သင့်၏။ လိုက်နာသင့်သောသူ၏ အကြံဥာဏ်ကို မာနကင်းစွာ အကြံယူလိုက်နာသင့်၏။ မနာလိုမှု၊ ဝေဖန်မှုများ အမြဲသည်းခံပါ။ ခေါင်းမမာပဲ တည်ကြည်စွာ ကြိုးစားပါ။ အထူးအောင်မြင်သွားပါအံ့။ ထို့အပြင် မေထုန်ရာသီဖွားတို့သည် ဂါသနာပါ၍ ဆေးပညာ လိုက်စားခဲ့ပါက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိပ်ပါရဂူကြီးများဖြစ်တတ်လေ၏။ စာရေးဆရာဘက်တွင် အချစ်ရသစာပေဖြင့် အထူးအောင်မြင်နိုင်၏။ မည်သို့ပင်ဖြစ်စေ မေထုန်ရာသီဖွားအများစုသည် မည်သည့်လုပ်ငန်းပဲ လုပ်လုပ် လွယ်ကူစွာဖြင့် စီးပွားဖြစ်ထွန်းသူများသာဖြစ်တတ်ချေ၏။ ငွေကံပွင့်သူများဟု ဆိုရမည်သာဖြစ်ချေ၏။

မေထုန်ရာသီဖွားတို့၏ ဘဝတစ်သက်တာ ကျန်းမာရေးအနေအထားများ

မေထုန်ရာသီဖွားတို့သည် ကျန်းမာရေးနှင့်ပတ်သက်၍ အထူးသတိပြုသင့်သည်မှာ ဘာရောဂါမှမဖြစ်သေးဘဲ အထူးစိုးရိမ်နေတတ်ခြင်းပင်ဖြစ်၏။ သို့သော် တစ်ခါတစ်ရံတွင် ထင်သလိုပြုမူနေထိုင်ခြင်း၊ အပျော်အပါး၊ လောင်းကစားဘက်တွင်များခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်တတ်၏။ အထူးသဖြင့် အတွေးလွန်သဖြင့် အိပ်မပျော်သောရောဂါ ရတတ်၏။ ဂမ်းဗိုက်နှင့် အူလမ်းကြောင်းတွင် ရောဂါရတတ်၏။ သွေးလုံး လေလုံးရောဂါ ရတတ်၏။ ထို့အပြင် လည်ပင်းအကျိတ်ရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါတို့ဖြစ်တတ်၏။ သို့သော် မေထုန်ရာသီဖွားတို့သည် ရောဂါကြီးကြီးမားမား ဖြစ်ခဲပါသည်။ ကျန်းမာရေးအတွက် မေထုန်ရာသီဖွားအားလုံးတို့သည် အသက်ရှူလေ့ကျင့်ခန်း(အာနာပါနကို အမြဲတမ်း ပြုလုပ်သွားသင့်၏။ မုန်လာ၊ ပေါင်မုန့်၊ ကွေကာအုပ်တို့ကို ဓါတ်စာအဖြစ် မပြတ်စားသောက်ပေးသင့်၏။ အထူးသဖြင့် သစ်ချသီး၊ မင်းဂွတ်သီး စသော အခွံမာသောအသီးများကို များများစားသောက်ပေးခြင်းဖြင့် ကျန်းမာရွှင်လန်းနေတတ်ကြပေသည်။ မေထုန်ဖွားတို့သည် အစားအသောက်ကျူးခြင်းကိုတော့ ဆင်ခြင်သင့်၏။

မေထုန်ဖွားတို့၏ ဘဝသက်တာအတွက် သတိပြုစရာ ဘေးဥပါဒ် အန္တရာယ်များ

မေထုန်ရာသီဖွားတို့သည် သဘာဝန္တရာယ်အားဖြင့် မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ တွင်းပြိုခြင်း၊ ရုတ်တရက် သစ်ပင် သစ်ကိုင်းပိခြင်းတို့ ခံရတတ်၏။ ခံရတတ်သည်ဆိုသော်လည်း မေထုန်ရာသီဖွားအားလုံး ဤသို့ဖြစ်တတ်သည်ဟု မဆိုလိုပါ။ မေထုန်ရာသီဖွားတို့အနက် ထိုသို့ရေမြေသဘာဝ တောတောင်တွင် နေထိုင်သူများ၊ ထိုသို့သော အနေအထားများသို့သွားလာ လုပ်ကိုင်ရသူများသည် အခြားရာသီဖွားတို့ထက် ပိုပြီးသတိရှိရန်သာ ဆိုလိုသည်။ ဥပမာ-မေထုန်ဖွားတို့အနက် ကျောက်တူးခြင်း၊ ရွှေတူးခြင်း၊ သဲကျင်းတူးခြင်း၊ သစ်လုပ်ငန်းလုပ်ခြေင်း စသည်ဖြင့် ဆက်စပ်နေသူများ သတိဂရုယထားဆင်ခြင်ရန်မျှသာဖြစ်၏။

မေထုန်ရာသီဖွားတို့၏ ဘဝကံကြမ္မာ အနိမ့်အမြင့် အခြေအနေများ

မေထုန်ရာသီဖွားတို့သည် အများအားဖြင့် စိတ်အတက်အကျမြန်၏။ တစ်ချိုကောင်း ပွပေါက်ကြံတတ်သည်။ ယုံကြည်ရာ စွတ်လုပ်တတ်၏။ ထို့ကြောင့် ထိုသူတို့၏ ဘဝသည်လည်း အတက်အကျမြန်၏။ ရွှေတစ်နေ့ ငွေတစ်နေ့ဖြစ်နေတတ်၏။ အိမ်ထောင်ရေးတွင်လည်း သာယာနေပြီးမှ ရုတ်တရက် ပြိုကွဲသွားတတ်၏။ အပြောင်းအလဲမြန်၏။ ဆန်းသစ်မှုကို လိုလား၏။ ခေါင်းမာစွာ တဇွတ်ထိုးလုပ်တတ်၏။ သူတစ်ပါးအတွက်လည်း စွန့်လွှတ်ရဲ၏။ ကိုယ်တိုင်လည်း စွန့်လွှတ်ရဲ၏။ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ မှန်ရာကိုပြောတတ်၊ လုပ်တတ်လွန်းသဖြင့် အကျိုးစီးပွား ထိခိုက်တတ်၏။ ငွေကြေးအထူးကံကောင်းတတ်၏။ မထင်မှတ်သော အမွေအနှစ်၊ ထီပေါက်စသော ပွပေါက်များကြံပြီး ထိပ်သို့ရောက်သွားတတ်၏။ အသင်းအဖွဲ့၊ ကုမ္ပဏီတို့တွင် နေရာကောင်းရသွားပြီးကြီးပွားသွားတတ်၏။ မေထုန်ရာသီဖွားအများစုသည် မိဘ၊ ဆွေမျိုး အထောက်အပံ့ရမှုနည်းတတ်ပြီး ကိုယ်ထူးကိုယ်ချွန်ရပ်တည်အောင်မြင်တတ်ကြသည်။ ဆွေမျိုးများထက် သူတစ်မ်း၊ လူမျိုးခြားကောင်းကျိုးခံစားရပြီး ကြီးပွားတတ်၏။ အသက် (၂၁)၊ (၂၅)၊ (၂၈)၊ (၃၁)၊ (၃၃)၊ (၃၇)၊

(၄၇)၊ (၄၅)၊ (၅၇)၊ (၅၅)၊ (၆၇)၊ (၆၃) နှစ်များတွင် ဘဂတိုးတက်မှု အခွင့်အလမ်းများ ကြုံတတ်၏။ သို့သော် မေထုန်ဖွားတို့၏ဘဂတွင် သူတစ်ပါးတို့၏ မနာလိုမှု၊ ဂေဖန်မှု၊ တိုက်ခိုက်မှုတို့ကို မကြာခဏခံရတတ်၏။ ချီးမွမ်းမှုထက် ကဲ့ရဲ့မှုပြုလိုသူများသာ များ၏။ အသက်(၂၁)နှင့် (၃၇)တို့တွင် မထင်မှတ်သော အခိုက်အညံ့ ဂင်တတ်၏။ အသက်(၂၆)တွင် ရောဂါကြီးမားစွာ ရတတ်၏။ အသက်(၇၂)တွင် ကျန်းမာရေး အထူးဂရုပြုသင့်သည် အများကောင်းကျိုး၊ မိဘဆွေမျိုးကောင်းကျိုး ဆောင်ရွက်၍ ကိုယ့်ဘဂတိုးတက်တတ်၏။ ယခုတင်ပြခဲ့သည်များမှာ ယေဘုယျမျှသာဖြစ်သော်လည်း ထိုနှစ်များကိုမူ သတိပြုသင့်လှပေ၏။
မေထုန်ရာသီဖွားတို့၏ ဘဂတိုးတက်အောင်မြင်စေရန် လိုက်နာကျင့်သုံးဖွယ်ရာများနှင့် အဆောင်၊ အရောင်များ
မေထုန်ရာသီဖွားတို့သည် ရိုးရိုးရှင်းရှင်းနေထိုင်ခြင်းဖြင့် သူတစ်ပါးတို့ကို လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းရှိကြသည်။ လူအများကြားတွင် ထင်ပေါ်သော မူဟန်ရှိသူများဖြစ်ကြ၏။ လည်တိုင်နှင့် ပခုံး၊ လက်မောင်းတို့သည် သူမတူအောင် တင့်တယ်လှပတတ်၏။ ထက်မြက်သောစရိုက်၊ နွဲ့နှောင်းသော မူဟန်တို့ဖြင့် ညှို့ဓါတ်အားကောင်းတတ်ကြ၏။ ရိုးရိုးရှင်းရှင်းနှင့် တည်ငြိမ်ခန့်ငြားစွာ နေထိုင်၊ ဂတ်ဆင်၊ ပြောဆိုပေးခြင်းဖြင့် ထူးခြားသောည အောင်မြင်မှုများရတတ်၏။ ဆန်းပြား ရှုပ်ထွေးမှုများကို ရှောင်ပါ။ အထူးသဖြင့် မေထုန်ဖွား အမျိုးသမီးများ ယောကျ်ားဂတ် ရုပ်အကျႌ၊ ဘောင်းဘီတို့နှင့် အလွန်လိုက်ဖက်တတ်၏။ မျက်လုံး၊ မျက်ခုံး၊ နာတံ၊ နှုတ်ခမ်းနှင့်တကွ နဖူးပြင်ပါ တင့်တယ်တတ်၏။ အားပါးတရရယ်မောခြင်း၊ ခြေလက်လှုပ်ရှားပြောဆိုခြင်း ရှောင်ပါ။ ဘွင်းဘွင်းနှင့် ပြောင်ကျကျ ပြောဆိုခြင်း ရှောင်ပါ။ အပွင့်သေး၊ အကွက်သေး၊ ပြောင်အရောင် အဂတ်အစားများ၊ သေးမျှင်သော ဆွဲကြိုး၊ လက်စွပ်နည်းနည်းသာ ဂတ်ခြင်းတို့ပြုပါ။ ခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်အပြောင်းအလဲမြန်ခြင်း ရှောင်ပါ။ လူတစ်ယောက်တည်းနှင့် နှစ်ယောက်စာ စွမ်းဆောင်နိုင်သော စွမ်းရည်ရှိ၏။ အထူးကြိုးစားပါ။ ဖြတ်လမ်းစီးပွားရှောင်ပါ။ မေထုန်ဖွားတို့သည် အပေါင်းအဖော်မက်မောသော်လည်း အခြေအနေအရ တစ်ယောက်တည်းနေရသော အခါမျိုးတွင်လည်း ပင်ပန်းစွာ ရုန်းကန်၍ တိုက်ခိုက်ပြောဆို၍ ရင်ဆိုင်မည်ဆိုသော ရန်လိုစိတ်ပယ်ပါ။ အေးအေးဆေးဆေးပဲဟု သဘောထား၍လုပ်ပါ။ မယုံသင်္ကာစိတ်၊ စိတ်အားငယ်စိတ်တို့ကို ပယ်ပါ။ ဘယ်ကိစ္စမဆို ရဲရဲပွံ့ပွံ့နှင့် အေးဆေးတည်ငြိမ်စွာ ပြောဆိုဖြေရှင်းပါ။ လုပ်ကိုင်ပြုမူပါ။
အထူးသဖြင့် မေထုန်ဖွားတို့သည် အဖြူရောင်၊ ငွေရောင်၊ အဂါနရောင်၊ ဆင်စွယ်ရောင်တို့ကို အထူးဆောင်ပါ။ အနက်၊ အညို ရှောင်ပါ။ စိန်ကို ပလက်တီနနှင့်ကွင်းပြီး လက်စွပ်ဂတ်ပါ။ မေထုန်ဖွား အမျိုးသမီး၊ အမျိုးသားအားလုံး ပလက်တီနမ်နှင့်ဖြစ်စေ၊ ရွှေနှင့်ဖြစ်စေ စိန်ကို လက်စွပ်ကွင်းပြီး လက်ခလယ်တွင် ဂတ်ဆင်ထားပါ။ ကျောက်အဖြူ အဂါကိုလည်း ဂတ်နိုင်၏။ ထို့အပြင် လက်သူ<ကယ်တွင်လည်း ဂတ်နိုင်၏။ ရွှေသက်သက်ထက် ရွှေအခံတွင် ပလက်တီနမ် အနားကွပ်၍ လက်စွပ်ကွင်းဂတ်ပါ။ သေးမျှင်သော ရွှေဆွဲကြိုး၊ ရင်ထိုး၊ နားကပ်တို့ကိုလည်း ဂတ်နိုင်၏။ ပလက်တီနမ်ဖြင့် ပြုလုပ်သော လိပ်ပြာရင်ထိုးကလေး ဆောင်နိုင်၏။ မေထုန်ဖွားအမျိုးသားများ ကြောင်ကျောက်ကို ရွှေနှင့်ကွင်းပြီး လက်ညှိုးတွင် ဂတ်ဆင်ထားပါ။ နှင်းဆီပန်းကို အထူးဆောင်နိုင်၏။ နှင်းဆီပန်းအဂါ၊ အဖြူလာဘ်ကောင်း၏။ ဗုဒ္ဓဟူးနေ့တွင် စတင်ဆောင်ရွက်နိုင်၏။ (၂၊ ၅၊ ၆၊ ၉) ဂဏန်းများ ကောင်းကျိုးပေး၏။ (၅) ဂဏန်း အကောင်းဆုံးဖြစ်၏။ နှစ်စဉ် စက်တင်ဘာ(၂၁)မှ အောက်တိုဘာ(၂၇) အတွင်း၊ ဖေဖော်ဂါရီ(၂၂)မှ မတ်(၂၇)အတွင်း၊ မတ်(၂၁)မှ ဧပြီ(၁၉)အတွင်း လုပ်ငန်းစတင်ခြင်း၊ ထီထိုးခြင်းများ ပြုသင့်၏။ အရောင်နမ့များကိုသာ ဦးစားပေးသင့်၏။ အနှစ်ချုပ်ဆိုရသော် မေထုန်ရာသီဖွားတို့သည် အပျော်အပါး လောင်းကစား အထူးရှောင်ခြင်း၊ ဌာနစွဲ လူမျိုးဂါဒစွဲ ရှောင်ခြင်း၊ သူတစ်ပါးကျေးဇူး သိတတ်ခြင်း၊ သူတစ်ပါးစကား အလွယ်တကူမယုံခြင်း၊ အရွဲ့တိုက် စွတ်လုပ်ခြင်းကို ရှောင်ခြင်း၊ အရေးတကြီးကိစ္စတို့ ဆောင်ရွက်ကာနီးတိုင်း အားကိုးထိုက်သူ၏ အကြံဉာဏ်ကို

လေးလေးနက်နက် ခံယူခြင်းတို့ဖြင့် ကိုယ်ပိုင် အသိပညာ၊ အတတ်ပညာတို့ကို ထိထိမိမိသုံးစွဲကာ အထွတ်အထိပ်ရောက်အောင် အောင်မြင်မှု၊ ကြီးပွားမှုတို့ကို ရယူနိုင်မည် ဖြစ်ပေသတည်း။

အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး

---

ကရင္နက်ရာသီဖွားများ၏ဘဂသက်တာဟောကိန်း

(ဂါဆိုလဖွားများ)
(နှစ်စဉ် ဇွန် ၂၂ မှ ဇူလိုင် ၂၂)
ဤရာသီခွင်သည် (၁၂)ရာသီစက်းဂန်း၏ (စတုတ္ထမြောက်) ရာသီခွင်ဖြစ်၏။ ဤရာသီခွင်နှင့် သက်ဆိုင်သော ကောင်းကင်မှ ကြယ်ပွင့်များ၏ ပုံဖော်ရာတွင် လက်မနှစ်ချောင်းထောင်ထားသော ဂဏန်းတစ်ကောင်၏ပုံ သင်္ကေတကိုရရှိလေသည်။ တနင်္လာဂြိုလ်မှ စိုးမိုးပိုင်ဆိုင်၏။ အာပေါဓါတ် (ရေဓါတ်) သဘာဂရှိ၏။ ဓါတ်မသဘောကိုဆောင်ထား၏။ ခန္ဓာကိုယ်တွင် ရင်ဘတ်ပိုင်းနှင့်ပတ်သက်၏။ (၂)ဂဏန်းနှင့် (၇)ဂဏန်းတို့ စိုးမိုး၏။ မည်သည့်နေ့သားသမီးမဆို နှစ်စဉ် ဇွန်လ(၂၂)ရက်မှ ဇူလိုင်လ(၂၂)အတွင်း မွေးဖွားသူများသည် ကရကင္ဋရာသီဖွားများဖြစ်ကြသည်။ ထိုသို့ ရက်အတိအကျမသိဘဲ မြန်မာလ ဂါဆိုလအတွင်း ဖွားမြင်သူများသည်လည်း ကရကင္ဋရာသီဖွားများအဖြစ်တစ်ထစ်ချ မှတ်ယူကာ အောက်ပါဖြစ်စဉ်တို့ကို လေ့လာမှတ်သား၍ ရှောင်ခြင်း၊ ဆောင်ခြင်းတို့ဖြင့် ဆင်ခြင်သုံးစွဲသွားနိုင်တော့၏။
ကရကင္ဋရာသီဖွားများ၏ ပင်ကိုယ်သဘာဂနှင့် အကျင့်စရိုက်လက္ခဏာများ
ကရကင္ဋရာသီဖွားများသည် ဩဇာအာဏာရှိသူများဖြစ်၏။ မိသားစုနှင့် ပတ်ဂန်းကျင်ကို လွှမ်းမိုးထားနိုင်ကြ၏။ အရည်အချင်း ပြည့်ဂ၏။ စူးစမ်းဆင်ခြင်ဝီဏ်ပြင်းထန်၏။ အသက်ကြီးပိုင်းတွင် ဘာသာတရားကို လွန်စွာ ကိုင်းရှိုင်းသွားတတ်ကြ၏။ ဝီဏ်အလွန်ထက်၏။ တစ်ခါတရံ၌ ဖြစ်လာမည့်ကိစ္စတို့ကို ကြိုသိနေတတ်သော ဝီဏ်စွမ်းပါရမီထူးရှိ၏။ ကိုယ့်ကိုကိုယ်အားကိုး၏။ မိရိုးဖလာ အစဉ်အဆက် လုပ်ခဲ့သော အလုပ်များကို ဆန့်ကျင်တတ်၏။ အသံဩဇာကောင်းပြီး အပြောအဆိုကောင်း၏။ အစစ ဦးဆောင်ဖြစ်၏။ အမျိုးဘာသာအကျိုး၊ အများကောင်းကျိုး လိုလား၏။ ဆောင်ရွက်တတ်၏။ သို့သော် ခေါင်းမာ၏။ အာဃာတကြီး၏။နာကျည်းမုန်းတီးမိက ကလဲ့စားချေရမှ ကြိုက်၏။ စိတ်ဓါတ်အားကောင်းသော်လည်း လူအားပျော့၏။ စိတ်တန်ခိုးစွမ်းအားကြီးမားသော်လည်း ကိုယ့်အစွမ်းအစ ကိုယ်မသိ။ စိတ်ဓါတ်ကျလွယ်၏။ ဘဂတွင် အပြောင်းအလဲများစွာကြုံခဲ့၏။ ဘဂတစ်လျှောက်လုံး အငြိမ်မနေ လှုပ်ရှားသွားလာနေရတတ်၏။ စိတ်ထား နူးညံ့သိမ်မွေ့၏။ ပင်ကိုယ်စိတ်ဓါတ် အေးဆေးတည်ငြိမ်သလောက် မကြာခဏ တွေဂေမိုက်မဲစွာ ပြုလုပ်တတ်၏။ အေးဆေးတည်ငြိမ်စွာ နေထိုင်လိုသလောက် စိတ်မတည်ငြိမ်ဘဲ လှုပ်ရှားပြောင်းလဲနေတတ်၏။ ဆုံးဖြတ်ချက် နောက်ကျတတ်၍ အခွင့်အရေးများစွာ ဆုံးရှုံးသွားတတ်ခြင်း မကြာခဏကြုံတတ်၏။ အလွန်အာရုံများ၏။ စပ်စု၏။ အထိမခံ ရွှေပန်ကန်များဖြစ်၏။ ဂီတအနုပညာကိုမြတ်နိုး၏။ သွက်လက်ထက်မြက်၏။ စကားများ၏။ အပျော်အပါးကြိုက်၏။ အုပ်စုဖွဲ့နေရခြင်းကိုကြိုက်၏။ မိသားစု အသိုင်းအဂိုင်းကို အလွန်ခင်တွယ်တတ်ကြ၏။ ပတ်ဂန်းကျင်နှင့် လိုက်လျောညီထွေနေတတ်၏။

တရားမျှတမှုကို ကြိုက်နှစ်သက်သော်လည်း အောင်မြင်ကြီးပွားလိုသော ဆန္ဒနှင့် ကြိုတင်ပူပန်စိုးရိမ်မှု သောကစိတ်တို့ပြင်းထန်၏။ တစ်ခါတရံ တစ်ဖက်သတ်ဆန်ဆန် ပြုမူမိတတ်ကြ၏။အပေါ်ယံအားဖြင့် ဖြစ်သလိုနေတတ် ပြောတတ်သော်လည်း တိုးတက်ကြီးပွားမှုကို ပြင်းပြင်းထန်ထန် အလိုရှိ၏။ အလွန်ကြိုးစား၏။ ဘဝအစတွင် ခက်ခဲကြမ်းတမ်း၏။ သက်လတ်ပိုင်းတွင် ကြီးပွားတတ်၏။ လူများအပေါ် သြဇာပေးနိုင်တတ်၏။ အလုပ်ကို တစ်ခုမပြီးမီ နောက်တစ်ခုစမိသဖြင့် အောင်မြင်မှုထိခိုက်တတ်၏။ ဘဝမျိုးစုံ ကျင်လည်ရ၏။ ဖြစ်ကတတ်ဆန်း နေထိုင်ရခြင်းမျိုးကိုလည်း ကြုံရတတ်၏။ ထိုက်တန်သော စည်းစိမ်ဥစ္စာတို့ပြည့်စုံလာသောအခါ လူယုံများကြောင့်လည်းကောင်း၊ အတွင်းပစ္စည်းများ လူမသိဘဲလိုက်စားကုန်သွားတတ်၏။ လူမသိ သူမသိဘဲကြိတ်ခံရတတ်၏။ ဆုံးဖြတ်ချက် တစ်ချက်မှားသဖြင့် အဖတ်ဆယ်မရအောင် နစ်နာခြင်းမျိုး ကြုံရတတ်၏။ ထို့အပြင် ကရကင်္ဋရာသီဖွားများသည် တစ်ချို့ကိစ္စများတွင် စည်းကမ်းတကျ ကပ်စီးနဲသလိုဖြစ်နေတတ်သည်။ တစ်ခါတရံ အဖိုးတန်ပစ္စည်းများကိုပင် ပေးကမ်းစွန့်ကြဲပစ်တတ်ကြ၏။ လူသေသော်လည်း နာမည်မသေစေရဟု နှလုံးပိုက်သူများဖြစ်၏။ မှန်သည်ထင်က တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုသလို လုပ်တတ်၏။ ကိုယ်သံယောဇဉ်ကြီးသူများအတွက် အလွန်အနစ်နာခံတတ်၏။ သနားတတ်၏။ သစ္စာရှိ၏။ မဟုတ်မခံချင်စိတ်၊ သတ္တိဗျတ္တိနှင့် ပြည့်စုံ၏။ အထူးသဖြင့် ကရကင်္ဋရာသီဖွားတို့သည် ဘိုးတော် မယ်တော် ပုဂ္ဂိုလ်ပိုင်းမှ အစောင့် အရှောက် ကြီးမားစွာရှိတတ်၏။ အိပ်မက်ထူးများရှိတတ်၏။ ဘာသာရေးကို စိုက်လိုက်မတ်တတ် ကျင့်လှမ်းသွားခြင်းဖြင့် လောကီအကျိုးစီးပွားပါ ပြည့်စုံလာတတ်လေ၏။

## ကရကင်္ဋရာသီဖွားတို့၏ အချစ်ရေး၊ အိမ်ထောင်ရေးနှင့် ဘဝတည်ဆောက်မှုများ

ကရကင်္ဋရာသီဖွားများသည် အချစ်ကြီးသူများဖြစ်၏။ သို့သော် ချစ်ကံခေသူများ ဖြစ်တတ်ကြ၏။ မေတ္တာရေးတွင် အပေးသမားများဖြစ်၏။ အလွန်ချစ်တတ်သော နှလုံးသားပိုင်ရှင်များဖြစ်၏။ စိတ်ကူးယဉ်ဆန်၏။ သိမ်မွေ့စွာချစ်တတ်၏။ သို့သော် ကိုယ်ကိုယ်တိုင်ကလည်း တွေဝေစွာ စိတ်ဒွိဟဖြစ်တတ်ကြ၏။ ကိုယ်က နှလုံးသားထက် ဦးနောက်ကို ဦးစားပေးကာ ပြည့်စုံသောဘဝထူထောင်နိုင်ဖို့ ကြိုးစားလိုတတ်ကြ၏။ တွက်ချက် သုံးသပ်ပြီးမှ ကြိုးစားလို၏။ ပြည့်စုံသောဘဝကို ထူထောင်လို၏။ အကယ်၍စွန့်စားရမည်ဆိုလျှင်လည်း အရာရာကို စွန့်လွှတ်၍ ချစ်သူနှင့် လက်တွဲရန် ဂန်မလေးတတ်ကြပါ။ ထိုသို့ချစ်စိတ်ပြင်းထန်၏။ သို့သော် အချစ်ရေးတွင်ကြေကွဲဖမ်းနည်းစရာကြုံတတ်၏။ မိမိချစ်သူက မိဘစကားနားထောင်တာဖြစ်စေ၊ မိမိထက်သာသည်ကို ရွေးချယ်ကာသည်ဖြစ်စေ စွန့်ခွာသွားတတ်၏။အချစ်ရဆုံးသူကို လက်လွှတ်ရတတ်၏။ အလွန်လွမ်းစရာကောင်းသော နှလုံးသားဇာတ်လမ်းဟောင်းများ ရှိခဲ့တတ်၏။ သို့သော် တကယ်အိမ်ထောင်ပြုပြီးသောအခါ ထိုကိစ္စအားလုံးကို အပြီးမေ့နိုင်စွမ်းကြ၏။ အိမ်ထောင်ရေး ကံကောင်းတတ်ကြ၏။ ကိုယ့်အပေါ် နားလည်ပေးသော အိမ်ထောင်ဖက်ကို ရရှိတတ်၏။ ကိုယ်ကလည်း အိမ်ထောင်ဖက်အပေါ် အထူးခင်တွယ်တတ်၏။ ညှာတာတတ်၏။ လိုက်လျောတတ်၏။ အခြားသူတို့ထက်ပို၍ မိသားစုအပေါ်ခင်တွယ်တတ်ကြ၏။ ကရကင်္ဋရာသီဖွားတို့သည် ကိုယ်ကိုယ်တိုင်ကလည်း ပြေပြစ်သော ခန္ဓာကိုယ်ဖွဲ့စည်းမှုရှိတတ်ပြီး အိမ်ထောင်ပြုသောအခါတွင်လည်း ပြည့်ဖြိုးပြေပြစ်သော အိမ်ထောင်ဖက်ကို ရရှိတတ်သည်။ အထူးသတိပေးလိုသည်မှာ ကရကင်္ဋရာသီဖွားတို့သည် သာယာအေးချမ်းသော အိမ်ထောင်ရေးကို ထူထောင်ပြီးမှ စိတ်လှုပ်ရှားစရာကောင်းသော ဒုတိယလူပေါ်လာတတ်၏။ အိမ်ထောင်ရေး သစ္စာရှိဖို့ အထူးလိုအပ်လှတော၏။ ကရကင်္ဋရာသီဖွားတို့သည် တော်သလင်းလဖွား၊ တပေါင်းလဖွား၊ ပြာသိုလဖွားတို့နှင့် အိမ်ထောင်ဖက် ရွေးချယ် လက်တွဲသင့်၏။

## ကရကင်္ဋရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးအနေအထားများ

ကရကင့်ရာသီဖွားတို့သည် အရာရာကို စူးစမ်းပြီးမှ လုပ်ကိုင်တတ်ကြ၏။ အစဉ်အလာ လမ်းရိုးအတိုင်း လုပ်ကိုင်ရခြင်းကို မနှစ်သက်တတ်ကြ၏။ ထို့အပြင် အလုပ်အကိုင်ကိုလည်း တစ်ခုမပြီးခင် နောက်တစ်ခု ပြောင်းလုပ်ချင်၏။ အတတ်ပညာများကိုလည်း တစ်ပိုင်းတစ်စတွေများတတ်၏။ တစ်ခုတည်း ဇောက်ချလုပ်ကိုင်တတ်သင့်လှ၏။ ကရကင့်ရာသီဖွားတို့သည် စပ်တူလုပ်ကိုင်ခြင်းကို အထူးရှောင်ကြဉ်သင့်လှပေ၏။ ကိုယ်ပိုင်လုပ်ငန်း ကိုယ့်စိတ်ကူးနှင့်ကိုယ် လုပ်ကိုင်ရသော လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်သင့်၏။ အထူးသဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာလှုပ်ရှားကာ အာရုံသစ်များကို လေ့လာကာ လုပ်ကိုင်ရသော ကိုယ်ပိုင်လွပ်လပ်စွာ တွေးခေါ် ဆောင်ရွက်နိုင်သည့် အလုပ်ကို လုပ်ကိုင်သင့်၏။ ကရကင့်ရာသီဖွားတို့သည် ဘာပဲလုပ်လုပ် တခမ်းတနား လုပ်ချင်တတ်ကြ၏။ စာအုပ်စာတမ်း၊ အကြံဝဏ်ကောင်းများ ရှာဖွေလိုက်နာတတ်၏။ ငွေရှိလာသောအခါ လှူရက်ရော၏။ ဂါသနာပါ၍ ယုံကြည်ရာကိုသာ လုပ်ကိုင်တတ်ကြ၏။ အပင်ပန်းခံနိုင်တတ်ကြ၏။ သို့သော် ကိုယ်လုပ်သောအလုပ်တွင် စိတ်ကူးယဉ်မှုများပါနေ၍ ထင်သလောက်မပေါက်ဘဲ ဖြစ်နေတတ်သည်ကို သတိပြုရန်လိုသည်။ မည်သည့်အလုပ်မဆို အကျိုးကိုမကြည့်ဘဲ ယုံကြည်ချက်ဖြင့် လုပ်ကိုင်တတ်ကြ၏။ အလုပ်နှစ်မျိုးတွဲလုပ်ရတတ်၏။ သူတစ်ပါးအတွက် ကြားဂင်ခံခြင်းမျိုးပါ ကြုံရတတ်၏။ ပင်ကိုယ်ဗီဇတွင် အလွန်ထက်မြက်သော ဝဏ်ရည်ရှိပြီး စိတ်ကူးကောင်း၏။ အလွန်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်စွမ်း၏။ အချိန်တိုတိုအတွင်း အစစ လေ့လာသုံးသပ်ပြီး ပိုင်နိုင်စွာ ဦးဆောင်လုပ်ကိုင်နိုင်စွမ်း၏။ သို့သော် သူတစ်ပါးတွေနှင့် ဘေးတိုက်ကန့်လန့် မလုပ်မိဖို့တော့လို၏။ ပင်ကိုယ်ပါရမီထူးသူဖြစ်၍ ဘေးလူတွေက အံ့သြလောက်အောင် ရိုးရှင်းထိမိစွာ လုပ်ကိုင်ပြနိုင်စွမ်းရှိ၏။တစ်ခုတည်းကိုသာ ပိုင်နိုင်စွာ ရွေးချယ်ပြီး ဇွဲရှိရှိလုပ်ကိုင်သွားပါက ထိပ်ဆုံးကို ရောက်သွားတတ်၏။ ကိုယ်ပိုင်လုပ်ငန်းဖြင့် ငွေကြေးဉစ္စာများစွာ ပိုင်ဆိုင်တတ်လေ၏။

ကရကင့်ရာသီဖွားတို့သည် စာရေးဆရာအလုပ်ဖြင့် အလွန်ကောင်းကျိုးပေးတတ်၏။ စာအုပ်ထုပ်ဝေရေး၊ စစ်ဘက်၊ ငါးမွေးမြူရေး၊ စားသောက်ဆိုင်၊ သတင်းထောက်၊ ဂျာနယ်လစ်အလုပ်တို့ အထူးကောင်းကျိုးပေးတတ်၏။ မည်သည့်အလုပ်ကို ရွေးချယ်သည်ဖြစ်စေ ဘာသာရေး ဦးထိပ်ပန်ဆင်ပေးပါလေ။ မုချဖြစ်ထွန်းပါလိမ့်မည်။

ကရကင့်ရာသီဖွားများ၏ ကျန်းမာရေး အနေအထားများ

ကရကင့်ရာသီဖွားများသည် စိတ်ဓါတ်ပြင်းထန်စွာပြုမူလုပ်ကိုင် နေထိုင်ခြင်းကြောင့် အားအင်ကုန်ခန်းသလိုမျိုး မလှုပ်ရှားချင်၊ နုံးချွေနေသော ရောဂါမဟုတ်သည့် ရောဂါကို ခံစားရတတ်၏။ အမှန်အားဖြင့် ကရကင့်ရာသီဖွားတို့သည် ပင်ကိုယ် ကျန်းမာရေးဓါတ်ခံအား၊ သက်လုံကောင်းသူများဖြစ်၏။ ကျန်းမာရေးနှင့်ဆိုင်သော ဗဟုသုတလည်းရှိ၏။ သူတစ်ပါးအား အကြံဝဏ်ပေးခြင်း၊ ဆေးဂါးဓါတ်စာ ညွှန်ကြားခြင်းဖြင့် ကူညီတတ်၏။ ကိုယ်တိုင်ကမူ နေချင်သလိုနေ၏။ စားချင်သလို စား၏။ ပေပေတေတေနေ၏။ သူတစ်ပါးစကား နားမထောင် ကိုယ်သိသလိုလည်း မလိုက်နာ။ ထို့ကြောင့် ကျန်းမာရေး ထိခိုက်တတ်၏။ အရေပြား ယားယံတတ်၏။ သက်လတ်ပိုင်းတွင် ဆီးချို၊ သွေးတိုး ရောဂါတို့ ရတတ်၏။ ဆေးကုသရန်၊ ဆရာဂန်ပြရန် အလွန်ဂန်လေးတတ်ကြ၏။မကြာခဏ ကိုယ်လက်ထုံချင်ကိုက်ခဲတတ်ကြ၏။ အနာစိမ်းပေါက်တတ်ကြ၏။ အထူးမှာ ကင်ဆာနှင့် သွေးတိုးသတိပြုသင့်၏။

ကရကင့်ရာသီဖွားတို့သည် လုံခြုံအေးချမ်းရာနေရာတို့၌ မကြာခဏ အနားယူသင့်၏။ ရေချိုးမှား ရင်ဘတ်အအေးပတ်ခြင်း မဖြစ်အောင် ဆင်ခြင်သင့်လှ၏။ကျန်းမာရေး ညံ့သောအခါမျိုးတွင် ကျောက်စိမ်းဆောင်ထားသင့်၏။

## ကရကင်္ဂရာသီဖွားများ၏ ဘဂတွင် တွေ့ကြုံရတတ်သော ဘေးဥပဒ် အန္တရာယ်များ

ကရကင်္ဂရာသီဖွားတို့သည် သဘာဂဘေးအန္တရာယ်အားဖြင့် ရေဘေး အန္တရာယ်မျိုး ရင်ဆိုင်တတ်ရ၏။ ရေသောက်သောအခါမှာပင် အခန့်မသင့်ဘဲ ရေသီးခြင်းဖြစ်တတ်၏။ ရေနစ်တတ်၏။ ရေလမ်းခရီးသတိပြုဆင်ခြင်သင့်၏။ ကရကင်္ဂရာသီဖွားအများစုသည် ရေနှင့် ပတ်သက်၍ အထူးသတိထားသင့်၏။ နေအိမ်တွင် ရေကူးကန်ထားခြင်းကိုပင် ဆင်ခြင်သင့်လှ၏။

## ကရကင်္ဂရာသီဖွားတို့၏ ဘဂကံကြမ္မာ အနိမ့်အမြင့် အတက်အကျများ

ကရကင်္ဂရာသီဖွားတို့သည် ဘဂတွင် အတက်အကျ အပြောင်းအလဲအလွန်မြန်၏။ တစ်ခါတရံ တည်ငြိမ်အေးချမ်းစွာ တည်ရှိနေသလောက် တစ်ခါတရံတွင် အရှိန်အဟုန်ပြင်းစွာ လျှောက်လှမ်းနေရတတ်၏။ တစ်ခါတစ်ရံ မေတ္တာတရားဖြင့် အေးချမ်းစွာ ရှိနေသလောက် တစ်ခါတစ်ရံတွင် စစ်မြေပြင်မှ သူရဲကောင်းတစ်ဦးပမာ ရင်ဆိုင်ဖြေရှင်းနေရတတ်၏။ ဘဂအစပိုင်းတွင် အဖိအနှိပ်များ ခံခဲ့ရတတ်၏။ နှလုံးသားရေးတွင်လည်း အချစ်ဦး၊ ရည်းစားဦးတို့၏ ချိုးနှိမ်စွန့်ပစ်မှုတို့ဖြင့် နာကျင်ခဲ့ရတတ်၏။ ဘဂကိုတိုက်ပွဲတစ်ခုပမာ ရင်ဆိုင်ရုန်းကန်ရတတ်၏။ ကိုယ်တိုင်ကလည်း နှမြောတွန့်တိုခြင်း၊ အလျှုရက်ရောခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း စသည့် အစွန်းတရားများ ရော>ပမ်းနေတတ်၏။ ကရကင်္ဂရာသီဖွားတို့ ကံကောင်းလာပြီဆိုက မိုးပေါ်ကကျသလို ကောင်းတတ်ကြ၏။ သိကြားမင်းမသလို ကောင်းလာတတ်၏။ လုပသောစိတ်ကူး၊ ထူးခြားသောဝါဏ်ရည်တို့ဖြင့် ရိုးရိုးနှင့် ထိမိအောင်နေတတ်၊ ဂတ်တတ်၊ ပြောတတ်၊ လုပ်တတ်သဖြင့် တိုးတက်တတ်ကြ၏။ သီလရှိခြင်း၊ သစ္စာရှိခြင်း၊ ပွင့်လင်းခြင်း၊ မဟုတ်မခံသတ္တိ၊ ဗျတ္တိရှိခြင်းတို့က အောင်မြင်မှုဆီသို့ တွန်းပို့ပေးသော ကရကင်္ဂရာသီဖွားတို့၏ စွမ်းရည်များဖြစ်၏။ ငယ်က ဆင်းရဲ၏။ ဖခင်နှင့် ဂေးခဲ့ရတတ်၏။ အသက် (၁၄)၊ (၁၆)၊ (၂၈) တို့တွင် အလွန်ညံ့သော အနေအထားများကြုံခဲ့တတ်၏။ ကျရှုံးခြင်းတို့ကြုံခဲ့တတ်၏။ ထိုသင်ခန်းစာများကပင် ဘဂတွင် တိုးတက်ရန် အားမာန်များ ရစေတတ်ပြန်၏။ (၃၅)၊ (၃၆)၊ တို့တွင်လည်း ဘဂတွင် အထူးထိခိုက်နစ်နာ တတ်ခဲ့၏။ (၃၈)တွင် တစ်ရပ်တစ်ကျေးသို့ ပြောင်းခဲ့ရတတ်၏။ ဘဂသက်တမ်းတစ်လျှောက် (၂၀)၊ (၃၂)၊ (၄၄)၊ (၄၈)၊ (၅၂)၊ (၅၅)၊ (၆၀)၊ (၆၈)တို့တွင် အနီးကပ်လူယုံတို့ ဒုက္ခပေးခံရတတ်၏။ အရောင်းအဂယ် ကျွမ်းကျင်တတ်၏။ ပစ္စည်း ဥစ္စာ ဖြစ်ထွန်းပါမည်။ သို့သော် နိမ့်တုံ မြင့်တုံ ဖြစ်တတ်၏။ (၂၅)၊ (၃၄)၊ (၄၃) တို့တွင် အခွင့်ထူးများ ကြုံနိုင်၏။ (၄၂)တွင်လည်းကောင်း၊ (၈၁)တွင်လည်းကောင်း ကျန်းမာရေး အထူးဂရုစိုက်ရမည်။ ဘဂတွင် တောတောင် ဥယျာဉ်ပန်းခြံတို့၌ တစ်ယောက်တည်း မကြာခဏ အနားယူလျှက် ခေါင်းအေးအေးဖြင့် စဉ်းစားလုပ်ဆောင်သွားသင့်၏။ ဘဂတွင် ငွေရလာသောအခါ စုဆောင်းရ ခက်ခဲတတ်၏။အထူး စည်းစနစ်တကျစုဆောင်းသင့်၏။ ယခုဖော်ပြခဲ့သော အသက်အပိုင်းအခြားတို့မှာ ယေဘုယျမျှသာဖြစ်၏။ သို့သော် ကရကင်္ဂရာသီဖွားအများစုသည် ဤနှစ်များကိုပင်လျှင် သတိပြုဆင်ခြင်သင့်လှပေတော့၏။

## ကရကင်္ဂရာသီဖွားတို့၏ ဘဂတိုးတက်အောင်မြင်မှုအတွက် လိုက်နာကျင့်သုံးဖွယ်ရာများနှင့် အဆောင်အရောင်များ

ကရကင်္ဂရာသီဖွားအားလုံးတို့အတွက် ဘဂသက်တမ်းတစ်လျှောက် ကံကောင်းစေရန်၊ လာဘ်ရွှင်စေရန်၊ ရာထူးတိုးစေရန်၊ စိတ်ချမ်းသာစေရန်၊ အထူးကောင်းကျိုးပေးသော အရောင်များမှာ အစိမ်းနုရောင်၊ လိမ္မော်ရောင်၊ အဖြူရောင်၊ နို့နှစ်ရောင်တို့ဖြစ်၏။ အရောင်နများကို အထူးသုံးသင့်၏။ တစ်ခါတစ်ရံမှသာ ဖဲစကဲ့သို့ အရောင်တလက်ထသော ငွေရောင်၊ ဖက်ဖူးရောင်တို့ကို ဂတ်ဆင်သုံးစွဲခြင်းဖြင့် အထူးအောင်မြင်တိုးတက်ပါလိမ့်မည်။ နှလုံးသားရေး ကိစ္စတွင် အထူးကြုံသောအခါ ဖက်ဖူးရောင်နှင့်

ပန်းနုရောင်ကိုသုံးစွဲပါ။ စာမေးပွဲကိစ္စ၊ အင်တာဗျူးကိစ္စတို့ကြုံသောအခါ အပြာနု၊ အစိမ်းနုနှင့် နို့နှစ်ရောင်ကိုသုံးပါ။ အလွန်ထူးခြားစွာ အောင်မြင်လိမ့်မည်။

ကရကဋ်ရာသီဖွားတို့သည် ပုလဲ၊ ကျောက်စိမ်း၊ မြကျောက်တို့ကို အမြဲဆောင်ထားသင့်၏။ လက်သူ<ကယ်တွင် ဝတ်ပါ။ ထို့ပြင် ဘယ်ဘက် လက်သူ<ကယ်တွင် ငွေလက်စွပ်လေးတစ်ကွင်း၊ ရွှေလက်စွပ်လေးတစ်ကွင်းသာလျှင် (ငွေပေါ် ရွှေဆင့်) ဝတ်ကာ ဆောင်ထားသင့်၏။ လာဘ်ရွှင်ခြင်း၊ ငွေဝင်ခြင်း၊ ငွေမြဲခြင်းတို့ဖြစ်တတ်၏။ဂန္ဓာပန်းအဖြူ၊ ကြာပန်းအဖြူ၊ ကြာပန်းအနီ၊ နှင်းဆီပန်း ပန်းရောင်နှင့် စံပယ်ပန်းတို့ကို အလှထိုးခြင်း၊ ဘုရားပန်းကပ်လှူခြင်းပြုပါ။ ကံပွင့် လာဘ်ပွင့်၍ စိတ်ချမ်းသာစေတတ်၏။ အရေးတကြီးကိစ္စကြုံက ၎င်းတို့ကို ဆောင်၍ဖြစ်စေ၊ ဘုရားစင်တွင် လှူ၍ဖြစ်စေ ဆောင်ရွက်က အထူးအောင်မြင်တတ်၏။ ကရကဋ်ရာသီဖွားတို့သည် ဘဝကို လမ်းဘေးရောက်နေသော အခြေအနေမျိုးမှ ပြန်လည် ထူထောင်ကာ ကြိုးစားပြီး တိုးတက်လာရတတ်၏။ ကရကဋ်ရာသီဖွားတို့သည် သူမတူအောင် ဆွဲဆောင်မှုရှိတတ်၏။ ဟန်ပန်အမူအရာ ပင်ကိုဓါတ်ခံ ညှို့အား ကောင်း၏။ ရိုးရိုးရှင်းရှင်းနှင့် အေးဆေးတည်ကြည်စွာ ကြိုးစားပေးဖို့လို၏။ ဩဇာအာဏာပြည့်ဝသော ဟန်ပန်အမူအရာ ရုပ်သွင်တို့ကပင် ဘဝအောင်မြင်မှုအတွက် အထောက်အပံ့ဖြစ်တတ်၏။ သို့သော် ကရကဋ်ဖွားတို့ ဘဝတွင် ကံကြမ္မာအလှည့်အပြောင်း၊ အကြောင်းမသင့်၍ နစ်နာချိန်၊ ကျရှုံးချိန်တို့တွင် အကူအညီရခဲ၏။ မကူညီသည့်အပြင် ဘဝတက်လမ်းကို နှောက်ယှက်သူ၊ ပိတ်ပင်သူများပင် ကြုံတတ်၏။ ကရကဋ်ရာသီဖွားတို့၏ဘဝသည် အလွန် အထီးကျန်ဆန်တတ်၏။ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားပေးမှ မြင့်မားသော ဘဝကို ရရှိတတ်၏။အောင်မြင်ကျော်ကြား၏။ မိတ်ဆွေကောင်းအလွန်ရှား၏။ ကိုယ့်အနီးအပါးတွင် လာခိုသူများသာ များတတ်၏။ ကိုယ်က အားကိုး၍မရ။ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားပါ။ ကရကဋ်ဖွားတို့သည် ပထမပိုင်းတွင် ဘာမှမယုံ လုပ်မှရသည့်ဟူသော ရုပ်ဝါဒကိုသာ လက်ခံတတ်၏။ ဘဝအလှည့်အပြောင်းကြုံပြီးမှ ဘာသာရေးကို အထူးသက်ဝင်ယုံကြည်ကာ အထူးလေ့လာအားထုတ်တတ်၏။ ဘာသာရေးကြောင့် အောင်မြင်တတ်၏။ (၁၊ ၂၊ ၄၊ ၇)ဂဏန်းများဆောင်ပါ။ အနီရင့်ရောင်ရှောင်ကာ အထူးအားဖြင့် (၁) အငြိုးအတေးထားပြီး ကလဲ့စားချေတတ်သော အစွန်းရောက်စိတ်ကို ပယ်ပါ။ (၂) ကိုယ်ကိုယ်တိုင်ရရှိသော စိတ်ကူးကောင်း အကြံကောင်းများကို အကျိုးမဲ့ ရှောက်ပြောခြင်းမပြုဘဲ လက်တွေ့အကောင်အထည်ဖော်ပါ။ (၃) မိတ်ဆွေ၊ ဆွေမျိုးတို့အပေါ် အနွံတာခံပြီးပေါင်းသင်းပါ။ ကင်းကွာ မနေပါစေနှင့်။ (၄) ဘာသာရေးအထူးဖက်တွယ်ပါ။ ထို့အတူ မမြင်အပ်သော နာမ်လောကပိုင်းနှင့် စပ်ယှဉ်၍ သဘာဝကျကျ လက်ခံကာ မေတ္တာ ဘာဝနာပွားများပါ။ ထိုကဲ့သို့ အားနည်းချက်၊ အားသာချက်တို့ကို ပြုပြင်ခြင်း၊ ကြိုးစားခြင်းတို့ဖြင့် ကရကဋ်ဖွားတို့၏ ဘဝတွင် အောင်မြင်ခြင်း၊ ပြည့်စုံခြင်းတို့ ရရှိနိုင်မည်ဖြစ်ပေသတည်း။

အားလုံးသတ္တဝါချမ်းသာပါစေ

သက်နှင်းဆွေ-ပုပ္ပါး

---

သိဟ်ရာသီဖွားများ၏ဘဝသက်တာဟောကိန်း

(ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၂၃ ရက်အတွင်း)

(မြန်မာလ ဂါခေါင်လ)
သိဟ်ရာသီသည် နက္ခတ်ရာသီစက်ဂန်း၏ (၅) ခွင်မြောက် ရာသီဖြစ်၏။ ကောင်းကင်၌ရှိသော ကြယ်တာရာတို့တွင် ခြင်္သေ့တစ်ကောင်၏ ပုံသဏ္ဍာန် စုစည်းတည်ရှိနေသော သင်္ကေတဖြစ်၏။ ဓါတ်သဘာဂအားဖြင့် မီးဓါတ်ကြီးစိုး၏။ စိုးမိုးဂြိုလ်မှာ တနင်္ဂနွေဖြစ်၏။ (၁)ဂဏန်းနှင့် (၄)ဂဏန်းတို့အား စွမ်းအားများ သက်ရောက်နေသည်။ လူသားတို့၏နလုံးအိမ်ကို စိုးမိုးပိုင်ဆိုင်သော ရာသီခွင်ဖြစ်သည်။ နေ့ရာသီဖြစ်၏။ (ပါပ^ကျား)ရာသီဖြစ်၏။ (သတ္တဂုဏ်) လွှမ်းခြုံ၏။ နှစ်စဉ် ဇူလိုင်လ (၂၃)မှ ဩဂုတ်လ (၂၃)ရက်အတွင်း မွေးဖွားသူများကို သိဟ်ရာသီဖွားများဟု သတ်မှတ်သည်။ အကယ်၍ ရက်အတိအကျမသိဘဲ မြန်မာလ (ဂါခေါင်လ)အတွင်းမွေးဖွားသူများသည်လည်း သိဟ်ရာသီဖွားများဟု တစ်ထစ်ချ မှတ်ယူကာ အောက်ပါ စရိုက်လက္ခဏာနှင့် ဖြစ်စဉ်တို့ကို လေ့လာမှတ်သား၍ ဘဝတွင် ရှောင်မှု ဆောင်မှုတို့ ပြုနိုင်ပေ၏။
သိဟ်ရာသီဖွားများ၏ ပင်ကိုသဘာဂနှင့် အကျင့်စရိုက် လက္ခဏာများ
သိဟ်ရာသီဖွားများသည် ဂုဏ်ကျက်သရေရှိသူများဖြစ်၏။ အစစအရာရာ ခေါင်းဆောင်လိုစိတ်ရှိ၏။ အစစ စွန့်ဦးတီထွင်ကြံဆနိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံ၏။ စိတ်အားထက်သန်သူများ ဖြစ်ကြ၏။ မိမိကိုယ်ကို အလွန် အထင်ကြီးတတ်ကြ၏။ မည်သည့်ကိစ္စမဆို လိုသည်ထက်ပို၍ ပြောလို၊ လုပ်လို၊ သုံးစွဲလိုတတ်ကြ၏။ ပညာရှိ သုခမိန်ဖြစ်တတ်၏။ ရဲရင့်ထက်မြက်၏။ ရဲရင့်တည်ကြည်၏။ ယောက်ျားပီသ၏။ သိဟ်ရာသီဖွား အမျိုးသမီးများသည်လည်း ယောက်ျားဆန်ဆန် ထက်မြက်တတ်ကြ၏။ သစ္စာရှိတတ်ကြ၏။ ကတိသစ္စာကို အလွန်တန်ဖိုးထားတတ်ကြ၏။ ထက်မြက်ရုံသာမက စိတ်ဓါတ်ပြင်းထန်သူများဖြစ်၏။သူတစ်ပါးက မိမိအား မြောက်စားခြင်း၊ နေရာပေးခြင်း၊ ဆရာတင်ခြင်း၊ ဦးစားပေးခြင်း ဖြစ်လာက အချိန်ကုန် ငွေကုန်ခံ၍ ကိုယ်ကျိုးစွန့်၍ အားပါးတရ လုပ်တတ်၏။ အမှန်းခံစရာရှိက အမှန်းခံ၍ အားကြိုးမာန်တက် ဆောင်ရွက်ပေးတတ်၏။ ကိုယ့်ကို မြှောက်ပင့်မှန်းသိသိနှင့်ပင် သာယာနေတတ်၏။ ဟန်နှင့် ပန်နှင့် နေတတ်၏။အသေးအဖွဲကိစ္စများကို ငွေမည်မျှရပါစေ စိတ်မဝင်စား။ စမတ်ကျကျနှင့် လူအထင်ကြီးမည့်ကိစ္စများကိုဆိုလျှင် ငွေရနည်းသည်ဖြစ်စေ လုပ်ကိုင်လို၏။ သိဟ်ရာသီဖွားတို့၏ အားနည်းချက်မှာ ဘာပဲလုပ်လုပ် မလိုအပ်ဘဲ အကျယ်ချဲ့ခြင်း၊ အချိန်ဆွဲခြင်း၊ ဇီဇာကြောင်ခြင်း၊ သူတစ်ပါးအကြံလက်မခံခြင်း၊ သူတစ်ပါးစကားနားထောင် အကြံယူက အောက်ကျသည်၊ သိက္ခာကျသည်ဟု မာနတင်းကာ အကြံကောင်းများ လက်လွှတ်ခံခြင်းတို့ပင်ဖြစ်၏။ သို့သော် သိဟ်ရာသီဖွားတို့သည် အမြင်ထူးခြား၏။ ဘယ်တော့မှ နောက်မတွန့်တတ်။ လူဖြောင့်စိတ်တိုများဖြစ်၏။ စိတ်မြန်သည်။ အားမနာတတ်။ မခံချင်စိတ်ကြီးမားသဖြင့် ခက်ထန်သည်။ မှန်သည်ထင်က မည်သူ့ကိုမှ သည်းမခံတတ်။ ရာသက်ပန် တစ်ခုတည်းသောဂါဒကို စွဲကိုင်ထားတတ်၏။ လူတွင်ကျယ်လုပ်လို၏။ လူရှိသေအောင်လည်း နေတတ်၏။ ထို့အပြင် သူများတကာနှင့် အမြင်မတူတတ်၏။ ကိုယ်ကိုင်စွဲသော ဂါဒအတိုင်း ခံယူလျှောက်လှမ်းတတ်၏။ ငြင်းခုံစရာရှိက အခိုင်အခန့်ငြင်းခုံ၏။ ဆန့်ကျင်စရာရှိက ရဲရဲဆန့်ကျင်၏။ ဉပဒေကိုဖြစ်စေ၊ စည်းကမ်းဘောင်များကိုဖြစ်စေ၊ အသစ်ပြုပြင် ပြောင်းလဲပစ်လိုသူများဖြစ်ကြ၏။ အခွင့်အရေးကိုလည်း မရရအောင် ယူတတ်ကြ၏။ မှန်သည်ထင်က ပြောရဲ၊ လုပ်ရဲသောသတ္တိရှိ၏။ သို့သော် သူတစ်ပါးကို ရန်လိုသောစိတ်မရှိ။ ကိုယ့်အပေါ် လျို့ဂှက်ရန်သူများ ရှိနေတတ်ကြ၏။ စီးပွားရေးဘက်တွင် အားနည်းတတ်ကြ၏။ စိတ်ထိခိုက်လွယ်၏။ တစ်ယောက်တည်းကြိတ်ပြီးမွန်းကြပ်နေအောင် ခံစားရခြင်းမျိုး မကြာခဏကြုံရတတ်၏။ သူတစ်ပါးကို အားပေးစကား မပြောတတ်သလို ကိုယ်တိုင်ခံစားစရာရှိက

ဖြေမဆည်နိုင်အောင် ခံစားချက်ကြီးတတ်၏။ ဘဝတွင် ကျွမ်းကျင်မှုတွေများပြီး ရွေးချယ်ရခက်နေသော အနေအထားတို့များစွာ ကြုံတတ်၏။ ဂုဏ်ရှိရပါရမီ ရင့်သန်၏။ စည်းကမ်းဘောင်အတွင်း နေမှကောင်း၏။ တစ်ခုခုစည်းဖောက်မိက သူတစ်ပါးထက် အထိနာတတ်၏။ ဥပမာ- ဥပဒေနှင့်မကင်းသော အလုပ်တို့ လုပ်မိက သူများထက်ပိုထိတတ်၏။ တွန်းတိုက်ပြီး ကြိုးစားရချိန်တွင် အားမာန်အပြည့်ရှိသလောက် အောင်မြင်သွားချိန်တွင် စိတ်ပျံ့လွင့်ပြီး အပျော်အပါးဘက် လိုက်သွားတတ်၏။ ဘဝသက်တာတွင် ငွေကိုအားတိုက် ကိုယ်စွမ်းဝီရိယစွမ်းနှင့် ကြိုးစားပြီးရှာရတတ်၏။ စိတ်သဘောထားကောင်းမွန်ခြင်း၊ အကင်းပါးခြင်း၊ လိမ္မာပါးနပ်စွာ ပြောဆိုပြုလုပ်တတ်ခြင်း၊ စာပေဗဟုသုတ အသိဝိဇ္ဇာနှင့်ပြည့်စုံခြင်းတို့ကြောင့် ဘဝတွင် လူတစ်လုံး သူတစ်လုံးဖြစ်အောင်ကြီးမြင့်တတ်ကြ၏။

သိဟ်ရာသီဖွားများ၏ အချစ်ရေးနှင့် အိမ်ထောင်ရေး အနေအထားများ

သိဟ်ရာသီဖွားတို့သည် အချစ်ကြီးသူများဖြစ်၏။ ပင်ကိုယ်စိတ်ဓါတ် ရဲရင့်ထက်မြက်သလောက် နှလုံးသားရေးတွင် အရှုံးပေး၍ ချစ်တတ်ကြ၏။ ဘဝကို အချစ်ဖြင့် တည်ဆောက်လိုကြ၏။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ထင်မိထင်ရာ တမ်းတမ်းစွဲချစ်မိတတ်ကြ၏။ ထို့အတူ ကိုယ်ကိုယ်တိုင်ကလည်း ဆွဲဆောင်မှု ညှို့ငင်အားကောင်း၍ မျက်နှာပွင့်တတ်၏။ ချစ်သူပေါတတ်၏။ ကိုယ်ကိုယ်တိုင် တစ်ယောက်တည်း စွဲမြဲစွာချစ်ချင်သော်လည်း ရွေးချယ်ရခက်လောက်အောင် များလာတတ်၏။ ထို့အတူ ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရတတ်၏။ ဘဝတွင်သိဟ်ရာသီဖွားအများစုသည် လူပျိုကြီး၊ အပျိုကြီးများ ဖြစ်တတ်ကြ၏။ အိမ်ထောင်ပြုသောအခါ ကိုယ်ကလည်း ကိုယ့်ဂါဒနှင့်အညီသာ ပြုမူနေထိုင်တတ်ကြသဖြင့် အိမ်ထောင်ဖက်နှင့် အမြဲလိုလို ဆန့်ကျင်ဘက် ဖြစ်နေတတ်၏။ သို့သော် သိဟ်ရာသီဖွားတို့သည် သစ္စာကြီးမားသူများဖြစ်၏။ မိမိချစ်သူအပေါ် မိမိအိမ်ထောင်ဘက်အပေါ် အထူးသစ္စာထားတတ်၏။ သိဟ်ရာသီဖွားတို့သည် မိမိချစ်သူ၊ မိမိအိမ်ထောင်ဖက်အတွက် စိတ်ချမ်းသာအောင် မည်သို့ဆောင်ရွက်ပေးရမည်ကို အမြဲ ကြံဆနေတတ်ကြ၏။ သိဟ်ရာသီဖွားတို့သည် အသက် (၂၈)ကျော်မှ အိမ်ထောင်ပြုသင့်၏။ အိမ်ထောင်ပြုသောအခါ ကလေးဆန်သော အိမ်ထောင်ဖက်နှင့် ဖူးစာဆုံတတ်၏။ သိဟ်ရာသီဖွား အမျိုးသား၊ အမျိုးသမီးအားလုံး မိဘစီမံသော အိမ်ထောင်ရေးကို လက်ခံသင့်၏။ ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်က အိမ်ထောင်ရေး သောကကြုံရတတ်၏။ အသက် (၃၈)ဂန်းကျင်ရောက်မှ အိမ်ထောင်ပြုလေ ကောင်းလေဖြစ်၏။ ထို့အပြင် အရှုးအမူး ချစ်တတ်သော စရိုက်ကိုပြင်သင့်၏။ အိမ်ထောင်ဖက်အပေါ်တွင်ဖြစ်စေ၊ ကိုယ့်ချစ်သူအပေါ်တွင်ဖြစ်စေ ကိုယ့်ဘက်က အမြင်သက်သက်ဖြင့် သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းမပြုဘဲ နားလည်မှုထားပေးက စိတ်ချမ်းသာမှုရရှိတတ်ကြပေ၏။

သိဟ်ရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေး အနေအထားများ

ခြင်းတို့ကို သတိပြုသင့်၏။ မည်သည့်ကိစ္စမဆို မာန၊ သိက္ခာမကြည့်ဘဲ အကျိုးရလာဒ်ဖြင့် ချင့်ချိန်ပြီးလုပ်မှ စီးပွားဖြစ်တတ်၏။ သိဟ်ရာသီဖွားတို့သည် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်း၊ ပန်းချီအနုပညာ၊ စစ်သူကြီး၊ စစ်ဘက်၊ တည်ဆောက်ရေးလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အထူးကောင်းကျိုးပေးမည်။

သိလ်ရာသီဖွားများ၏ ကျန်းမာရေးအနေအထားများ

သိဟ်ရာသီဖွားများသည် ကျန်းမာရေးတွင် ရောဂါကြီးများစွာ မဖြစ်တတ်ပါ။ အသေးအဖွဲမျှသာ ဖြစ်တတ်ပါသည်။ ကျန်းမာသန်စွမ်းတတ်ကြပါသည်။ သို့သော် မိမိကိုယ်ကိုယ် ဟိုရောဂါရှိသလိုလို၊ သည်ရောဂါရှိသလိုလိုနှင့် ထင်ယောင်ထင်မှားဖြစ်တတ်ကြ၏။ ထူးထူးဆန်းဆန်းခံစားရသည်ဟုလည်း သံသယစွဲနှင့် ရောဂါအမည်တပ်တတ်ကြ၏။ စိတ်ရောဂါတစ်မျိုးဟုသာ ဆိုရပေမည်။ အထူးသတိပြုရန်မှာ ဘယ်အကြောင်းနှင့်မှ စိတ်ဆင်းရဲမခံကြပါနှင့်။ စိတ်ပင်ပန်းမှုကြောင့် နှလုံးရောဂါနှင့် သွေးတိုးရောဂါ

ဖြစ်တတ်လေ၏။ မျက်စေ့မှုံတတ်ကြ၏။ အသေးအဖွဲအားဖြင့် ခေါင်းကိုက် ဇက်ကြောတက်၊ အာရုံကြောရောဂါတို့သာ မကြာခဏဖြစ်တတ်ကြ၏။ အစာအိမ်ခွဲစိတ်ရခြင်းမျိုး ကြုံတတ်၏။ ရှောက်သီး၊ သံပုရာသီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ပျားရည်၊ ပေါင်မုန့်နှင့် ချင်းသုတ်တို့ကို မကြာခဏ စားပေးသင့်၏။ မကြာခဏ အနားယူသင့်၏။ အနားယူပေးရုံဖြင့်ပင် ကျန်းမာတတ်ကြပေ၏။

သဘာဝဘေးအန္တရာယ်များ

သိဟ်ရာသီဖွားတို့သည် မီး၊ အပူလောင်၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ကို အထူးသတိထားသင့်၏။ မီးဘေးအန္တရာယ်ကို အစစ ကြိုတင်သတိရှိသင့်၏။ လျှပ်စစ်မီးနှင့် စပ်ယှဉ်သောနေရာတို့တွင် အသေးအဖွဲမှစလျှက် သတိပြုသင့်၏။ လျှပ်စစ်လျှော့ဖြစ်တတ်၏။ အထူးသဖြင့် စက်ရုံကြီးများတွင် အလုပ်လုပ်သော သိဟ်ရာသီဖွားတို့သည် ပို၍သတိဖြင့် ဆောင်ရွက်သင့်၏။ ကြိုတင်သတိရှိက ဘာမျှစိုးရိမ်ရန် မရှိပါချေ။

ဘဝကံကြမ္မာ အနိမ့်အမြင့် အခြေအနေများ

သိဟ်ရာသီဖွားတို့သည် ငွေကြေးဥစ္စာ မထင်မှတ်ဘဲရရှိပြီး ဘဝအမြင့်သို့ တက်လှမ်းသွားနိုင်ကြ၏။ အများအပေါ် ဦးဆောင်နိုင်စွမ်း ရှိကြ၏။ သို့သော် ကိုယ်လုပ်မှ အကောင်းထင်တတ်ခြင်း၊ အာဏာပြမိတတ်ခြင်းတို့ကြောင့် ဘဝတွင် ထိခိုက်နစ်နာတတ်၏။ အထူးသဖြင့် အသောက်အစားဖက်က ရုတ်တရက်ပျက်စီးတတ်၏။ မူးယစ်သောက်စားမှုကို အထူးရှောင်ပါလေ။ သိဟ်ရာသီဖွားတို့သည် စာပေဗဟုသုတ အသိဝါဏ်ရှိ၏။ မည်သူ့ကိုမှ အောက်မကျို့ဘဲ ရဲရဲပွံ့ပွံ့လုပ်ကိုင်တတ်၏။ အထက်လူကြီးတို့က အထင်လွဲတတ်၏။ ဘဝတွင် ကိုယ့်ဒူးကိုယ်ချွန်ကြိုးစားပြီးမှ ရုတ်တရက် အခွင့်အလမ်းပေါ်ကာ ငွေကြေးဥစ္စာ ရတတ်ခြင်းဖြစ်၏။ အသက်(၂၆) ဂန်းကျင်တွင် ဘဝတက်လမ်းပွင့်၏။ အလှူအတန်းပြုနိုင်တတ်၏။ အသက်(၃၁)ဂန်းကျင်တွင် စည်းစိမ်တိုးတက်၏။ အသက် (၄၉)ဂန်းကျင်တွင် ဘဝအောင်မြင်မှုကြီးစွာရတတ်၏။ အသက်(၅၆)ဂန်းကျင်တွင် ကျန်းမာရေးထိခိုက်တတ်၏။ အသက်(၈၁)ဂန်းကျင်တွင် ကျန်းမာရေးအထူးဂရုပြုပါ။သိဟ်ရာသီဖွားတို့သည် ရဲပွံ့စွန့်စားသူများဖြစ်၏။ နိုင်ငံရပ်ခြားသို့ သွားရတတ်၏။ သူတစ်ပါးအတွက် ကြားမှ အနစ်နာခံမိ၍ ဘဝတွင် ထိခိုက်နစ်နာတတ်၏။ ရရှိသော အောင်မြင်မှုနှင့် ပစ္စည်းဥစ္စာတို့ကို တန်ကြေးမထားတတ်၍ နစ်နာတတ်၏။

ဘဝတိုးတက်အောင်မြင်စေရန် ဆောင်ရန်၊ ရှောင်ရန်များ

အရက်သေစာနှင့် စီးကရက်ကို အထူးရှောင်ပါ။ သူတစ်ပါးအိမ်ယာကို အထူးရှောင်ပါ။ အပျော်အပါးလျှော့ပါ။ ၎င်းငင်းသုံးချက်ကိုသာ အဓိကဆင်ခြင်ပါ။စည်းကမ်းကြီးခြင်း၊ သန့်သန့်ခန့်ခန့်နေတတ်ခြင်း၊ စနစ်တကျလုပ်တတ်ခြင်းတို့ကြောင့် ဘဝတွင် အောင်မြင်မည်။ စိတ်ထက်ခြင်း၊စိတ်ခိုင်ခြင်း၊ ဂီရိယကြီးခြင်းတို့က အောင်မြင်မှုကို ပံ့ပိုးပေးလိမ့်မည်။

ရဲရဲတောက် ကျောက်အနီကို လက်စွပ်ကွင်း၍ ဝတ်ထားပါ။ ရန်အားလုံးကို အောင်နိုင်ပါအံ့။ ရွှေလက်စွပ်ကို တစ်သစ်စ နေဂန်းပုံသင်္ကေန်ပုံဖော်၍ ဆောင်ထားပါ။ ဝတ်ထားပါ။ လက်ျာဘက် လက်ခလယ်တွင် ဝတ်ထားပါ။ သိဟ်ရာသီဖွားတို့၏ အိမ်ခန်း၊ အလုပ်ခန်းတွင် တက်သစ်စနေဂန်းပုံ ပန်ချီကား ချိတ်ဆွဲထားပါ။ ထို့ပြင် အဝါရောင်၊ လိမ္မော်ရောင်၊ နံ့သာရောင်တို့ အထူးဆောင်ပါ။ အနက်၊ အညို အထူးရှောင်ပါလေ။ သိဟ်ရာသီဖွားတို့ အမြဲ သန့်သန့် ခန့်ခန့်နေပေးပါ။ မာနမကြီးဘဲ သူတစ်ပါး အကြံဝါဏ် လက်ခံပေးခြင်းအားဖြင့် အကျိုးထူးတတ်ပေသည်။ ထို့အပြင် သူတစ်ပါးကိစ္စကြားဂင်ခြင်းကို ရှောင်ပါ။ တဖွတ်ထိုးလုပ်ခြင်းကို ရှောင်ပါ။ နှစ်စဉ် ဧပြီလနှင့် ဩဂုတ်လတို့တွင် အဆိုးဂါးဆုံး အခိုက်အတန့်ကြုံတတ်သလို အကောင်းဆုံးအနေအထားများပါ

ကြံ့တတ်၍ အစစသတိဖြင့်လုပ်ပါ။ နှစ်စဉ်မတ်လတွင် အရေးတကြီးကိစ္စများ မဆောင်ရွက်သင့်ပါ။
မည်သည့်ကိစ္စမဆို ရတနာသုံးပါးဦးထိပ်ပန်ဆင်၍ ဆောင်ရွက်မှ ထူးခြားစွာ အောင်မြင်မှု ရရှိတတ်ပေသတည်း။

အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး

---

ကန်ရာသီဖွားများအတွက်

ဘဝတစ်သက်စာဟောစာတမ်း

(ဩဂုတ် ၂၄ရက်မှ စက်တင်ဘာ ၂၂ရက်အတွင်းမွေးဖွားသူများ)
(တော်သလင်းလဖွားများ)
ကန်ရာသီသည် ရာသီစက်ဂန်းတွင် ဆဋ္ဌမမြောက်ရာသီဖြစ်သည်။ ထိုရာသီခွင်အပိုင်းအခြား
ကောင်းကင်ရှိကြယ်များ၏ပုံသဏ္ဍာန်မှာ စပါးနှံနှင့်လေးမြှားအစုံကို ကိုင်ဆောင်ထားသော အပျိုစင်တစ်ဦးပုံ
ပေါ်ထွန်းနေပေသည်။ ဓါတ်သဘာဝအားဖြင့် ပထဝီဓါတ်(မြေဓါတ်)ကိုဆောင်ထားသည်။
ဗုဒ္ဓဟူးဂြိုလ်ပိုင်စိုးထားသောရာသီခွင်ဖြစ်သည်။ ဓါတ်မ သဘာဝဆောင်သည်။ ဒွေးဒေဟ ရာသီခွင်ဖြစ်သည်။
(၅)ဂဏန်းသချာစိုးမိုးသည်။ နှစ်စဉ်ဩဂုတ်(၂၄)ရက်မှ စက်တင်ဘာလ(၂၂)ရက်ကြားတွင်မွေးဖွားသူများသည်
ကန်ရာသီဖွားများပင်ဖြစ်သည်။ ထို့ပြင် မြန်မာလ တော်သလင်းလတွင်မွေးဖွားသူများသည်လည်း
ကန်ရာသီဖွားများဟုသတ်မှတ်ကာ အောက်ပါဘဝဖြစ်စဉ်၊ အကျင့်စရိုက်၊ အဆောင်၊ အရောင်တို့ကို
လိုက်နာသုံးစွဲသွားနိုင်ပေသည်။
ကန်ရာသီဖွားတို့၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက်လက္ခဏာများ
ကန်ရာသီဖွားများသည် ပင်ကိုယ်သဘာဝအားဖြင့် အတွေးအခေါ်ဝဏ်ပညာထက်မြက်သော်လည်း
စိတ်မငြိမ်စိတ်မြန်လွန်းတတ်၏။ ၎င်းင်းအချက်ကိုသတိပြုသင့်၏။ ကန်ရာသီဖွားများသည်
အသိဝဏ်ပညာထက်မြက်သူများဖြစ်ပေသည်။ စိတ်ခံစားချက် ပြင်းထန်သူများဖြစ်ပေသည်။ အစစအရာရာ
စဉ်းစားပြီးပြုမူ၊ နေထိုင်လုပ်ကိုင်တတ်ကြသည်။ ဘဝတွင်လူချစ်လူခင်များသည်။ စန်းပွင့်သည်။
ဘဝတွင်ရွှေမရှား ငွေမရှားနေရတတ်သည်။ အနုပညာဂါသနာကြီးသည်။ မိတ်ဆွေအပေါင်းအသင်းတို့ကို
ခင်မင်တွယ်တာတတ်သည်။ လွတ်လပ်မှုကို အလွန်ကြိုက်သည်။ စည်းကမ်းဘောင်တွေကို အလွန်မုန်းသည်။
ဘယ်တော့မှ မလိမ်တတ်၊ မညာတတ်သူများဖြစ်သည်။ စိတ်ထိခိုက်လွယ်သည်။
တဖွတ်ထိုးလုပ်ချင်တတ်သည်။ ဘယ်အခက်အခဲကိုမှ နောက်မဆုတ်၊ နောက်မတွန့်တတ်။ မြင့်မြတ်သော
နလုံးသားပိုင်ရှင်များဖြစ်သည်။ သို့သော်နလုံးသားခံစားချက်ကို ဦးစားပေးလွန်းသည်။ ငွေကြေးမှအစ
အခွင့်အလမ်းကိုမကြည့် စိတ်ခံစားချက်ကိုသာ အဓိကထား၍ ဆုံးဖြတ်ဆောင်ရွက်တတ်သည်။
ကိုယ်ယုံကြည်ရာကို ရဲရဲဆုံဖြတ်လုပ်ကိုင်တတ်သည်။ သည်းခံနိုင်စွမ်းရှိသည်။ သို့သော် စိတ်ဆန္ဒစောသည်။
ကြာရှည်စောင့်ဆိုင်းလုပ်ကိုင်နေခြင်းမျိုးကို စိတ်မရှည်ကြသူများဖြစ်သည်။
ကန်ရာသီဖွားတို့သည် ဝဏ်ပညာအမြင့်မားဆုံး၊ အထူးချွန်ဆုံးသူများဖြစ်သည်။ (၁၂)ရာသီဖွားတို့တွင်
ကန်ရာသီဖွားများသည် ဝဏ်ပညာတွင်ထိပ်ဆုံးကဖြစ်သည်။ ဖြတ်ထိုးဝဏ်အလွန်ကောင်းသည်။ အပြင်ပန်း

ဘာသိဘာသာနေတတ်ကြပြီး အလွန်အကွက်မြင်သည်။ ထိုးထွင်းဉာဏ်ကောင်းသည်။ ဘာသာစကားနှင့်
စာပေအသိပညာတို့တွင်အတိတ်ဘဝ ပါရမီထူးသူများဖြစ်သည်။ ကန်ရာသီဖွားများသည် ထက်မြက်သော
ဉာဏ်ပညာကို စနစ်တကျကြိုးစားအသုံးချသွားပါက ဘဝတွင်ထိပ်ဆုံးသို့ ရောက်နိုင်စွမ်းအောင် တော်ကြ၊
ထက်ကြသူများဖြစ်သည်။ ကိုယ့်အစွမ်းအစကိုသိဖို့ ကြိုးစားဖို့တော့လိုသည်။
ကန်ရာသီဖွားတို့သည် ရိုးရိုးနှင့်တည်တည်ကြည်ကြည်ပြောဆိုလုပ်ကိုင်တတ်ကြသည်။
ထိုအသွင်သဏ္ဍာန်ကပင်ထူးခြားနေတတ်သည်။ ကန်ရာသီဖွားတို့သည် ငွေရှာတတ်သည်၊ ငွေရှာကောင်းသည်။
ထို့အပြင် ငွေအသုံးအစွဲစည်းကမ်းကောင်းသည်။ လောင်းကစားကို ဂါသနာသိပ်မပါတတ်ကြပါ။
သို့သော်စွန့်စားပွဲ စွန့်စားရဲတတ်ကြသည်။ ဆုံးဖြတ်ပြီးက ပုံအောပြီးလုပ်ပွဲကြသည်။
ငွေကိုအထူးချွေတာသုံးစွဲတတ်ကြသည်။ ထို့အတူကန်ရာသီဖွားတို့သည် အလုပ်တွင်လည်း
စည်းစနစ်ကောင်းကြသည်။ သူတစ်ပါးစိတ်မဝင်စားသောအလုပ်တို့ကို စိတ်ဝင်စားတတ်ကြသည်။
ရိုးသားသူများကို ကူညီတတ်ကြသည်။ ရိုးသားသူများကို ကူညီတတ်ကြသည်။ သဒ္ဓါတရားကောင်းသည်။
စိတ်ဆိုးမိက ခွင့်မလွှတ်တတ်ကြ။ ဟန်ဆောင်ခြင်းကို အလွန်မုန်းသည်။
အထူးသဖြင့် ကန်ရာသီဖွားတို့သည် ဉာဏ်ပညာထက်မြက်ပြီး သိလွယ် တတ်လွယ်တတ်ကြသည်။ စာဖတ်၊
စာကျက်ရာတွင်မြန်သည်။ သဘောပေါက်လွယ်သည်။ မှတ်ဉာဏ်ကောင်းသည်။
စိတ်ဝင်စားရာကိုစွတ်လုပ်တတ်ကြသည်။ ဘဝတွင် စနစ်တကျ ကြိုးစားသွားက ထိပ်ဆုံးသို့ရောက်တတ်သည်။
ကန်ရာသီဖွားတို့သည် အချို့ကိစ္စများတွင် စိတ်ထက်၊ စိတ်ကြီးပြီး၊ မာနကြီးတတ်ကြသည်။
မဟုတ်မခံမာနဖြစ်သည်။ အပြောအဆိုချိုသာသည်။ ဘာမဆိုကိုယ်တိုင်လုပ်ရမှ ကျေနပ်ကြသည်။
အစွမ်းသတ္တိရှိသည်။ အသားအရေလှပသည်။ စိတ်ကြီးသဖြင့် ခက်ထန်သလိုထင်ရသည်။ စည်းစနစ်ကြီးသဖြင့်
အပေါင်းရခက်သလိုဖြစ်တတ်သည်။ တပည့်ကောင်းမရတတ်။ ကိုယ်သင်ပြမြှင့်တင်ပေး၍
ထိပ်ရောက်သွားသူများရှိပြီး ကိုယ်ကိုပြန်မကြည့်တတ်ပါ။ စေတနာများများထားက
စေတနာစော်ကားခံရတတ်သည်။ စိတ်ငြိမ်စွာထားပြီး ကြိုးစားကာ ကိုယ်တိုင်ထိပ်ဆုံးနေရာကို
ရယူသင့်ပေသည်။

## ကန်ရာသီဖွားတို့၏ အချစ်ရေးကိစ္စများ

ကန်ရာသီဖွားတို့သည် အချစ်ကြီးသူများဖြစ်ကြပေသည်။ သို့သော် မေတ္တာကံခေသည်။
ကိုယ့်ကိုနားလည်ပေးသူ နည်းသည်။ ကိုယ့်သံယောဇဉ်ကြီးသူ တို့နှင့်ခွဲခွာနေရတတ်သည်။
အထီးကျန်ဆန်တတ်သည်။ ကန်ရာသီဖွားတို့သည် နှလုံးသားသိမ်မွေ့ပြီး အချစ်ကြီးသည်။
အချစ်ကိုဦးစားပေးတတ်ကြသည်။ တစ်ဦးတစ်ယောက်ကို လွယ်လွယ်နှင့်မိတ်မဖွဲ့တတ်သလို
သံယောဇဉ်တွယ်မိက အစွဲအလမ်းကြီးသည်။ နှလုံးသားနူးညံ့သဖြင့် ခံစားရသောအခါပြင်းထန်သည်။
အချစ်ရေးတွင်ကံခေတတ်ကြသည်။ စန်းပွင့်သူ၊ ဆန့်ကျင်ဘက်ကို ဆွဲဆောင်နိုင်သူများဖြစ်သဖြင့်
မျက်နှာများသလိုဖြစ်သွားတတ်သည်။ အချစ်ရေးတွင် မကြာခဏကြားအဖျက်ပေါ်တတ်ကြလေသည်။
ဆုံးဖြတ်ချက်မြန်သဖြင့် မှားတတ်ကြသည်။ အထူးသဖြင့် ကိုယ့်ထက်ငယ်သူများနှင့် မေတ္တာနှောင်ကြိုး
သွယ်မိတတ်ကြသည်။

## ကန်ရာသီဖွားတို့၏ အိမ်ထောင်ရေး

ကန်ရာသီဖွားတို့သည် အလွန်စန်းပွင့်တတ်ကြ၏။ အိမ်ထောင်ရေးတွင်လည်း အများအားဖြင့်
ကံကောင်းတတ်ကြ၏။ သို့သော် ကန်ရာသီဖွားတို့သည် ချစ်မေတ္တာကိုပွင့်လင်းစွာမပြတတ်ပါ။
အချစ်ကြီးသလောက် သိုသိပ်နေတတ်၏။ ထို့ကြောင့် အိမ်ထောင်ရေး၌ ပြဿနာလေးတွေကြုံရတတ်ကြရ၏။

အရှက်အကြောက်ကြီးခြင်း၊ သိက္ခာထိန်းခြင်းတို့ကြောင့် ကိုယ့်အိမ်ထောင်ဖက်က ကိုယ့်မေတ္တာသံယောဇဉ်ကို သံသယဂင်ခြင်းခံရတတ်၏။ ထို့ပြင်ကိုယ်က ကိုယ့်အိမ်ထောင်ဖက်အပေါ် စည်းကမ်းဘောင်များဖြင့် စနစ်တကျချုပ်ကိုင်လို၏။ ကိုယ်က ကိုယ့်အိမ်ထောင်ဖက်အပေါ် စိတ်တိုင်းမကျဖြစ်နေတတ်၏။ ကိုယ့်အသိုင်းအဝိုင်းကလည်း ကိုယ့်အပေါ်သဘောမကျကြောင်း၊ စိတ်တိုင်းမကျကြောင်းတို့ကို မကြာခဏအပြစ်ဖွဲ့ပြောခြင်းခံနေရတတ်၏။ သို့သော်အိမ်ထောင်ဖက်က ပါးစပ်ဖြင့်မည်မျှပြောစေကာမူ စိတ်ထဲကကျိတ်ပြီး ကိုယ့်ကိုသဘောကျနေတတ်လေ၏။ ကိုယ့်အိမ်ထောင်ဖက်က ကိုယ့်အပေါ်အနိုင်ယူ၊ ဩဇာပေးနေသည်ဟုလည်း ထင်နေတတ်၏။ အထူးသတိပြုရန်မှာ ကန်ရာသီဖွားတို့သည် ကိုယ့်အိမ်ထောင်ဖက်အပေါ် သည်းခံလိုက်လျောဖို့ မေ့နေတတ်ပြီး အမြဲလိုလိုအရှဲ့တိုက်နေမိတတ်၏။စိတ်လိုက်မာန်ပါ ပြုမူမိတတ်၏။ ကန်ရာသီဖွားတို့သည် သားသမီးကံကောင်းတတ်ကြ၏။ သားသမီးတို့အပေါ် အထူးအလိုလိုက်တတ်ပေ၏။ အိမ်ထောင်ပြုရာတွင် ကုံရာသီ၊ တပို့တွဲလဖွားတို့ကိုအထူးရှောင်ပါ။ အိမ်ထောင်ရေး အဆင်ပြေချောမွေ့ပါလိမ့်မည်။

ကန်ရာသီဖွားတို့၏ ကျန်းမာရေးအခြေအနေများ

ကန်ရာသီဖွားများ ကျန်းမာရေးကောင်းပါသည်။ ကျန်းမာရေးညံ့လျှင်ခဏသာဖြစ်၏။ အပင်ပန်းခံမှုကြောင့် ကျန်းမာရေးညံ့တတ်၏။ ဗိုက်နာ၊ လေနာ၊ ရင်နာ၊ နှလုံးတုန်ရင်ခုန်၊ ဆီးရောဂါ၊ ခေါင်းကိုက်၊ ဇက်ကြောထိုးရောဂါတို့ အသေးအဖွဲမျှဖြစ်တတ်၏။ ကန်ရာသီဖွား အမျိုးသမီးများ မီးယပ်သတိပြုဆင်ခြင်ပါ။

ကျန်းမာရေးညံ့က အနီရောင်ဆောင်ပါ။ မုန်လာ၊ ပေါင်မုန့်၊ ကွေကာအုတ်၊ သစ်ချသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသော အချွံမာအသီးများကို ဓါတ်စာအဖြစ် မကြာခဏစားပေးပါ။ မကြာခဏ အနားယူပြီးနှစ်ခြိုက်စွာအိပ်ပါ။ ကျန်းမာရေးအထူးကောင်းပါမည်။

သဘာဝဘေးအန္တရာယ်များ

ကန်ရာသီဖွားတို့သည် မြေပြို၊ တွင်းပြို၊ တောင်ပြို အန္တရာယ်ကြုံတတ်၏။ ကြုံတတ်သည်ဆိုသော်လည်း ယေဘုယျမျှသာဖြစ်၏။ ထိုအခြေအနေဖြစ်နိုင်သော ဒေသများသို့ ခရီးသွားခြင်း၊ ကျောက်တူးခြင်းစသည့် အနေအထားတို့တွင်သာ ဆင်ခြင်ပေးရပေမည်။ ကျန်အချိန်တို့တွင် စိုးရိမ်ရန်မရှိပါ။ ထို့ပြင် ကန်ရာသီဖွားတို့သည် ရေလမ်းခရီးသွားလာရာတွင် ဆင်ခြင်သတိရှိသင့်ပေသည်။

အလုပ်အကိုင်နှင့်စီးပွားရေး

ကန်ရာသီဖွားတို့သည် ငွေရှာကောင်း၏။ ဝါဏ်ကောင်း၏။ ဖြတ်ထိုးဝါဏ်ကောင်း၏။ စွန့်စားရဲ၏။ အကြံကြီး၏။ ထို့ကြောင့်ဆင်းရဲက အောက်ဆုံး၊ ချမ်းသာက ထိပ်ဆုံးဖြစ်တတ်၏။ သို့သော်ငွေကိုမကြည့်ဘဲ ဂါသနာယုံကြည်ချက်တို့ကိုသာကြည့်၏။ စိတ်စော၏။ ခေါင်းမာ၏။ စွတ်လုပ်တတ်၏။ လက်အောက်ငယ်သားကောင်းကျိုးမပေး။ ကိုယ်ကလည်း အငြိုးအတေးထားအရှဲ့တိုက်လို၏။ မထင်က မည်သူ့ကိုမျှမခေါ်၊ မာနကြီး၏။ ထို့ကြောင့် အလုပ်အကိုင်နှင့် စီးပွားရေးတွင် နစ်နာတတ်၏။ ရပ်ဝေးတွင်စီးပွားရှာရင်း အခြေချရတတ်၏။ အမွေရသလို၊ ထီပေါက်သလို ပွပေါက်တိုးပြီး ကြီးပွားတတ်၏။ ငွေရှာကောင်းသလောက် ငွေသုံးစည်းကမ်းကောင်း၏။ ငွေကိုအထူးချွေတာ စုဆောင်းတတ်၏။ အလုပ်လုပ်ရာတွင် စည်းကမ်းကောင်းသလောက် မနားမနေ တွန်းလုပ်တတ်၏။ အောင်မြင်မှုများစွာ ရတတ်၏။ အလုပ်အကိုင်ကြီးများသာ လုပ်ချင်တတ်၏။

ပန်းချီ၊ ပန်းပု၊ ဒီဇိုင်းပညာ၊ စတိုးဆိုင်၊ ရတနာလုပ်ငန်း၊ စာရင်းအင်းလုပ်ငန်းတို့ဖြင့် ကောင်းကျိုးပေးတတ်၏။

ဘဂတွင်ငွေပေါ်တတ်ကြလေသည်။ ရွှေမရှား၊ ငွေမရှား နေရတတ်၏။ သဘင်အနုပညာဖြင့် အကျိုးပေးတတ်၏။ ကိုယ်ပိုင်လုပ်ငန်းဖြင့် ကြီးပွားတတ်၏။

ဘဂကံကြမ္မာ အနိမ့်အမြင့်အနေအထားများနှင့် ဆောင်မှု၊ ရှောင်မှုများ

ကန်ရာသီဖွားတို့သည် အပြောင်းအလဲများစွာကြုံတတ်ကြ၏။ မာနကြီး၍ အခွင့်အရေးများလက်လွတ်တတ်၏။ မိဘဆွေမျိုးတို့အကူအညီမရတတ်။ ဒုတိယအရွယ်နှင့် တတိယအရွယ်တွင် ကောင်းစားတတ်၏။ ကြီးပွားတတ်၏။ အိုဇာတာအလွန်ကောင်း၏။ အိုးပိုင်၊ အိမ်ပိုင်၊ တိုက်ပိုင်နှင့် နေရတတ်၏။ ဘဂတွင် ငွေကြေးပြည့်စုံ<ကယ်ဂမည်။ အတိတ်ဘဂကောင်းကျိုးခံစားရမည်။ ထီပေါက်မည်။ အသက်(၂၇)ဂန်းကျင်တွင် အမွေရမည်။ အသက်(၃၈)နှစ်ဂန်းကျင်တွင် ထူးခြားသော ပြောင်းလဲမှုများကြုံရတတ်၏။ မထင်မှတ်လောက်အောင် အောင်မြင်တတ်၏။ အသက်(၇၉)တွင် ကျန်းမာရေးကို ဂရုပြုပါ။

ကန်ရာသီဖွားတို့သည် ဘဂတွင်လောကအမြင်ကို ဒဿနဆန်ဆန်ရှုမြင်တတ်ကြ၏။ တရားကျတတ်၏။ သူတစ်ပါးကိုလည်း ဆုံးမတတ်၏။ သို့သော် အငြိုးအတေးကြီးခြင်း၊ စိတ်ကြီးခြင်း၊ တဖွတ်ထိုးစိတ်ရှိခြင်း၊ စာအုပ်ကြီးသမားဆန်ခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်း၊ အပြောချိုသလောက် စိတ်ခက်ထန်ခြင်းတို့ကို သတိဖြင့်ထိန်းပါလေ။

ကန်ရာသီဖွားတို့သည် ဟန်ပန်တင့်တယ်ကြ၏။ ဥပမိခန့်၏။ အလွန်ရှင်းလင်းသော အလှပိုင်ရှင်များဖြစ်၏။ အထူးသဖြင့် မေးရိုးပါးရိုးထူးခြား၏။ လေးထောင့် ကျကျနှင့် ထင်ပေါ်၏။ ထိုဥပမိကိုချပ်ချပ်ရပ်ရပ်နှင့် ရိုးရှင်းစွာဂတ်ဆင်သင့်၏။ ပွယောင်းယောင်း၊ ဘိုသီဘတ်သီမနေသင့်။ မျက်နှာကို တည်တည်ကြီးမထားသင့်။ လက်ပြင်မကုန်းသင့်။ ကျော့ကျော့မော့မော့နေပါ။ အနက်ရောင်အထူးရှောင်ပါ။ ဆင်စွယ်ရောင်၊ အဂါရောင်၊ နံ့သာရောင်တို့ အထူးဂတ်ပါ။ အစိမ်းနု၊ အပြာနုဂတ်နိုင်သည်။ အဖြူဂတ်နိုင်သည်။ ငွေလက်စွပ်ဂတ်သင့်၏။ စိန်ကို ငွေဖြင့်ကွင်းဂတ်ပါ။ ရွှေလည်း များများဂတ်နိုင်သည်။ အထူးသဖြင့် ကျောက်စိမ်းကို ဆောင်ထားပါ။ (၅)ဂဏန်းကို အဓိကသုံးစွဲသင့်သည်။ ကန်ရာသီဖွားတို့သည် ထီကိုမပြတ်ကံစမ်းသင့်ပေသည်။ စိန်လက်စွပ်ကို လက်ခလယ်တွင်ဂတ်ပြီး ကျောက်စိမ်းပါ တွဲဆောင်လိုပါက လက်သန်း<ကယ်တွင် ဂတ်နိုင်သည်။ စိန်ကိုငွေဖြင့် လက်စွပ်ကွင်းပြီးဂတ်ပါ။

စံပယ်ပန်းနှင့် နှင်းဆီပန်းအဖြူ၊ ကြာပန်းအဖြူတို့ကို ဘုရားလှူခြင်း၊ အလှပန်းအိုးထိုးခြင်းပြုနိုင်၏။ အေးချမ်းသာယာမှုဖြစ်စေတတ်၏။ အစစအဆင်ပြေကာ အောင်မြင်မှုရစေတတ်ပေ၏။

အချုပ်အားဖြင့်ဆိုရသော် ၀ဏ်အားဖြင့်အလွန်ကောင်းသော ကန်ရာသီဖွားတို့သည်သီးသန့်နေလိုစိတ်ပြင်းထန်ခြင်း၊ စိတ်ကြီးခြင်း၊ စိတ်မြန်ခြင်းတို့ကို ဆင်ခြင်ကာ ၀ဏ်စွမ်းကောင်းသမျှ တည်တည်ငြိမ်ငြိမ် အသုံးချဆောင်ရွက်သွားပါက ဘဂတွင်ထိပ်ဆုံးသို့ ရောက်သွားတတ်ကြပေ၏။

အားလုံးသတ္တဂါချမ်းသာပါစေ

သက်နှင်းဆွေ-ပုပ္ပါး

---

တူရာသီဖွားများ

(စက်တင်ဘာ ၂၃ ရက်မှအောက်တိုဘာ ၂၃ ရက်)
(သီတင်းကျွတ်လ)
တူရာသီသည် ရာသီ ၁၂ ပါး၏ သတ္တမမြောက်ရာသီခွင်ဖြစ်သည်။ မိုးကောင်းကင်ရှိ
ဤရာသီတွင်လင်းလက်နေသော ကြယ်ပွင့်များသည် ချိန်ခွင်တစ်ခု၏ အသွင်သဏ္ဍာန်အနေအထားပုံ
ပေါ်ထွန်းနေသော နက္ခတ်ရုပ်ပုံဖြစ်၏။ ဓါတ်သဘာဝအရ ဂါယောဓါတ် (လေဓါတ်)စိုးမိုး၏။
ဓါတ်ဖိုသဘာဝဖြစ်၏။ သောကြာဂြိုလ်ပိုင်ဆိုင်စိုးမိုးသော ရာသီခွင်ဖြစ်၏။
(၆)ဂဏန်း၏အကျိုးသက်ရောက်မှုရှိသည်။ နှစ်စဉ် စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၃)
ရက်တွင်မွေးဖွားသူများသည် တူရာသီဖွားများဖြစ်ကြလေသည်။ ထိုသို့ အတိအကျမသိဘဲ မြန်မာလ
သီတင်းကျွတ်အတွင်းမွေးဖွားသူများသည်လည်း သီတင်းကျွတ်အတွင်း မွေးဖွားသူများသည်လည်း
တူရာသီဖွားများဟု တစ်ထစ်ချမှတ်ယူနိုင်သည်။ တူရာသီဖွားတို့၏ ဘဝအနေအထားများကို
အောက်ပါဖြစ်စဉ်များအတိုင်း လေ့လာသုံးစွဲနိုင် ကြပေတော့သည်။
တူရာသီဖွားတို့၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက်လက္ခဏာများ
တူရာသီဖွားတို့သည် စိတ်ခံစားမှုကို အထူးဦးစားပေးသူများဖြစ်ကြ၏။ နှလုံးသားခံစားမှုအတိုင်း
ဘဝကိုလျှောက်လှမ်းကြ၏။ ခံစားချက်ပြင်းထန်သူများ ဖြစ်ကြ၏။ တူရာသီဖွားတို့၏ဘဝတွင်
လွမ်းမောဖွယ်ရာအဖြစ်အပျက်များဖြင့် ပြည့်နှက်နေတတ်၏။ အနုပညာခံစားမှုအင်အားပြင်းထန်၏။
အလှအပကြိုက်၏။ အသန့်အပြန့်၊ အကောင်းအမွန်ကိုလည်း သူများထက် ပိုမက်မောကြ၏။ အထူးသဖြင့်
တူရာသီဖွားတို့သည် တစ်ခုမဟုတ်တစ်ခု ညှို့ဓါတ်အားကောင်းတတ်ကြ၏။ ဘေးလူတွေက
ချစ်ခင်ကြည်ညိုတတ်ကြ၏။ တူရာသီဖွားတို့ကိုယ်တိုင်ကလည်း လူပေါင်းဆန့်၏။ ခင်မင်မှုနှင့်
ချစ်မေတ္တာသံယောဇဉ်ကို အလေးအနက်ထား၏။ အလွန်သိမ်မွေ့သော နှလုံးသားပိုင်ရှင်များဖြစ်ကြ၏။
သို့သော်ဒေါသဖြစ်က ဘာမျှမမြင်တတ်ကြတော့ချေ။ ထို့အပြင် ငွေအသုံးကြမ်းသူများလည်း ဖြစ်တတ်ကြ၏။
အထူးသတိပြုရန်မှာ တူရာသီဖွားတို့သည် စိတ်နုတတ်သည်။ စိတ်ထိခိုက်လွယ်သည်။ အပြင်ပန်း
ဘာမှမဖြစ်သလို ဟန်ဆောင်ထားသော်လည်း စိတ်ထဲက ထိခိုက်ခံစားရတာ၊ စိတ်ကောက်မိတာမျိုး
မသိမသာဖြစ်တတ်၏။ ၎င်းစရိုက်ကိုလည်း လူမသိအောင် ဖုံးကွယ်ထားလိုတတ်၏။ပြင်သင့်၏။ ထို့အပြင်
အယုံလွယ်တတ်၏။ အပျော်အပါးတွင် ဂါသနာထုံတတ်ခြင်းကိုလည်း ပြင်သင့်၏။
တူရာသီဖွားတို့၏ အချစ်ရေး၊ အိမ်ထောင်ရေး၊ ဘဝတည်ဆောက်မှု အနေအထားများ
တူရာသီဖွားတို့သည် ချစ်မေတ္တာစိတ်ကြီးမားတတ်ကြ၏။ နှလုံးသားခံစားချက် ပြင်းထန်တတ်ကြ၏။ သို့သော်
အေးတိအေးစက်နှင့်
နှုတ်မှဖွင့်ပြောဖို့ ဂန်လေးတတ်ကြ၏။ မိမိကို ချစ်သူက အမြဲအားမလိုအားမရနှင့် သံသယဖြစ်နေတတ်ကြ၏။
ကိုယ်တိုင်ကလည်း စိတ်ဒွိဟဖြစ်စရာများနှင့် ချစ်နေတတ်ကြရ၏။     ရပ်ဝေးမှသူနှင့်
ချစ်ကြိုးသွယ်မိတတ်ကြ၏။ ရွေးချယ်ရခက်သော အနေအထားများ ကြုံရတတ်၏။ ချစ်ဦးသူနှင့်
လမ်းခွဲရတတ်၏။ ကွဲကွာသွားသောချစ်သူကို တစ်သက်လုံး တသသလွမ်းနေမိတတ်ကြ၏။ အချစ်ကြီးသူများ
ဖြစ်တတ်ကြသည်။ မေတ္တာနှင့်သစ္စာကို အထူးကိုးကွယ်သွားတတ်ကြ၏။ မည်သည့်ကိစ္စမဆို
အစွဲအလမ်းကြီးမားတတ်ကြ၏။
သို့သော်တူရာသီဖွားတို့သည် အိမ်ထောင်ပြုပြီးသောအခါတွင်လည်း ကိုယ့်အိမ်ထောင်ဖက်အပေါ်
ချစ်ခင်ယုယစွာ အလိုလိုက်တတ်ကြ၏။ အိမ်ထောင်ပြုပြီးလျှင် ဘဝအောင်မြင်တိုးတက်မှုကြုံတတ်၏။ ထို့ပြင်
စိတ်ခံစားမှုကို ဦးစားမပေးပဲ အိမ်ထောင်ရေးကို ရွေးချယ်သင့်သည်။ ရိုးရိုးအေးအေးနေထိုင်ကာ မိမိကို

ပါရမီဖြည့်ပေးသော အိမ်ထောင်ဖက်နှင့် အိမ်ထောင်ပြုရတတ်၏။ ထိုကဲ့သို့ ရိုးရိုးအေးအေးနေခြင်းကိုပင် မိမိက စိတ်တိုင်းမကျ ဖြစ်နေတတ်သေးသည်။ မည်သို့ပင်ဖြစ်စေ တူရာသီဖွားတို့သည် အိမ်ထောင်ဖက်၏ ကံကြောင့် ကြီးပွားချမ်းသာတတ်၏။ အိမ်ထောင်ရေးသုခကို ရရှိတတ်ကြ၏။ အိမ်ထောင်ပြုသောအခါ ကရကဋ်ရာသီဖွားများကိုရှောင်သင့်၏။ ကျန်ရာသီဖွားများနှင့် သင့်တင့်မျှတမှုရှိ၍ လက်တွဲနိုင်သည်။ အထူးသတိပြုရန်မှာ တူရာသီဖွားတို့သည် ဘာသာရေးပါရမီဓါတ်ခံအားကောင်း၏။ လောကီပညာနှင့် စာပေတို့တွင် ပါရမီရင့်သန်၏။ ဂါထာမန္တန်အထူးစွမ်းတတ်ကြ၏။ သမာဓိရှိ၏။ ငြိမ်းချမ်းမှုကို အထူးလိုလား၏။ ထို့ကြောင့် ထိုစာပေ ဗဟုသုတကိစ္စ၊ ဘာသာရေးခံယူချက်များနှင့် အချစ်ရေးအိမ်ထောင်ရေးတည်ဆောက်မှုတို့ အစွန်းမရောက်သေးဘဲ မျှတစွာ နေထိုင်လျှောက်လှမ်းသွားနိုင်ရန် အထူးလိုအပ်ပေသည်။

တူရာသီဖွားတို့၏ ကျန်းမာရေးအနေအထားများ

တူရာသီဖွားတို့သည် ကျန်းမာရေးနှင့်ပတ်သက်၍ ခါးနေရာတစ်ဝိုက် အလွန်ပျော့သည်။ အမြဲတမ်း ခါးနှင့်ပတ်သက်၍ ဂရုစိုက်ရမည်။ခါးကိုက်၊ ခါးနာ၊ ခါးညောင်းဂေဒနာများ မကြာခဏဖြစ်တတ်၏။ အစာအိမ်အူလမ်းကြောင်းနှင့် ပတ်သက်၍ အစာမကြေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်းဖြစ်တတ်၍ အစားအသောက်အမြဲသတိရှိပါ။ ဂမ်းကို ဂရုစိုက်ပါ။ ဂမ်းချုပ်၊ ဂမ်းပျက်၊ ဂမ်းကိုက်တို့ဖြစ်တတ်၏။ထို့ပြင် လည်ချောင်း၊ နှာစေး၊ အာသီးရောင်ခြင်းတို့လည်း ဖြစ်တတ်၍ အအေးမခံသင့်။ လေအေးစက် သိပ်မသုံးသင့်ပါ။ အထူးသဖြင့် တူရာသီဖွားအမျိုးသမီးများ ရင်သားတွင် အနာဖြစ်တတ်၏။ တူရာသီဖွားအားလုံးတွင် နှလုံးသားခံစားမှုကြောင့် အလွမ်းနာကျတတ်၏။ သူတစ်ပါးကိုဖွင့်ပြောပြဖို့ခက်သော ဂေဒနာကို သန်းခေါင်ယံတရေးနိုးချိန်များတွင် မွန်းကြပ်လှိုက်မောအောင် ခံစားရတတ်၏။ ဆေးလိပ်ကို ရှောင်ပါ။ ပျားရည်၊ ဂက်သားတို့ကို မကြာခဏစားပါ။ ပဲအမျိုးမျိုး၊ ပန်းသီး၊ ဖရဲသီး၊ သစ်ချသီး၊ ဗာဒံသီးတို့ကို စားပါ။ ကျန်းမာစေသော ဓါတ်စါများဖြစ်၏။ အာနာပါန ဘာဂနာပွားထုံခြင်းဖြင့် ရောဂါကင်းစင်အောင် ကုသသင့်ကြပေ၏။ ထို့ပြင် အားလပ်ချိန်တို့တွင် တေးဂီတကို နားထောင် အနားယူခြင်းဖြင့် ကျန်းမာရေးကောင်းစေတတ်ကြ၏။

သတိပြုစရာဘေးအန္တရာယ်များ

တူရာသီဖွားတို့သည် မြေပြို၊ တွင်းပြို၊ တောင်ပြိုအန္တရာယ်များကို သတိထားသင့်၏။ သတိထားသင့်သည်ဆိုသော်လည်း အစဉ်အမြဲ ဖြစ်တတ်သည်မဟုတ်ဘဲ ကျောက်တူးခြင်း၊ သဲကျင်းတူးခြင်း၊ သတ္တုအမျိုးမျိုး တူးဖော်ခြင်းတို့နှင့်ဆိုင်ရာ နေရာဒေသတို့သို့ သွားရောက် လုပ်ကိုင်ခြင်းပြုသောအခါတို့တွင်သာ သတိပြုရန်ဖြစ်၏။ စိုးရိမ်ရန်မရှိပါ။

အထူးသတိပြုရန်မှာ တူရာသီဖွားတို့သည် ဘာသာရေးပါရမီစွမ်းအားကြီးရုံသာမက အနာဂတ်တွင်ဖြစ်ပျက်စရာတို့ကို ကြိုတင်သိမြင်နိုင်စွမ်းတတ်၏။ အိပ်မက်ထူး၊ နိမိတ်ထူးများ ပေးတတ်သဖြင့် ယုံကြည်ရာ ဂါထာမန္တန်တို့ကိုသာ ရွတ်ဆိုပွားထုံ ထားသင့် ပေတော့၏။ အစစကြိုတင်ကာကွယ်နိုင်စွမ်းလည်းရှိကြပေသည်။

တူရာသီဖွားများ၏ အလုပ်အကိုင်နှင့် စီးပွားရေးအနေအထားများ

တူရာသီဖွားတို့သည် ဘဂကို တည်ငြိမ်အေးချမ်းစွာနှင့် အောင်မြင်မှုရရန် အမြဲတမ်းကြိုးစားနေတတ်ကြ၏။ ကြံစည်နေတတ်ကြ၏။လူ့သဘာဂကို ကျွမ်းကျင်စွာနားလည်တတ်ကြ၏။ ရှေ့ရေးကို ကြိုတင်တွေးခေါ်မြော်မြင်နိုင်စွမ်းလည်း ရှိကြ၏။ သင့်တင့်မျှတစွာ ပေါင်းသင်းဆက်ဆံနိုင်စွမ်းလည်း ရှိကြ၏။ မျှော်မှန်းချက်ကြီးမားတတ်ကြ၏။ သို့သော်တစ်ခါတစ်ရံတွင် ကိုယ်ဖြစ်ချင်သည်ကိုသာသိပြီး ကိုယ့်ရလမ်းကိုသာ ကြည့်သလိုဖြစ်တတ်၍ သတိပြုပါ။ စိတ်ကူးယဉ်နေတတ်ကြသဖြင့် လက်တွေ့အကောင်အထည်မဖော်မိဘဲ

လေထဲတွင် တိုက်အိမ်ဆောက်သလို ဖြစ်တတ်ကြ၏။ ဘာသာရေးခေါင်းဆောင်များလည်း ဖြစ်နေတတ်ကြ၏။ လူအများပေါ်တွင် နည်းအမျိုးမျိုးနှင့် ဆွဲဆောင်နိုင်စွမ်းတတ်ကြ၏။ အနုပညာတွင် အထူးပါရမီရင့်သန်တတ်ကြ၏။ တည်ကြည်ဖြောင့်မတ်တတ်၏။ ငွေကြေးမျက်နှာကို လုံးဝမကြည့်။ ထို့အတူ စိတ်ထဲတွင် မဟန်သည်ထင်က အားလုံးပြုပြင်တတ်ကြ၏။ ခင်မင်မှုကို တန်ဖိုးထား၍ ဆက်ဆံတတ်ကြ၏။ ရတနာပစ္စည်းများစွာ ပိုင်ဆိုင်တတ်ကြ၏။ အထူးသတိပြုရန်မှာ တုရာသီဖွားတို့သည် လောဘနည်း၏။ ရောင့်ရဲလွယ်၏။ ထို့ကြောင့် ကိုယ်စွမ်းကိုယ်စရှိသလောက် မဖြစ်ထွန်းဘဲ နေတတ်၏။ လက်ရှိအနေအထားလေးအပေါ်တွင် ကျေနပ်ပျော်ရွှင်နေတတ်၏။ ဆင်ခြင်ပါလေ။ မည်သည့်အလုပ်မဆို ပြုလုပ်ရာတွင် အစပိုင်း၌ အလွန်ခက်နေတတ်၏။ သို့သော် မည်သည့်ကိစ္စမဆို ခေတ္တမြင်ရုံ၊ လေ့လာရုံဖြင့် သိလွယ်တတ်လွယ်ခြင်း၊ ကွက်ကျော်မြင်တတ်ခြင်း၊ အနီးစပ်ဆုံးအနေအထားအထိ အဆုံးသတ်အဖြေကို တွက်စစ်သုံးသပ်နိုင်ခြင်း၊ အလုပ်လုပ်ရာတွင် အစ၊ အလယ်၊ အဆုံးအနေအထားတို့ကို သုံးသပ်ကိုင်တွယ်လုပ်ဆောင်မှု အလွန်ထက်မြက်ခြင်းတို့ကြောင့် အောင်မြင်မှု အထွဋ်အထိပ်ကို ရရှိတတ်ကြ၏။ ကိုယ့်ကိုယ်ကို အထင်ကြီးသော၀ါဒ်ကိုပယ်ပါ။ တချို့ကိစ္စများတွင် လေးလေးနက်နက်မထားဘဲ ခပ်ပေါ့ပေါ့ လုပ်ပစ်တတ်ခြင်းကိုရှောင်ပါ။ စပ်တူလုပ်ဆောင်ခြင်း ရှောင်ပါ။ မည်သည့်အလုပ်မဆို တစ်ယောက်တည်းသာ ရဲပုံ့စွာလုပ်ပါ။ အောက်ခြေသိမ်း စနစ်တကျလုပ်ဆောင်သွားပါ။ ဈေးပတ်ဝန်းကျင်နှင့်လူအများစုဝေးနေရာတို့တွင် စီးပွားရှာပါ။ အထူးသဖြင့် တုရာသီဖွားတို့သည် စေတနာ၏ တုသောအကျိုးပေးခြင်းကို မကြာခဏ မျက်ဝါးထင်ထင်တွေ့ကြုံရတတ်၏။ ကောင်းတာလုပ်လျှင် ကောင်းတာအကျိုးပေးတတ်သည်ဟူသော စကားကို အမြဲနှလုံးသွင်းသင့်၏။ အခက်အခဲကြုံတိုင်း ကူညီမည့်သူများပေါ်လာတတ်၏။ ငွေကြေးဥစ္စာများ ရပြီးတိုင်းလည်း သုံးစွဲပေးကမ်း၊ လှူဒါန်းပစ်တတ်၏။ ထို့ကြောင့်ဘဝတွင် နိမ့်လိုက်မြင့်လိုက် ဖြစ်နေတတ်၏။ အလုပ်နှင့်ပတ်သက်၍ ဝေဖန်မှုကို လက်ခံပေးပါ။ သီးသန့်နေလိုသော သဘာဝကိုပြုပြင်ပါ။ မည်သူ့ကိုမဆို ကူညီလိုသော သင့်စေတနာက တုသောကောင်းကျိုးပေးပါလိမ့်မည်။

တရားရေးဌာန၊ အုပ်ချုပ်ဌာန၊ ကုန်သည်လုပ်ငန်း၊ နိုင်ငံရပ်ခြားနှင့် ဆက်စပ်သောလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးလုပ်ငန်း တို့ဖြင့် ကောင်းကျိုးပေးတတ်၏။ အနုပညာ၊ စာပေဘာက်တွင်လည်းဖြစ်ထွန်းတတ်၏။

တုရာသီဖွားတို့၏ ဘဝကံကြမ္မာ အနိမ့်အမြင့် အနေအထားများ

တုရာသီဖွားတို့သည် ဘဝကိုမှန်သည်ထင်သည့်ဘက်က နောက်မဆုတ်တမ်း လုပ်တတ်၏။ တက်<ကနိုးကြားစွာ လုပ်တတ်၏။ မျှတစွာတွေးခေါ်မှုလည်းရှိ၏။ နှုတ်မှုရေးရာ ထက်မြက်တတ်၏။ စေတနာကောင်းရှိသော်လည်း တဇွတ်ထိုးလုပ်တတ်။ သူတစ်ပါးကို အကြံပေးခြင်း၊ ကူညီခြင်းလည်းရှိ၏။ ကိုယ့်ယုံကြည်မှု၊ ကိုယ့်အကျိုးစီးပွားကို ထိခိုက်လာက ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်၏။ သီးသန့်နေလိုစိတ် ပြင်းထန်၏။ ပတ်ဝန်းကျင်ကို ခင်မင်တတ်၏။ ခင်ရာဆွေမျိုးဟု သဘောထားတတ်၏။ တည်ကြည်ဖြောင့်မတ်၏။ ဘာသာရေးလိုက်စားတတ်၏။ ထို့အတူ အာရုံနောက်ကိုလည်း ကောက်ကောက်ပါအောင် လိုက်တတ်၏။ ထို့ကြောင့် သူတို့ဘဝသည် ဆန့်ကျင်ဘက်အနေအထားများ ဒွန်တွဲနေသော သဘာဝရှိ၏။ ဘဝတွင်အတက်အကျမြန်၏။ အပြောင်းအလဲမြန်၏။ အိုးအိမ် အမွေအနှစ်ကိစ္စ တို့တွင်ပြဿနာကြုံရတတ်၏။ နှလုံးသားရေးကိစ္စတွင် စိတ်ဒွိဟဖြစ်တတ်၏။ အိမ်ထောင်ဆက်များတတ်၍ သတိရှိသင့်၏။ရတနာသုံးပါးနှင့် မိဘ၊ ဆရာတို့အား ရိုသေကိုင်းရှိုင်းသော်လည်း မိန္ဒာအယူကိုပါ ယူမိတတ်၏။ သတိရှိပါ။ ဘဝတွင် မည်သို့သောအခက်အခဲ ကြုံသည်ဖြစ်စေ ကောင်းမွန်သန့်စင်စွာ အသက်မွေးဝမ်းကျောင်းပြုရတတ်၏။

မင်းစိုးရာဇာ ချီးမြှင့်မြှောက်စားခြင်းခံရတတ်၏။ အသက် (၂၇) မှစပြီး ဘဂအခြေတည်ဖို့ ဦးမော့လာတတ်၏။ ကြီးပွားမှု အောင်မြင်မှုလမ်းစကို တွေ့ရတတ်၏။ အသက် (၃၂) ဂန်းကျင်မှစ၍ ကြီးပွားတတ်၏။ အသက် (၃၆) ဂန်းကျင်တွင် အနှောက်အယှက်ကြုံတတ်၏။ အထူးသဖြင့် (၂၅) နှင့် (၄၀) ကြားတွင် အလွန်အောင်မြင်စကြီးပွားသွားတတ်၏။ အသက် ၅၂၊ ၅၄၊ ၆၀၊ ၆၂၊ ၆၈၊ ၇၁၊ ၇၄ တို့တွင် အထူးအောင်မြင်တတ်၏။ (၄၀မှ၅၀) ကြားတွင် ရန်သေးများ ကြုံရတတ်၏။ ပြဿနာမဖြစ်အောင် ထိန်းပါ။ အောင်မြင်မှုဖြင့် ပြည့်ပအထိ သွားရတတ်၏။ အသက် (၄၀၊ ၄၁၊ ၄၂) တို့တွင်သာ ဂရုပြုပေးပါ။ (၄၀) ကျော်ပါက မည်မျှ ဘေးရန်ပေါ်ပါစေ (၅၀)အထိ လက်မထောင်နိုင်မည်။ (၅၀မှ၅၅)ကြား ကျန်းမာရေးဂရုပြုရမည်။ (၅၅) နောက်ပိုင်းတွင် ထိပ်ဆုံးသို့ရောက်အောင် အောင်မြင်မည်။ အသက် (၈၀) တွင် ကျန်းမာရေး အထူး သတိပြုပါလေ။

စိတ်အပြောင်းအလဲမြန်သဖြင့် အလုပ်အပြောင်းအလဲ လုပ်ခြင်းကိုသာ အဓိကရှောင်ကြဉ်ပါလေ။ အရွေးရခက်အောင် အခွင့်အရေးများကိုလည်း ကြုံရတတ်၏။ ထို့အပြင် ရောင်ရဲခြင်းကိုပယ်ပြီး ရည်မှန်းချက်မြင့်မြင့်ထားပါ။ စူးစိုက်လုပ်သမျှ အထူးအောင်မြင် တတ်၏။ မွေးဖွားရာဒေသမှ ဝေးရာသို့ ထွက်ခွာကြိုးစားလေ အောင်မြင်လေ ဖြစ်တတ်၏။

ဘဂအောင်မြင်မှုအတွက် လိုက်နာကျင့်သုံးဖွယ်ရာများနှင့် အဆောင်များ၊ အရောင်များ

တူရာသီဖွားတို့သည် ကိုယ်စွမ်းကိုယ်စဖြင့် ကြိုးစားပြီး ဘဂကိုအထွဋ်အထိပ်ရောက်သွားတတ်ကြ၏။ ရောင့်ရဲမနေရ၊ အဆင်ပြေအောင် နေတတ်လွန်းခြင်းကို ပြင်ပါ။ ရည်မှန်းချက် မြင့်မြင့်ထားပါ။ အရွေးရခက်အောင်ပေါ်လာသော အခွင့်အလမ်းများကို ပြတ်သားစွာ ရွေးချယ်လိုက်ပါ။ စူးစိုက်လုပ်ပါ။ အစပိုင်းတွင် ခက်ခဲပြီးမှ အလွန်အောင်မြင်သွားတတ်၏။ ဘဂတွင်အစွဲအလန်းကြီးသော စိတ်ကို အားမာန်အဖြစ် ပြောင်းလဲသုံးစွဲပါ။ ထို့အပြင် အများကောင်းကျိုး၊ အမျိုးဘာသာ သာသနာရည်စူးပြီး ကြိုးစားပါ။ မျှတခြင်း၊ ညီညွတ်ခြင်းတို့သည် သင့် ပါရမီဓါတ်ခံများဖြစ်၏။ ဉာဏ်ရည်မြင့်မားပြီး လိုအပ်ပါက အများအတွက် အမုန်းခံ၍ ပြောဆိုလုပ်ကိုင်ပေးရသော ဇာတာရှင်များဖြစ်၏။ ရဲရင့်၏။ တိကျ၏။ စာအုပ်ကြီးအတိုင်း စည်းကမ်းကြီးစွာလုပ်ခြင်းကို ဆင်ခြင်ပါ။ အခွင့်အရေးမယူတတ်ခြင်းမှာလည်း ကောင်းသောစရိုက်ဖြစ်၏။ သို့သော် မှန်သည်ထင်က ကြီးကြီးငယ်ငယ် တဲ့တိုးပြောတတ်ခြင်းကိုရှောင်မှ တိုးတက်မည်။ တူရာသီဖွားတို့သည် ကိုယ်ပိုင်စီးပွားရေးလုပ်သည်ပင် ဖြစ်စေဦး အများအတွက် ရည်စူးတတ်၏။ တစ်နပ်စားဉာဏ်ဖြင့် ကြံခြင်းမရှိ။အပြောချိုချိုနှင့် ပါးပါးလှီးခြင်းမရှိ။ အလွန်စရိုက်ကောင်း၏။ ဦးစီးဦးဆောင်နေရာတွင် အမြဲတမ်း နေရာပေးခြင်းခံရတတ်၏။ မှန်ကန်ခြင်း၊ တိကျခြင်း၊ တည်ကြည်ခြင်း၊ ကြိုတင်ခန့်မှန်းမှုတွင် ကျွမ်းကျင်ခြင်း ထိုစွမ်းရည်တို့သည် တူရာသီဖွားတို့တွင်ရှိ၏။ အထူးအသုံးချပေးပါ။ ထို့အပြင် တူရာသီဖွားတို့သည် တေးဂီတကို နှစ်သက်၏။ စိတ်ဖိစီးသောအခါတွင် တေးဂီတကို တစ်ဦးတည်းနားထောင်ခြင်းဖြင့် အားဆေးတစ်ခုပမာ စိတ်ရွှင်လန်းလာရုံသာမက အကြံကောင်းဉာဏ်ကောင်းများပါ ပေါ်ထွက်လာတတ်၏။ ထို့အပြင် တူရာသီဖွားတို့သည် (၁) အမှန်အတိုင်းပြောတတ်ခြင်းကို လျှော့ပါ။ (၂) ကိုယ့်ကိစ္စမဟုတ်က ဝင်မပါပါနှင့်။ (၃) ငွေမရ၊ ကြေးမရ လူမုန်းခံရသော အလုပ်များ မလုပ်ရ။ (၄) တူရာသီဖွား ယောကျာ်းသားများ ဆံပင်ရှည်မထားသင့်၊ တိုတိုရှင်းရှင်းနှင့် သပ်ရပ်စွာထားပါ။ (၅) အမျိုးသားများ ခပ်နွဲ့နွဲ့ မနေရ၊ စကားကို ခပ်ချွဲချွဲမပြောရ၊ တည်ကြည်စွာ ပြောပါ။ (၆) အမျိုးသမီးများ ယောကျာ်းဆန်ဆန် ခပ်ထက်ထက်မနေရ၊ ခပ်ကြမ်းကြမ်း မပြောရ။ (၇) တောက်ပလွန်းသောအရောင်များဝတ်ဆင်ခြင်း၊ ခွာမြင့်ဖိနပ်များစီးခြင်း၊ ဝမ်းဗိုက်ပူအောင်ရွှဲအောင်နေခြင်း ရှောင်ပါ။ (၈) တူရာသီဖွား အမျိုးသမီးများ ယောကျာ်းဆန်စွာ ခင်ဗျား၊ ကျွန်တော်ပြောခြင်းကိုရှောင်ပါ။

(၁၀) နှင်းဆီပွင့်အနီသည် တူရာသီဖွားများအတွက် အကောင်းဆုံးဖြစ်၏။ သစ္စာ၊ သပြေကိုလည်း သုံးနိုင်၏။ (၁၁) အရောင်နသော ကျောက်စိမ်းကို သုံးစွဲပါ။ ရွှေကို ပလက်တီနံနှင့် ကွင်းပြီးဝတ်ပါ။ နီလာကျောက်ကိုလည်း တစ်လုံးတည်းဆောင်နိုင်၏။ (၁၂) ၃၊ ၆၊ ၉ ဂဏန်းများ အမြဲသုံးစွဲပါ။ (၁၃) အပြာနုရောင်၊ နှင်းဆီပန်းရောင်၊ အဖြူရောင်တို့ကို သုံးစွဲနိုင်၏။ အထူးသဖြင့် နှင်းဆီပန်းပွင့် လှလှပိုစတာပုံများ အလုပ်ခန်း အိမ်ခန်းတွင် ချိတ်ဆွဲထားခြင်းဖြင့် လာဘ်အလွန်ရွှင်တတ်၏။ ထို့ထက်ဆိုရပါမူ တရားဓမ္မကျင့်လုမ်းခြင်းနှင့် အနုပညာအာရုံ ဝင်စားခြင်းတို့ကို အချိုးညီစွာသုံးစွဲကာ ဘဝကို ထိပ်ဆုံးရောက်အောင် အောင်မြင်တတ်ကြသည်။
အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး

---

ဗြိစ္ဆာရာသီဖွားများ

(အောက်တိုဘာလ ၂၄ မှ နိုဝင်ဘာလ ၂၂ ရက်အတွင်း)
(တန်ဆောင်မုန်းလ)
ဗြိစ္ဆာရာသီသည် ရာသီစက်ဝန်း၏ ရှစ်ခုမြောက် ရာသီခွင်ဖြစ်၏။ အနောက်တိုင်း နက္ခတ်တွင် ႇခသမစသ) ဟုခေါ်တွင်၏။ ဤရာသီခွင်ရှိ ကောင်းကင်ကြယ်စုတို့သည် ကင်းမြီးကောက်တစ်ကောင်၏ အသွင်သဏ္ဌာန်တည်ရှိကြ၏။ အာပေါဓါတ် (ရေဓါတ်) ကြီးစိုးသော ရာသီခွင်ဖြစ်၏။ အင်္ဂါဂြိုလ်မှ ပိုင်စိုး၏။ (၉) ဂဏန်းတို့စွမ်းအား သက်ရောက်မှုရှိ၏။ (သတ္တဂုဏ်) (သစ္စာကြီးမား၍ ဖြောင့်မတ်မှုဂုဏ်) သက်ရောက်၏။ နှစ်စဉ် အောက်တိုဘာလ (၂၄) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း မွေးဖွားသူများသည် ဗြိစ္ဆာရာသီဖွားများ ဖြစ်၏။ ထိုသို့ ရက်အတိအကျမသိဘဲ တန်ဆောင်မုန်းလအတွင်းမွေးဖွားသူများသည်လည်း ဗြိစ္ဆာရာသီဖွားများဟု တစ်ထစ်ချမှတ်ယူရမည်ဖြစ်၏။ (မ) ရာသီ၊ (သောမ) ရာသီလည်းဖြစ်ပေ၏။
ဗြိစ္ဆာရာသီဖွားတို့၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက် လက္ခဏာများ
ဗြိစ္ဆာရာသီဖွားတို့သည် သစ္စာတရားဦးထိပ်ပန်ဆင်သူများ ဖြစ်ကြ၏။ ဖြောင့်မတ်သော စိတ်ထားရှိ၏။ သို့သော်စိတ်ထဲ၌ အငြိုးအတေးထားတတ်ကြ၏။ ကိုယ့်အပေါ် ထိပါးစော်ကားသူတို့အား တစ်နည်းနည်းဖြင့် တုံ့ပြန်ကလဲ့စားချေတတ်ကြ၏။ ဗြိစ္ဆာရာသီဖွားတို့၏ စိတ်၌ ခံစားချက်ဒဏ်ရာများဖြင့် ပြည့်နှက်နေတတ်၏။ ထို့အတူ ကိုယ်တိုင်အပင်ပန်းခံ ရုန်းကန်ရခြင်းများလည်း များစွာရှိ၏။ ဘဝအစတွင် ခက်ခဲကြမ်းတမ်း၏။ ခက်ခဲသည်ဆိုရာတွင် မောင်နှမသားချင်းအတူတူမှာပင် ကိုယ်က ပိုပြီး ခက်ခဲပင်ပန်း၏။ အနစ်နာခံကြိုးစားရ၏။ သို့သော်အဖက်ဖက်မှ အခက်အခဲများကို ဖွဲ့နှင့်စွဲမြဲစွာ လုပ်ကိုင်ကြိုးစားရင်း သာမန်ထက်ပိုအောင်မြင်သွားတတ်၏။ ဗြိစ္ဆာရာသီဖွားတို့၏ ဘဝတွင် မိမိအပေါ် နားလည်ပေးသူနည်း၏။ ထို့ကြောင့်လည်း တစ်ကိုယ်တည်းကျိတ်ပြီး ခံစားရသော ဒဏ်ချက်များတို့ကို ပြင်းထန်စွာ ခံစားရင်း အငြိုးအတေးစိတ်များ ထွက်ပေါ်လာရတတ်၏။ ဗြိစ္ဆာရာသီဖွားတို့သည် မိမိအပေါ် လွှမ်းမိုးခြင်းကို လုံးဝလက်မခံနိုင်ကြချေ။ အထူးလွတ်လပ်ပေါ့ပါးစွာ၊ သန့်ရှင်းစွာ နေထိုင်ရှင်သန်လိုကြ၏။ သို့သော် သူတို့ဘဝတွင် အဘွား၊ အမေ၊ အစ်မ၊ အဒေါ် စသော အမျိုးသမီးကြီးတို့၏ ဩဇာလွှမ်းမိုးမှုကို (ကောင်းသော သဘောဖြင့်ဖြစ်စေ၊ ဆိုးသောသဘောဖြင့်ဖြစ်စေ) သက်ရောက်မှုရှိနေတတ်၏။ ဗြိစ္ဆာရာသီဖွားတို့သည် စိတ်အား၊ လူအားကောင်း၏။ ဘဝတွင်ကြီးမြင့် ထင်ပေါ်ချင်တတ်၏။ ဘဝ၏ အောင်မြင်မှုကို တိုက်ပွဲပမာ

တိုက်ယူလိုကြ၏။ အပင်ပန်းခံပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားယူကြ၏။ ဘဝအစတွင် ကျပ်တည်းသလောက် နောက်ဆုံးတွင် အောင်မြင်ကြရ၏။ အချိန်ကိုလည်း စောင့်ဆိုင်းလုပ်ကိုင်တတ်ကြ၏။ ဦးဆောင်နေရာထိပ်ဆုံးသို့ ရည်မှန်း၍ လုပ်တတ်ကြ၏။ စိတ်မြန်၏။ ဒေါသဖြစ်လွယ်၏။ သို့သော် အချို့ကိစ္စတို့တွင် ငါသိငါတတ်သဘောဖြင့် တဖွတ်ထိုးလုပ်မိတတ်ကြ၏။ အငြင်းလည်းသန်၏။ ကိုယ်ယုံကြည်ရာကို ခေါင်းမာစွာ ကိုင်စွဲထားတတ်၏။ ထို့အတွက် ငြင်းခုံရန်လည်း ဝန်မလေးချေ။ စိတ်မထိန်းချုပ်နိုင်ဘဲ ပျက်စီးနစ်နာတတ်၏။ အထူးသဖြင့် ပြိဿာရာသီဖွား အမျိုးသားများ အမျိုးသမီးနှင့်ပတ်သက်ပြီး ပျက်စီးနစ်နာတတ်၏။ ပြိဿာရာသီဖွားတို့သည် အပြောချို၏။ တစ်ခါတစ်ရံ မာနကြီးတတ်၏။ စိတ်ထဲမထင်လျှင် ဘယ်လူကြီး လူကောင်းကိုပင်ဖြစ်စေ မခေါ်ဘဲ ဥပေက္ခာပြု နေနိုင်တတ်၏။ ဘယ်သူ့ကိုမှ ဂရုမစိုက်။ စိတ်အခန့်မသင့်က အငြိုးအတေးပင် ထားတတ်သေး၏။ အသက်ရှည်တတ်၏။ စီးပွားဥစ္စာ ချမ်းသာတတ်၏။ ရုပ်သန့်၏။ စကားပြောဆိုလျှင် စိတ်ပါလက်ပါ ပြောဆိုလာပါက ပြင်းထန်လာ၏။ လူ့သဘာဝကို သဘောပေါက်ကာ ပရိယာယ်သဘောများလည်း တတ်ကျွမ်း၏။ အခြံအရံများ၏။ အဝတ်ကောင်း၊ အစားကောင်းများ ဝတ်ရတတ်၏။ မိဘနှင့် ဝေးကွာနေတတ်၏။ အချို့ပညာရပ်တို့တွင် တစ်ပိုင်းတစ်စ ဖြင့်ရပ်ထားရတတ်၏။ ပြိဿာရာသီဖွား အမျိုးသားများ အရက်သေစာ၊ ဆေးလိပ်တို့ကို ကြိုက်နှစ်သက်တတ်၏။ တစ်ခါတစ်ရံ ကြမ်းတမ်းခက်ထန် ပြုမူမိတတ်၏။ တစ်ခါတစ်ရံ မိဘ၊ ဆရာသမား အကြီးအကဲတို့စကားကို နားမထောင်ဘဲ နေတတ်၏။ အထက်လူကြီး၊ မင်းအစိုးရတို့၏ ချီးမြှင့်မှုကိုခံရကာ ဘဝတွင်ကြီးပွားအောင်မြင်တတ်ကြလေ၏။ ထို့အပြင် ပြိဿာရာသီဖွားတို့သည် မမြင်အပ်သော မြင့်မြတ်သည့် နာမ်လောကမှ ပုဂ္ဂိုလ်ထူးတို့၏ ပါရမီပဋ္ဌာန်းဆက်ဖြင့် စောင့်ရှောက်မှုကိုလည်း သိသာစွာ ခံရတတ်၏။

ပြိဿာရာသီဖွားတို့၏ အချစ်ရေးနှင့် အိမ်ထောင်ရေး

ပြိဿာရာသီဖွားတို့သည် အသိရခက်၏။ အကဲခတ်ရခက်၏။ ပတ်ဝန်းကျင်အမြင်အရ တစ်မျိုး၊ ကိုယ့်ခံစားမှုကတစ်သွယ် ဖြစ်နေတတ်ကြ၏။ ကိုယ်ကလည်း ကိုယ့်ခံစားချက်ကို အသိရခက်အောင်မျိုသိပ်နိုင်စွမ်းရှိ၏။ သပ်ရပ်သန့်ပြန့် ခန့်ထည်စွာ နေတတ်သဖြင့် အများနှင့်မတူ ထင်ရှား၏။ စန်းပွင့်၏။ မျက်နှာပွင့်၏။ ဆန့်ကျင်ဘက်လိင်တို့၏ စွဲမက်စိတ်ဝင်စားခြင်းကို အထူးခံရတတ်၏။ နှလုံးသားရေးရာတွင် ချစ်မိပြီဆိုက ဘဝကိုပင် ပုံအပ်ရန် ဝန်မလေးသူများ ဖြစ်ကြ၏။ ချစ်သူအပေါ် အလိုလိုက်၏။ စိတ်ရောကိုယ်ပါ ချစ်ခင်တတ်၏။ အပြန်အလှန် နားလည်မှုရှိ၏။ သို့သော် အချစ်ကြီးသကဲ့သို့ပင် စိတ်အပြောင်းအလဲမြန်၏။ မသင့်လျော်ဘူးဟု ဆုံးဖြတ်ပြီးက အချစ်ခံစားမှု၊ စိတ်ခံစားမှုကို မရမက မျိုသိပ်ထားတတ်ပြန်၏။ အချစ်ဦးနှင့် ဆုံဆည်းခွင့်မရှိတတ်ကြ။ ချစ်သူအပေါ် အနွံတာခံလျက် ပေးဆပ်ပြီးချစ်တတ်သလောက် ခံနိုင်စွမ်းကုန်သောအခါ အရွဲ့တိုက်တတ်ကြတော့၏။ အငြိုးအတေးထားတတ်ကြတော့၏။ ထို့ကြောင့် အချစ်ကြီးသူကိုပင် အလွန်မုန်းတီး နာကျည်းသွားတတ်ကြပြန်၏။ သို့သော် ပြိဿာရာသီဖွားတို့သည် အများအားဖြင့် သစ္စာရှိ၏။ ဖြောင့်မတ်၏။နူးညံ့သိမ်မွေ့၏။ တည်ငြိမ်အေးချမ်းစွာ နေလိုတတ်၏။ သို့သော် ဘဝပေး အခြေအနေအရပင် အချစ်ရေးတို့၌ အနှောက်အယှက်များ ပေါ်လာတတ်၏။ အမိ၊ အစ်မတို့၏ ပတ်သက်စွက်ဖက်မှုလည်း ရှိတတ်ချေ၏။

အိမ်ထောင်ပြုသောအခါ ကိုယ့်ထက်ကြီးသူနှင့် အိမ်ထောင်ပြုရတတ်ပြီး ပြိဿာရာသီဖွား အမျိုးသမီး အများစုမှာ ကိုယ့်ထက်အသက်ငယ်သူနှင့် အိမ်ထောင်ပြုရတတ်၏။ အိမ်ထောင်မပြုမီ အမျိုးမျိုးရွေးချယ်စီစစ်ပြီးမှ အိမ်ထောင်ပြုတတ်၏။ သို့သော် တကယ်တမ်း အိမ်ထောင်ပြုသောအခါ သနားချစ်ဖြင့် ပြုမိတတ်၏။ အထူးသဖြင့် ပြိဿာရာသီဖွား အမျိုးသမီးများ သနားချစ်ဖြင့် အိမ်ထောင်ဖက်ရွေးချယ်ရင်း ဒုက္ခရောက်တတ်၏။

အိမ်ထောင်ရေးသောက ခံစားရတတ်၏။ ဖြိုဠ္ဌာရာသီဖွားတို့သည် တဖွတ်ထိုးလုပ်တတ်သော၊ အေးစက်စက်နှင့် ရက်စက်တတ်သော၊ ဘေးစကားကို ယုံလွယ်သောသူကိုမှ ရွေးချယ်မိတတ်၏။ ထို့ကြောင့် အိမ်ထောင်ရေးတွင် စိတ်ပင်ပန်းစရာများစွာကြုံတတ်၏။ အထူးရွေးချယ်ပြီးမှ လက်တွဲသင့်၏။ သို့သော် ဘာပဲဖြစ်ဖြစ် တည်ကြည်အေးဆေးသော၊ သစ္စာရှိသော၊ နူးညံ့သိမ်မွေ့သော မိမိ၏ ပင်ကိုယ်စိတ်စေတနာကောင်းတို့ကြောင့် မိမိချစ်သူ၊ မိမိအိမ်ထောင်ဖက်တို့ကလည်း တဖြည်းဖြည်း နားလည်လာကာ အိမ်ထောင်ရေး သာယာလာပါမည်။

ဖြိုဠ္ဌာရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးအနေအထားများ

ဖြိုဠ္ဌာရာသီဖွားတို့သည် အလွန်ထူးခြားသော ဘဂပိုင်ရှင်များဖြစ်ပြီး ဘဂအကွေ့အပြောင်းများစွာ ကြုံရတတ်၏။ အေးတိအေးစက်နှင့် ပြန်မပြော နားမထောင် ကိုယ်ထင်ရာ တဖွတ်ထိုးလုပ်တတ်၏။ ကိုယ်ပိုင်လွတ်လပ်မှုနှင့် အရာရာ အနှောင်အဖွဲ့မပါဘဲ လုပ်ကိုင်လိုတတ်၏။ရောက်ရာအရပ်တွင် တွေ့သောသူနှင့် လိုက်လျောညီထွေ နေတတ်၏။ ပေါင်းတတ်၏။ ပြောတတ်၏။ လုပ်တတ်၏။ စကားကတိကို တန်ဖိုးထား၏။ အလုပ်တစ်ခုမလုပ်မီ အပြန်ပြန်အလှန်လှန် စဉ်းစား၏။ မလုပ်မီ နောက်တွန့်နေတတ်၏။ စလုပ်ပြီဆိုသည်နှင့် ကျော်လွှားနိုင်၏။ ထို့ကြောင့် ထိပ်ဆုံးသို့ရောက်တတ်၏။ ထို့အပြင် ဘာမဆို သိုသိုသိပ်သိပ် လုပ်တတ်၏။ အများနှင့်မတူသော ရှုထောင့်မှတွေး၍ လုပ်တတ်၏။အများနှင့်တွဲ၍ လုပ်သည်ထက် ကိုယ်တစ်ဦးတည်းလုပ်က ပိုအောင်မြင်တတ်၏။ ထို့ထက် ကိုယ့်စိတ်တိုင်းကျလုပ်ကိုင်လေ ပိုအောင်မြင်လေ ဖြစ်၏။ စိတ်ကူးဉာဏ်အလွန်ကောင်း၏။ ထို့အပြင် အခြားသူတို့နှင့် ပြေလည်အောင် နေတတ်ပြီး ကူညီတတ်သော စရိုက်ကြောင့် မိတ်ကောင်း ဆွေကောင်းရတတ်၏။ သမားရိုးကျ လမ်းဟောင်းအတိုင်းလုပ်ခြင်းထက် အရာရာကို ကိုယ်တိုင်လမ်းသစ်ထွင်ပြီး လုပ်က ပိုပြီးအောင်မြင် တတ်၏။ ခေတ်နှင့်အညီ လိုက်လျောညီထွေလုပ်က ပိုပြီးအောင်မြင်၏။ ရေရှည်လုပ်ငန်းထက် ပေါ်ပင်လုပ်ငန်းများက ပို၍ကောင်းကျိုးပေး၏။ ဂန်ထမ်းလုပ်က စာရင်းအင်းဘက်တွင် မလုပ်သင့်ပါ။ အလုပ်လုပ်ရာတွင် အကျိုးအမြတ်ဖြစ်အောင် တွက်ချက်ပြီး လုပ်တတ်သော်လည်း တကယ်လုပ်သောအခါ စိတ်ချမ်းသာမှုကို ရှေ့တန်းတင်၍ စိတ်အေးလက်အေးလုပ်တတ်၏။ ဘာပဲလုပ်လုပ် ဆုံးဖြတ်ပြီးက မြန်မြန်လုပ်ပါ။အချိန်ဆွဲမိက အလုပ်မဖြစ်တတ်ပါ။ ဆုံးဖြတ်ပြီးက တွန်းတိုက်လုပ်ပါလေ။ ဆန်းသစ်မှု၊ တီထွင်မှု၊ စွန့်စားမှု၊ ဉပဒေပညာ၊ ခွဲစိတ်ကုသမှု၊ သတင်းထောက်လှမ်းမှု၊ စူးစမ်းမှုတို့တွင် ဂါသနာထုံပြီး ပါရမီရှိ၏။ လောကီပညာမှစ၍ ဗေဒင်၊ နက္ခတ်၊ မျော်ပညာ၊ နတ်ပိုင်းဆိုင်ရာ၊ ဓါတ်ပိုင်းဆိုင်ရာကိစ္စတို့ပါ ဂါသနာထုံ၏။ သို့သော်လူသိမခံဘဲ လေ့လာလိုက်စားတတ်၏။ ဘာသာရေးတွင်လည်း ထူးချွန်၏။

အထူးကောင်းကျိုးပေးသော အလုပ်များမှာ နာမည်ကျော် စာရေးဆရာ၊ ပန်ချီဆရာ၊ ထောက်လှမ်းရေး၊ ကျောက်မျက်ရတနာ၊ တွင်းထွက်ပစ္စည်းမျိုးစုံနှင့် လျှပ်စစ်ပစ္စည်း၊ ပန်းတိမ်အလုပ်၊ ဖိနပ်လုပ်ငန်း၊ စိုက်ပျိုးရေးအလုပ်တို့တွင် ကောင်းကျိုးပေး၏။

ဘာပဲလုပ်လုပ် ဖြိုဠ္ဌာရာသီဖွားတို့သည် ကောင်းမွန်သောအလုပ်တို့ကိုသာ လုပ်သင့်၏။ ပင်ကိုယ်ဗီဇတွင်ပင် ကြီးပွားစေတတ်သော ပါရမီပါပြီးဖြစ်၏။ ဘာသာတရားကို ဦးထိပ်ပန်ဆင်ပြီး သမ္မာအာဇီဂကျကျ လုပ်သွားက စီးပွားဖြစ်ထွန်းတတ်၏။ ဉပဒေမလွတ်ကင်းသော အလုပ်တို့လုပ်က ဒုက္ခတွေ့တတ်၏။ ကောင်းမွန်စွာနေက ဘာအခက်အခဲရှိရှိ အောင်မြင်သွားတတ်ကြလေ၏။

ဖြိုဠ္ဌာရာသီဖွားတို့၏ သဘာဂဘေးအန္တရာယ်များ

ဖြိုဠ္ဌာရာသီဖွားတို့သည် မီးဘေး၊ လက်နက်ပေါက်ကွဲမှုဘေး၊ လျှပ်စစ်မီးရှော့ခ်ဖြစ်ခြင်းတို့ ကြုံတတ်၏။ အနည်းဆုံး အပူလောင်ခြင်းမျိုး မကြာခဏကြုံတတ်၏။ ဘုရားဂုဏ်တော် (၉) ပါးကို အမြဲပွားထုံသင့်၏။

စတီး(လ်) အစစ်ကိုဆောင်ထားသင့်၏။ အထူးသဖြင့် လျှပ်စစ်မီးတို့ကို ကိုင်တွယ်သုံးစွဲရာတွင် ကြိုတင်သတိရှိက ထိုအန္တရာယ်မှ လွတ်မြောက်ပေမည်။

ဗြိစ္ဆာရာသီဖွားတို့၏ ကျန်းမာရေးအခြေအနေများ

ဗြိစ္ဆာရာသီဖွားတို့သည် ရောဂါဖြစ်ခဲတတ်၏။ ဖြစ်ခဲ့လျှင်လည်း အဖျားကြီးသော ရောဂါဖြစ်တတ်၏။ ထို့အပြင် ကူးစက်သော ရောဂါများ ဖြစ်တတ်၏။ ထို့အပြင် ခန္ဓာကို၏ လျှို့ဝှက်အင်္ဂါအစိတ်အပိုင်းတို့တွင် အနာရောဂါဖြစ်ခြင်း၊ ကျောက်ကပ်၊ အစာအိမ်နှင့် ဆီးရောဂါတို့ဖြစ်တတ်၏။ သို့သော် အန္တရာယ်ကြီးမားစွာ မဖြစ်တတ်ပါ။ ဗြိစ္ဆာရာသီဖွားတို့သည် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ငရုတ်ကောင်းတို့ကို ပင်တိုင်ဓာတ်စာအဖြစ် စားပေးသင့်၏။ အမြဲမှီဝဲပေးခြင်းဖြင့် ရောဂါကင်းစင်ကာ ကျန်းမာရွှင်လန်းရတတ်၏။ အထူးသဖြင့် ကြက်သွန်ဖြူနှင့် ကြက်သွန်နီကို ပင်တိုင် စားသုံးပေးသင့်၏။

ဗြိစ္ဆာရာသီဖွားတို့၏ ဘဝကံကြမ္မာ အခြေအနေများ

ဗြိစ္ဆာရာသီဖွားတို့သည် ထူးခြားသော ဘဝပိုင်ရှင်များ ဖြစ်၏။ အထူးသဖြင့် ကိုယ်ကမှန်သည်ဟု ဆုံးဖြတ်ထားသည့်အပေါ်တွင် ခိုင်မြဲစွာ ရပ်တည်၍ လုပ်ပေရာ ကောင်းသော လမ်းကြောင်းပေါ် ရပ်တည်မိက ထိပ်ဆုံးရောက်အောင် ဖြစ်ထွန်းသွားတတ်ကြလေ၏။ ထိုသို့မဟုတ်ဘဲ မကောင်းသောလမ်းပေါ်ရောက်သွားကလည်း အဂ္ဂီစိရောက်အောင် မိုက်တတ်၏။ ထို့ပြင် ဗြိစ္ဆာရာသီဖွားတို့သည် ကိုယ့်စိတ်ထဲတွင် မကြိုက်တော့က ဘယ်လိုပုဂ္ဂိုလ်ကြီးကိုမှ ဂရုမစိုက်တော့ချေ။ ပင်ကိုယ်သဘောထား အလွန်ကောင်းပြီး သူတစ်ပါးထက်ပို၍ သည်းခံခွင့်လွှတ်တတ်၏။ ခွင့်လွှတ်နိုင်စွမ်းဘောင်ကျော်လာကလည်း အမျက်ကြီးကာ ရက်စက်စွာ တုံ့ပြန်တတ်၏။ ထို့နောက် ထိုသူမျိုးတို့ကို လုံးဝဥပေက္ခာပြုပစ်တတ်၏။ ကိုယ်ပိုင်အကြံဖြင့် ထိပ်ဆုံးရောက်တတ်၏။ သူတစ်ပါးတွေကလည်း ကိုယ့်ကိုကိုယ်လိုက်ပြီး တုပတတ်ကြ၏။ အပေါင်းအသင်းမက်၏။ သို့သော် အစွဲမထားတတ်။ အချစ်ရေး၊ အိမ်ထောင်ရေး အားနည်း၏။ ရှုပ်ထွေး၏။ အလွန်ချစ်သူကို ပစ်ခွာခဲ့ပြီး အခြားသူကိုပြောင်းချစ်ရန်လည်း ဂန်မလေးချေ။ အိမ်ထောင်တစ်ဆက်တည်း ထူထောင်ပါက ထိပ်ဆုံးရောက်အောင် ကြီးပွားတတ်၏။ တစ်ပါးသူတို့ကလည်း ကိုယ့်အပေါ် အခွင့်အရေးယူကာ ဒုက္ခပေးတတ်၏။ သူတစ်ပါးအကူအညီ ယူမိကလည်း အခြားပြဿနာတို့တွင် အသုံးချသွားတတ်ပြန်၏။ ထို့ကြောင့် သီးသန့်တစ်ကိုယ်တော်နေလေ ကောင်းလေဖြစ်၏။ ဆွေမျိုးရင်းထက် သူစိမ်းတို့က ပိုကောင်းတတ်၏။ ဘဝတွင် အခြေခံမှစပြီး အမြင့်ဆုံးရောက်အောင် ကြိုးစားနိုင်စွမ်းကြလေ၏။ အခက်အခဲရှိသူများကိုပင် ကိုယ်ကျိုးမငဲ့ဘဲ ကူညီခြင်းသည် ဗြိစ္ဆာရာသီဖွားတို့၏ ဘဝအဓိပ္ပါယ်ဖြစ်၏။ သတိပြုရန်မှာ လူ့အသိုင်းအဝိုင်းက သိပ်မဆက်ဆံလိုသူတို့ကို ကိုယ်က တန်းတူရည်တူ ပေါင်းသဖြင့် ကိုယ့်သိက္ခာထိပါးတတ်၏။ နှလုံးသားကို ဦးစားပေးသဖြင့် ခံစားချက် ပြင်းထန်၏။ ချစ်ဦးသူနှင့်ကွဲကာ အချစ်ဆက်ထုံးများစွာကြုံတတ်၏။ လူမျိုးခြား၊ ဘာသာခြား ကိုရှောင်ပါ။ နှလုံးသားတွင် အရွဲ့တိုက်လိုသော စိတ်များပေါ်တတ်၏။ ကိုယ့်ချစ်သူကို ကိုယ်ကပင် အသည်းခွဲ ကလဲ့စားချေတတ်၍ ကိုယ်တိုင်သာ အသည်းကွဲရတတ်၏။ စီးပွားရေးတွင် အစပိုင်း၌ အမျိုးမျိုးပြောင်းပြီး လုပ်ကိုင်ပြီးမှ မမျှော်လင့်ဘဲ မိတ်ဆွေကောင်းတွေ့ကာ မထင်မှတ်သော အထောက်အကူတို့ရရှိကာ မထင်မှတ်ထားသောထိပ်တန်းသို့ ရောက်ရှိသွားတတ်၏။ အသက် (၂၁)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၁) အရွယ်တို့တွင် အရွယ်နှင့်မမျှအောင် အောင်မြင်တိုးတက်မှုတို့ကြုံရမည်။ သတိပြုပါ။ အောင်မြင်ကျော်ကြားမှု၊ စီးပွားဥစ္စာတို့က ကိုယ့်ကိုဒုက္ခပြန်ပေးတတ်၏။(၃၁) မှ (၃၆) ကြားတွင် တက်လိုက်ကျလိုက်ဖြစ်နေမည်။ (၃၆)၊ (၃၈)၊ (၄၁)၊ (၄၁)၊ (၄၄)၊ (၄၇)တို့တွင်ထူးခြားစွာ ထိပ်တန်းရောက်အောင် ကံကောင်းသွားမည်။ အထူးသဖြင့် (၃၅)၊ (၃၆)၊

(၅၆)၊ တို့တွင် မင်းစိုးရာဇာ ချီးမြှင့်ခံရခြင်း၊ ကြီးစွာအောင်မြင်ခြင်း၊ စည်းစိမ်တိုးခြင်း တို့ဖြစ်မည်။ အသက် (၇၀) ကျော်အောင်ရှည်တတ်၏။
ပြိဿရာသီဖွားတို့၏ ဘဝအောင်မြင်ရန် အဆောင်၊ အရောင်များ
ဤရာသီဖွားတို့သည် အတိုက်အခံအလွန်များ၏။ ကိုယ်ကလည်း မဟုတ်မခံစိတ် သတ္တိဗျတ္တိနှင့် အတိုက်အခံလုပ်တတ်၏။ အနက်ရောင်ရှောင်ပါ။ အနီရောင်၊ ကြက်သွေးရောင်၊ အဝါရောင်၊ အပြာရင့်တို့ကိုဝတ်ပါ။ အနီရင့်အကောင်းဆုံးဖြစ်၏။ ပတ္တမြားလက်စွပ် ဝတ်ပါ။ ကျောက်အနီဆောင်ပါ။ စတီးလ်အစစ်ဝတ်ပါ။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံကာ ရန်အပေါင်းနိုင်မည်။ ခြေသည်း လက်သည်းရှည် မထားသင့်။ခြေထောက်ဖုံးအောင် လုံချည်^ဘောင်းဘီမဝတ်သင့်။ မလိုအပ်ဘဲ မျက်မှန်မတပ်သင့်။ ဆံပင်ကြိုးဆွဲက အရှည်ကြီးမဆွဲဘဲ တိုတိုဆွဲကာ လည်တိုင်အလှဖော်ပါ။ မျက်ခွံပေါ်မှာ ဆေးမချယ်သင့်။ ဖရိုဖရဲပုံစံကို နှစ်သက်၏။ ဘိုသီဘတ်သီနေခြင်းကိုက ထူးခြား၏။ ခေတ်မီ ထူးခြားတတ်၏။ ခေတ်မီစတိုင်နှင့် ရှေးဟောင်းစတိုင် တွဲဖက်ဝတ်တတ်၏။ ထိုသို့ဝတ်ခြင်းကိုက ထူးခြားတတ်၏။ မျက်မှောင်ကြုတ်မနေဘဲ အမြဲပြုံးနေပါ။ အလွန်အမင်းမပြင်ဆင်ဘဲနေလေ ပေါ်လွင်လေဖြစ်၏။ သာမန်နေထိုင်ခြင်းထက် ဓါတ်ပုံရိုက်က ပိုထင်ပေါ်တတ်၏။ ကြီးလွန်းသောပစ္စည်း၊ ထူထဲလွန်းသောအဝတ်များ နှင့်မလိုက်ဖက်။ ပေါ့ပါးလွတ်လပ်စွာ ဝတ်စားပါ။ နေထိုင်ပါ။ စကားပြောသောအခါ လိုရင်းပြောလေ ညှို့ဓါတ်ပါလေဖြစ်၏။
ပြိဿရာသီဖွားတို့သည်အထူးသဖြင့် (၁) အယုံလွန်ခြင်း၊ (၂) ကူညီတတ်လွန်းခြင်း၊ (၃) ကိုယ်ယုံကြည်ရာ တဇွတ်ထိုးလုပ်တတ်ခြင်းကြောင့် ထင်ရာစိုင်းသလို ဖြစ်သွားခြင်းတို့ကို အထူးရှောင်ပါ။ (၄) ခေတ်နှင့်အညီ အပြောင်းအလဲ၊ အသစ်ထွင်ပါ။ အကြံသစ်တွေကို လက်တွေ့လုပ်ဆောင်ပါ။ ရဲရဲလုပ်ပါ။ မုချအောင်မြင်ပါလိမ့်မည်။ ဘဝတွင် (၃၊၆၊၉) ဂဏန်းတို့ကောင်းကျိုးပေး၏။ အဝတ်ကောင်းများကိုလည်း ဝတ်ရတတ်၏။ ပြိဿရာသီဖွား အမျိုးသားများ အရက်သေစာ စွဲမက်သွားတတ်သဖြင့် အထူးရှောင်ပါ။
စကားပြော ပြင်းထန်ခြင်းနှင့် မဟုတ်မခံ
အငြိုးကြီးခြင်းတို့ကိုရှောင်ပါ။စစ်မှန်သောသတ္တိရှိသူများဖြစ်သည့်အတွက်သတ္တိကိုမှန်ကန်စွာအသုံးပြုခြင်းဖြင့် ဘဝအောင်မြင်မှု ထိပ်ဆုံးသို့ရောက်ရှိနိုင်မည် ဖြစ်ပေသတည်း။
အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး

---

ဓနုရာသီဖွားများ

(နိုဝင်ဘာ (၂၃) မှ ဒီဇင်ဘာ (၂၁) နတ်တော်လ)
ဓနုရာသီသည် ရာသီ (၁၂) ပါးတွင် နဂမမြောက် ရာသီခွင်ဖြစ်၏။ ကောင်းကင်ပြင်ရှိ ကြယ်ပွင့်များ၏ ပုံသဏ္ဍာန်တွင် လေးနှင့်မြားကို ကိုင်ထားသော လေးသည်တော်သည် အပေါ်ပိုင်းတွင် လူ၏ခန္ဓာကိုယ်ရှိပြီး ခါးအောက်ပိုင်းတွင် ခြေလေးချောင်းနှင့် မြင်း၏ကိုယ်သဏ္ဍာန် ရှိသော ]]လူမြင်းလေးသည်တော်}} ၏ပုံ ပေါ်ထွန်းနေသော ရာသီခွင်ဖြစ်၏။ ဓါတ်သဘာဂအားဖြင့် တေဇောဓါတ် (မီးဓါတ်) သဘာဂရှိ၏။ ဓါတ်ဖိုသဘာဂကိုဆောင်၏။ (၅) ဂဏန်း၏ စွမ်းအားတို့ သက်ရောက်မှုရှိ၏။ နှစ်စဉ် နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက် အကြားတွင် မွေးဖွားသူများသည် ဓနုရာသီဖွားများဖြစ်သည်။

ထိုသို့ရက်အတိအကျမသိဘဲ မြန်မာလ နတ်တော်လအတွင်း မွေးဖွားသူများ သည်လည်း ဓနုရာသီဖွား မှတ်ယူရမည်ဖြစ်၏။

ဓနုရာသီဖွားများ၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက် လက္ခဏာများ

ဓနုရာသီဖွားတို့သည် အတွေးအခေါ်ကောင်းသူများဖြစ်၏။ စိတ်ဓါတ်ပြင်းထန်သူများဖြစ်၏။ လျင်မြန်သွက်လက်၍ ထက်မြက်ကြ၏။ ဘယ်အလုပ်ကိုမဆို ရဲရင့်စွာ ပြုလုပ်တတ်ကြ၏။ ဟန်ဆောင်မှုကင်း၏။ တည်ကြည်၏။ ကိုယ့်ကိုယ်ကို နှိမ့်ချတတ်၏။ တရားတော်ကို အလွန်ယုံကြည်လေးစား၏။ သမားရိုးကျဆန်ဆန် အရိုးခံ ပြုမူနေထိုင်တတ်၏။ ရှေ့ရေးကို ကြိုတင်မြော်မြင်နိုင်စွမ်းရှိ၏။ စိတ်ဓါတ်အလွန် ခိုင်မာ ထက်သန်၏။ သို့သော် တစ်ခါတစ်ရံ အငြိမ်မနေနိုင်လောက်အောင် စိုးရိမ်မှုကြီးနေတတ်ပြန်၏။ ပင်ကိုယ်ဗီဇ ထက်သလောက် တချို့ကိစ္စတို့တွင် ဝေခွဲရခက်ကာ စိတ်ဒွိဟဖြစ်နေတတ်ပြန်၏။ မေတ္တာ၊ ဂရုဏာတရားနှင့်ပြည့်စုံသလောက် စိတ်ကြီးပြီး ဒေါသကြီးတတ်ပြန်၏။စိတ်ရင်းစေတနာကောင်းစွာ တစ်ဖက်သားတို့အား အမြဲကူညီနေတတ်၏။ သို့သော် နှုတ်စလျှာစကြမ်းတမ်းသောကြောင့် အချို့သူများနှင့် ရန်သူသဖွယ် ဖြစ်သွားရတတ်၏။ မည်သူ့ကိုမဆို စိတ်ရိုးသဘောရိုးနှင့် ခင်မင်စွာ ဆက်ဆံလို၏။ မည်သူ့ကိုမဆို ကိုယ့်စိတ်နှင့်နှိုင်းပြီး စိတ်ရောကိုယ်ပါ ပေါင်းတတ်၏။ ကြီးပွားချမ်းသာလိုစိတ်ကြီးမားပြီး ရည်မှန်းချက်မြင့်မား၏။ အရာရာကို အလေးအနက်ထားပြီး အရှိန်အဟုန်ပြင်းစွာ လုပ်ကိုင်တတ်၏။ အရေးကြုံလာက သတ္တိအလွန်ကောင်းပြီး ပြောင်လုပ်၊ ပြောင်ပြောတတ်၏။ ကိုယ့်ဘက်က မှန်သည်ထင်က မည်သည့်ကိစ္စမဆို လုပ်ရဲကိုင်ရဲသော အကျင့်ရှိ၏။ ဟန်ဆောင်မှုကို အလွန်မုန်း၏။ လိမ်ညာမှုကို အလွန်မုန်း၏။ စိတ်ထိခိုက် လွယ်၏။ တစ်ခါတစ်ရံ အငမ်းမရဖြစ်တတ်၏။ တဇွတ်ထိုးလုပ်ချင်၏။ ငွေကို ပြင်းထန်စွာရှာတတ်၏။ လုပ်သမျှကိစ္စတိုင်းကို စိတ်ပါဝင်စားစွာ လုပ်တတ်၏။ ဘယ်အခက်အခဲမှ နောက်မဆုတ်တတ်။ ထို့အတူ ဘယ်တော့မှမလိမ်တတ်။ မိတ်ဆွေဖွဲ့ကောင်း၏။ သဌေးဖြစ် ခွေးဖြစ် ကြံတတ်၏။ ရွှေတစ်နေ့ ငွေတစ်နေ့သမားများ ဖြစ်၏။ စီးပွားရှာရာတွင် လောဘကြီး၏။ ငွေကို အထူးချွေတာသုံးစွဲတတ်သလောက် စိတ်ထဲထင်က လောင်းကစားဆန်ဆန် ပုံအော၍ စွန့်စားပြီးလုပ်တတ်၏။ ကုန်သွားလျှင်လည်း မနမြောတတ်။ လွပ်လပ်စွာနေထိုင်ရခြင်း၊ လုပ်ကိုင်ရခြင်းကို အလွန်မက်မော၏။ ငွေကြေးဥစ္စာများစွာ ပိုင်ဆိုင်ရတတ်၏။ အမည်သတင်းကျော်စောတတ်၏။ အထူးသတိထားရန်မှာ ဤရာသီဖွားတို့သည် စိတ်ဓါတ်ပြင်းထန်သလောက် စိတ်ဓါတ်ခက်ထန်ကြမ်းတမ်းသဖြင့် ဒေါသကြီးသောအခါ သူတစ်ပါးကို ထိခိုက်၊ နာကျင်အောင်လုပ်ဖို့၊ ဒုက္ခရောက်အောင်လုပ်ဖို့ ဝန်မလေးတတ်ကြချေ။ ဒေါသကို အထူးထိန်းဖို့လို၏။ ထက်မြက်သလောက် လိမ္မာပါးနပ်မှုရှိ၏။ သူတစ်ပါးမတွေးသောရှုထောင့်မှ တွေးတတ်မြင်တတ်၏။ သီးသန့်နေလိုစိတ်ပြင်းထန်၏။ သို့သော် အခ>ခအရံမိတ်သင်္ဂဟ ပေါများနေတတ်၏။ အထူးမှာ ဤရာသီဖွားတို့သည် အနာဂါတ်ကို ကြိုတင်သိနိုင်စွမ်းသော ပါရမီဓါတ်ခံရှိ၏။ အိပ်မက်ထူး၊ အတိတ်ထူး နိမိတ်ထူးတို့ဖြင့် အနာဂတ်ကို ကြိုတင်သိနိုင်စွမ်း ရှိကြလေ၏။ သမာဓိ ထူထောင်ပေးပါက အထူးထက်မြက်တတ်ကြ၏။ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးအတိုင်း လုပ်သဖြင့် သူတစ်ပါးတို့ထက် နာတစ်ဖျားသာသော ဘဝကို ရရှိသွားတတ်၏။ ပင်ကိုယ်စိတ်ရင်းတွင် အလွန်ကြင်နာ သနားတတ်ပြီး သူတစ်ပါးတို့ကို ကူညီရန်၊ ဒုက္ခရောက်သူတို့ကို ကယ်တင်ရန် လူ့လောကသို့ ရောက်လာသူများဖြစ်၏။ သူတစ်ပါးအခက်အခဲကို မြင်တွေ့ရ မကူညီဘဲ မနေနိုင်ချေ။ ကိုယ့်တွင်ရှိသည်တို့ကိုလည်း မျှဝေပေးတတ်၏။ တစ်ခါတစ်ရံ ကိုယ်တိုင်စားရန်၊ သုံးရန်မရှိသည်ကိုပင် အငတ်ခံပြီး ပေးကမ်းကူညီတာ ပျော်ရွှင်နေတတ်၏။ သူတစ်ပါးတို့အတွက် ဒုက္ခခံပြီး ကူညီပေးဆပ်နေတတ်၏။ ထို့အတူ လူ့ဘဝကို ပျော်ရွှင်စွာ၊ ငြိမ်းချမ်းစွာ နေထိုင်လို၏။ အမှန်တရားကို အထူးမြတ်နိုးစွာ တန်ဖိုးထား၏။ ဆန့်ကျင်စရာရှိကလည်း ဆန့်ကျင်ရဲ၏။ အငြင်းသန်၏။ ဟာသနှော၍ ပျော်စေ၊

ပျက်စေ ပြောဆိုတတ်၏။ ဇဂနဝ်ဏ်ကြီးမား၏။ ကတ်သီးကတ်သတ် ရှာရှာဖွေဖွေနှင့် ထိမိစွာ ချက်ကျစွာ ပြောတတ်ဆိုတတ်၏။ အထူးသတိပြုရန်မှာ စိတ်ဓါတ်အလွန်ပြင်းထန်၏။ အရာရာကို လွန်လွန်ကဲကဲ လုပ်တတ်၏။ တစ်ခုခုဆုံးဖြတ်ပြီးက နာရီမဆိုင်း၊ မိနစ်မဆိုင်းလုပ်တတ်၏။ လွန်ကဲမှု၊ လောကြီးမှု၊ စိတ်မြန်မှုတို့ကြောင့် ဘဝတွင် မကြာခဏ အမှားကို ရင်ဆိုင်တွေ့ရတတ်၏။ ထူးခြားသည်မှာ အမှားကို ဂန်ခံရဲ၏။ အမှားမြင်က အမှန်ပြင်တတ်၏။ တဲ့တိုးပြောတတ်လွန်းခြင်း၊ ဘယ်အရာကိုမှ စိတ်ထဲမြှုံမထားဘဲ ပွင့်လင်းစွာ ပြောင်ပြောတတ်လွန်း၍ လူမုန်းများ၏။ သူတစ်ပါးကြိုက်သည်၊ မကြိုက်သည်မသိ ရိုးဖြောင့်စွာ ပြောဆိုတတ်၏။ အမှန်အတိုင်း ပြောဆိုလုပ်ကိုင်တတ်၏။ လိမ်ညာမှုကို အလွန်မုန်း၏။ ထို့အပြင် ဘဝတွင် မဟုတ်မခံ မာနစိတ်ကြီးမား၏။ ထိုမာနကို လုံးဂအထိမခံတတ်ချေ။ ဤရာသီဖွားတို့သည် မွေးမြေကို စွန့်ခွာ၍ ရပ်ဝေးတွင် အောင်မြင်ကြီးပွားတတ်ကြ၏။

ဓနုရာသီဖွားတို့၏ အချစ်ရေး၊ အိမ်ထောင်ရေး

ဓနုရာသီဖွားတို့သည် စီးပွားရေးတွင် အောင်မြင်သလောက် အချစ်ရေး၊ အိမ်ထောင်ရေး၊ မိသားစုကိစ္စတို့တွင် စိတ်ရှုပ်ရတတ်၏။ အချစ်ရေးတွင် စိတ်ဂေခွဲမရဖြစ်စရာတွေကြုံတတ်၏။ အချစ်ရဆုံးသူ ရှိနေပြီ သတ်မှတ်ပြီး နောက် ဒုတိယတစယောက် ပေါ်လာတတ်၏။ဆုံးဖြတ်ချက်မှားယွင်းတတ်၏။ အထူးသဖြင့် သက် (၂၀) မှ (၃၀) အတွင်း ဆုံးဖြတ်ချက်မှားတတ်၏။ အထူးသဖြင့် ချစ်မေတ္တာအရေးတွင် မိမိက မာယာပရိယာယ် နည်းပါးခြင်း၊ အရာရာကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခြင်း၊ လိုသည်ထက်ပို၍ အချစ်ကြီးခြင်းတို့အပေါ် တစ်ဘက်သားက အခွင့်အရေးယူသွားတတ်၏။ ထို့အပြင် ဓနုရာသီဖွားတို့သည် ခုတွေ့၊ ခုကြိုက်၊ ခုယူသဘောမျိုးဖြင့် ဘေးလူ ဘယ်သူတားတား ဂရုမစိုက်ဘဲ ဖွတ်လုပ်တတ်၏။ အချစ်ကိုယုံ၍ ပုံအပ်တတ်၏။ နောင်တစ်ချိန် အချိန်လွန်မှ နောင်တရတတ်ကြ၏။ ထို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် ခေါင်းအေးအေးထားပြီးမှ ဆုံးဖြတ်သင့်၏။ အားကိုးထိုက်သော မိဘ၊ အကြီးအကဲ၊ မိတ်ဆွေတို့ထံမှ အကြံယူကာ အချိန်ယူကာ စဉ်းစားသင့်၏။ အလွန်နူးညံ့သော နှလုံးသားကို ပိုင်ဆိုင်ကြပြီး အချစ်ရေးတွင် သနားလွယ်၊ ယုံကြည်လွယ်၊ စိတ်ညွတ်လွယ်သူများဖြစ်၏။ ချစ်သူရည်းစားများတတ်၏။

သို့သော် အိမ်ထောင်ဖက်ကောင်းနှင့် ဖူးစာဆုံနိုင်တတ်၏။ အိမ်ထောင်ပြုပြီးကလည်း ဆိုးဆိုးကောင်းကောင်း ရင်စည်းခံနိုင်ကြ၏။ အိမ်ထောင်ဖက်အပေါ် သြဇာလွှမ်းမိုးတတ်ကြ၏။ မိသားစုအပေါ် သံယောဇဉ်ကြီးတတ်ကြ၏။ ထို့အပြင် အိမ်ထောင်ရေးတွင် ဒုတိယလူ ပေါ်လာတတ်၏။ ရှောင်ကြဉ်သင့်၏။ အထူးမှာ ဓနုရာသီဖွားတို့၏ အိမ်ထောင်ဖက်သည်လည်း ခေါင်းမာသူဖြစ်တတ်၍ မာနချင်း ပြိုင်မိတတ်၏။ သို့သော် ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးတွင် သင်၏ ပင်ကိုယ်စိတ်ရင်းကောင်းမှု၊ အသိဉာဏ်မြင့်မားမှုတို့ကြောင့် တည်ငြိမ်အောင် ထိန်းသိမ်းနိုင်စွမ်းရှိကာ သာယာသောဘဝကို ထူထောင်နိုင်ပါလိမ့်မည်။

ဓနုရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးအနေအထားများ

ဓနုရာသီဖွားတို့သည် မိတ်ဆွေဖွဲ့ကောင်းသူများ ဖြစ်သည်။ မိတ်ဆွေတို့၏ အကူအညီ၊ အထောက်အပံ့တို့ကို ရယူကာ မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် လုပ်နိုင်စွမ်းကြသည်။ ဘယ်အလုပ်မဆို စိတ်ဂင်တစား လုပ်တတ်၏။ ဘယ်လို အခက်အခဲမဆို နောက်မဆုတ်တမ်း လုပ်တတ်၏။ လုပ်မိသောအလုပ်ကို တဖွတ်ထိုးလုပ်တတ်၏။ ငွေကို ပြင်းထန်စွာ ရှာတတ်၏။ သူဌေးဖြစ် ခွေးဖြစ် ကြံတတ်၏။ အကြောင်းတစ်ခုခုကြောင့် ကုန်သွားကလည်း မနမြောတတ်ချေ။ ရွှေတစ်နေ့ ငွေတစ်နေ့သမားများဖြစ်၏။ အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ကိုင်နိုင်စွမ်းရှိကြ၏။ တာဂန်ကို ရှိသေခြင်းအပေါ် ဂုဏ်ယူတတ်ကြ၏။ ရည်မှန်းချက် ကြီးမား၍ မဖြစ်မနေ ကြိုးစားတတ်၏။ သို့သော် အလုပ်လုပ်ရာတွင် နှစ်မျိုးတွဲ၍ လုပ်ရတတ်၏။ တစ်ချီကောင်း ပွဲပေါက်ကြံရင်း လောင်းကစားဘက် ရောက်သွားတတ်၏။ သတိပြုပါလေ။ စီးပွားရေးကို

လောင်းကစားဆန်ဆန်လုပ်ရင်း ပွပေါက်ကြုံပြီး ကြီးပွားလိမ့်မည်။ ကူးသန်းရောင်းဝယ်မှု ကျွမ်းကျင်၏။
စိတ်ကူးရသလို ထလုပ်တတ်၏။ တစ်ခါတစ်ရံ စိုးရိမ်စိတ်နှင့်လုပ်တတ်၏။ အလုပ်လုပ်ရာတွင်
မည်သူ့မျက်နှာကိုမျှမထောက်ဘဲ ပြောစရာရှိက ပြော၏။ ငွေကြေးများစွာ ရရှိသော်လည်း အမြဲကုန်နေတတ်၏။
ဓနုရာသီဖွားတို့ သတိပြုသင့်သည်မှာ စီးပွားရေးလုပ်ခြင်းထက် အတတ်ပညာရှင်အဖြစ်
အသက်မွေးဝမ်းကြောင်းပြုက ပိုပြီးအောင်မြင်တတ်၏။ စိတ်မြန်ကိုယ်မြန် လုပ်တတ်ခြင်းနှင့် လုပ်ငန်းကြီးများကို
ကြံစည်လုပ်ကိုင်တတ်သဖြင့် သူတစ်ပါးတို့ ဂုဏ်ယူငေးမော အားကျရလောက်အောင် ဖြစ်သွားတတ်၏။
တာဝန်ယူရဲသော စွမ်းရည်ရှိပြီး အချိန်အခါနှင့် အခြေအနေကိုကြည့်ပြီး ကျင့်သုံးလုပ်ကိုင်တတ်၏။
ဓနုရာသီဖွားတို့သည် ငွေကံကြေးကံအလွန်ကောင်း၏။ အမဲသားရောင်ကြည် ပေးက အထူးစီးပွား
ဖြစ်ထွန်းတတ်၏။ <ကယ်ဂချမ်းသာတတ်ကြ၏။ ငယ်သားများနှင့် လုပ်ဖော်ကိုင်ဖက်များက
အထူးချစ်ခင်လေးစားတတ်၏။ကိုယ်ပိုင်အလုပ်ဖြင့် ကြီးမားစွာ အောင်မြင်တတ်။
ပွဲစားလုပ်ငန်း၊ သတ္တုပစ္စည်းများ တူးဖော်ခြင်း၊ ရောင်းဝယ်ခြင်း၊ စက်ပစ္စည်း၊ ယာဉ်ရထား၊
ကားတို့တည်ထောင်ခြင်း၊ ရှေ့နေအလုပ်၊ အုပ်ချုပ်ရေးအလုပ်၊ စက်ပြင်အလုပ်၊ အင်ဂျင်နီယာ၊
ဆရာဝန်အလုပ်တို့ အထူးကောင်းကျိုးပေး၏။

ဓနုရာသီဖွားတို့၏ ကျန်းမာရေးအနေအထားများ

ဓနုရာသီဖွားတို့သည် အများအားဖြင့် ကျန်းမာရေး ကောင်းတတ်ကြ၏။ သို့သော် မိသားစုနှင့်တကွ
မိတ်ဆွေသင်္ဂဟတို့အပေါ် သံယောဇဉ်ကြီးသဖြင့် သူတစ်ပါးတို့အတွက် အမြဲပူပန်နေတတ်သောကြောင့်
အသက်ကြီးပိုင်းတွင် သွေးတိုးရောဂါ၊ နှလုံးရောဂါတို့ဖြစ်တတ်၏။အဆစ်အမြစ်တို့ ကိုက်ခဲတတ်၏။
အရေပြားယားယံသောရောဂါတို့လည်း သာမာန်မျှဖြစ်တတ်၏။ မူးယစ်သောက်စားခြင်း
အထူးရှောင်သင့်၏။မုန်လာထုပ်၊ မုန်လာဥ၊ ကရေဝေး၊ သစ်ချသီး၊ ပေါင်မုန့်၊ ကွေကာအုပ်တို့ကို ဓါတ်စာအဖြစ်
မကြာခဏ စားပေးသင့်၏။

ဓနုရာသီဖွားတို့၏ ဘဝကံကြမ္မာ အနိမ့်အမြင့်အခြေအနေများနှင့် လိုက်နာဖွယ်ရာများ

ဓနုရာသီဖွားတို့သည် ဘဝတွင် မထင်မှတ်သော အပြောင်းအလဲများစွာ ကြုံတတ်၏။ အတက်အကျများစွာ
ကြုံတတ်၏။ တစ်နေ့ရွှေ တစ်နေ့ငွေသမားများ ဖြစ်ကြ၏။ အထူးသဖြင့် မွေးရပ်မြေမှ ခွာ၍ ပြည်ပအထိ
ရောက်ရှိအောင်မြင်တတ်၏။ နာမည်ကြီးတတ်၏။ ကိုယ်ချင်းစာတရားနှင့် သူတစ်ပါးတို့ကို ကူညီတတ်၏။
သူတစ်ပါးကိစ္စတို့ကို တာဝန်ယူဖြေရှင်းပေးနိုင်စွမ်း ရှိကြ၏။ လွပ်လပ်မှုကို မြတ်နိုးသလောက် စိတ်မြန်ကိုယ်မြန်
လုပ်တတ်သဖြင့် မထင်မှတ်သော အပြောင်းအလဲများစွာ ကြုံတတ်၏။ စွန့်စွန့်စားစားလုပ်ကိုင် ကြိုးစားတတ်၏။
အသက် (၂၀) နှင့် (၂၇) ကြားတွင် ဆုံးဖြတ်ချက် မှားယွင်းမှု ကြုံတတ်၏။ အထူးသဖြင့် ဓနုရာသီဖွားတို့သည်
နှလုံးသားရေးတွင် ဆုံးဖြတ်ချက်မှားယွင်းတတ်၏။ အိမ်ထောင်ရေးတွင် ဒုတိယလူပေါ်လာတတ်၏။
ဓနုရာသီဖွားတို့ကိုယ်တိုင်ကလည်း ထက်မြက်သူများဖြစ်သလို တစ်ချို့ကိစ္စများတွင ဝေ့ဝေ့နေသူများ
ဖြစ်နေတတ်ခြင်း၊ သနားကြင်နာတတ်သူ၊ ကူညီတတ်သူ ဖြစ်သလို တစ်ခါတစ်ရံ ရိုင်းစိုင်းကြမ်းကြုတ်သူ
ဖြစ်တတ်သဖြင့် ဓနုရာသီဖွားတို့သည် စရိုက်နှစ်မျိုးရှိတတ်၏။ ဘဝတွင်လည်း အသွင်သဏ္ဍာန် နှစ်မျိုး
ဖြစ်နေတတ်၏။ အသက် (၄၅) ဝန်းကျင်တွင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံတတ်၏။ အသက် (၅၅) ဝန်းကျင်တွင်
ကျန်းမာရေး အထူးဂရုစိုက်ရ၏။အသက် (၂၆) နှင့် (၃၆) တွင်လည်း ကျန်းမာရေး အလွန်ညံ့တတ်၏။ အသားငါး
ကြိုက်၏။ မြေပြို၊ ကမ်းပါးပြို၊ တောင်ပြို၊ တွင်းပြို အန္တရာယ်တို့ ကြုံရတတ်၏။ သတ္တုတူး၊ ကျောက်တူး၊
သဲကျင်းတူးအလုပ်လုပ်သူများ အတိဖြင့် လုပ်သင့်၏။ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၈ နှစ်တို့တွင်
ဘဝအပြောင်းအလဲများကြုံတတ်၏။

ဓနုရာသီဖွားတို့သည် အသက်ကြီးလာသည်နှင့် ခန္ဓာကိုယ် အဆီတက် ဖြိုးစေတတ်သဖြင့် အစားအသောက် ဆင်ခြင်စားသင့်၏။ လေ့ကျင့်ခန်း လုပ်သင့်၏။ သရေစာလျှော့စားခြင်း ပြုသင့်၏။ အထူးသဖြင့် ဓနုရာသီဖွားတို့သည် ဆံပင်ကို ရိုးရှင်းသပ်ရပ်စွာ ထားပါ။ ထို့ပြင် ပင်ကိုယ်အသားအရောင်နှင့် ခန္ဓာကိုယ် ပေါပြစ်လှပသူများ ဖြစ်သဖြင့် အဝတ်ဝတ်ရာတွင် ရိုးရိုးနှင့် ခန့်ညားအောင်ဝတ်ပါ။ လက်ရှည် အင်္ကျီထက် လက်တိုဝတ်က ပိုကောင်း၏။ အဖြူရောင်၊ အဝါရောင်၊ ဆင်စွယ်ရောင်တို့ကို အထူးဝတ်ပါ။ သုံးစွဲပါ။ ဆောင်ပါ။ စိန်ကို ငွေဖြင့် လက်စွပ်ကွင်းပြီးဝတ်ပါ။ ပြဒါးခါတ်လုံး လက်စွပ်ဝတ်ဆင်ထားပါ။ ဓနုရာသီဖွားတို့သည် ငွေကို ပြင်းထန်စွာရှာပြီး နာမည်ကြီးရန်၊ ဖိမ်ခံရန်၊ ဂုဏ်မောက်ရန် မရည်ရွယ်ဘဲ အများကို ကူညီရန်၊ လှူဒါန်းရန်အတွက်သာ ရည်ရွယ်တတ်၏။ မဟုတ်မခံ မာနစိတ်ကြီးသလောက် လူအများကို သနားကြင်နာစွာ ကူညီတတ်ကြ၏။ အလွန်အဓိပ္ပါယ်ရှိသော ဘဝပိုင်ရှင်များ ဖြစ်တတ်၏။

ဘဝတွင် -

(၁) အချစ်နှင့် အကြိုက် ကိုခွဲခြားနားလည်ပါ။ နှလုံးသားဦးစားမပေးပါနှင့်။

(၂) စကားပြောရာတွင် အထူးဆင်ခြင်ပြောပါ။

(၃) ဘဝတွင် စိတ်ထင်သလို ဆုံးဖြတ်ပြီး ပုံအော၍ စွန့်စားခြင်းကို ဆင်ခြင်ပါ။

(၄) အများကောင်းကျိုးအတွက် ကူညီ၊ ကယ်မ၊ လှူဒါန်းထောက်ပံ့ရန် ပါရမီအလွန်ကောင်းသူ ဖြစ်သဖြင့် အလွန်မွန်မြတ်သူ ဖြစ်ပေ၏။ သို့သော် ကရုဏာစိတ်ဖြင့်ဖြစ်သော ကရုဏာဒေါသကိုထိန်းပါက ဘဝတွင် အောင်မြင်သွားတတ်ကြပေတော့၏။ (၅) ဂဏန်းကို အထူးသုံးစွဲပြီး (၃) ဂဏန်းကို အထူးရှောင်ပါလေ။ထိုသို့ကျင့်သုံးခြင်းဖြင့်အောင်မြင်သောဘဝပိုင်ရှင်များအဖြစ်လျှောက်လှမ်းသွားနိုင်မည် ဖြစ်ပေသတည်း။

အားလုံးသတ္တဂါချမ်းသာပါစေ

သက်နှင်းဆွေ- ပုပ္ပါး

---

မကာရရာသီဖွားများ

ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ အတွင်း၊ ပြာသိုလ။

ဤရာသီခွင်သည် (၁၂) ရာသီစက်ဝန်း၏ (၁၀) ခုမြောက် ရာသီစက်ဝန်းဖြစ်၏။ ကောင်းကင်ရှိ ဤရာသီခွင်နှင့်ဆိုင်သော ကြယ်တာရာတို့သည် သမင်ဦးခေါင်း၊ ငါးခန္ဓာကိုယ် အသွင်သဏ္ဍာန်ကိုဆောင်၍ တည်ရှိကြ၏။ အနောက်တိုင်းပညာရှင်တို့က ဆိတ်ထီးပုံ သင်္ကေတဖြင့် ပုံဖော်ကြသည်။ မြန်မာတို့ကမူ သမင်ဦးခေါင်း ငါးခန္ဓာကိုယ်သင်္ကေတဖြင့် မှတ်ယူကာ (မကာန်း) ဟု ခေါ်တွင်ကြသည်။ အနာက်တိုင်းပညာတွင် (ဃစေမခေသမည) ဟုခေါ်၏။ ဓါတ်သဘာဝအားဖြင့် ပထဝီဓါတ် (မြေဓါတ်) သဘာဝရှိ၏။ (မ) သဘာဝရှိသော (သောမ) ရာသီခွင်ဖြစ်၏။ ဂုဏ်အားဖြင့် (တမဂုဏ်) တွေဝေမိုက်မဲသော ဂုဏ်လွှမ်းမိုးလေ၏။ (စရ) လှုပ်ရှားသော စရိုက်သဘာဝရှိ၏။ (၈) ဂဏန်း၏ စိုးမိုးမှုရှိ၏။ နှစ်စဉ် ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၂၀) အတွင်းမွေးဖွားသူများသည် မကာရ ရာသီဖွားများဟု သတ်မှတ်၏။ ထိုသို့ ရက်အတိအကျမသိဘဲ မြန်မာလ ပြာသိုလအတွင်း မွေးဖွားသူများသည်လည်း မကာရရာသီဖွားများဟု တစ်ထစ်ချ မှတ်ယူကာ

အောက်ပါစရိုက်သဘာဝဖြစ်စဉ်တို့ကို လေ့လာ သုံးစွဲနိုင်ပေ၏။

မကာရရာသီဖွားတို့၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက် လက္ခဏာများ

မကာရရာသီဖွားတို့သည် လောကဓံတရားကို အထူးခံရသူများဖြစ်၏။ လောကဓံတရားကို အထူးခံနိုင်သူများလည်း ဖြစ်၏။ ထို့အတူ ဘဝတွင် အပြောင်းအလဲ အမျိုးမျိုးကြုံရသူများလည်းဖြစ်၏။ စိတ်အပြောင်းအလဲမြန်၏။ အတွေးအခေါ် နက်နက်နဲနဲတွေးတတ်၏။ လွှပ်လပ်စွာ နေထိုင်လိုကြ၏။ လွှပ်လပ်မှုကို မြတ်နိုးသော်လည်း ကိုယ့်အတွေးနှင့်ကိုယ် ပြန်ပြီးနှောင်ဖွဲ့ကာ လွှပ်လပ်မှုကို ဆုံးရှုံးသူများဖြစ်၏။ခေါင်းမာ၏။ မည်သည့်ကိစ္စကိုမျှ လူပြောသူပြောနှင့် မယုံကြည်ကြချေ။ လက်တွေ့ကျကျကိုသာ ယုံကြည်၏။ လောဘနည်း၏။ သွားလာ လှုပ်ရှားနေလျှင်လည်း ကျေနပ်နေတတ်၏။ စိတ်ကောင်း စေတနာကောင်းရှိ၏။ သို့သော် မကာရရာသီဖွားတို့သည် လက်တွေ့ဘဝတွင် သူတစ်ပါးတို့အတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ ဘဝကိုမြှုပ်နှံကာ အနစ်နာခံကြရသူများဖြစ်ပေတော့၏။ ကိုယ့်အောင်မြင်မှုထက် သူတစ်ပါး၏ အောင်မြင်မှုအတွက် တွန်းတင်ပေးနေတတ်၏။ ကူညီပေးနေတတ်၏။ ကံ၄ကံ၏အကျိုးကို အလွန်ယုံ၏။ ဘာသာရေးတွင် အယူအစွဲကြီး၏။ ဘာသာရေးတွင် အယူသီးသော ဘက်သို့ပင် ရောက်သွားတတ်၏။ ကိုယ်ကျိုးမဖက်ဘဲ လုပ်ကိုင်တတ်၏။ သူတစ်ပါး တို့အတွက် ကြားမှ ဓါးစာခံဖြစ်တတ်၏။ မကာရရာသီဖွားတို့သည် စိတ်ရင်းဖြောင့်သလောက် ခေါင်းမာ၏။ ကိုယ့်ခံစားချက်ကို မြိုသိပ်ထား တတ်ကြ၏။ တစ်ခါတစ်ရံ လူ့ဂွစာများအဖြစ် အမြင်ခံရတတ်၏။ မကာရရာသီဖွားတို့သည် ကိုယ့်ယုံကြည်ချက်၊ ခံယူချက်ကို ထိပါးလာက ငြင်းခုံရန် ဂန်မလေးသူများဖြစ်ကြ၏။ ငြင်းခုံရာတွင်လည်း အငြင်းသန်ကြ၏။ သူတစ်ပါးတို့၏ အငြိုးအတေးကို ခံရတတ်၏။ ကိုယ်တိုင်ကလည်း မခံချင်စိတ်ဖြင့် လက်စားချေလိုသော သဘာဝရှိ၏။ ဘဝတွင် ချမ်းသာက ထိပ်ဆုံး၊ ဆင်းရဲက အောက်ဆုံးအထိ ရောက်တတ်သူများဖြစ်၏။ မည်သည့်နေရာတွင်မဆို ကိုယ်မရှိတော့မှ ချီးမွမ်းခံရသော ကံဇာတာရှိ၏။ ကိုသေပြီးမှ တသသချီးမွမ်းခံရသော ဇာတာရှင်မျိုးဖြစ်၏။ ဤသီဖွားတို့သည် ဆေးလိပ်ကို စွဲလန်းတတ်၏။ ဖိနပ်ကောင်းကောင်း ကြိုက်၏။ နေထိုင်သောအခါ ကိုယ်တိုင်က ဖြစ်သလိုနေတတ်သော်လည်း သန့်ရှင်းမှုကို ကြိုက်၏။ ဆုံးဖြတ်ချက်ချပြီးမှ မကြာခဏ ပြောင်းလဲတတ်သော သဘောရှိ၏။ သူတစ်ပါးတို့ကို ချီးမွမ်းစကားပြောလိုတတ်၏။အထူးသတိပြုရန်မှာ ဤရာသီဖွားတို့သည် စိတ်ကူးကောင်းများပေါ်လာက ချက်ချင်း အကောင်အထည်မဖော်မိဘဲ အချိန်ရွှေ့ဆိုင်းကာ အစဉ်းစားလွန်နေသဖြင့် နစ်နာတတ်၏။ စိတ်ဂင်စားသော အရာမှန်သမျှ ချက်ချင်းထလုပ်သင့်၏။ ဂုမ္ဘီရပညာတို့နှင့်လည်း ဆက်စပ်မှုရှိ၏။ရှေးဟောင်းပစ္စည်း အဆောင်ကောင်းကောင်း ရရှိတတ်၏။ သို့မဟုတ်က ရှေးဟောင်း ဘုရားရုပ်ပွားတော်များကို ကိုးကွယ်ထားရတတ်၏။ ထိုအဆောင်ကောင်းနှင့် ကိုးကွယ်ထားသော ဆင်းတုရုပ်ပွားတော်တို့ကြောင့် ကြီးပွားတတ်၏။ လုပ်ငန်းကြီးများ ပေါ်လာက ကြီးပွား တတ်လေ၏။

မကာရရာသီဖွားတို့၏ အချစ်ရေးနှင့် အိမ်ထောင်ရေး

မကာရရာသီဖွားတို့သည် နှလုံးသားခံစားချက် ပြင်းထန်သူများဖြစ်၏။ အချစ်ကြီး၏။ အငြိုးအတေးလည်း ကြီး၏။ အမုန်းလည်း ကြီးတတ်ကြလေ၏။

ထို့အပြင် အချစ်ရေးတွင် စိတ်ကူးယဉ်တတ်ကြ၏။ မကာရရာသီဖွားတို့သည် အပြင်ပန်းတွင် ဖြစ်ကတတ်ဆန်း နေထိုင်ကြသော်လည်း နှလုံးသားခံစားမှုတွင် အလွန်နူးညံ့သူများဖြစ်၏။ ထို့အတူ အလွန်သဂန်တိုသူများလည်းဖြစ်၏။ ချစ်သူ၏ အလိုလိုက်ဦးစားပေးမှုကိုလည်း အလွန်ခံယူလိုတတ်ကြ၏။ သို့သော် လက်တွေ့တွင် အစစအရာရာ ကိုယ်ကသာ အနစ်နာခံရ၏။ နားလည်မှုပေးရ၏။ ယုယမှုပြုရ၏။ထို့အပြင် မကာရရာသီဖွားတို့သည် သူတစ်ပါးတို့ ပစ်ပယ်သွားသော အထီးကျန်သမားများကို

သနားချစ်ဖြင့် ချစ်တတ်ကြလေ၏။ အချစ်ရေးတွင် အနစ်နာခံမည်၊ အနွံတာခံမည်ဟူသော စိတ်အမြဲရှိ၏။ ထိုသို့
အချစ်လွန်ကဲခြင်း၊ နားလည်မှုလွန်ကဲခြင်းတို့ကြောင့် ခုတုံးလုပ်ခံရတတ်၏။
သို့သော် မကာရရာသီဖွားတို့သည် အိမ်ထောင်ပြုသောအခါတွင် နလုံးသားထက် ဦးနှောက်ကို ပို၍
ဦးစားပေးတတ်ပြန်၏။ အိမ်ထောင်ရေးတွင် ကျကျနန လေ့လာပြီးမှ အိမ်ထောင်ပြုတတ်၏။
အိမ်ထောင်ဖက်ကောင်းကို ရတတ်ကြ၏။ ကြင်နာတတ်သော အိမ်ထောင်ဖက်နှင့် လက်တွဲရတတ်၏။ သို့သော်
ထိုကဲ့သို့ ရိုးသားသူနှင့် လက်တွဲရသည်ကိုပင် နုံသည်၊ အငသည်ဟု ထင်မြင်မိတတ်ပြန်၏။ ထို့ပြင်
အိမ်ထောင်ဖက်အပေါ် ကိုယ်က ချုပ်ကိုင်မိတတ်ကြ၏။ သဝန်တိုစိတ် ကြီးမားတတ်ကြပြန်၏။ ထို့ကြောင့်
အိမ်ထောင်ရေးတွင် ပြဿနာလေးတွေ မကြာခဏ ပေါ်လာတတ်ကြပြန်၏။ ထို့အပြင် အိမ်ထောင်ရေးနှင့်
ဆွေမျိုးသားချင်းအရေးကြားတွင် မွန်းကြပ်နေအောင် ခံစားရတတ်ကြ၏။ အထူးသတိပြုရန်မှာ
မကာရရာသီဖွားတို့သည် စိတ်ရင်းကောင်းသလောက် မဟုတ်မခံမာနစိတကြီးခြင်း၊ ခံစားချက် ပြင်းထန်ခြင်း၊
အရွဲ့တိုက်လိုခြင်း၊ ခေါင်းမာခြင်းတို့ကြောင့် နလုံးသားတွင် မွန်းကြပ်သောဝေဒနာတို့ကို အမြဲလိုလို
ခံစားရတတ်၏။ ဆိုလိုသည်မှာ စိတ်ကောင်းရှိသလောက် ချစ်မေတ္တာကြီးမားသလောက်
ကိုယ့်မေတ္တာစေတနာအမှန်ကို လူတွေနားလည်အောင် နေမပြတတ်၍ အထင်အမြင် လွဲခံရတတ်၏။
နောက်ဆုံးတွင် သာယာသော အိမ်ထောင်ရေး၊ အချစ်ရေးကို ဖန်တီးနိုင်မည်ဖြစ်၏။
မကာရရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေး အနေအထားများ
မကာရရာသီဖွားတို့သည် လောကဓံလှိုင်းတံပိုးဒဏ်ကို ခံနိုင်ရည်ရှိသူများဖြစ်၏။ ပင်ကိုယ်စိတ်ရင်း မြင့်မြတ်၍
ကရုဏာတရားနှင့် ပြည့်ဝကြ၏။ သို့သော် ခံစားချက်ပြင်းထန်ပြီး မဟုတ်မခံချင်စိတ်နှင့် လက်စားချေလိုစိတ်
ပြင်းထန်ကြ၏။ ထိုစရိုက်က အလုပ်အကိုင်နှင့် စီးပွားရေးကို ထိခိုက်စေတတ်၏။
ကိုယ်ပိုင်အတွေးအခေါ်ကောင်း၏။ ကိုယ်ကြံစည်ထားသည့်အတိုင်း ပြင်းထန်စွာ လုပ်ကိုင်တတ်၏။
နှုတ်စောင့်စည်း၏။ ပါးနပ်လိမ္မာ၍ ဆုံးဖြတ်ချက်ခိုင်မာ၏။ ငွေကြေးကို ချွေတာခြင်းမရှိ။
အပေါ်ယံပလွှားမှုတို့အတွက် ငွေကုန်ခံတတ်၏။ အလုပ်တစ်ခုကို လုပ်လျှင် ဂီရိယထား၍ ရေဆုံးရေဖျား
လုပ်တတ်၏။ တာဝန်တိကျ ကျေပွန်၏။ ထို့အပြင် ကိုယ့်ကိုယ်ကို အလွန် ယုံကြည်စိတ်ရှိ။ ကိုယ့်ကိုယ်ကို
အထင်ကြီးလွန်း၏။ ခေါင်းဆောင်နိုင်ကြ၏။ ဘာပဲလုပ်လုပ် တစ်ခုတည်း စွဲမြဲစွာ လုပ်ကိုင်လို၏။ ငွေရှာရာတွင်
ငွေရှာဖွေနိုင်စွမ်း ရှိ၏။ ငွေရလွယ်၏။ သို့သော် မထင်လျှင် မထင်သလို သုံးချင်၏။ ဘာမဆို ကိုယ့်စိတ်တိုင်းကျ
လုပ်တတ်၍ စပ်တူလုပ်ငန်းများ နှင့် ကောင်းကျိုးမပေး။ သဟာဇတလည်း မဖြစ်ချေ။ မကာရရာသီဖွားတို့သည်
စီးပွားရေးတွင် မည်သူ့အပေါ်မှ အကောက်မကြံတတ်ကြချေ။သို့သော် တစ်ဖက်က ညစ်လာလျှင်
နစ်ဆပြန်တွယ်ရမှ ကျေနပ်၏။ လုပ်စရာရှိလျှင် အားမနာတတ်။ စီးပွားဥစ္စာကို သိပ်ဂရုမစိုက်။ စီးပွားဥစ္စာကို
ဂရုစိုက်ရှာဖွေလျှင်လည်း ချမ်းသာ<ကယ်ဂသူများဖြစ်၏။ အေးအေးဆေးဆေးနေထိုင်ရင်းပင်
ချမ်းသာခွင့်ရသူများဖြစ်လေ၏။
မကာရရာသီဖွားတို့ စက် စက်မှုလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှဖန်တီးရှင်များ၊
အဆောက်အဦးများနှင့် ဆရာဝန် အလုပ်တို့တွင် ကောင်းကျိုးပေး၏။ မကာရရာသီဖွားတို့သည် ငွေတိုးချေးခြင်း
လုံးဝမပြုသင့်ပါ။
ကျန်းမာရေး အနေအထားများမကာရရာသီဖွားတို့သည် ကျန်းမာရေးတွင် ဆိုးဆိုးရွားရွား မရှိတတ်ပါ။
ခံစားနေရသော ဝေဒနာကိုလည်း ဂရုစိုက်ခြင်းမရှိဘဲ ဝေဒနာဆိုးရွားလာမှ
ကုသမှုခံယူတတ်ကြသူများဖြစ်လေ၏။ သတိပြုသင့်သည်မှာ အစာအိမ်၊ အူမကြီးတို့နှင့်ပတ်သက်သော
ရောဂါများ၊ ခေါင်းကိုက်ရောဂါ၊ သွေးဆိပ်တက်ရောဂါ၊ ထုံကျင်ကိုက်ခဲသောရောဂါ တို့ဖြစ်တတ်၏။

လိပ်ခေါင်းရောဂါလည်း ဖြစ်တတ်၏။ ထို့အပြင် ပယောဂလိုမျိုး သူတစ်ပါးပြုစားခံရသည့် ရောဂါတွေ ရတတ်၏။ မကာရရာသီဖွားတို့သည် အသားငါးတို့ကို အတတ်နိုင်ဆုံး လျှော့စားပါ။အသီးအရွက်သာ များများစားပါ။ မုန်လာ၊ ငှက်ပျောသီး၊ သရက်သီး၊ ထောပတ်သီးစသော အသီးအနှံတို့ကို များများစားပါ။ မကာရရာသီဖွားတို့သည် ဂမုန်းသူယောင်မြစ်ကို ဆောင်ထားပြီး ရှူဆေးအဖြစ် ရှူပေးသင့်၏။ ထို့ပြင် မကာရရာသီဖွားတို့သည် လေဘေးအန္တရာယ် ကြုံရတတ်၏။ မကာရရာသီဖွားတို့၏ ဘဂကံကြမ္မာအနေအထားများနှင့် ဆောင်ရန်၊ ရှောင်ရန်များမကာရရာသီဖွားတို့သည် စကားပြောပွင့်လင်း၏။ လုပ်စရာရှိက လုပ်တတ်၏။ နားစရာရှိက ကျကျနန နားတတ်၏။ အားနာ တတ်သော အကျင့်မရှိ။ ပြောစရာရှိက ပြောရဲ၏။ ဖွဲကောင်း၏။ လက်စားချေတတ်၏။ ကံဇာတာညံ့လျှင် အလွန်ညံ့တတ်သလို ကောင်းစရာရှိက အလွန်ကောင်းတတ်၏။ ပတ်ဝန်းကျင်ကိုလည်း သိပ်ဂရုမစိုက်တတ်ကြချေ။ လူကလည်း တစ်ဖက်စွန်းရောက်တတ်သလို ကံကြမ္မာကလည်း တစ်ဖက်စွန်း ရောက်တတ်၏။ တစ်ခါတစ်ရံ လောကကြီးကို အကြောင်းမဲ့ အရွဲ့တိုက်နေတတ်၏။ လောကကြီးကို မကျေမနပ် ဖြစ်နေတတ်၏။ ဂမ္ဘီရပညာတို့နှင့် နီးစပ်၏။ ထက်မြက်၏။ အငြိုးသန်၏။ အနစ်နာခံစရာရှိက သူမတူအောင် အနစ်နာခံတတ်၏။ဘုရားဆင်းတုတော်များ ကိုးကွယ်ထားရတတ်၏။ ရှေးဟောင်းပစ္စည်းဆောင်ထားက စီးပွားဖြစ်တတ်၏။ ရှေးဟောင်းဆင်းတုတော် ကိုးကွယ်ထားသင့်၏။ အဆောင်ကောင်း ရတတ်၏။ တစ်ခါတစ်ရံ ကံကို မျက်စိမှိတ်ယုံတတ်၏။ တစ်ခါတစ်ရံလူ့ဂွစာများဖြစ်နေတတ်၏။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေက ကြီးပွားတတ်၏။ ထင်ရာစွတ်လုပ်နေက အားလုံးကုန်သွားတတ်၏။ အသက် (၂၂၊ ၂၆၊ ၃၅၊ ၄၀၊ ၄၄၊ ၅၃၊ ၆၂)တို့သည် ထူးခြားသော အပြောင်းအလဲများကြုံရတတ်၏။ အထူးဂရုစိုက်ပေးသင့်၏။ အသက် (၃၆) တွင် တိုးတက်မှု ကြုံတတ်၏။ အသက် (၄၅) ကျော်မှ စီးပွားအထူးဖြစ်တတ်၏။ အသက် (၈၉) တိုင်အောင် အသက်ရှည်တတ်၏။ အထူးသတိပြုရန်မှာ မကာရရာသီဖွား အမျိုးသားတို့ ဇနီးမယားကို အယုံလွန်သဖြင့် ဘေးထိတတ်၏။ မကာရရာသီဖွားတို့သည် အနက်ရောင်၊ အညိုရောင် စသော အရောင်ရင့်များ ဝတ်ပါ။ ပုလဲနက်၊ စိန်နက်၊ မဟူရာကျောက် စသော ကျောက်များကို လက်စွပ်ကွင်း၍ လက်ျာဘက်လက်တွင် ဝတ်ထားပါ။ ရွှေသံ ကျောက်ပုတီးဖြင့် ပုတီးစိပ်ပါ။ စနေနေ့သည် အထူးကောင်းကျိုးပေးသော နေ့ဖြစ်၏။ လစဉ် (၈) ရက်နှင့် (၁၇) ရက်ကို အထူးဆောင်၍ အဓိဋ္ဌာန်ဝင်သင့်၏။ နှစ်စဉ် ဧပြီလနှင့် 
ဩဂုတ်လတို့တွင်အစစသတိဖြင့်ပြုလုပ်သင့်၏။မည်သည့်ကိစ္စမဆို 
အေးဆေးတည်ငြိမ်စွာဆုံးဖြတ်လုပ်ကိုင်ရင်းအောင်မြင်သောဘဂကိုရရှိ တတ်ကြလေသည်။အထူးသဖြင့်မည်သည့်အလုပ်တွင်မဆိုအတွေးသမား၊အငေးသမား၊အပြောသမားသက်သက်ဖြစ်နေတတ်ခြင်း 
တစ်ခါတရံအမှားမှန်ခွဲခြားနားမလည်တတ်ခြင်းတို့ကိုသတိဖြင့်ထိမ်းကာနေထိုင်လုပ်ကိုင်သွားခြင်းဖြင့်ဘဂအောင်မြင်မှုများရယူသွားနိုင် 
မည်ဖြစ်ပေသတည်း ။

အားလုံးသတဂါချမ်းသာပါစေ

သက်နှင်းဆွေ-ပုပ္ပါး

---

ကုမ်ရာသီဖွားများ

(နှစ်စဉ် ဇန်နဝါရီလ ၂၁ မှ ဖေဖော်ဝါရီ ၁၈ အတွင်း၊ တပို့တွဲလဖွား)
ကုမ်ရာသီခွင်သည် (၁၂) ရာသီစက်ဝန်း၏ (၁၁) ခုမြောက် ရာသီခွင်ဖြစ်၏။ ဤရာသီခွင်နှင့်ဆိုင်သော ကောင်းကင်ပြင်အစိတ်အပိုင်း ရှိ ကြယ်နက္ခတ်များသည် ရေအိုးထဲမှရေကို သွန်းလောင်းချနေသော အမျိုးသားတစ်ဦး၏ပုံ ပေါ်ထွန်းနေသော ရာသီခွင်ဖြစ်၏။ ဂါယောဓါတ် ခေါ် လေဓါတ် သဘာဝစိုးမိုးသော ရာသီခွင်ဖြစ်၏။ ဓါတ်ဖိုသဘာဝဆောင်၏။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွင် ဒူးဆစ်နှင့် ခြေကျင်းဝတ်တို့ကို စိုးမိုး၏။ မည်သည့်နှစ်မဆို ဇန်နဝါရီ (၂၁) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်အတွင်း မွေးဖွားသူတို့သည် ကုမ်ရာသီဖွားများဟု ပုံသေမှတ်ယူရမည် ဖြစ်သည်။ ထိုသို့ ရက်အတိအကျမသိဘမြန်မာလ တပို့တွဲလအတွင်း မွေးဖွားသူတို့သည်လည်း ကုမ်ရာသီဖွားများဟု တစ်ထစ်ချမှတ်ယူကာ အောက်ပါဖြစ်စဉ်တို့ကို လေ့လာဆင်ခြင်နိုင်ပေ၏။

ကုမ်ရာသီဖွားတို့၏ ပင်ကိုယ်သဘာဝနှင့် အကျင့်စရိုက် လက္ခဏာများ

ကုမ်ရာသီဖွားတို့သည် ပင်ကိုယ်စိတ်ဓါတ် ဖြူစင်မြင့်မြတ်သူများဖြစ်၏။ ဝိဇ္ဇာပညာအလွန် ထက်မြက်သူများဖြစ်၏။ အထူးသဖြင့် အတွက် အချက်ပညာတို့တွင် ပါရဂူမြောက်အောင် ထူးချွန်တတ်ကြ၏။ ထို့အပြင် မည်သည့်ကိစ္စမဆို ယုတ္တိကျကျကကျိုးကြောင်းတိကျစွာ တွေးခေါ်ယူဆနိုင်စွမ်း ရှိကြ။ ဖြတ်ထိုးဝိဇ္ဇာ အလွန်ကောင်း၏။ အနေအထိုင်၊ အစားအသောက် ကျစ်လစ်၏။ သစ္စာရှိ၏။ စကားနည်း၏။ သိမ်းသိမ်းသန့်သန့်နှင့် အေးအေးချမ်းချမ်း နေတတ်၏။ သူတစ်ပါးကို အနှောက်အယှက် လုံးဝမပေးတတ်ပါ။ ကိုယ်တာဝန်ယူထားသော ကိစ္စများကို အပြီးဆောင်ရွက်တတ်ကြ၏။ မည်သည့် ကိစ္စမဆို အပင်ပန်းခံပြီးလုပ်တတ်ကြ၏။ စည်းစနစ်နှင့် သုံးစွဲသဖြင့် နမြောတွန့်တိုသလို အထင်ခံကြရတတ်၏။ အအိပ်စုံမက်၏။ ပျင်းရိစိတ်ဝင်လာက ဘာမှမလုပ်ဘဲ နေတတ်၏။ အလှအပအထူးကြိုက်၏။ အလှအပမြင်သမျှ သဘောကျတတ်၏။ ပင်ကိုယ်စိတ်ဓါတ် တည်ကြည်၏။ ထက်မြက်၏။ သစ္စာရှိ၏။ ဘဝတွင် အပြောင်းအလဲများစွာ ကြုံရတတ်၏။ ဘဝတွင် အမြဲတမ်း လှုပ်ရှားရှင်သန်နေရ၏။ အနစ်နာခံ၊ အပင်ပန်းခံ၊ အန္တတာခံပြီး ကြိုးစားကြရတတ်၏။ ကိုယ်တိုင်ကလည်း မလုပ်ဘဲနေလျှင်သာ ငြိမ်နေတတ်ပြီး လုပ်ပြီဆိုက သူများထက် သွက်လက်ထက်မြက်၏။ အထူးသတိပြုရန်မှာ စိတ်ထားဖြောင့်သလောက် ကုမ်ရာသီဖွား အမျိုးသားတို့ စကားပြောရာတွင် မထင်လျှင် မထင်သလို <ကစောင်းစောင်း၊ ကျွတ်ဆတ်ဆတ် ပြောချင်တတ်ကြ၏။ ကုမ်ရာသီဖွား အမျိုးသမီးများ နှုတ်စလျှာစ ကြမ်းတမ်းမိတတ်ကြ၏။ တစ်ခါတစ်ရံ အာရုံခံစားမှု၊ စိတ်ခံစားမှုနောက် လိုက်မိသဖြင့် သစ္စာမရှိ၊ ကတိမတည်၊ လော်လီသလိုဖြစ်သွားတတ်ကြ၏။ အမှန်မှာ ကုမ်ရာသီဖွားတို့သည် သစ္စာရှိသူ၊ ယောက်ျားပီသသူများဖြစ်ကြပေ၏။ ကုမ်ရာသီဖွား အမျိုးသမီး များ ယောက်ျားဆန်ဆန် ထက်မြက်တတ်ကြ၏။ ကုမ်ရာသီဖွားအားလုံး ရည်မှန်းချက် မြင့်မားစွာထားပြီး စိတ်ပါလက်ပါ ကြိုးစားပါက ထိပ်တန်းရောက်အောင် အောင်မြင်သွားတတ်ကြ၏။ အထူးသတိပြု ကြိုးစားသင့်၏။ ထို့အပြင် ကုမ်ရာသီဖွားတို့သည် ယုံမိက ပုံအပ်တတ်ခြင်း၊ ခေါင်းမာစွာ ဆုံးဖြတ်တတ်ခြင်းတို့ကြောင့် နာမည်ပျက်ခြင်း၊ ရှိရင်းစွဲ အောင်မြင်မှုကို ထိခိုက်တတ်ခြင်း၊ စည်းစိမ်ဥစ္စာများ ပျက်စီးသွားခြင်းလည်း ဖြစ်တတ်ကြ၍ အထူးသတိပြုသင့်၏။ အကြောင်းမူ ကုမ်ရာသီဖွားတို့သည် ဓါးသွေးကျောက် သဖွယ် သူတစ်ပါးတို့ကို အနစ်နာခံတတ်ကြ၏။ အနစ်နာခံပြီး ကူညီချင်၏။ သူတစ်ပါးအတွက်ဆိုလျှင် ကိုယ်ကျိုးစီးပွားအပျက်ခံပြီး ကူညီတတ်ကြ၏။ မိတ်ဆွေကောင်း ပီသ၏။ မိတ်ဆွေမဖြစ်ခင်သာ ဘာသိဘာသာ နေတတ်ပြီး မိတ်ဆွေဖြစ်သွားက တစ်ခါတွေ့တစ်သက်မမေ့နိုင်လောက်အောင် မိတ်ဆွေ ပီသသူများဖြစ်၏။ အနစ်နာခံသူများဖြစ်၏။ ထိုသို့သော အခြေအနေကြားမှပင် အထင်လွဲခံရခြင်းမျိုးကိုလည်း မကြာခဏကြုံရတတ်ကြလေ၏။သူတစ်ပါးအတွက် ကြားဝင်ခံရခြင်းမျိုးလည်း ကြုံတတ်ကြလေ၏။ ကိုယ်နှင့်ဝေးမှ ချီးကျူးခံရတတ်၏။ သေပြီးမှ

ချီးမွမ်းခံရတတ်သော ဇာတာရှင်များဖြစ်၏။ အနုပညာကို အထင်ကြီး၏။ အနုပညာသမားများနှင့် လက်တွဲပေါင်းသင်းတတ်၏။ စာပေရေးသားမှုဘက်တွင် ပါရမီရှိ၏။ ထို့အပြင် ဘာသာရေးပါရမီရင့်သန်သူများဖြစ်သည်။ သို့သော် ဘာသာရေးတွင် အယူသည်း၏။ အချို့ကိစ္စများတွင် အများနှင့် အမြင်မတူသဖြင့် လူ့ခွစာများ ဖြစ်နေတတ်ပြန်သည်။ ထို့ပြင် သူတစ်ပါးတို့၏ မနာလိုဂန်တိုခြင်းကို အထူးခံရတတ်၏။ ကိုယ်က ကူညီထားသူများက ကိုယ့်အပေါ် သစ္စာမဲ့ခြင်းအမှု ပြုခြင်းခံရတတ်၏။ ကိုယ်တိုင် အကြံကောင်းများ များစွာ ပေါ်တတ်၏။ အကြံကောင်း အတိုင်း ကြိုးစားက ပစ္စည်းဥစ္စာချမ်းသာပြီး အမည်ကျော်စောတတ်ကြ၏။ လူမျိုးခြား၊ နိုင်ငံခြားကိစ္စတို့ အထူးကောင်းကျိုးပေးတတ်ကြ၏။

ကုမ်ရာသီဖွားတို့၏ အချစ်ရေးနှင့် အိမ်ထောင်ရေး

ကုမ်ရာသီဖွားတို့သည် အချစ်နှင့်ပတ်သက်၍ အလွန်ခံစားချက်ပြင်းထန်ပြီး အချစ်ကို အလွန်တန်ဖိုးထားတတ်ကြလေ၏။ သို့သော် ဤရာသီဖွားတို့သည် ပင်ကိုယ်ကံတွင် အချစ်ကံခေတတ်ကြ၏။ အချစ်အတွက် တစ်ဖက်သတ် ပေးဆပ်နေကြရသူများဖြစ်သည်။ ကိုယ်ကချစ်သလောက် တစ်ဖက်သတ် ပေးဆပ်နေကြရသူများဖြစ်သည်။ ကိုယ်ကချစ်သလောက် ကိုယ့်အပေါ် တုံ့ပြန်မေတ္တာအားနည်းသော အနေအထားကိုသာ ကြုံတတ်ကြရ၏။ ကုမ်ရာသီဖွားတို့ကိုယ်တိုင်ကလည်း အုံ့ပုန်းအချစ်သမားများသာ ဖြစ်တတ်ကြ၏။ ဖွင့်ပြောရန် ဂန်လေးခြင်း၊ မပွင့်လင်းခြင်းတို့ကြောင့် ကိုယ်ချစ်ရသူသည် သူတစ်ပါးလက်သို့ ပါသွားတတ်ကြလေ၏။ အချစ်ရေးတွင် အသည်းကွဲရတတ်၏။ အကယ်၍ ကိုယ့်ချစ်သူနှင့်လက်တွဲရသောအခါတွင်လည်း ကိုယ်က အယူအစွဲကြီးခြင်း၊ အယူသည်းခြင်း၊ ခေါင်းမာခြင်း တို့ကြောင့် ပြဿနာ မကြာခဏ ဖြစ်တတ်၏။ ကုမ်ရာသီဖွားတို့သည် အချစ်ရေးတွင် သဂန်တိုတတ်ကြလေ၏။ ထို့အပြင် အထူးသတိပြုရန်မှာ ကုမ်ရာသီဖွားတို့၏ ချစ်သူတို့သည် ဘဂအတွက်ကိုယ့်ကို လှေကားထစ်သဖွယ် အသုံးပြုကာ နင်းတက်သွားကြ၏။ ပြီးက ကိုယ့်ကို မေ့ပစ်တတ်ကြလေ၏။ သို့သော် ကိုယ့်အပေါ် နားလည်ပေးနိုင်သောသူနှင့် လက်တွဲခွင့် ပြန်လည်ရရှိတတ်ပါသည်။ အထူးသဖြင့် အနုပညာဂါသနာကြီးသူ၊ အနုပညာရှင်တို့ကို ရွေးချယ်လက်တွဲမိတတ်ကြ၏။ အသက်အားဖြင့် (၂၆) ကျော်မှ အချစ်ရေး ကံကောင်းတတ်၏။

ကုမ်ရာသီဖွားတို့သည် အိမ်ထောင်ရေးတွင် ကံကောင်းပါမည်။ အနည်းအကျဉ်း စကားများရုံမှအပ ကြီးမားသော ပြဿနာ မရှိတတ်ပါ။ အထူးသာယာသော အိမ်ထောင်ရေး ဖန်တီးနိုင်ပါမည်။ သို့သော် ကိုယ့်အိမ်ထောင်ဖက်သည် ကိုယ်ကဲ့သို့ မထက်မြက် မသွက်လက်ဘဲ အေးဆေးစွာ ပြုမူနေထိုင်တတ်သူဖြစ်သဖြင့် စိတ်ရှည်မှုတော့ ရှိရ၏။ အထူးသတိပြုရန်မှာ ကုမ်ရာသီဖွားတို့သည် တစ်ခဏမျှ ဒေါသကြီးတတ်သဖြင့် အိမ်ထောင်ဖက်အပေါ် ကြမ်းတမ်းစွာ အော်ငေါက်မပြောမိဖို့သာ ဆင်ခြင်ပါ။ အိမ်ထောင်ကံကောင်းပါမည်။

ကုမ်ရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေးအနေအထားများ

ကုမ်ရာသီဖွားတို့သည် ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားပြီး ကြီးပွားမည့်သူများဖြစ်ကြပေသည်။ ထို့အပြင် အမြဲတမ်း ပြောင်းလဲလှုပ်ရှားကာ ရှင်သန်နေရသော အလုပ်များကို လုပ်ကိုင်ရတတ်၏။ ပုံသေဖြစ်သော အလုပ်တို့နှင့် မကိုက်ချေ။ ထို့အပြင် ကုမ်ရာသီဖွားတို့သည် အချက်အလက် စုဆောင်းမှု ကောင်းခြင်း၊ အတွက်အချက်တော်ခြင်းတို့ကြောင့် သူတစ်ပါးတို့ထက် ပို၍ ထူးချွန်သူများဖြစ်တတ်၏။ အထူးသဖြင့် စာရေးဆရာအလုပ်တွင် ထူးချွန်သူများဖြစ်တတ်၏။ ကုမ်ရာသီဖွားတို့သည် အလုပ်တစ်ခုခုကို လုပ်ရာတွင် စိတ်မဂင်စားသော အလုပ်ပင်ဖြစ်စေ လုပ်ပြီဆိုသည်နှင့် အများအယွင်းကင်းအောင် လုပ်နိုင်တတ်ကြ၏။ ပင်ကိုယ်သဘာဂကိုက အလုပ်လုပ်ရာတွင် သူတစ်ပါးတို့ထက် ပို၍ထက်မြက်သူများဖြစ်၏။

မည်သည့်အလုပ်မဆို စိတ်ပါလက်ပါလုပ်ကိုင်က အလွန်ကြီးပွားသွားတတ်ကြလေ၏။ ထို့အပြင်
ကုမ်ရာသီဖွားတို့သည် အကြံဉာဏ်ကောင်းများ ရှိသော်ငြား ကိုယ်တိုင်မသုံးမိဘဲ ရှိတတ်၏။ စကားပြောများခြင်း၊
နှုတ်ဖွာခြင်းတို့ကြောင့် ကိုယ့်၏ အကြံဉာဏ်ကောင်းများသည် သူတစ်ပါးတို့ထံသို့ရောက်ကာ သူတစ်ပါးတို့တွင်
အလွန်အောင်မြင်သွား တတ်ကြလေ၏။ ကိုယ်တိုင်က အထင်သေး၍ စွန့်ပစ်ထားသော အကြံဉာဏ်တို့ဖြင့်
သူတစ်ပါးတို့တွင် ကြီးပွားသွားတတ်၏။ ထို့ပြင် ကုမ်ရာသီဖွားတို့သည် ဘဂတွင် အနှောက်အယှက်များ၊
အတိုက်အခံများ များစွာ ကြုံရတတ်၏။ သူတစ်ပါးတို့အတွက် ငွဲ့ကွက်ရင်း နစ်နာတတ်၏။ ကိုယ့်အကျိုးစီးပွားကို
အပျက်ခံပြီး သူတစ်ပါးကို ကူညီမိတတ်၏။ ထို့အပြင် ကျေးဇူးကန်းခံရခြင်း၊ မနာလိုခံရခြင်း၊
ချောက်တွန်းခံရခြင်းတို့ ကြုံရတတ်၍ သတိပြုသင့်၏။ သို့သော် လွယ်ကူမည်။ အရွယ်လတ်ပိုင်းတွင် အိုးပိုင်
အိမ်ပိုင်နှင့်နေနိုင်နိုင်၏။ အလုပ်(၃) မျိုးပြောင်းပြီးမှ တည်ငြိမ်တတ်၏။ သို့မဟုတ် နေရာ(၃)
နေရာခန့်ပြောင်းပြီးမှ တည်ငြိမ်တတ်၏။ ကုမ်ရာသီဖွားတို့သည် မိသားစုသံယောဇဉ် ကြီးမားသူများဖြစ်သည်။
သို့သော် မွေးရပ်မြေမှ ဝေးရာတွင် ကြီးပွားချမ်းသာတတ်ကြပေ၏။ အောင်မြင်တတ်ကြပေ၏။
ကုမ်ရာသီဖွားတို့သည် ရတနာပစ္စည်းများစွာကိုလည်း စုဆောင်းမိတတ်ကြပေသည်။ အထူးသဖြင့်
ကုမ်ရာသီဖွားတို့သည် အနုပညာ၊ စာပေသမားများကို လေးစားသူများဖြစ်ကြ၏။ ထိုသူတို့ကို
ပံ့ပိုးတတ်ကြလေ၏။ အထူးသတိပြုရန်မှာ ကုမ်ရာသီဖွားတို့သည် ဘဂတွင် အောင်မြင်မှုရရှိပြီးမှ
နာမည်ပျက်ခြင်း၊ ချမ်းသာ<ကယ်ဂပြီးမှ ပစ္စည်းများ ဆုံးရှုံးသွားခြင်းတို့ ဖြစ်တတ်၍ အောင်မြင်မှု၊
ချမ်းသာမှုတို့ကို ထိန်းသိမ်းနိုင်ဖို့ လိုအပ်လှပေသည်။ ဖြတ်လမ်းစီးပွားများဖြင့် စွန့်စားခြင်းတို့ မပြုသင့်ပေ။
အထူးသဖြင့် ကုမ်ရာသီဖွားတို့သည် စာပေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မြေအရောင်းအဂယ်လုပ်ငန်း၊
ဆရာဂန်လုပ်ငန်း၊ စက်ပစ္စည်းတို့ဖြင့် ကြီးပွားချမ်းသာ တတ်ပေသည်။

ကုမ်ရာသီဖွားတို့၏ ကျန်းမာရေးအနေအထားများ

ဤရာသီဖွားတို့သည် အများအားဖြင့် အဆစ်အမြစ်ကိုက်ခဲခြင်း ဖြစ်တတ်၏။ ပေါ့ပေါ့ဆဆ သဘောထား၍မရပါ။
အခန့်မသင့်လျှင် လေးဘက်နာအထိ ဖြစ်တတ်၏။ ထို့အပြင် ဂမ်းပျက်ခြင်း၊ ဂမ်းကိုက်ခြင်း စသော
အစာအိမ်ရောဂါ၊ အသည်းနှင့်ဆိုင်သော ရောဂါ၊ သွေးကြောနှင့်ဆိုင်သော ရောဂါ၊ ထုံကျင်ကိုက်ခဲသောရေါဂါတို့
သတိပြုသင့်။ ကုမ်ရာသီဖွား အမျိုးသားများ ဆီးကြိတ်နှင့်ဆိုင်သော ရောဂါဖြစ်တတ်လေ၏။
ကုမ်ရာသီဖွားတို့သည် ဆောင်တော်ကူးပန်းကို အိမ်ခြံဂန်းထဲတွင် စိုက်ပျိုးထားကာ အမြဲတမ်း
ဆောင်တော်ကူးရနံ့ရရှိဖို့ စီစဉ်ထားသင့်၏။ ငှက်ပျောသီးနှင့် မုန်လာတို့ကို ဓါတ်စာအဖြစ်
အမြဲစားသောက်ပေးသင့်၏။ ထို့အပြင် ဂမုန်းသူယောင်မြစ်ကို ရှူဆေးအဖြစ် အမြဲဆောင်၍ ရှူပေးသင့်၏။

ကုမ်ရာသီဖွားတို့၏ ဘဂကံကြမ္မာ အနိမ့်အမြင့် အနေအထားများနှင့် ဆောင်ရန်၊ ရှောင်ရန်များ

ကုမ်ရာသီဖွားတို့သည် တစ်မူထူးခြားသော ဘဂပိုင်ရှင်များဖြစ်ကြပေ၏။ အေးဆေး၏။ တည်ကြည်၏။
ဘဂမာနကြီးမားကြ၏။ မိရိုးဖလာ အတွေးအခေါ် အယူအဆများကို စွန့်လွှတ်ကာ အယူအဆသစ်များ
ထူထောင်တတ်ကြ၏။ ထိုယုံကြည်ချက်ကို ထိပါးလာပါက တိုက်ခိုက်ပစ်တတ်၏။ သူတစ်ပါးအတွက်
အနစ်နာခံတတ်ကြ၏။ ချမ်းသာက ထပ်ဆုံး၊ ဆင်းရဲက အောက်ဆုံး ဖြစ်တတ်ကြ၏။ အသက် ၂၆ ဂန်းကျင်တွင်
မိမိတို့၏ မှီခိုအားထားရာ မိဘအကြီးအကဲတို့နှင့် အပြီးခွဲခွာရတတ်၏။ အထူးသဖြင့် အသက် (၂၇) မှ (၄၀)
အတွင်း၌ ဘာမှမစဉ်းစားဘဲ လုပ်ချင်ရာကို တွန်းတိုက်လုပ်ခြင်းဖြင့် ထိပ်ဆုံးသို့
ရောက်အောင်ကြီးပွားသွားတတ်၏။ ထို့အတူ ဘဂအပြောင်းအလဲ မြန်သူများဖြစ်၏။ လောင်းကစားကိစ္စများ
ရှောင်သင့်၏။ တစ်စုံတစ်ဦးကိုယုံ၍ ပုံအောပြီး ငွေရှာခြင်းကြောင့် ကျရှုံးခြင်းကြုံတတ်၏။ ရှေးဟောင်း
ဆင်းတုတော်တို့ ကိုးကွယ်ထားခြင်း၊ ရှေးဟောင်းပစ္စည်းများ ဆောင်ထားခြင်းဖြင့် အောင်မြင်တတ်၏။

ကြီးပွားတတ်၏။ ငယ်ဘဂတွင် အသက် (၁၆၊ ၂၀၊ ၂၃၊ ၂၅)တို့၌ တိုးတက်ခြင်းကြုံတတ်၏။
အရွယ်လတ်ပိုင်းတွင် (၂၈၊ ၂၉၊ ၃၁၊ ၃၆)တို့သည် ထူးခြားစွာ တိုးတက်တတ်၏။ အထူးသဖြင့် အသက် ၂၉
ဂန်းကျင်တွင် စီးပွားတက်တတ်၏။ အသက် ၅၀၊ ၅၃တို့တွင်လည်း အခွင့်ထူးများကြုံတတ်ပြီး အသက်
(၅၈)ခန့်တွင် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံတတ်၏။ ၂၆၊ ၄၄၊ ၆၂ တို့တွင် အစစ သတိထားသင့်၏။
ကုမ်ရာသီဖွားတို့သည် အထင်မှားခံရခြင်း၊ သစ္စာဖောက်ခံ ရခြင်းတို့ ကြုံတတ်သဖြင့် သတိထားသင့်၏။
ထို့အပြင် သူတစ်ပါး အိမ်ယာနှင့် တစ်နည်းနည်း ပတ်သက်ကာ ဘဂတွင် သိက္ခာကျတတ်၏။
ကုမ်ရာသီဖွားတို့သည် ထူးခြားသော ကိုယ်ပိုင်ဟန်နှင့် ဆွဲဆောင်မှု ရှိ၏။ သံလိုက်ဓါတ်အားကောင်း၏။
ဆန့်ကျင်ဘက်အပေါ် ဆွဲဆောင်အားကောင်း၏။ ရင့်ကျက်သောအလှရှိ၏။ ဣန္ဒြေရှိ၏။ မာန်လည်းရှိ၏။
လူအများနှင့် ခပ်တန်းတန်းနေခြင်း၊ အေးတိအေးစက်နှင့် ခပ်မာမာနေခြင်းတို့ကို ပြုပြင်ကာ ခပ်ရိုးရိုးနှင့်
ခပ်ပြုံးပြုံးနေပေးသင့်၏။အထူးသတိပြုရန်မှာကုမ်ရာသီဖွားတို့သည်တစ်ခါတရံ
အတွေးသမား၊အငေးသမား၊အပြောသမားများဖြစ်နေတတ်ကြသေး၏။အမှားအမှန်ကိုခွဲခြားနားမလည်ဘဲဖြစ်သွ
ားတတ်ကြ၏။ထိုစရိုက်တို့ကိုသတိဖြင့်ပြုပြင်ပေးပါ။
ဟော့ဟော့ရမ်းရမ်းနေခြင်း၊ အလွန်အကျွံ အလှပြင်ခြင်းတို့ မပြုသင့်ပေ။ ရိုးရိုးရှင်းရှင်း
တည်ကြည်စွာနေခြင်းဖြင့်ပင် ပေါ်လွင်ထင်ရှား နေတတ်၏။
ပုလဲနက်၊ စိန်နက်၊ မဟူရာကျောက်၊ ရေသံကျောက်တို့ကို ဆောင်ထားပါ။ ထို့အပြင် ရွှေသန့်သန့်ဖြင့်
ပြုလုပ်ထားသော နင်းဆီပွင့်ပုံ၊ ကံ့ကော်ပွင့်ပုံ လက်စွပ်၊ ရင်ထိုးတို့ ဂတ်ဆင်နိုင်၏။ မီးခိုးရောင်၊ နက်ပြာရောင်၊
အစိမ်းရင့်တို့နှင့် ကြက်သွေးရောင်တို့ ဂတ်ဆင်နိုင်ပေ၏။
စိတ်မြန်လက်မြန်ဖြင့် ဘုဂလန့် ဂွပြောခြင်းရှောင်ပါ။ သူတစ်ပါးအပေါ် လိုသည်ထက်ပိုပြီး
ကူညီလိုခြင်းကိုရှောင်ပါ။ ပုံအော၍ စွန့်စားခြင်း၊ အယုံလွန်ခြင်း ဆင်ခြင်ပါ။ ကိုယ်တိုင်၏ အကြံကောင်းများကို
ကိုယ်တိုင်အကောင်အထည်ဖော်သုံးစွဲပါ။
အထူးသဖြင့် ကုမ်ရာသီဖွားတို့သည် ကိုယ်ယုံကြည်ရာ အလုပ်တစ်ခုကို လုပ်မည်ဟု ဆုံးဖြတ်ပြီးက
အားကုန်ကြိုးစားပေးခြင်းဖြင့် ထိပ်တန်းရောက်အောင် ကြီးပွားအောင်မြင်သွားပေတော့သတည်း။
အားလုံးသတ္တဂါချမ်းသာပါစေ
သက်နှင်းဆွေ-ပုပ္ပါး

---

မိန်ရာသီဖွားများ

(ဖေဖော်ဂါရီ ၁၉မှ မတ်လ ရက်၂၀အတွင်း၊ တပေါင်းလ)
မိန်ရာသီသည် ရာသီစက်ဂန်း၏ ၁၂ခုမြောက် ရာသီခွင်ဖြစ်၏။ ကောင်းကင်ပြင်တွင် ဤရာသီခွင်၌
ကြယ်နက္ခတ်တို့တွင် ငါးနှစ်ကောင် ကူးခတ်နေပုံ အသွင်သဏ္ဍာန် ပေါ်ထွန်းနေသော ရာသီခွင်ဖြစ်၏။
သောမရာသီ (မသဘာဂ) သက်ရောက်လေ၏။ ဒွေဒဟ (နှစ်ခွ၊ နှစ်မျိုးနှစ်စား) သဘောဆောင်၏။
နေ့ရာသီဖြစ်၏။ ရာဇဂုဏ် (ထက်မြက်မှု) သဘောဆောင်၏။ ဓါတ်သဘာဂအားဖြင့် အာပေါဓာတ်
(ရေဓာတ်^အေးဆေးတည်ကြည်မှု) စိုးမိုး၏။ ဤရာသီခွင်၏ နက္ခတ်ပုံသင်္ကေတ ငါးနှစ်ကောင်မှာ
ဆန့်ကျင်ဘက်အနေအထားဖြင့် ယှဉ်တွဲနေသော ပုံဖြစ်၏။ ဆယ့်နှစ်ရာသီစက်၏ မူလနယ်ပယ်တွင်

ကြာသပတေးဂြိုလ်၏ ဂြိုလ်အိမ်အဖြစ် သတ်မှတ်ခဲ့ကြ၏။ (၃) ဂဏန်း သင်္ချာ စိုးမိုးမှုရှိပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအားဖြင့် ခြေအစုံကို ပိုင်စိုးလေ၏။

## မိန်ရာသီဖွားတို့၏ ပင်ကိုသဘာဝနှင့် အကျင့်စရိုက် လက္ခဏာများ

မိန်ရာသီဖွားတို့သည် ရာသီ (၁၂) ပါးတွင် ချမ်းသာသုခနှင့် အပြည့်ဝဆုံးသောသူများ ဖြစ်တတ်ကြပေ၏။
မိန်ရာသီဖွားတို့သည် ထူးခြားသော စရိုက်နှစ်မျိုးကို တစ်ပြိုင်တည်း ပါနေသူများဖြစ်တတ်ကြပေ၏။
အလွန်သနားကြင်နာတတ်ကြ၏။ ရိုးသား၏။ အေးဆေး တည်ငြိမ်၏။ အရှက်အကြောက်ကြီး၏။ အခွင့်အာဏာ ပကာသနတို့ကို မမက်မောဘဲ လွတ်လပ်ပေါ့ပါးစွာ နေထိုင်လို၏။ အယုံလွယ်၏။ သူတစ်ပါးကို ကူညီလို၏။ အားနည်းသူတို့ဘက်မှ ရပ်တည်လို၏။ နူးညံ့သိမ်မွေ့၏။ ထို့အတူ ထက်မြက်၏။ ဝီရိယထက်၏။ ဖွဲ့သတ္တိကောင်း၏။အမြော်အမြင်ကြီး၏။ မဖြစ်မနေ ကြီးပွားအောင်မြင်လိုစိတ်ရှိ၏။ စိတ်ထက်၏။ စိတ်ကြီး၏။ ဒေါသထွက်လာက ခက်ထန်လာတတ်၏။ စိတ်မြန်လက်မြန် လုပ်တတ်၏။ စကားပြောဆိုမှု၊ စာပေရေးသားမှုတို့တွင် အလွန်ထက်မြက်၏။ တစ်ခါတစ်ရံ သတ္တိနည်းကာ သွေးကြောင် နေတတ်၏။ နောက်တွန့်နေတတ်၏။ စိုးရိမ်နေတတ်၏။ ထို့အတူ မကြာခဏ ခေါင်းဆောင်နေရာကို အလိုလိုရောက်နေတတ်ပြန်၏။ တစ်ကိုယ်တည်း အေးအေးဆေးဆေးနေချင်တတ်၏။ ထို့အတူ စိတ်တူကိုယ်တူ အပေါင်းအဖော်များနှင့် နေရခြင်းကို နှစ်သက်ပြန်၏။ သို့သော် အပေါင်းအသင်း များများမထားတတ်ပါ။
မိန်ရာသီဖွားတို့သည် နာမ်ဂါဒကို အထူးသက်ဝင် ယုံကြည်ကြ၏။ ဘာသာရေးကို ပြင်းထန်စွာ ယုံကြည်သက်ဝင်ကြ၏။ အများအားဖြင့် စိတ်တည်ငြိမ်စွာဖြင့် တရားအလုပ်ကို လက်တွေ့ကျကျ ကျင့်လှမ်းသူများ ဖြစ်တတ် ကြလေ၏။ ထုံးတမ်းအစဉ်အလာ ဓလေ့များကို ယုံကြည်လိုက်နာတတ်ကြ၏။ အရာရာတိုင်းကို ကြိုတင်သုံးသပ်၍ ကြိုတင်အဖြေထုတ်ရာတွင် ပါရမီထူးကဲတတ်ကြ၏။ အမြင်ပြတ်သား၏။ ဝီရိယထက်၏။ စိတ်ကူးကောင်းကြ၏။ သို့သော် တစ်ခါတစ်ရံ အယူသီးလွန်းကြ၏။ ခေါင်းမာ တတ်ကြ၏။ အထူးသဖြင့် ဘာသာရေးတွင် အလွန်တိကျစွာ ကျင့်သုံးတတ်ကြ၏။ အခြားကိစ္စတို့တွင် စည်းကမ်းကောင်းလွန်းတတ်ကြ၏။ အတ္တ၊ ပရ မျှတစွာ ကျင့်သုံးတတ်ကြ၏။ သစ္စာရှိ၏။ အလွန်စိတ်ဆိုးခဲပြီး စိတ်ဆိုးမိပါက အငြိုးအတေးကြီး၏။ အစားကြူး၏။ ဩဇာပေး ကောင်း၏။ လူအများအပေါ် အုပ်ချုပ်လို၏။ ဘယ်တော့မှ မရောင့်ရဲဘဲ ထင်ပေါ်အောင်၊ အောင်မြင်အောင် ကြိုးစားတတ်ကြ၏။ အချို့ကိစ္စများတွင် လူကြီးလူကျယ် လုပ်ချင်၏။ စည်းကမ်းရှိသေ၏။ တိကျ၏။ ပရိယာယ် ဂေဟုစ်များဖြင့် လုပ်ကိုင်နိုင်စွမ်း၏။ တစ်ခါတစ်ရံ ဝီရိယနီဝီရိယနက်များဖြင့် ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်၏။ အထက်လူကြီး၊ မင်းစိုးရာဇာတို့ကို အမှီပြုပြီး ကြီးပွားအောင်မြင် တတ်၏။ ခေါင်းမာခြင်း၊ ဇီဇာကြောင်ခြင်း၊ သဂန်တိုခြင်း၊ ကိုယ်ဖြစ်ချင်တာကိုသာ အဓိကကြည့်မိခြင်း၊ မကြာခဏ စိတ်ဒွိဟဖြစ်ခြင်းတို့ကို အထူးဆင်ခြင်သင့်၏။ ထို့အပြင် မိန်ရာသီဖွားတို့သည် ကိုယ့်အစွမ်းအစကို ယုံကြည်စွာ ကြိုးစားသွားပါက ထိပ်တန်းရောက်တာများ၏။ <ကယ်ဂချမ်းသာတတ်ကြ၏။ အထူးသဖြင့် ရပ်ဝေးမြေခြား၊ တိုင်းတစ်ပါးအထိ ရောက်သွားတတ်ကြလေ၏။

## မိန်ရာသီတို့၏ အချစ်ရေးနှင့် အိမ်ထောင်ရေးအနေအထားများ

မိန်ရာသီဖွားတို့သည် ချစ်မိက သူမတူ၊ မုန်းမိက လှည့်မကြည့်ဆိုသော လူစားမျိုးဖြစ်၏။ အချစ်ရေးတွင် စိတ်ကူးအလွန်ယဉ်၏။မေတ္တာတရားကို တန်ဖိုးထားတတ်၏။ သို့သော် မထုံတက်တေးသမားများ ဖြစ်၏။ ရင်ထဲမှ အချစ်ကို ဖွင့်ပြောရန် အလွန်သတ္တိနည်း၏။ ထို့အတူ ရွေးချယ်ရခက်ခဲသော အနေအထားများ အမြဲလိုလိုကြုံတတ်၏။ မပြတ်သားခြင်း၊ တွေဝေခြင်း၊ ချိန်ဆမှု ဝေဂါးခြင်းများ ကြုံတတ်၏။ ချစ်သူနှစ်ယောက်ကို တစ်ပြိုင်တည်း ထားမိတတ်လေ၏။ ထို့အပြင် အချစ်ရေးတွင် ချစ်သူကို ဦးစားပေးသလိုလိုနှင့် အတ္တဆန်မိတတ်ကြ၏။ လုံးဂမပြတ်သားသော အနေအထားမျိုးတွေ

ဖြစ်သွားတတ်ကြ၏။ ချစ်သူတို့၏ အထင်လွဲမှုများကိုလည်း အထူးခံရတတ်၏။ ကိုယ်ကလည်း ချစ်သူအပေါ် အနိုင်ယူလိုတတ်၏။ အချစ်ရေးတွင် အထူးပြတ်သားသင့်ပေ၏။ မိန်ရာသီဖွားတို့သည် အလွန်စိန်းပွင့်သူများ ဖြစ်၏။ ချစ်သူခင်သူများ၏။ အိမ်ထောင်ပြုသောအခါ အနှောက်အယှက်များကို ကျော်လွှားပြီးမှ အိမ်ထောင်ပြုရတတ်၏။ အထူးသဖြင့် ချစ်သူ၏ အထင်လွဲမှုကို ခံရပြီးမှ အိမ်ထောင်ပြုရတတ်၏။ အိမ်ထောင်ပြုပြီးက အထူးကြီးပွားတတ်၏။ သို့သော် အိမ်ထောင်ကျပြီးနောက် ဒုတိယလူ ပေါ်လာတတ်ပြန်၏။ အိမ်ထောင်ရေးတွင် (၂) ဆက်ဖြစ်တတ်သည်။ (နှစ်ဆက်ဖြစ်မည်ဟု ဒိဋ္ဌမဆိုလိုပါ) မိမိက အေးဆေးသလောက် မိမိ မိသားစုက ဆူဆူပူပူ ရှိတတ်၏။ သို့သော် အိမ်ထောင်ရေး ကံကောင်းပါမည်။ ကိုယ်တိုင်က သဂန်တိုခြင်း၊ စည်းကမ်းတင်းကြပ်ခြင်းကို ဆင်ခြင်ပါ။ ဒုတိယလူပေါ်လာတတ်အောင် မြှောက်ထိုးပင့်ကော် ပြောပေးတတ်သူများ၏ စကားကို နားမယောင်မိအောင် ဆင်ခြင်ပါ။ ခေါင်းမာခြင်း၊ အယူအစွဲကြီးခြင်းကိုရှောင်ပါ။ အိမ်ထောင်ရေးကောင်းသော ဇာတာရှင်များဖြစ်၏။ အိမ်ထောင်ပြုသောအခါ မေထုန်ရာသီဖွားများ၊ ကန်ရာသီဖွားများနှင့် မနုရာသီဖွားများကို ရှောင်ပါ။ အထူးရှောင်သင့်ပေသည်။ ပြိဿရာသီဖွား၊ တူရာသီဖွား၊ မိဿဖွား၊ ဗြိစ္ဆာဖွားတို့နှင့် အထူးသင့်လျော် လိုက်ဖက်ပေ၏။

မိန်ရာသီဖွားတို့၏ ကျန်းမာရေးအနေအထားများ

မိန်ရာသီဖွားတို့သည် ကျန်းမာရေးအညံ့ကြိုတိုင်း ရောဂါရှာဖွေရန် ခက်ခဲတတ်ကြပေ၏။ ထို့ကြောင့် အနာတစ်ခြား ဆေးတစ်ခြား ဖြစ်တတ်၏။ ဝေဒနာဖြစ်က ကြာရှည်ခံစားရတတ်၏။ မိန်ရာသီဖွားတို့သည် ၄က်ဖျားရောဂါဖြစ်ပွားလွယ်တတ်ကြ၏။ နားဝေဒနာဖြစ်တတ်၏။ ခြေထောက်ကို မကြာခဏ ထိခိုက်မိတတ်ကြ၏။ ထို့အပြင် အာရုံကြော၊ အကြောရောဂါ၊ အရေပြားရောဂါတို့ ဖြစ်တတ်ကြလေသည်။ ဓါတ်စါအနေနှင့် စတော်ဘယ်ရီ၊ နာနတ်၊ ဗာဒံသီး၊ လေးညှင်းပွင့်၊ ဂျုံမှုန့်၊ ဇီးဖြူသီးတို့ကို အလျဉ်းသင့်သလို စားသုံးပေးသွားသင့်ပေသည်။ထို့အပြင် မိန်ရာသီဖွားတို့သည် မီးဘေး၊ လျှပ်စစ်မီး၊ အပူလောင်ခြင်းတို့ကို သတိထားသင့်ပေ၏။

မိန်ရာသီဖွားတို့၏ အလုပ်အကိုင်နှင့် စီးပွားရေး

မိန်ရာသီဖွားတို့သည် ဖွဲနှင့်သတ္တိအလွန်ကောင်းသူများ ဖြစ်ကြသည်။ ဝိဏ်ရည်ထက်မြက်ကြလေ၏။ အလုပ်တစ်ခုကို ကြိုတင် တွက်ချက်မှုတွင် အထူးကျွမ်းကျင်၏။ တိုးတက်မှုကို အမြဲရှာဖွေနေသူများဖြစ်၏။ ကိုယ်က နောက်လိုက်ဖြစ်သောအခါတွင် စည်းကမ်းလိုက်နာ တတ်ကြသကဲ့သို့ ကိုယ်ကခေါင်းဆောင်နေရာရောက်နေသောအခါတွင်လည်း စည်းကမ်းတင်းကြပ်တတ်ကြ၏။ ထိပ်ဆုံးနေရာသို့ မရောက်ရောက်အောင် ကြိုးစားတတ်ကြ၏။ သို့သော် မိန်ရာသီဖွားတို့ကို အထူးဖျက်ဆီးသောအရာမှာ အရက်နှင့် လောင်းကစားဖြစ်၏။အရက်ကို သောက်မိက စွဲသွားတတ်၏။ အထူးသဖြင့် ရှောင်ပါလေ။ မိန်ရာသီဖွားတို့သည် စကားပြောလဲကောင်း၏။ ခေါင်းဆောင်မှု၊ စီမံကွပ်ကဲမှု၊ အုပ်ချုပ်မှုကောင်း၏။ အလုပ်နှစ်ခုခွန်တွဲပြီး လုပ်ကြရတတ်၏။ အလုပ် လုပ်ရာတွင် အခက်အခဲများ၊ အတိုက်အခံများ ကြုံလေ တိုးတက်လဖြစ်၏။ ထို့အပြင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သွားရတတ်၏။ ခရီးသွားခြင်းဖြင့် စီးပွားဖြစ်တတ်၏။ မွေးရပ်မြေကို စွန့်ခွာလေ အောင်မြင်လေဖြစ်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့် အောင်မြင်မည်။ ချမ်းသာ<ကယ်ဂမည်။ ငွေကံ အလွန်ကောင်းမည်။ ငွေအသုံးအစွဲ ကျစ်လစ်သည်။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမည့်သူများဖြစ်သည်။ ရတနာပစ္စည်းများ မကြာခဏရတတ်၏။ ဘဂတွင် စက်ဘီး၊ ဆိုင်ကယ်မှအစ မော်တော်ကားအထိ အကောင်းစားယာဉ်တို့ကို ပိုင်ဆိုင်တတ်၏။ ထို့အတူ ထီလည်း မကြာခဏပေါက်တတ်၏။ ထီကံအလွန်ကောင်း၏။ လောင်းကစားကိုရှောင်ပါ။ အရက်ကိုရှောင်ပါ။ မိဘဆွေမျိုးတို့နှင့် ခွဲခွာနေရတတ်၏။

မိတ်ဆွေများကို အကြံကောင်းများ ပေးနိုင်တတ်ကြ၏။ ကူညီနိုင်တတ်ကြ၏။ အထူးသဖြင့် အိမ်ထောင်ပြုပြီးနောက် ချမ်းသာတတ်ကြ၏။ လူမျိုးခြားတို့ ကောင်းကျိုးပေး၏။ စာရေးသောအလုပ်နှင့် ကောင်းကျိုးပေး၏။ ထီးလုပ်ငန်း၊ ထီလုပ်ငန်း၊ စားသောက်ဆိုင်၊ ငါးလုပ်ငန်း၊ ဆောက်လုပ်ရေး၊ စစ်ဘက်တို့တွင် ကောင်းကျိုးပေး၏။ ထို့အပြင် သင်္ဘောသား၊ သင်္ဘောကပ္ပတိန်၊ သုတေသနအလုပ်တို့ဖြင့် အထူးကြီးပွား အောင်မြင်တတ်ကြ၏။

မိန်ရာသီဖွားတို့၏ ဘဝအတက်အကျ အနေအထားများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ

မိန်ရာသီဖွားတို့သည် ငယ်စဉ်ဘဝတွင် အတက်အကျများ၏။ ငယ်ဘဝတွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့၌အားနည်းတတ်ပြီး ဘဝတွင် အပြောင်းအလဲ အမျိုးမျိုးကြုံကာ ကြီးမှ ချမ်းသာတတ်၏။ မိန်ရာသီဖွားတို့သည် မိမိတို့၏ အကြံအစည်များကို လျှို့ဝှက်စွာ ကြံစည်လုပ်ကိုင်တတ်၏။ ဘဝတိုးတက်မှုအတွက် အပျော်အပါးကိစ္စများကိုလည်း ရှောင်ရှားနိုင်တတ်၏။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြီးပွားတတ် ကြ၏။ ရပ်ဝေးတွင် အောင်မြင်တတ်ကြ၏။ လယ်ယာမြေအလုပ်နှင့် ကောင်းကျိုးမပေးတတ်။ ဘဝတွင် မထင်မှတ်သော အကြောင်းနှင့် မထင်မှတ်သော သူတို့ထံမှ ပစ္စည်းဉစ္စာ အမွေရကာ ကြီးပွားတတ်ကြလေ၏။ အသက် (၂၁) ဂန်းကျင်တွင် ဉပဒ်ကြုံတတ်၏။ အသက် (၂၂)နှစ်မှ (၂၈) ကြားတွင် အောင်မြင်မှုအခြေတည်ကာ (၃၀) ဂန်းကျင်တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံတတ်၏။ ၃၁၊ ၃၂၊ ၃၄၊ ၃၇၊ ၃၉ ၄၃၊ ၄၈၊ ၅၂၊ ၅၆ တို့တွင် အထူးအောင်မြင်တတ်၏။ အသက် (၃၈) ဂန်းကျင်တွင် အနာရောဂါ နိုပ်စက်တတ်၏။ အထူးသဖြင့် (၄၉) ဂန်းကျင်တွင် အထွတ်အထိပ်ရောက်အောင် ရှည်တတ်၏။ အသက် ၂၃၊ ၃၄၊ ၄၃၊ ၄၉၊ ၅၂ တို့သည် အထူးခြားဆုံး နှစ်များဖြစ်မည်။ အထူးသတိပြုရန်မှာ မိန်ရာသီဖွားတို့သည် ဂိဇ္ဇာမယလောကီပညာရပ်တို့ကို အလွန်အကျွံ လိုက်စားခြင်းရှောင်သင့်၏။ ကြီးပွားချမ်းသာရန် ရွှေရောင်ပစ္စည်းတစ်ခုကို အမြဲဆောင်ထားပါ။ အပြာနုရောင်၊ ပန်းနုရောင်၊ အဝါရောင်၊ အစိမ်းနုရောင်တို့ကို အမြဲသုံးစွဲသွားနိုင်ပေသည်။ အနက်ရောင်ကို အထူးရှောင်သင့်၏။ အထူးသဖြင့် အနီရဲရဲတောက်တောက်နှင့် ကြက်သွေးရောင်မှာ အကောင်းဆုံးအဆောင်ဖြစ်၏။ ရတနာပစ္စည်းများထဲတွင် ဝေါ်မှတ်ကျောက်ကို ရွှေဖြင့် လက်စွပ်ကွင်းကာ လက်ယာဘက်တွင်ဂတ်ဆင်ထားနိုင်သည်။ ထို့အပြင် ငွေသားဖြင့် စကြာပုံသဏ္ဍာန်ပုံဖော်ပြီး လက်စွပ်ဂတ်ထားနိုင်သည်။ ဤပုံအတိုင်းဆောင်နိုင်၏။ (၃၊ ၆၊ ၉) ဂဏန်းများ အမြဲကောင်းကျိုးပေး၏။ (၅) ဂဏန်းကို အထူးရှောင်ပါလေ။

မိန်ရာသီဖွားတို့သည် ရိုးရိုးရှင်းရှင်းနှင့် သပ်သပ်ရပ်ရပ် ဂတ်စားပေးရ၏။ ပင်ကိုယ်ဉပမိတွင် ရိုးရိုးနှင့်လေးစားချင်စရာကောင်းတတ်၏။ ဖိုသီဖတ်သီနေခြင်း၊ ပွယောင်းယောင်းအဂတ်များ ဂတ်ခြင်း၊ ဆံပင်ဘုတ်သိုက်ထားခြင်းတို့ကိုရှောင်ပါ။ ချပ်ချပ်ရပ်ရပ် ဂတ်ပါ။ မျက်နှာတွင် ဂက်ခြံပေါက်ခြင်းများပြားတတ်သဖြင့် အမြဲသန့်ရှင်းအောင်ထားပါ။ ထို့အပြင် ခံတွင်းကို အမြဲသန့်ရှင်းပြီး အနံ့ကင်းအောင် နေတတ်၏။ဆံပင်ကို အမြဲသပ်ရပ်နေအောင်ထားပါ။ မိန်ရာသီဖွားတို့သည် ခြေသလုံးနှင့် ခြေတံလက်တံလှသဖြင့် ဘောင်းဘီရှည်ကို သပ်ရပ်စွာဂတ်ခြင်းဖြင့် လိုက်ဖက်တင့်တယ်တတ်လေ၏။ မိန်ရာသီဖွားတို့သည် စကားပြောသောအခါ ဗလုံးဗထွေးနှင့် အလောတကြီးပြောခြင်းကို အထူးဆင်ခြင်ပါ။ အေးအေးဆေးဆေး စဉ်းစဉ်းစားစားပြောသော စတိုင်ကိုကျင့်ပါ။ ထို့အပြင် တစ်ခုခုကို လုပ်ရမည်ဆိုပါက နောက်တွန့်နေခြင်းကို သတိပြုဆင်ခြင်ပါ။ ရဲရဲလုပ်ပါ။ အလွန်သနားလွယ်ခြင်း အယုံလွယ်ခြင်းကို ဆင်ခြင်ပါ။ ထို့အပြင် ပြဿနာအရှုပ်အထွေးကြား ရောက်ရောက်သွားသဖြင့် ရှုပ်ရှုပ်ထွေးထွေး ကိစ္စများတွင် ဂင်မပါဘဲ နေတတ်အောင် နေပါ။ ဘာကိစ္စမဆို၊ ဘယ်လိုအခြေအနေမျိုးမဆို တစ်ခုခုကို ပြတ်သားစွာ ရွေးချယ်ပြီး ရဲဂင့်စွာ လုပ်ကိုင်သွားခြင်းဖြင့် အောင်မြင်တတ်ပေ၏။